


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရှင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၂၂၅၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၀၉၀၉၄

၈၉၅.၈၃
လွှန်းတမို
ငါမုန်းခဲ့တာ နှင့်ကို/လွှန်းတမို။ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၃။
(၉၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ငါမုန်းခဲ့တာ နှင့်ကို


## အခန်း ( ၁ )

"ဟွန်း ... နှင်းနှာမည်က ဘယ်လိုကြီးလဲ"

"ချစ်ခွန်းခလေ ... အဲဒါ ဘာဖြစ်လို့လဲ"

"လှလည်း မလှဘဲနဲ့"

"ဘာပြောတယ် ... "

လက်ဖောင်းလေးက အတို အဖြူရောင်ဂါဝန်ရှည်လေးနှင့် အသားလေးဝင်းနှစ်နေသည့် အသက်ဆယ့်သုံးနှစ်အရွယ် ချစ်ခွန်းခ ဆိုသော ကောင်မလေးရဲ့ မျက်တောင်ရှည်ရှည်လေးတွေ ဖျတ်ခနဲ ကော့စင်းပင့်တက်သွားခဲ့သလို ပခုံးချင်းယှဉ်ကာ အတူထိုင်နေသည့် သပြေသီးမည့်ရောင် နှုတ်ခမ်းနီဆိုးထားသည့် သူမနှင့်ရွယ်တူကောင် မလေးတစ်ယောက်၏မျက်နှာလေးကိုလည်း အံ့သြတိတ်လန့်စွာ ချစ်ခွန်းခက လှည့်ကြည့်သည်။

"ဟုတ်တယ်လေ ... ငါပြောတာ ဘာဖြစ်လဲ၊ နှင်းနှာမည် ကို မလှလို့မလှဘူးပြောတာ၊ ဟာဟ ... ဘာချစ်ခွန်းခလဲ ... နာမည် ကြားတာနဲ့တင် နှင့်ကိုငါတအားမုန်းသွားပြီသိလား ... ချစ်ခွန်းခ၊

www.burmeseclassic.com



ဟွန်း ... "

"နင် ... နင်နော် ... ငါ့အနားမှာထိုင်ရင် ကောင်းကောင်း ထိုင်နော် ... ငါ နင်နဲ့လည်းစကားမပြောချင်ဘူး၊ ငါ့ကိုမုန်းတယ်လို့ ပြောရင် နင့်ကိုငါပိတ်ရိုက်မှာ ... "

"အောင်မယ် ... နင်ကများ ငါ့ကို ... "

"ငါ နင့်ကိုတောင်းပန်တယ်သိလား ... ငါ့အနားမှာ နင်လာ မထိုင်ပါနဲ့ ဟိုဘက်မှာ နေရာအကျယ်ကြီး အဲမှာ နင်သွားထိုင်ပေါ့"

"ဟာ ... ကြီးကျယ်လိုက်တာ ကြည့်စမ်း ... နင် ... နင်"

ဖြစ်နိုင်ရင် ဒီကောင်မလေးနှင့် ချစ်ခွန်းခ စကားမပြောချင် ပါ။

လက်ရှိအခြေအနေမှာ နာကျင်ရိပ်ဝေနေသည့် မျက်ဝန်းလေး တွေထဲကနေ မျက်ရည်တွေ တစ်ပေါက်ပြီးတစ်ပေါက် စီးကျမလာ အောင် မျက်တောင်ရှည်ကော့နက်နက်လေးတွေကို တဖျတ်ဖျတ် ခတ်ပစ်နေရသလို ချစ်ခွန်း မျက်ဝန်းလေးတွေ ဇွေဇွေပြီးတော့ ရောက်ရောက်သွားရတာလည်း ပန်းခရမ်းပြာရောင်ဝမ်းဆက်လေး ဝတ်ထားသည့် အသက်သုံးဆယ်ကျော်အရွယ် မိန်းမတစ်ယောက် နှင့် ရွှေတိဂုံဘုရားစောင်းတန်းတစ်ခုရှေ့မှာ ရယ်ကာမောကာနှင့် စကားလက်ဆုံကျနေသည့် အဖေ့မျက်နှာလေးဆီကိုပဲ ဖြစ်သည်။

ထိုမိန်းမသည် အမေ့ထက် နည်းနည်းလေး ပိုလှသည်ဟု ထင်ရသော မိန်းမဖြစ်၏။ သေချာတာက ဆံပင်ရှည်တာ၊ မျက်နှာ လေးဝင်းမွတ်တာ၊ နှာတံလေး ကော့ချွန်တာ၊ နှုတ်ခမ်းလေးတွေ ကြွရွှုံးတင်းတာ၊ ကိုယ်လုံးကိုယ်ပေါက်လေး ဖြောင့်တင်းအိစက် တာလေးကအစ အမေ့ထက်နည်းနည်းလေး ပိုသာချင်သည့် မိန်းမ





တစ်ယောက်ပဲ ဖြစ်သည်။

ပြောရရင် ထိုမိန်းမကြောင့် ချစ်ခွန်း ငိုချင်ခဲ့တာဖြစ်၏။

"ဟွန်း ... နင်သိပ်လည်း ကြီးကျယ်မနေနဲ့နော် ချစ်ခွန်းခ၊ ငါကလည်း နင်နဲ့စကားမပြောချင်ပါဘူး၊ ငါ့မေမေက နင်နဲ့ခင်မင် အောင် စကားသွားပြောရမယ်ဆိုလို့ နင်ထွက်သွားတဲ့နောက်ကို ငါလိုက်လာတာ၊ အခု ... ငါ့မေမေနဲ့စကားထိုင်ပြောနေတဲ့ ဟိုစပို့ ရှပ်အဝါနုစင်းလေး ဝတ်ထား တဲ့၊ ဦးဦးက နင့်ဖေဖေလား"

"ဟုတ်တယ် ... အဲဒါ ငါ့အဖေ ... "

"မေမေပြောတော့ နင့်အဖေက အရမ်းချမ်းသာတယ်ဆို"

"ဟာ ... နင် မစပ်စုနဲ့လေ၊ ငါ့အဖေ ဘယ်လောက်ပဲချမ်း သာ ချမ်းသာ အဲဒါနင်နဲ့ ဆိုင်လို့လား"

"ဟွန်း ... ဟိုတုန်းက မဆိုင်ပေမယ့် အခုဆိုင်တော့မှာမို့လို့ မေးနေတာ၊ ငါ့မေမေက ပြောတယ် ... နင့်အဖေက ငါ့မေမေရဲ့ငယ် ရည်းစားတဲ့၊ နင့်အမေကလုလို့ မေမေနဲ့ကွဲသွားတာတဲ့ ... အဲဒါ နင်သိလား ... "

"ဟင် ... ဘာပြောတယ် ... "

ချစ်ခွန်း မျက်တောင်ရှည်လေးတွေ အသက်ရှူမှားစွာ ကော့တက်သွားခဲ့ရပြန်ပြီ။ သည်တစ်ခါတော့ ပြိုလုလု မျက်ရည် လေးတွေကို ချစ်ခွန်း မထိန်းနိုင်တော့ပါ။

"ဟင် ... ချစ်ခွန်းခ၊ နင့်ကိုငါမေးနေတာလေ နင် ... နင် ငိုနေတာလား။ ဟား ဟား ... နင် နင် ... ရွှေတိဂုံဘုရားပေါ်မှာ လာပြီး တော်တော်အသည်းနုနေပါလားဟင်၊ ဟွန်း ... လှလည်း



www.burmeseclassic.com

www.burmeseclassic.com



မလှဘဲနဲ့ နင်ငိုမနေနဲ့၊ ငါကတော့ ဒီနေ့ဘုရားပေါ်ကိုလာရတာ *အရမ်းပျော်တယ်၊ အေး ... ဘာဖြစ်လို့ ပျော်တာလည်းဆိုတော့* ဈေးအရမ်းကြီးတဲ့ ဒီရယ်ဒီမိတ်ဝမ်းဆက်လေးကို နင့်အဖေ ဝယ်ပေးတာဝတ်ခဲ့ရလို့ပျော်တာ၊ ဒီနှုတ်ခမ်းနီတောင့်လေးကိုလည်း နင့်အဖေဝယ်ပေးတာ၊ ငါအခုလိမ်းလာတဲ့ အကောင်းစား မိတ်ကပ်ဗူးလေးကိုလည်း နင့်အဖေဝယ်ပေးတာ၊ ဟောဒီမှာကြည့် ... ငါအခုဆွဲထားတဲ့ အသည်းပုံစိန်လော့ကတ်သီးလေးကိုလည်း ငါ့မွေးနေ့တုန်းက နင့်အဖေ လက်ဆောင်လာပေးသွားတာ၊ ဟား ဟား ... ဘယ်လောက်မိုက်လဲ ... ဒီမှာ နင်ကြည့်စမ်း ... ”

ရယ်သံလွင်လွင်ကလေးနှင့် ထိုကောင်မလေးက ပျော်နေပေမယ့် ချစ်ခွန်းမှာတော့ ထိုကောင်မလေးပြနေသည့် အရာတွေကို ဘာတစ်ခုမှမမြင်နိုင်တော့ဘဲ မျက်ဝန်းထဲမှာ မျက်ရည်တွေပြည့်အိုင်ကာ တစ်ကိုယ်လုံးတောင့်တင်းအေးစက်နေခဲ့ရပြီ ဖြစ်သည်။

“ကြည့်လေ ချစ်ခွန်းခ ... ငါပြနေတာ နင်မြင်လား”

“ဟင့်အင်း ... ငါမကြည့်ချင်ဘူး”

ချစ်ခွန်း ခေါင်းလေးကို တဖျတ်ဖျတ်ခါတော့ မျက်ရည်စက်တွေက ပါးပြင်လေးပေါ်ကနေ လွင့်စင်ပြုတ်ကျသွားသည်။ တကယ်လည်း ချစ်ခွန်း မကြည့်ချင်တာပါ။ ဖြစ်နိုင်မည်ဆိုလျှင် အဖေ့လက်ကိုချစ်ခွန်းပြေးဆွဲလျှက် အသည်းကင်ဆာဝေဒနာကို ပြင်းပြစွာ ခံစားနေရရှာသည့် အမေ့လူနာခုတင်လေးနားကိုပဲ ချစ်ခွန်း ပြန်သွားချင်ခဲ့ပါသည်။

ဒါဟာ ... ချစ်ခွန်းရဲ့ဆန္ဒအမှန်ပဲ ဖြစ်သည်။





“ဟွန်း ... နင် မကြည့်ချင်လည်းနေပေါ့ ချစ်ခွန်းခ၊ အေး တစ်ခုတော့ရှိတယ်နော် ... နင့်အဖေနဲ့ငါ့မေမေ ဟိုတုန်းက ဘယ်လိုပဲ ရည်းစားတွေဖြစ်ခဲ့ဖြစ်ခဲ့ နင့်ကိုတော့ ငါအမုန်းဆုံးထဲက အမုန်းဆုံးတစ်ယောက်လို့ပဲ ငါသတ်မှတ်တယ် ... နင်လည်းငါ့ကိုလာမခင်နဲ့ ငါလည်း နင့်ကိုမခင်ဘူး ... ဟွန်း ... ”

ထိုကောင်မလေးပြောနေတာကိုလည်း ချစ်ခွန်း ဘယ်လိုမှ မခံစားနိုင်တော့ပါ။

“ဒီမှာ ဒီမှာ ... နင်မခင်တာကို ငါက ဂရုစိုက်မယ်ထင်နေလို့လားဟင် ... ”

ချစ်ခွန်း မျက်ရည်လေးသုတ်ကာ ပြောမိသည်။

“ဟာ ... မစိုက်လည်းနေပေါ့”

ကြည့်စမ်း ...

နှုတ်ခမ်းလေးကိုမဲ့ပြီး မျက်နှာလေးကို ခပ်တင်းတင်းလေး မော့ပစ်လိုက်ကာ တကယ့်ကို ဂျွတ်ဆတ်ဆတ်ဟန်ကလေးနဲ့။

“ဒီမှာ ... နင်လည်း တစ်သက်လုံးမှတ်ထားလိုက်သိလား၊ ငါက လူတစ်ယောက်ကို မုန်းပြီဆိုတာနဲ့ ဘယ်တော့မှ မကြေနိုင် မပြေနိုင်အောင်မုန်းတာမျိုး ... ငါ့မေမေကလည်း ငါ့ကိုအဲဒီလိုဖြစ်နေအောင် မုန်းမပြေဆိုတဲ့ နာမည်ကိုပေးခဲ့တာ၊ ငါ့နာမည် မုန်းမပြေ၊ နင်မကျေနပ်ရင် ငါနဲ့အချိန်မရွေး ပြိုင်လို့ရတယ် ... ”

“ဟင်”

ပြိုင်လို့ရတယ်တဲ့။

ဒီလိုပြောတာကိုတော့ ချစ်ခွန်း မျက်ရည်တွေသုတ်ကာ နှုတ်ခမ်းလေးကိုပါ မဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … နင်မုန်းတာကိုလည်း ငါဂရုမစိုက်ဘူးသိလား မုန်းမပြေ … အခု နင့်ကိုငါ စကားပြောနေတာ ငါ့အဖေ စိတ်ဆင်းရဲမှာစိုးလို့ စကားပြောနေတာ … နင်တို့သားအမိနှစ်ယောက် ဘုရားပေါ်ကိုတက်မလာခင်ကတည်းက ငါ့အဖေက စိတ်ပူပြီးတော့ ငါ့ကိုမှာနေတာ၊ နင့်အမေ ဒေါ်ထက်သူဇာရောက်လာရင် ငါနဲ့ရွယ်တူ မုန်းမပြေဆိုတဲ့ ကောင်မလေးတစ်ယောက်ပါလာမယ်ဆိုတာ ပြောပြီးသား … နင့်ကိုတွေ့ရင် ခင်ခင်မင်မင် စကားပြောရမယ်၊ ခင်ခင်မင်မင် နှုတ်ဆက်ရမယ်တဲ့ … "

"အေးလေ … အဲဒီလိုမှာထားတာတောင် နင်ဘာဖြစ်လို့ ငါ့ကိုမခေါ်ဘဲ ချာခနဲ လှည့်ထွက်သွားလဲ၊ နင် အဲလို မကျေမနပ် လှည့်ထွက်သွားလို့ မြင်မြင်ချင်း နင့်ကိုတအားမုန်းသွားတာ၊ ငါ့အမေကိုလည်း အရမ်းမုန်း အရမ်းနာကြည်းနေတဲ့ အေးစက်စက်မျက်လုံးတွေနဲ့ နင်ပြန်မော့ကြည့်နေတာ ငါမမြင်ဘူးထင်လို့လား … ဟွန်း အခုလည်း ငါ့စကားလာပြောနေတာတောင် နင်က ပြောချင်သလို မပြောချင်သလိုနဲ့ … "

မုန်းမပြေက ဟွန့်ခနဲ နှုတ်ခမ်းလေးမဲ့ရင်း ဆံပင်တိုလေးတွေလှုပ်သွားအောင် ဆတ်ခနဲ ခေါင်းတစ်ချက်ခါသည်။ ပြောရရင် ဒီသားအမိနှစ်ယောက်မှာ အမေက အပျိုရုပ်အောင်ပြင်ထားသလို မုန်းမပြေကပါ ကိုယ့်အရွယ်လေးနှင့်မလိုက်အောင် အမေနှင့်တစ်ထပ်တည်း လိုက်ပြင်ထားတာ မျက်ခုံးတွေမျက်ရစ်တွေပါ အညိုရင့်ရင့်ကာလာတွေက ထင်းနေသည်။

"ကဲ … ပြောပါဦး ချစ်ခွန်း၊ ငါတို့မလာခင်မှာ နင့်အဖေက ဘာတွေပြောသေးလဲ"





ဒါကိုလည်း ချစ်ခွန်း ပြန်မပြောချင်ပါ။

သို့သော် … စောစောက အဖေပြောလိုက်တာတွေကတော့ ချစ်ခွန်း နှလုံးသားနုနုလေးကို ကွဲအက်ကြေမွသွားစေခဲ့သော စကားတွေသာ ဖြစ်နေခဲ့သည်။

ပြောရရင် … ချစ်ခွန်း ဒီနေ့ဘုရားကိုလိုက်လာတာ အဖေက ခေါ်တာရယ်၊ အမေ့အတွက် အမေ့မွေးနံ့ထောင့်လေးမှာ ပန်းသက်စေ့ကပ်ပြီး ကင်ဆာရောဂါဝေဒနာဆိုးကြီးကနေ အမေ အမြန်ဆုံး သက်သာလာပါစေကြောင်း၊ လူကြီးလည်းမကျ ကလေးလည်းမကတဲ့ ချစ်ခွန်းလေးက ဆုတောင်းချင်ခဲ့တာဖြစ်သည်။

တကယ်တမ်း ဘုရားပေါ်ရောက်တော့ အဖေဂဏှာမငြိမ်ပါ။

အမှန်အတိုင်းဝန်ခံရလျှင် အဖေ့စိတ်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာလည်း ချစ်ခွန်း တကယ်မသိခဲ့တာ အမှန်ပဲဖြစ်သည်။

အမေ့ထက် အနည်းငယ်ပိုလှသော ထိုမိန်းမ ဘုရားပေါ်ရောက်မလာခင်အချိန်ထိ အဖေ့စိတ်တွေ တည်တည်ငြိမ်ငြိမ်မရှိဘဲ ပြုံးပျက်နေသည့် လျော့ရဲရဲမျက်နှာကလေးဖြင့် အနောက်ဘက်မုခ်က နှစ်ပြားတန်ဆောင်မုခ်ဦးကြီးဘက်ကို မသိမသာ လှမ်းလှမ်းကြည့်ရင်း အဖေ မျက်နှာပျက်နေတာကိုတော့ ချစ်ခွန်း သတိထားမိခဲ့သည်။

"အဖေ လာလေ … ဒီနားမှာ ချစ်ခွန်းနဲ့အတူတူ ဘုရားရှိခိုးမယ်လေ"

ချစ်ခွန်းက အဖေ့စိတ်ထဲမှာဖြစ်နေတာတွေကို မသိတော့ သစ္စာပန်းစည်းလေးကိုင်ထားရင်း အဖေ့ကိုခေါ်မိသည်။ အဖေက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကလေးကို ယမ်းပြရင်း အနောက်ဖက်မုခ်ဝဆီကိုပဲ လှည့်ကြည့်၏။ သည်တော့မှ အဖေတစ်ယောက်ယောက်ကိုမျှော်နေတာ ချစ်ခွန်း သတိထားမိသွားသည်။

"အဖေ ... ဘုရားရှိခိုးမယ်လေ ... "

အဖေ့လက်မောင်းကို ဆွဲလှုပ်ကာ ချစ်ခွန်း နောက်တစ်ကြိမ်ခေါ်ကြည့်တော့လည်း အဖေက အင်းမလှုပ် အဲမလှုပ်ဘဲ ပင့်သက်ရှည်ကြီးကိုသာ ဟင်းခနဲချလျှက်။

"ဟာ ... အဖေ ဘာဖြစ်နေတာလဲ၊ ဒီဘုရားပေါ်ရောက်မှ အဖေ့မျက်နှာလေးမှိုင်သွားတာ ချစ်ခွန်း သိတယ်နော်အဖေ ... ခုထိလည်း အဖေ ဘုရားမကန်တော့သေးဘဲနဲ့ ... "

ချစ်ခွန်း အဖေ့ကို စိတ်မရှည်တော့ပါ။

တကယ်ဆို အမေ့အတွက် ဆုတောင်းတာ ချစ်ခွန်း အဖေနဲ့ အတူတူ ဆုတောင်းချင်လို့ခေါ်နေခဲ့တာပါ။ ဒီလိုခေါ်မိတော့မှ အဖေက ပင့်သက်ကို ဟင်းခနဲချကာ ...

"အဖေ ... အဖေ မိန်းမတစ်ယောက်နဲ့ချိန်းထားလို့ စောင့်နေတာ၊ သမီးရဲ့ ... "

"ဟင် ... ဘယ်က မိန်းမနဲ့ချိန်းထားတာလဲ ... "

ကလေးသာသာအရွယ်လေးပေမယ့် ချစ်ခွန်း စိုးရိမ်ခဲ့ရပြီ။

"သမီး ... သမီးသိရင် သမီးစိတ်ထဲမှာပဲထားနော်၊ အဖေ အဖေ သမီးအမေပေါ်မှာလည်း သစ္စာမဲ့တာမဟုတ်ဘူး၊ သမီးမေမေ သမီးမေမေပြောတာ ... သမီးလည်းသိနေမှာပါ၊ ဟိုလေ ... သမီး သမီးမေမေနဲ့ငယ်ငယ်တုန်းက စိန်ဖလော်မီနာကျောင်းမှာအတူတူ





တက်ရင်း ပြိုင်ဘက်တွေဖြစ်ခဲ့ကြတဲ့ ထက် ... ထက်သူဇာလေ၊ သမီးမေမေ အရမ်းမုန်းတဲ့ ထက်သူဇာလေ ... "

"ထက်သူဇာ ... "

ထိုနာမည်ကို ကြားလိုက်ရကတည်းက ချစ်ခွန်းတစ်ကိုယ်လုံး နာကျင်အေးစက်ကာ လက်ထဲက သစ္စာပန်းစည်းလေးပါ အောက်ကို ပြုတ်ကျသည်။ အမေ အရမ်းမုန်းတဲ့ထက်သူဇာ။ အဖေနဲ့အမေနဲ့ကြားမှာ အမုန်းမီးတောက်တွေကို ဖန်ဆင်းလောင်မြိုက်စေခဲ့တဲ့ ထက်သူဇာ။

ဒီနာမည်ကို လူမှန်းသိတတ်စ အရွယ်လေးကတည်းက အဖေနဲ့အမေ ရန်ဖြစ်တိုင်း ချစ်ခွန်းကြားခဲ့ဖူးတာမှန်ပေမယ့် ဖြူသလား မည်းသလားဆိုတာကိုတော့ ချစ်ခွန်း မသိမမြင်ဘူးခဲ့တာအမှန်ပါပဲ။

ခုတော့ ... ကြည့်ပါဦး။

အမေ အမုန်းဆုံးရန်သူဟောင်းတစ်ယောက်ကိုမှ ဘုရားပေါ်မှာတွေ့ဆုံဖို့ အဖေက ချိန်းခဲ့ပြီတဲ့။ ချစ်ခွန်းလက်ထဲက သစ္စာပန်းလေးလည်း လွတ်ကျသည်။ ချစ်ခွန်းမျက်နှာလေးလည်း ပြိုပျက်သည်။ ချစ်ခွန်း တစ်ကိုယ်လုံးလည်း အမေ့ဘက်ကနေ နာကျင်အေးစက်သွားခဲ့၏။

"အဖေ ... အဖေပြောမယ်နော် သမီး၊ အခု ... အဖေပြောတဲ့စကားကို သမီးသေသေချာချာ နားထောင်၊ အဖေ ထက်သူဇာနဲ့ ချိန်းထားတာ အရေးကြီးတဲ့အကြောင်းအရာတစ်ခုကို မျက်နှာချင်းဆိုင် ဆွေးနွေးချင်လို့ချိန်းထားတာ၊ သူ့မှာလည်း အဖေတို့လိုပဲ မုန်းမပြေဆိုတဲ့ သမီးနဲ့တိုက်တိုက်ဆိုင်ဆိုင် မွေးနေ့ မွေးရက် မွေးလ

www.burmeseclassic.com



ခြင်းတူတဲ့ သမီးလေးတစ်ယောက်ရှိတယ်၊ ထက်သူဇာက သူ့သမီးလေးမုန်းမပြေကိုပါ ခေါ်လာလိမ့်မယ်၊ အဲဒါ … အဲဒါ … သမီးတို့နှစ်ယောက်တွေ့ရင် မုန်းမပြေကို ခင်ခင်မင်မင်လေး သမီးစကားပြောရမယ်၊ ခင်ခင်မင်မင်လေး သမီးနှုတ်ဆက်ရမယ်၊ ပြီးတော့ … ပြီးတော့ ထက်သူဇာကိုတွေ့ရင်လည်း ရယ်ရယ်မောမောလေးနဲ့ အမေ … အမေလို့ သမီးခေါ်ရမယ်”

“အမေ … ဟုတ်လား …”

ချစ်ခွန်း နှုတ်ခမ်းလေးတွေက အမေလို့ယောင်ခနဲ ခေါ်လိုက်မိချိန်မှာ ချစ်ခွန်း မျက်နှာလေးညှိုးဖျော့ကျသွားတာ အဖေကတော့ မြင်လိုက်ရမှာပါ။ အမေ အရမ်းမုန်းတဲ့ ဒေါ်ထက်သူဇာလို မိန်းမတစ်ယောက်ကို ချစ်ခွန်းကပဲ ရယ်ရယ်မောမောကလေးနဲ့ အမေလို့ ခေါ်ရဦးမတဲ့။ မခေါ်ပါဘူး … ကိုယ့်အမေကလွဲရင် အခြားဘယ်သူ့ကိုမှ ချစ်ခွန်း အမေလို့မခေါ်ဘူး။ ချစ်ခွန်းမှာ အမေရှိတယ်လေ … အဖေရဲ့။

“ဟင့်အင်းအဖေ … အဲဒီမိန်းမကို ချစ်ခွန်း အမေလို့မခေါ်နိုင်ဘူး၊ ဟင့်အင်း … ဟင့်အင်း … ချစ်ခွန်းမခေါ်ဘူး၊ ချစ်ခွန်းမခေါ်ဘူးနော် အဖေ …”

“သမီး ချစ်ခွန်း …”

ချစ်ခွန်း ခေါင်းကလေးကို ဆက်တိုက်ခါနေတော့ အဖေ့မျက်နှာ ချက်ချင်း ညှိုးဖျော့ကျ၍ ချစ်ခွန်းတစ်ကိုယ်လုံးကို အဖေအတင်းဆွဲလှည့်ကာ ပခုံးအိအိလေး နှစ်ဖက်ကိုပါ အဖေကိုင်လှုပ်သည်။

“အဖေ့ကို ကြည့်စမ်း … သမီး ခေါင်းမခါနဲ့၊ အဖေ့ကို စိတ်





ဆင်းရဲအောင် သမီးမလုပ်နဲ့၊ အခုအချိန်မှာ သမီးအမေက နေ့လားညလားဆိုတဲ့ဘဝနဲ့ အိပ်ရာပေါ်မှာလဲနေတာ၊ သမီးမေမေဆုံးတာနဲ့ ထက်သူဇာတို့သားအမိနှစ်ယောက်ကို အဖေတို့ တိုက်ကြီးပေါ်ကို အဖေ ခေါ်တင်ရတော့မှာ … ဒါကြောင့်မို့ … အခုကတည်းက သမီးကို အဖေတောင်းပန်နေတာ၊ သမီးအမေကို သစ္စာမမဲ့ချင်လို့ ဆုံးတဲ့နေ့အထိရောက်အောင် အဖေ စောင့်ခဲ့တာ …”

“ရှင် … အမေဆုံးမယ့်နေ့ကို အဖေက စောင့်နေတာ”

ဒီစကားတွေကို အဖေပြောနေတာမှ ဟုတ်ရဲ့လားဆိုသည့် မယုံတစ်ဝက် ယုံတစ်ဝက်အကြည့်ကလေးနှင့် အဖေ့ကို ချစ်ခွန်းကြည့်မိတာ၊ ဒါ … ပထမဆုံးပဲဖြစ်သည်။ အဖေကလည်း ချစ်ခွန်းမျက်နှာလေးကို မကြည့်ရဲတော့သလို ခပ်ဆဆလေးဖယ်လျှက်။

“အဲဒါ … အဲဒါ … သမီး ဘာမှစိတ်မကောင်းမဖြစ်နဲ့၊ သမီးမေမေဆုံးတာနဲ့ ထက်သူဇာတို့သားအမိကို အဖေ လက်ခံရတော့မှာမို့လို့ သမီးကို အဖေရှင်းပြနေတာ၊ အဖေ့အခက်အခဲကို သမီးကူညီပါ၊ ထက်သူဇာ … ထက်သူဇာကလည်း သမီးနဲ့တွေ့ချင်နေတယ်၊ တွေ့တာနဲ့ ထက်သူဇာကို အမေလို့သမီးခေါ်နော် … သမီး အဲလိုခေါ်မှ အဖေနဲ့ထက်သူဇာ ရည်ရွယ်တိုင်ပင်ထားတဲ့ကိစ္စတွေက အားလုံးအဆင်ပြေအေးချမ်းသွားမှာ …”

“ဟင့်အင်း အဖေ …”

အဖေ့ကို ကြောက်ကြောက်ကလေးနဲ့ ခေါင်းကလေးခါနေမိတဲ့ချစ်ခွန်း … အဖေ့ရှေ့မှာလည်း ချစ်ခွန်းမျက်ရည်မကျရဲပါ။

“သမီး ချစ်ခွန်း …”



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ခေါ်သံလေးက အားမလိုအားမရလေးနဲ့ တုန်လှိုက်လို့ လာခဲ့ပြီ။

"အဖေ ... အဖေ့စကားကို အဖေ့သမီးလေး နားထောင်စမ်း၊ သမီးအမေ ဆုံးတာနဲ့ ထက်သူဇာက သမီးရဲ့မေမေအသစ်ဖြစ်လာတော့မှာ ... သမီးမှာ အမေမရှိရင် သမီးတစ်ယောက်တည်း အားငယ်နေမှာစိုးလို့ အဖေ ပြောနေတာ ... "

"အို ... သမီးမှာ ဘာလို့အမေမရှိရမှာလဲ၊ အခု ... သမီးအမေက နေမကောင်းလို့ အိပ်ရာထဲမှာလဲနေတာလေ၊ အမေ ... အမေ နေပြန်ကောင်းလာတာနဲ့ သမီးကို အမေကဖက်ထားပြီး ချော့သိပ်မှာလေ ... သမီး အားမငယ်ဘူး၊ သမီးအားမငယ်ပါဘူး အဖေရဲ့"

မျက်နှာဝိုင်းဝိုင်း အသားဖြူဖြူလေးနှင့် စိုလက်လက် အမေ့မျက်ဝန်းတွေက ချစ်ခွန်းဘယ်လောက်ပဲ မျက်တောင်တဖျတ်ဖျတ်ခတ်ခတ် ချစ်ခွန်းမျက်ဝန်းရိပ်ထဲက ပျောက်ကွယ်မသွား။ အမေ့ကို ချစ်ခွန်း ချစ်သလို အမေ့ကိုလည်း ချစ်ခွန်း ချစ်သည်။

အဖေနဲ့အမေ စကားများရန်ဖြစ်တိုင်း ကွဲသွားတော့မလား ဆိုသည့် စိုးရိမ်စိတ်ကလေးနှင့် ချစ်ခွန်းတုန်လှုပ်ခဲ့ရတာ အရွယ်လေးနှင့်တောင်မမျှ။ အမေ တရှုံ့ရှုံ့လေးနှင့် အိပ်ရာထဲမှာ ငိုနေခဲ့သည့် တစ်ညလုံး အမေ့အနားမှာပဲ ချစ်ခွန်း ငုတ်တုတ်လေးထိုင်ကာ အမေ့ရင်ထဲက သောကတွေကို ဝေမျှယူတတ်ခဲ့တာလည်း ချစ်ခွန်း။ လူမှန်းသိတတ်စ အရွယ်ကလေးထဲကပဲ ဖြစ်သည်။

အခုလည်း အမေ့မျက်နှာလေးကို ချစ်ခွန်းမော့ကြည့်ရင်း မျှော်လင့်ချက်ကြီးများစွာ ချစ်ခွန်း အသနားခံနေခဲ့တာပါ။





သို့သော် ... အဖေကတော့ ...

"သမီး ချစ်ခွန်း ... သမီးကို အဖေပြောနေတယ်နော်၊ အဖေ့ကိုစိတ်ဓာတ်ကျ ညှိုးငယ်သွားအောင် သမီးဘာဖြစ်လို့ လုပ်ချင်နေရတာလဲ၊ ထက်သူဇာက ပညာလည်းတတ်တယ်၊ စီးပွားရေးလုပ်တဲ့နေရာမှာလည်း လာဘ်မြင်တယ်၊ အဖေ့သမီးလေးက လိမ္မာပါတယ် ... အဖေ့စကားကို နားထောင်နော်သမီး ... သူရောက်လာတာနဲ့ သမီးကစပြီး သူ့ကို ပြုံးပြလိုက် ... "

"ရှင် ... သမီးကစပြီး ပြုံးပြရမယ်ဟုတ်လား အဖေ ... "

ချစ်ခွန်း အဖေ့ကိုလည်း စိတ်ဓာတ်မကျစေချင်ပါ။

ချစ်ခွန်းကြောင့် အဖေ့မျက်နှာလေး ညှိုးရော်နေရတာကိုလည်း ချစ်ခွန်း မကြည့်ရက်တော့ပါ။ သေချာတာက မျက်ရည်မကျအောင် ချစ်ခွန်း ဘယ်လိုမှ မထိန်းနိုင်တော့။

ချစ်ခွန်း ဆုံးဖြတ်လိုက်ပါပြီ။

"အဖေ ... အဖေက ပြုံးပြဆိုလည်းသမီး ပြုံးပြလို့ရပါတယ်၊ ဒါပေမယ့် ... သူ့ကိုအမေလို့တော့ သမီးခေါ်လို့ရမှာ မဟုတ်ဘူး အဖေရဲ့ ... သမီး ... သမီး နှုတ်မရဲဘူး အဟင့် ... ဟင့် ... ဟင့်"

ချစ်ခွန်း မျက်ဝန်းလေးထဲမှာ မျက်ရည်တွေ ချက်ချင်းအိုင်ဖွဲ့တက်လာသလို တဟင့်ဟင့်လေးနှင့်လည်း ချစ်ခွန်းငိုချလိုက်မိသည်။ ချစ်ခွန်း ဒီလိုငိုတော့လည်း ချစ်ခွန်း ပခုံးလေးနှစ်ဖက်ကို အဖေဆုပ်ကိုင်ကာ ချစ်ခွန်းကို ချော့ပါသည်။

"အဖေ ... အဖေ သိပါတယ် သမီးလေးရယ်၊ သမီး အဖေ့ကို စိတ်ဆင်းရဲအောင်မလုပ်ဘူးဆိုတာ အဖေ နားလည်တယ်၊ ဟောဟော ... ပြောရင်းဆိုရင်း ဟိုမှာ သူတို့သားအမိနှစ်ယောက်လာပြီ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထက်သူဇာ အနားကိုရောက်လာရင် သမီး ပြုံးပြလိုက်နော်၊ မငို နဲ့ ... မငိုနဲ့ ... မျက်ရည်တွေ သမီး သုတ်ပစ်လိုက် ... ”

အခုမှ ဝင်းလက်နုပျိုသလို ဖြစ်သွားသည့် အဖေ့မျက်နှာပေါ် မှာ ကြည်နူးရွှင်ပျသော အပြုံးတွေက ချက်ချင်းပွင့်လာသည်။ အဖေ့ မျက်ဝန်းတွေ ရွေ့သွားရာဘက်ကို ချစ်ခွန်း မျက်ရည်လေးသုတ်ကာ မရဲတရဲလေး ကြည့်လိုက်တော့ ... ထိုမိန်းမသည် ပန်းခရမ်းပြာ ဝမ်းဆက်ဝတ်စုံကလေးနှင့် ချစ်ခွန်းတို့သားအဖနှစ်ယောက် နေရာ တည့်တည့်ဆီကို တစ်လှမ်းချင်းလျှောက်လာနေခဲ့တာ ဖြစ်သည်။

ထိုမိန်းမကြောင့်လည်း ချစ်ခွန်းရင်ခုန်သံတွေ ရုတ်တရက် မြန်ဆန်သွားခဲ့၏။

ရိုးရိုးယဉ်ယဉ်ကလေးနှင့် အိစက်နေအောင် လှသည့်မိန်းမ။ ထိုမိန်းမရဲ့ ဘေးမှာလည်း ချစ်ခွန်းနှင့်ရွယ်တူ ကောင်မလေးတစ် ယောက်။ အနက်ရောင် လက်တစ်လုံးကြိုး၊ အကောင်းစား ဒူးဖုံး စကပ်ကလေးနဲ့။

အနားကိုရောက်တော့ ထိုမိန်းမက စတင်ကာ အဖေ့ကိုပြုံး ပြနှုတ်ဆက်ပါသည်။

“ရောက်နေတာ ကြာပြီလားဟင် ကိုထွန်း ... ”

“ကြာပြီလေ ထက် ... မလာသေးလို့ ကိုယ်တမျှော်မျှော် ဖြစ်နေတာ”

ထိုအချိန်မှာ ပင့်ကြည့်ခဲ့သော မျက်တောင်တွေကိုပြန်သိမ်း လျှက် အဖေ့ကိုယ်လေးနှင့်ကွယ်ကာ ချစ်ခွန်း နေရာရွေ့ရပ်သည်။ တကယ်တမ်းကျတော့ ချစ်ခွန်းနှင့် လက်တစ်ကမ်းအကွာမှာ မျက် နှာချင်းဆိုင် ထိုမိန်းမ ရပ်လိုက်ကတည်းက အေးစက်သွားသော





ရင်တစ်ခုလုံး ရေခဲချောက်တစ်ခုရဲ့ အနက်ရှိုင်းဆုံး တွင်းတစ်ခုထဲ ပြုတ်ကျသွားခဲ့သလို ဖြစ်သွားခဲ့ကာ ချစ်ခွန်း ကြောက်လန့်တကြား လှမ်းဆွဲလိုက်မိတာလည်း အဖေ့ရဲ့ စပို့ရှပ်အင်္ကျီစလေးပဲ ဖြစ်နေခဲ့ ပါသည်။

“အဟင်း ... သမီးလေး မုန်း ... နေကောင်းတယ်နော်”

“ကောင်းပါတယ် ဦးဦးရဲ့ ... ”

“ဟင် ... ”

ကြည့်စမ်း ...

ဟိုကောင်မလေးကို ငယ်ထိပ်လေးလှမ်းပုတ်ပြီး အဖေ တရင်းတနှီး နှုတ်ဆက်နေတာ အသံလေးက ချိုလို့ပါလား။ ထိုအချိန် မှာပဲ ကောင်မလေးက ချစ်ခွန်းကိုလှမ်းကြည့်ကာ မျက်မှောင်တန်း လေးတွေ တွန့်ကွေး စုကြုံ့သွားရတဲ့အထိပင်။ သူမက မကျေမနပ် ကလေးလှမ်းကြည့်သလို ထိုကြည့်လိုက်သော မျက်ဝန်းအစုံသည် ချစ်ခွန်းတွေ့ဖူးခဲ့သမျှ မျက်ဝန်းတွေထဲမှာ မုန်းစရာအကောင်းဆုံး မျက်ဝန်းတွေ ဖြစ်သွားခဲ့ရ၏။

ဒါဟာ မုန်းမပြေရဲ့ မျက်ဝန်းတွေတဲ့လား။

ချစ်ခွန်း ... မကြိုက်ပေမယ့် ဘာတတ်နိုင်မှာလဲ။

“အဟင်း ... ထက်သမီးက ကိုထွန်းပေးတဲ့ မွေးနေ့လက် ဆောင်လေးကို သဘောကျနေတာလေ၊ ကဲ ... ကိုထွန်းသမီးနဲ့ လည်း ထက်တို့ကို မိတ်ဆက်ပေးပါဦး ... ”

“သမီး ချစ်ခွန်း ... မကြောက်နဲ့နော်၊ ဒါအဖေပြောတဲ့ ဒေါ်ထက်သူဇာလေ ... ဒီဘက်က ကောင်မလေးက မုန်းမပြေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ချစ်ဖို့ကောင်းလည်းဆိုတာ သမီး သေသေချာချာ ကြည့်စမ်း ...”

“ဟုတ် ...”

“အို ... ကြည့်ပါဦး၊ ချစ်ခွန်းလေးက မုန်းနဲ့မွေးနေ့ မွေးရက်ချင်းတူတာလည်းမပြောနဲ့၊ အရုပ်အမောင်းလေးကပါ တညီတည်း ဖြစ်နေတာနော် ကိုထွန်း ... မျက်နှာပေါက်လေးကျတော့ မျက်ဝန်းလေးနက်တာ၊ မေးဖျားလေးချွန်တာက သူ့အမေ ပိုင်းငယ်ငယ်က ရုပ်ကလေး၊ ဟင်း ဟင်း ... အမေတူသမီးဆိုတော့ ဒီလောက်တော့ လှမှာပေါ့ ...”

ထိုမိန်းမက ရယ်ရယ်မောမောနဲ့ ဘယ်လိုပဲပြောပြော ချစ်ခွန်းကတော့ မော့မကြည့်ပါ။ ဒီလိုမော့မကြည့်ဘဲ ချစ်ခွန်းမျက်လွှာလေး သိမ်းချထားတော့ မျက်နှာချင်းဆိုင်မှာရပ်နေသည့် ဒေါ်ထက်သူဇာဆိုသော မိန်းမတစ်ယောက်ရဲ့ သွေးခြည်ဥမတတ် လှပနေသည့် ခြေချောင်းလေးတွေကို ချစ်ခွန်း စိုက်ကြည့်မိသွားသည်။

ထိုမိန်းမက အိစက်သော ခြေချောင်းလေးတွေရဲ့ထိပ်မှာ ပန်းဆီရောင်ခြေသည်းဆိုးဆေးတွေ လိမ်းခြယ်ထားသလို ပန်းပွင့်ပန်းစက်ကလေးတွေကိုလည်း ခြေသည်းလေးတွေပေါ်မှာ တကူးတက ရေးချယ်ထားတာ တွေ့လိုက်ရ၏။ ခြေချောင်းလေးတွေက တစ်ခုနဲ့တစ်ခု အတိုအရှည် အနိမ့်အမြင့်လေးတွေ ညီညာနေသလို ခြေဖမိုးလေးကပါ အစက်အပြောက်မရှိဘဲ အိစက်နေခဲ့တာဖြစ်သည်။

“ဟင်း ဟင်း ... မျက်နှာလေး မော့ပါဦး ချစ်ခွန်းလေးရဲ့”





“သမီး ... ခေါင်းငုံ့မထားနဲ့လေ”

ဘာပဲပြောပြော အဖေမျက်နှာပျက်နေမှာတော့ သေချာသည်။

ဒါကြောင့်မို့ ... ချစ်ခွန်းမျက်နှာလေးကို မမော့ချင်မော့ချင်နှင့် ဖြည်းဖြည်းလေးမော့ပါသည်။

“အို ... ကြည့်စမ်း၊ ကိုထွန်းသမီးလေးက မျက်ရည်တွေဝဲနေတာပဲ ...”

ဒေါ်ထက်သူဇာဆီက အထိတ်တလန့်အသံလေးကြောင့် ဖေဖေ ချစ်ခွန်းကို ဖျတ်ခနဲ လှည့်ကြည့်သည်။ မုန်းမပြေဆိုသော အနက်ရောင်လက်တစ်လုံးကြိုးလေးနှင့် ကောင်မလေးကလည်း မျက်မှောင်လေး ကုတ်ကာကြည့်ရင်း နှုတ်ခမ်းလေးကို ခပ်တွန့်တွန့်လေးမဲ့ထားသည်။

အဖေက ပြဿနာမဖြစ်အောင် အခြေအနေကို ဝင်ထိန်း၏။

“ဟား ဟား ... အဲဒါ ဘာမှမဟုတ်ပါဘူးထက်ရဲ့၊ ဘုရားပေါ်အတက်မှာ သမီးက ရေခဲမုန့်စားချင်တာကို ကိုယ်က ဝယ်မကျွေးလို့၊ သမီးက စိတ်ကောက်နေတာ၊ သွား ... သွား ... သမီးတို့ညီအစ်မနှစ်ယောက် ဟိုစောင်းတန်းလေးမှာ သွားထိုင်ရင်း စကားပြောနေကြ ... အဖေတို့နှစ်ယောက်က ဒီမှာ လွတ်လွတ်လပ်လပ်ကလေး စကားပြောချင်လို့ ...”

အဖေ့စကားမဆုံးခင် ဘယ်သူ့ကိုမှလည်း နှုတ်မဆက်ဘဲ ဘယ်သူ့ကိုမှလည်း စောင့်မခေါ်ဘဲ၊ ချစ်ခွန်း ချာခနဲ လှည့်ထွက်လာခဲ့တာလေ။ ဒါကို မကျေမနပ်နဲ့ နှုတ်ခမ်းလေးမဲ့ပြီး ချစ်ခွန်းနောက်ကို ပြေးလိုက်လာတာ မုန်းမပြေဆိုတဲ့ ကောင်မလေးပါပဲ။

www.burmeseclassic.com



"ဟင် ... ချစ်ခွန်းခ ... နင် ဘာတွေစဉ်းစားနေတာလဲ၊ နင့်ကိုငါမေးနေတယ်လေ ..."

မုန်းမပြေ့ဆီက ခပ်ဖွာဖွာအသံလေး ကြားလိုက်တော့မှ ချစ်ခွန်း ဖျတ်ခနဲ အသိပြန်ဝင်သွားသည်။

"ဟင် ... နင် ဘာမေးတာလဲ ..."

"နင်တို့အိမ်က ကျယ်လားလို့မေးနေတာလေ"

"အဲဒါ ... နင်စပ်စုစရာမလိုဘူးလေ မုန်းမပြေ ... ငါတို့အိမ် ဘယ်လောက်ကျယ်ကျယ် ဘယ်လောက်ကျဉ်းကျဉ်း နင်စိတ်ဝင်စားနေစရာ အကြောင်းမရှိဘူး"

ချစ်ခွန်း ခပ်ပြတ်ပြတ်ပဲ ပိတ်ပြောမိ၏။

မုန်းမပြေကလည်း အကြောတင်းပါသည်။

"ဟွန်း ... အိမ်ကျဉ်းရင် ငါမနေတတ်လို့ နင့်ကိုပြောနေတာ၊ နင့်အဖေက သိပ်မကြာခင် ငါတို့သားအမိနှစ်ယောက်ကို နင်တို့နေတဲ့ခြံထဲကို ပြောင်းခဲ့ရမယ်ဆိုလို့ ငါသိချင်တာ၊ ငါစပ်စုတာလည်း မဟုတ်ဘူး ... နင့်ကိုလည်း စိတ်မဝင်စားဘူး"

"နင် ... နင် ... ငါ့ကို ရန်စကားမပြောနဲ့နော် မုန်းမပြေ"

"ဟာ ... ငါဘယ်မှာပြောလို့လဲ ..."

ကော့နက်သော မျက်တောင်တွေအောက်က မျက်ဝန်းတွေထဲမှာ မာတင်းတင်း အရိပ်ကလေးတွေ ရှိနေတာကို ချစ်ခွန်း မြင်နေရသလို ထိုအရိပ်တွေကို ဖုံးကွယ်ပစ်လိုက်ဖို့လည်း မုန်းမပြေက စဉ်းစားမိဟန် မတူပါ။

"မပြောရင် နင့်ပါးစပ်ပိတ်ထား သိလား မုန်းမပြေ ... ငါနင်နဲ့လည်း ညီအစ်မ မတော်ချင်ဘူး၊ ပြီးတော့ ... နင်နဲ့ငါနဲ့ တစ်အိမ်





တည်း တစ်ခြံတည်းမှာ အတူတူရောပြီး နေစရာအကြောင်းလည်း ဘာမှမရှိဘူး"

"ဟွန်း ... ငါကလည်း နင်နဲ့မနေချင်ပါဘူး၊ ဒါပေမယ့် မေမေ့ကို ပြောမရလို့နေရတော့မှာ၊ နင့်မှာ အဖေရော အမေရောရှိပေမယ့် ငါ့မှာ အဖေမရှိလို့ ဝမ်းနည်းတယ်၊ အဖေက နိုင်ငံခြားမှာ သင်္ဘောမြုပ်လို့သေတာ၊ အခု ... ငါတို့မှာ အားကိုးရတဲ့အဖွားလည်း ဆုံးပြီဆိုတော့ မေမေနဲ့ငါနှစ်ယောက်တည်းကျန်ခဲ့တာ၊ အခု ငါအဖေအသစ်တစ်ယောက်လိုချင်တယ်၊ အခု ငါလိုက်လာတာလည်း ဦးဦးဖေဖေက အိုရီယမ်းတယ်ဟောက်စ်မှာ ဒင်ဆန်းကျွေးမယ်ဆိုလို့"

"နင် ... နင် ... ဘာပြောလိုက်တာလဲ မုန်းမပြေ၊ ဦးဦးဖေဖေဆိုတာ နင်ဘယ်သူ့ကိုပြောနေတာလဲ ..."

"ဟာ ... ငါပြောတာ နင့်အဖေလေ ..."

"ဘာပြောတယ် ... နင် ... နင်က ငါ့အဖေကို ဦးဦးဖေဖေလို့ခေါ်တယ် ဟုတ်လား ..."

ချစ်ခွန်း မျက်တောင်ရှည်တွေ ပင့်တက်သွားခဲ့တာ အဆုံးထိဖြစ်ခဲ့ရပြီ။

ဦးဦးဖေဖေတဲ့။

"နင် ... နင် ... ငါ့အဖေကို မလုနဲ့နော် မုန်းမပြေ၊ ငါ့အဖေကို နင့်အမေလုတာ ခံနိုင်ပေမယ့်၊ နင်လုတာ ငါမခံနိုင်ဘူး ... ငါ့ဖေဖေကို နင်မလုပါနဲ့၊ လုတာနဲ့ နင်နဲ့ငါ ရန်သူပဲ ..."

"ဟား ... ဟား ..."

ချစ်ခွန်း ပြောလိုက်တာကို ဂရုမစိုက်သလို ရယ်ပစ်လိုက်တာလည်း မုန်းမပြေပဲ ဖြစ်နေ၏။ ပြန်လည်းမပြော နားလည်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဘဲ လက်သွက်ခြေသွက်ကလေးနှင့် ချစ်ခွန်း နားနှစ်ဖက်မှာ တွဲ လောင်းလေးကျနေအောင်ဆွဲထားသည့် ဖန်စီနားဆွဲလေးကို လာကိုင်ကြည့်၏။

"ဒါ ဘာလေးလဲဟင် ချစ်ခွန်းခ ... နင်ဆွဲထားတာ ပုလဲလုံး အစစ်ကလေးလား"

"နင် ... နင် ... ငါ့အဖေကို မလုနဲ့လို့ ငါပြောနေတာနော်၊ နင် ဟိုလိုလို ဒီလိုလိုလုပ်ပြီး လုဖို့ လုံးဝမစဉ်းစားနဲ့နော် ... "

"ဟာ ... နင်ဘယ်လိုဖြစ်နေတာလဲ ချစ်ခွန်းခရယ်၊ နင့်အဖေကို ငါ့အမေလုတာ ငါလုတာနဲ့အတူတူပဲလေ ... ချစ်ခွန်းခ၊ နင် ဘာတွေကြောင်နေတာလဲ ... အခု ငါသိချင်တာ ပုလဲလုံးအစစ်လေးလား၊ အတုလေးလားဆိုတာပဲ သိချင်တာ"

"မမေးနဲ့ တော်ပြီ ... နင့်ပါးစပ်ပိတ်လိုက်တော့"

ချစ်ခွန်း ငိုချင်လာတာလည်း စိတ်ကို ဘယ်လိုမှထိန်းလို့ မရတော့ပါ။

"ဟွန်း ... နင့်ကိုယ်နင် လှအောင် ဘယ်လိုပဲဆွဲထား ဆွဲထား၊ နင် ငါ့လောက်မလှပါဘူး၊ ငါက နင့်ထက်လည်းပိုအသားဖြူတယ်၊ မျက်လုံးလေးကလည်း နင့်ထက်ပိုဝိုင်းတယ်၊ ဒီမှာကြည့်စမ်း ငါ့ဆံပင်လေးမှာ ခရမ်းရောင်ပြေပြေလေး ဆိုးထားတာ မလှဘူးလား"

ဘယ်လို မုန်းမပြေလဲဟင်။

ချစ်ခွန်းကိုပဲ မဲ့ကာရွဲ့ကာနဲ့ သက်သက်မဲ့ လာပြိုင်နေတာ။

"ဟွန်း ... နင်လည်း နင့်ကိုယ်နင် လှတယ်ထင်မနေနဲ့သိလား၊ မုန်းမပြေ၊ နင့်လို ဆံပင်ဆေးဆိုးတာလည်း ငါမကြိုက်ဘူး၊





ငါက ရိုးရိုးလေးနဲ့ ခေတ်ဆန်ဆန်နေတာလေးကိုပဲ ကြိုက်တယ်၊ ငါ့အမေကလည်း ရိုးရိုးယဉ်ယဉ်လေးပဲ၊ ကျက်သရေရှိရှိနေရမယ်လို့ သင်ပေးတယ်"

"ဟွန်း ... ငါ့မေမေကတော့ ကာလာစုံတယ်ဟ သိလား၊ သူ့ကိုယ်သူလည်း ခေတ်နောက်မကျအောင် အမြဲပြင်နေတာ၊ တုံးတာ ရိုးတာ မေမေ လုံးဝမကြိုက်ဘူး၊ အခုလည်း နင့်အဖေနဲ့ငါ့မေမေ မကြာခင် ယူကြတော့မယ်ဆိုပြီး ဒီဘုရားမှာလာတိုင်ပင်တာ"

"ဟင် ... "

"အဲဒါ ... နင်လည်း မနှောက်ယှက်နဲ့ ငါလည်းမနှောက်ယှက်ဘူး"

ချစ်ခွန်း မျက်ဝန်းထဲမှာ ပြေးမြင်လိုက်မိတာ လူနာခုတင်လေးပေါ်က အမေ့မျက်နှာလေး။ ဒီကိစ္စကို အမေသိရင် မီးတောက်မီးလျှံတွေကြားမှာ အမေ ရှင်သန်ရတော့မည်။ နောက်ဆုံးထွက်သက်ကိုရောက်သည်အထိ အမုန်းစာမျက်နှာတွေကိုပဲ အမေချန်ထားခဲ့တော့မည်။

ဒါကိုလည်း ချစ်ခွန်း မဖြစ်စေချင်ခဲ့တာ အမှန်ပဲဖြစ်သည်။

လျှပ်စီးလက်သံတွေနှင့် ထစ်ချုန်းရွာချတော့မယ့်မိုးကို ဘယ်သူက တားဆီးနိုင်မှာလဲ။ နောက်ဆုံးကျတော့ ထိတ်ထိတ်ပြာပြာ မျက်ဝန်းကလေးတွေနှင့် မျက်တောင်ရှည်ကော့ကော့လေးတွေကို ချစ်ခွန်း တဖျတ်ဖျတ်ခတ်ရင်း မုန်းမပြေကို လှည့်ကြည့်မိသည်။

"မုန်းမပြေ ... "

"ဟင် ... ဘာလဲ ချစ်ခွန်းခ"

"ငါ့အဖေကိုသာ နင့်အမေလုသွားရင် နင်နဲ့ငါနဲ့ တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လုံး ရန်သူပဲဆိုတာ နင် မှတ်ထားလိုက် ... ”

“ဟား ဟား ချစ်ခွန်းခရယ် ... နင့်လိုကောင်မလေးတစ်ယောက်ကို မုန်းမပြေတို့က ဂရုစိုက်မယ်ထင်နေလို့လားဟင်၊ ဒီမှာ နင့်အဖေကို ငါ့အမေက တရားဝင်လက်ထပ်ယူတော့မလို့ စီစဉ်တာ၊ နင့်အမေ ရှုံးသွားတာကို တစိမ့်စိမ့်အရသာခံပြီး ကြည့်ချင်လို့ ငါ့အမေက ရအောင်လက်ထပ်ယူမှာ၊ ယူပြီးတာနဲ့ နင်နဲ့ငါ ဆက်ပြီးတော့ ပြိုင်မယ် ... နင်ရှုံးသွားတာကို စင်ပေါ်ကနေ ခြေထောက်လေးချိတ်ပြီးတော့ ငါထိုင်ကြည့်မယ်၊ အဲဒါ ဘာဖြစ်လို့လဲသိလား၊ နင့်အမေ ငယ်ငယ်တုန်းက ငါ့အမေကို ... ”

“နင် ... ပါး စပ် ပိတ် လိုက် တော့ ... ”

ထိုစကားသည် ချစ်ခွန်းနောက်ဆုံးပြောလိုက်သည့် စကားတစ်ခွန်းပဲ ဖြစ်သွားသည်။

ပြောရရင် တရားမျှတမှုမရှိသော စစ်ပွဲအစဆိုတာ ...

ထံပိုးခရာတွေ မှုတ်နေစရာ လိုသလား။

အခန်း ( ၂ )

“သမီး ချစ်ခွန်း ... ”

“ဟင် ... အမေ ... ”

ခုတင်ပေါ်က အမေ့ကို ချစ်ခွန်းပြန်ထူးလိုက်တာ ငိုသံပါပါကလေးနဲ့။

“အမေ ဘာလိုချင်လို့လဲဟင် အမေ ... အမေလိုချင်တာပြောလေ ချစ်ခွန်းယူပေးမယ်လေ ... ”

အမေ့နားထိ ချစ်ခွန်းတိုးကပ်သွားတာ မျက်တောင်ကော့လေးတွေကို တဖျတ်ဖျတ်ခတ်လို့ပါ။ ကပ်သွားပြီးတော့လည်း အမေ ပခုံးလေးတွေကို ချစ်ခွန်းပွေ့ဖက်ထားမိ၏။ ရောဂါကြောင့် ညှိုးချုံးကျသွားသည့် အမေ့လက်မောင်းလေးတွေက ချစ်ခွန်းလက်ထဲမှာပင် လျော့လျော့ရဲရဲကလေးနှင့် အသားတွေ အိတွဲကျလျှက်။

“ကြောင်လေးတွေ တက်လို့လားမသိဘူးသမီးရယ်၊ အမေ့ဗီရိုပေါ်မှာထောင်ထားတဲ့ အမေငယ်ငယ်က ဓါတ်ပုံလေးလဲကျနေတယ်ထင်တယ် ... အဲဒါလေး အမေမြင်အောင် သမီးပြန်ထောင်ပေးနော် ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အမေ အဲဒီဗီရိုက ချစ်ခွန်းအရပ်နဲ့မမှီဘူးလေ"

ချစ်ခွန်း ပြေးထောင်ချင်ပေမယ့် အမေဗီရိုကြီးက ချစ်ခွန်း အရပ်ထက်ပိုမြင့်နေတော့ ခက်နေသည်။ သို့သော် ချက်ချင်းပဲ ချစ်ခွန်း သတိရသွား၏။

"ဟာ ... ရတယ် ရတယ် ... ကုလားထိုင်ပေါ်တက်ပြီး ချစ်ခွန်း ထောင်ပေးမယ်"

သည်တော့မှ ဓါတ်ပုံဘောင်လေးကို ချစ်ခွန်းထောင်လို့ရသွားသည်။ ဒါကို ခုတင်ပေါ်လှဲရင်း အမေကြည့်နေတာ ညှိုးဖျော့ဖျော့မျက်ဝန်းကလေးတွေကပင် အရောင်တွေ တဖျတ်ဖျတ်လက်လာသလို။

"သမီး ချစ်ခွန်း ..."

"ရှင် ... အမေ ..."

"ဒီဓာတ်ပုံလေးထဲမှာ အမေ မချောဘူးလားဟင်"

"ဟာ ... ချောတာပေါ့အမေရဲ့ ... အသားလေးကဖြူဖြူ၊ နှစ်ခွကျစ်ဆံမြီးလေးမှာ ဖဲကြိုးကလေးစည်းထားတာ အရမ်းကြည့်လို့ကောင်းတာပဲ ..."

တကယ်လည်း ဘယ်တော့မှ ကြည့်လို့မဝခဲ့တဲ့ အမေရဲ့ဓါတ်ပုံလေးပါ။ ချစ်ခွန်း လေးငါးနှစ်သမီးအရွယ်လောက်က ဒီပုံလေးရဲ့ အဓိပ္ပာယ်အနှစ်သာရကို နားမလည်ခဲ့ပေမယ့်၊ အခု ဆယ့်သုံးလေးနှစ်အရွယ်လေး ချစ်ခွန်းဖြစ်လာတော့ အမေ ဘာဖြစ်လို့ ဒီဓာတ်ပုံလေးကိုကြည့်ပြီး လွမ်းမပြေနိုင် ဖြစ်လာရသလဲဆိုတာ ချစ်ခွန်း သိချင်လာခဲ့၏။ သို့သော် ... အမေ ကျန်းမာရေးမကောင်းလို့ ချစ်ခွန်း မမေးဖြစ်ခဲ့ပါ။





"ဒီ ... ဒီဓာတ်ပုံလေးထဲမှာ ဆုဖလားလေးကိုပိုက်ပြီး အမေ ပြုံးနေတဲ့ အပြုံးလေးကို သမီးကြည့်စမ်း ..."

အမေပြောမှ ချစ်ခွန်း အသေအချာ ကြည့်မိသည်။

သည်တော့မှ ချစ်ခွန်း မြင်လိုက်တာ ပါးချိုင့်နက်နက်လေး နှစ်ဖက် ခွက်ဝင်နေအောင် အမေပြုံးနေလိုက်တာများ ပီတိတွေ၊ ကြည်နူးမှုတွေ အောင်မြင်မှုတွေ အပြည့်နဲ့။

ပြောရရင် ... ဒီဓာတ်ပုံလေးဟာ အထက်တန်းကျောင်းသူဘဝက ကြက်တောင်ရိုက်အားကစားပွဲတစ်ခုမှာ အမေပထမရပြီး ဆုလက်ခံယူခဲ့စဉ်က ရိုက်ထားခဲ့သည့် ဓါတ်ပုံလေးပါပဲ။

အဲသည်တုန်းက အမေက ဆယ့်ခြောက်နှစ်သမီးအရွယ်ဆိုတော့ အခုရောက်နေသည့် သုံးဆယ့်ခြောက်ထဲက ပြန်နှုတ်လျှင် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ကပေါ့။ ရိုက်ထားသည့် ဆေးသားက ကောင်းလှသလို အထိန်းအသိမ်းလည်း ကောင်းလှတာမို့ ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် ဓါတ်ပုံလေးက ဆေးသားတွေ လက်ပြောင်ကာ ဝင်းစိုအိစက်လျှက်။

ဓါတ်ပုံလေးကိုကြည့်ရင်း ချစ်ခွန်း ပြုံးမိသည်။

"ဟင်း ... ဒီပုံထဲမှာ အမေပြုံးနေတာ အားရပါးရလေးနဲ့ ဟက်ဟက်ပက်ပက်လေး ပြုံးနေတာနော်အမေ၊ အဲဒါ ... အဲဒါ ... အမေ အရမ်းပျော်နေလို့လားဟင် ..."

"ပျော်တာပေါ့ သမီးရဲ့ ..."

ပြန်ဖြေရင်း အမေ ပြုံးလိုက်တာ လျော့ရဲရဲနှုတ်ခမ်းလေးတွေက တွန့်လို့ပါ။ ပြီးတော့ ... အမေ ငယ်ငယ်က စွဲနက်ချိုင့်ဝင်နေခဲ့သည့် ပါးချိုင့်လေးနှစ်ခုကတော့ ရောဂါကြောင့် ပါးပြင်လေးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခွဲမထင်နိုင်ခဲ့တော့ပြီ။

"ဟွန်း ... အဲဒီတုန်းက အမေက ဟက်ဟက်ပက်ပက်ရယ်မောပြီး ပျော်နိုင်ခဲ့ပေမယ့် အမေရပ်နေတဲ့နောက်ဘက်က ခုံတန်းလေးမှာ ဆံပင်တွေ ဖရိုဖရဲလေးပြိုကျပြီး မျက်နှာမှာ လက်ဝါးလေးအုပ်ပြီးငိုနေတဲ့ ကောင်မလေးတစ်ယောက်ကိုရော ဒီဓာတ်ပုံထဲမှာ သမီးမြင်ရဲ့လား ... သူက အနက်ရောင်အားကစားဝတ်စုံ ဝတ်ထားတဲ့ ကောင်မလေး ..."

"ဟာ ... သမီးတွေ့ပြီ အမေ ..."

ကြည့်စမ်း ... အမေပြောတော့မှ ချစ်ခွန်းသတိထားကြည့်မိသွားတာ။ ဟုတ်တယ် ... အမေပြောသလိုပဲ ဆံပင်တွေ ဖွာလန်ကြဲပြီး အမေ့နောက်က ခုံတန်းလေးမှာ မျက်နှာလေးကို လက်ဝါးလေးအုပ်ပြီးငိုနေတာ အမေနဲ့ရွယ်တူလောက်ပဲရှိမယ့် ကောင်မလေးတစ်ယောက်။

"ဟုတ် ... ဟုတ်တယ်နော် အမေ ... ပြောင်လက်နေတဲ့ အနက်ရောင်အားကစားဝတ်စုံလေးနဲ့ သူကလည်းအမေ့လိုပဲ အသားလေးဖြူတယ်နော်၊ ပေါင်တံလေးတွေက ဝင်းဝင်းထင်းထင်းလေးနဲ့ရှည်ရှည်သွယ်သွယ်လေး၊ ဘာလဲဟင် အမေ ... သူက ကြက်တောင်ဗိုလ်လုပွဲမှာ အမေ့ကို ရှုံးသွားလို့ငိုနေတာလား၊ သူက အမေ့ရဲ့ပြိုင်ဘက်လား ..."

"ဟုတ်တယ်"

အမေ ပြန်ဖြေလိုက်တာ မာထန်ထန်သံပြတ်ကလေးနဲ့။ တိုတိုတုတ်တုတ်ကလေးပဲ ဖြစ်၏။

"သူ့နာမည် ... သူ့နာမည်ကရော ဘယ်သူတဲ့လဲဟင်အမေ"





"ထက်သူဇာတဲ့ ..."

"ဘုရားရေ ... သူ့နာမည်က ထက်သူဇာ ..."

ချစ်ခွန်း နှုတ်ခမ်းလေးတွေ ဝိုင်းဟသွားခဲ့သလို ရင်ထဲမှာလည်း ဖြောင်းဆန်လှိုင်းထသွားအောင် တုန်လှုပ်သွားခဲ့သည်။ ပိုဆိုးသွားတာက မုန်းမပြေ ပြောခဲ့သည့်စကားလေးတွေကို ပြန်ကြားလိုက်ရတာ။

"ဟား ဟား ချစ်ခွန်းခရယ် ... နင်လိုကောင်မလေးတစ်ယောက်ကို မုန်းမပြေတို့က ဂရုစိုက်မယ်ထင်နေလို့လားဟင်၊ ဒီမှာ နင့်အဖေကို ငါ့အမေက တရားဝင်လက်ထပ်ယူတော့မလို့ စီစဉ်တာ၊ နင့်အမေ ရှုံးသွားတာကို တစိမ့်စိမ့်အရသာခံပြီး ကြည့်ချင်လို့ ငါ့အမေက ရအောင်လက်ထပ်ယူမှာ၊ ငါ့အမေက ရအောင်လက်ထပ်ယူမှာ ..."

"ဟင့်အင်း ... အမေ၊ ဟင့်အင်း ... အဲဒီမိန်းမနာမည်ကို အမေ မပြောနဲ့၊ သမီး မကြားချင်ဘူး၊ ဓါတ်ပုံထဲမှာမြင်နေရတဲ့ အမေ့အပြုံးလေးကိုပဲသမီးကြည့်မယ်၊ အဲဒီ အပြုံးလေးထဲက တက်ကြွလန်းဆန်းမှုတွေနဲ့ အောင်မြင်တွေကိုပဲ သမီးယူမယ်"

ချစ်ခွန်း မျက်ရည်တွေ ဝဲတက်လာတာ အမေ ရှုံးတော့မှာကိုသိနေလို့လား။

ချစ်ခွန်း အမေ့ရင်ခွင်ထဲကို ခေါင်းတိုးဝင်လိုက်သလို အမေ့တစ်ကိုယ်လုံးကိုလည်း တင်းကြပ်ပူးကပ်နေအောင် ချစ်ခွန်း ဖက်ထားလိုက်မိ၏။

သည်လို ပွေ့ဖက်ထားလိုက်တော့မှ အမေပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ အသက်ရှူနေရတာကို ချစ်ခွန်း သတိထားမိသွားသည်။

www.burmeseclassic.com



"အမေ့ ... အမေ့သမီးလေး ချစ်ခွန်းရယ် ... "

ပင်ပန်းခက်ခဲနေတဲ့ အမေ့အသက်ရှူသံတွေကြားထဲမှာ အမေ့ရှိုက်သံသဲ့သဲ့လေးက ရောပါလာခဲ့ပြီ။ ထုံးစံအတိုင်း အမေငိုရင် ချစ်ခွန်းလည်း ငိုရတော့မှာလား။ ဘာပဲဖြစ်ဖြစ် အခုချိန်မှာ တရားမျှတမှု မရှိတဲ့ အရှုံးတစ်ခုကို ထွေးပိုက်လက်ခံလိုက်ဖို့ အမေ့ဘက်မှာ အဆင်သင့်ပြင်ပြီးသားလည်း ဖြစ်ချင်ဖြစ်နေမှာလေ။

ညကလည်း ရောဂါသည်လူမမာသည်အမေ့ကို အဖေ မကျေမနပ်နဲ့ အော်ဟစ်နေသံ ကြားသည်။ ခုတလော ... ညဘက် ညဘက်တွေမှာ အိမ်ကိုပြန်မလာသည့် အဖေ့ကို အမေ နာနာကြည်းကြည်းနှင့် အပြစ်တင်နေပုံရ၏။

အမေ့အသံလေးကို ယဲ့ယဲ့တိုးတိုးလေးပဲ ကြားခဲ့ရသလောက် အဖေ့အသံကတော့ နည်းနည်းလေးမြင့်နေခဲ့၏။ ဒါကို ကြားလိုက်ရရင် ချစ်ခွန်း သိပါပြီ။ ဒါနဲ့ပဲ ကျောင်းစာအုပ်လေးပစ်ချကာ ခြေလေးကိုလည်းဖွနင်း နဖူးပြင်လေးပေါ်က ဆံပင်တွေကိုလည်းဖယ်ကာ အဖေ့အခန်းနားမှာ ကျောကလေးကပ်ပြီး နားထောင်လိုက်တော့ ...

"ဟွန်း ... ဒါကတော့ မင်းမပြောနဲ့လေ ဝိုင်းချစ်၊ မင်းရယ် ငါရယ် ထက်သူဇာရယ်က ငယ်ငယ်လေးကတည်းက အတူတူပေါင်းလာတဲ့ သူငယ်ချင်းတွေ ... ဖူးစာကံပါလာလို့ ငါ မင်းနဲ့လက်ထပ်ခဲ့တာမှန်ပေမယ့် ထက်သူဇာကို ဒီနေ့အထိ ငါပယ်ချခဲ့သေးတာ မဟုတ်ဘူး၊ မင်းကိုပစ်ပယ်မထားခဲ့သလို ထက်သူဇာနဲ့ ရင်းနှီးကျွမ်းဝင်မှုတွေကိုလည်း ဆက်ပြီးတော့ အသိအမှတ်ပြုနေရမှာ ငါ့တာဝန်ပဲ ... နောက်ဆုံးကုန်ကုန်ပြောမယ်ကွာ၊ ဒီကမ္ဘာပေါ်ကနေ ဦးတင်





လင်းထွန်းရဲ့ဇနီး ဝိုင်းချစ်ရင်ဆိုတဲ့ မိန်းမတစ်ယောက် ပျောက်ကွယ်သွားပြီဆိုတာနဲ့ ဦးတင်လင်းထွန်းဆိုတဲ့ ယောကျ်ားတစ်ယောက်က နှလုံးသားကို အစားထိုးတော့မှာ ... "

"အမေရယ် ... အဟင့် ... "

နံရံမှာ ကျောလေးကော့ကာ ကပ်ထားရင်း ချစ်ခွန်း မျက်ရည်မကျဘဲ မနေနိုင်။ သေချာတာက ချစ်ခွန်းရှိုက်သံကြားရင် အမေ့တစ်ကိုယ်လုံးအေးစက်နေရတော့မှာ။ ဒါကြောင့်မို့လဲ ... ချစ်ခွန်းကြိတ်ရှိုက်ရင်း အမေ မကြားအောင် မျက်ရည်လေးကို သုတ်ရသည်။ အဖေ မမြင်အောင်လည်း နံရံလေးနဲ့ ချစ်ခွန်း ကွယ်ရသည်။

ခုလည်း ... ချစ်ခွန်းက အမေ့ရင်ခွင်ထဲမှာ။

အမေ ရှိုက်လိုက်သလို ချစ်ခွန်း ရှိုက်လိုက်တာကိုလည်း အမေ ကြားသွားသည်။

ကြားသွားတော့ ချစ်ခွန်းမျက်နှာလေးကို အမေ အတင်းဆွဲမော့သည်။

"အို ကြည့်စမ်း ... အမေ့သမီးလေး ငိုနေတယ်"

အမေက ချစ်ခွန်းမျက်နှာလေးပေါ်လာအောင် အတင်းဆွဲမော့နေပေမယ့် ချစ်ခွန်းမျက်ရည်တွေကို အမေမမြင်အောင် ချစ်ခွန်းမှာ ခေါင်းလေးကို အတင်းပြန်ငုံ့နေရတာအမော။

"ပြောစမ်း သမီးလေး ... ထက်သူဇာဆိုကဲ့ နာမည်ကိုကြားလိုက်တာနဲ့ သမီးမျက်လုံးလေးထဲမှာ မျက်ရည်တွေချက်ချင်းဝဲတက်လာတာ အမေမြင်တယ်၊ ဘာလဲဟင် သမီးလေး ... အမေ့သမီးလေးက ထက်သူဇာအကြောင်းတွေသိနေပြီလား။ သမီးဖေဖေက သမီးကို ထက်သူဇာအကြောင်းတွေ ပြောပြလိုက်ပြီလား အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်း ...”

ချစ်ခွန်း ပါးပြင်လေးပေါ်က မျက်ရည်တွေကိုသုတ်ပေးရင်း အမေ မောဟိုက်သံကလေးနှင့် တုန်တုန်ရီရီကလေး မေးသည်။

“အဟင့် ... အဲဒါ သမီးသိတယ်လေ အမေ ...”

ချစ်ခွန်းပြောရင်း မျက်ရည်ကျနေတာ အမေသုတ်လို့တောင် မနိုင်။ မျက်ရည်က ချစ်ခွန်းဆံပင်လေးတွေနှင့် ထိစိုသွားကာ ပါးပြင်လေးမှာကပ်နေတာကိုလည်း အညင်သာဆုံးလက်ကလေးတွေနှင့် အမေအတင်းဖယ်သည်။

“သမီး ... သမီးက ဒီအကြောင်းတွေသိနေတယ်ဆိုတော့ ဒီပွဲမှာ အမေရှုံးပြီလားဟင် သမီး၊ အမေ ငယ်ငယ်လေးကတည်းက ပျော်ရွှင်ခြင်းများစွာ ဂုဏ်ယူခြင်းများစွာနဲ့ အမေနိုင်လာခဲ့တာ ဒီတစ်ပွဲမှာတော့ ထက်သူဇာကို အမေရှုံးပြီပေါ့ ...”

“ဟင့်အင်း ... ဟင့်အင်းအမေ၊ ဒေါ်ထက်သူဇာဆိုတဲ့မိန်းမ တစ်ယောက်က အမေ့ကိုလက်ထပ်ယူနိုင်ဖို့ ဘယ်လိုပဲကြိုးစား ကြိုးစား၊ အမေရှုံးပေမယ့် သမီးရှိသေးတယ်လေအမေ၊ အခု ဒီတိုက် ဒီခြံကြီးထဲမှာ အမေ အသက်ရှင်နေသေးတာ တစ်လောကလုံးသိ တယ် ... အမေ့ရဲ့နောက်ဆုံးအချိန်တွေ ဘယ်လိုပဲရောက်ရောက် ဒီမိန်းမ အမေ့ကို ဘယ်တော့မှ မနိုင်စေရဘူး၊ သမီးက အမေ့ကိုယ် စား ဆန့်ကျင်မှာ၊ အမေသေလို့ ဒီမိန်းမ အိမ်ပေါ်တက်လာရင် သမီး ဒီမိန်းမကို မောင်းချမှာ ...”

“အမလေး သမီးလေးရယ် ... မလုပ်ပါနဲ့ ...”

[illegible]မျက်နှာ ပြုံးပျက်သွားသလို အမေ့မျက်ဝန်းတွေ၊ ချက် ချင်းညှိုး[illegible]သည်။





“ဟင် ... အမေ သမီးက ဘာဖြစ်လို့ အဲလိုမလုပ်ရမှာလဲ”

ချစ်ခွန်း နားမလည်တော့ အမေ့ကိုမေးမိသည်။

“ထက်သူဇာ ... ထက်သူဇာက အဆိပ်ပြင်းတယ်”

“ရှင် ... အဆိပ်ပြင်းတယ်၊ ဟုတ်လား အမေ ...”

ချစ်ခွန်း ဘုရားပေါ်မှာ တွေ့လိုက်တဲ့ ဒေါ်ထက်သူဇာက မျက်နှာလေး ဒီလောက်ပြုံးချိုနေတာတောင် အဆိပ်ပြင်းသတဲ့လား။

ချစ်ခွန်း ဥာဏ်မမီပေမယ့် အမေပြောလိုက်တာကိုတော့ စိတ်ထဲမှာ နားလည်နေသလိုလို။

ချစ်ခွန်း မျက်ရည်တွေကြားထဲကပဲ အမေ့မျက်နှာလေးကို ငေးကြည့်နေမိသည်။

“ဟုတ်တယ်လေ သမီးလေး ... သမီးလေး ပိုနားလည်သွား အောင် အမေပြောရမယ်ဆိုရင် ထက်သူဇာနဲ့အမေဟာ ရှစ်တန်း ကျောင်းသူဘဝကနေ ရန်စောင်ဖော် ရန်စောင်ဖက်၊ ပြိုင်ဖော်ပြိုင် ဘက်တွေဖြစ်ခဲ့ကြတာ ... တက္ကသိုလ်ကျောင်းသူတွေဖြစ်ခဲ့ကြတဲ့ အထိပဲ”

“ရှင် ... အမေ ...”

ချစ်ခွန်း အံ့ဩရတဲ့ အမေရဲ့ ဇာတ်လမ်းလေးတစ်ပုဒ်။

ပြောရင်း ... ဗီရိုပေါ်က ဓါတ်ပုံကြီးကို အမေ မော့ကြည့် သည်။

“စောစောက အမေပြောခဲ့သလိုပဲ ဒီဓာတ်ပုံကြီးထဲက ကျောင်းကြက်တောင်ရိုက်ပြိုင်ပွဲမှာ ထက်သူဇာကို အနိုင်ရိုက်ပြီး၊ အမေ [illegible]လ်စွဲခဲ့တုန်းက ထက်သူဇာရဲ့ အရှုံးမီးပိုင်း ငိုရှိုက်သံတွေဟာ အမေ့နားလုံးသားထဲမှာ ဘယ်တော့မှ မခံနိုင်တော့တဲ့ လက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေအဖြစ်နဲ့ အမေခံယူနိုင်ခဲ့တယ် ... အဟွတ် ... ဟွတ် ... ဟွတ်"

"ဟာ ... အမေ မောနေပြီ ... သမီး သမီးထွေးခံလေး ယူပေးမယ်နော် အမေ ... "

ချစ်ခွန်း အမေ့ခုတင်ပေါ်ကနေ အလူးအလဲထကာ အမေ တံတွေးထွေးဖို့ ထွေးခံလေး ပြေးယူပေးရ၏။ ယူလာပြီးတော့လည်း အမေထွေးလို့ရအောင် လက်ကလေးဖြင့်ကိုင်ကာ ချစ်ခွန်း ခံပေးရသည်။

"အဟွတ် ... ဟွတ် ... ဟွတ် ... "

"ထွေး ... အမေ ... ထွေး ထွေး ... "

ဒီကမ္ဘာပေါ်မှာ အမေ အသက်ရှည်ဖို့ ချစ်ခွန်း ဘာလုပ်ပေးရမလဲ။ အမေ့ကို လာခေါ်မယ့် မရဏသေမင်းရဲ့ ခြေသလုံးကိုဖက်ကိုင်ပြီးတော့ ချစ်ခွန်း အသနားခံတောင်းပန်ပေးရမလား။

အမေပြောရင်း မောလာတာ အရမ်းသိသာနေခဲ့ပြီ။

"အမေ. မောနေရင် မပြောနဲ့တော့အမေ ... အမေပြောချင်နေတာတွေ သမီးသိတယ်၊ အမေ့ရင်ထဲက ခံစားချက်တွေကို သမီး နားလည်တယ်၊ လာ ... အမေလာ၊ ဒီဓာတ်ပုံကိုလည်း အမေ မကြည့်နဲ့တော့၊ ကြည့်တာနဲ့ ဆက်သူဇာဆိုတဲ့ ဟိုမိန်းမကို သတိရပြီး နာကြည်းနေဦးမှာ ... သမီးကိုဖက်ထားပြီး အမေအိပ်လိုက်"

ပြောလည်းပြော အမေ့ကိုလည်း ချစ်ခွန်း ဖက်ထားသည်။

"ဟွန်း ... ရပါတယ် သမီးရဲ့ ... အမေပြောမှာပေါ့"

"အဲဒါဆိုလည်း ပြောနော်အမေ ... အမေ ပြောချင်တယ်ဆိုရင် သမီးနားထောင်ပေးမှာပေါ့ ... "

အမေ့နဖူးပြင်လေးပေါ် ကျလာသည့် ဆံပင်လေးတွေကို





လည်း ချစ်ခွန်း သပ်တင်ပေးသည်။ အမေ့ပါးပြင်လျော့ရဲရဲလေးကိုလည်း ချစ်ခွန်း မက်မက်မောမောလေး နမ်းမိ၏။

သည်တော့မှ အမေ ပြောပါသည်။

"ပြိုင်ကြတယ်လေ ... ထက်သူဇာနဲ့အမေ ပြိုင်ကြတာ ကျောင်းမှာပေါင်းတဲ့ သူငယ်ချင်းအုပ်စုတွေ နှစ်ခြမ်းကွဲရတဲ့အထိ အမေတို့နှစ်ယောက်ပြိုင်ကြတာ ... ဝတ်တာစားတာချင်းလည်း ပြိုင်တယ်၊ စာတော်တာချင်းလည်း ပြိုင်တယ်၊ လှတာချင်းလည်း ပြိုင်တယ် ... မျက်နှာချင်းဆိုင် မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ နှစ်ယောက်စလုံး နှုတ်ခမ်းလေးတွေ ပြိုင်တူ မဲ့သွားကြရတဲ့အထိ ပြိုင်ခဲ့ကြတာလေ"

"အို ... ဟုတ်လား အမေ ... "

ချစ်ခွန်း တအံ့တဩလေးနဲ့။

အမေပြောတာကို နားထောင်ရင်း မျက်တောင်ခတ်ဖို့လည်း ချစ်ခွန်း သတိမရ။

"တက္ကသိုလ်ရောက်တော့လည်း မေဂျာချင်းက သွားတူခဲ့တယ်၊ အနုပညာအသင်းမှာလည်း အမေတို့နှစ်ယောက်ပြိုင်တယ်၊ မေဂျာကွင်းစ် ရွေးတော့လည်း အမေတို့နှစ်ယောက်က ထိပ်ဆုံးကပဲ ... ကြက်တောင်၊ ဘတ်စကတ်ဘော၊ စစ်တုရင်၊ ရေကူးရေခန်း အလံဖြူ မပြစတမ်း အသည်းပေါက်အောင် ပြိုင်ခဲ့ကြတာ၊ ဒါပေမယ့် ပြိုင်ပွဲတိုင်းမှာ အမေကပဲ နိုင်ခဲ့လို့ ထက်သူဇာဟာ အမေ့ကို အသေ ခွန်းပြီး အရမ်းကိုပဲ နာကြည်းသွားခဲ့တယ်၊ အဲဒီအထဲမှာ အဆိုးဆုံး ပြိုင်ပွဲက ထက်သူဇာနဲ့တွဲနေတဲ့ သမီးဖေဖေကို ချစ်တာ မချစ်တာ နောက်ထားပြီး အမေရအောင် လက်ထပ်ယူပစ်ခဲ့တာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ခုတော့ ... အမေရှုံးပါပြီ"

အမေ ပြောလိုက်တာ တစ်ခွန်းတည်း။

"အို ... အမေ ဘာလို့ရှုံးရမှာလဲ ..."

ချစ်ခွန်း တစ်ကိုယ်လုံး ဆတ်ခနဲတုန်သွားသလို မျက်တောင်လေးကော့ကာ ပြန်ပြောလိုက်သည့် ချစ်ခွန်းရဲ့ စကားသံလေးက လည်ချောင်းထဲမှာ ထိရှနာကျင်လျှက်။

"အမေ ... အမေ ... သမီးဖေဖေကို ပြန်ပေးလိုက်တော့မယ်"

"ဘုရားရေ ..."

"တီ ... တီ ..."

"တီ ... တီ ..."

"ဟင် ... ဖုန်းလာနေပြီ ... အမေ ဟန်းဖုန်းလေး သမီးယူပေးစမ်း ..."

စားပွဲပေါ်တင်ထားသည့် အမေ့ဆယ်လူလာဖုန်းကလေးကို ချစ်ခွန်း ကမန်းကတန်းပြေးဆွဲကာ ယူရပြန်သည်။ အရေးထဲကျမြည်လာတဲ့ ဒီဖုန်း။

"အမေ့သားတော်ကြီး ဦးကောင်းမြတ် ဆက်နေတာထင်တယ်"

အမေ ဟန်းဖုန်းလေးကိုဖွင့်ကာ နားထောင်လိုက်တော့

"ဟဲလို ..."

"ငါပါ ဝိုင်းချစ် ..."

"ဟင် ... ဘယ်ကငါလဲ ..."





"ဝိုင်းချစ်ရယ် ... နင်ကင်ဆာရောဂါတွေ ခံစားနေရတော့မှ ငါ့အသံလေးကိုတောင် နင်မမှတ်မိတော့ဘူးလားဟင် ထက်သူဇာလေ ..."

"ထက်သူဇာ ဟုတ်လား ... အခု ... အခု ငါ့ဆီကိုဆက်နေတာ ထက်သူဇာ ..."

ဘုရားရေ ... ကြည့်စမ်း ...

နေမကောင်းလို့ အိပ်ရာထဲလဲနေတဲ့အမေ့ဆီကို ဆက်နေတာ ထက်သူဇာတဲ့။ အမေပြောတဲ့ အဆိပ်ပြင်းတယ်ဆိုတာ ဒါလား။ ရှန်းကြနေတဲ့ အဗ္ဗမာနတွေကို အောင်တံခွန်အလံတစ်ခုလို လွှင့်ထူပြီး အမေ့ရင်ဘတ်တွေကို တစစီဖြစ်အောင် နင်းချေတိုက်ခိုက့်တော့မလို့လား အန်တီရယ်။

မလုပ်ပါနဲ့ ...

အမေက အန်တီ့ကို အရှုံးပေးနေတာပါ။

သမီး တောင်းပန်ပါတယ် အန်တီ။

"အမေ ... အမေ မပြောနဲ့ သမီးကိုပေး ..."

ချစ်ခွန်း အမေ့လက်ထဲက ဖုန်းကိုဆွဲလုဖို့ ကြိုးစားပေမယ့် အမေက ခွင့်မပြု။ လက်ကလေးတစ်ဖက်ကို အနိုင်နိုင်မြှောက်ပြရင်း ချစ်ခွန်းတောင်းနေတာကို အမေက ဆန့်ကျင်သည်။

"ဟွန်း ... နင် ငါ့အသံကို မှတ်မိသွားပြီနော် ဝိုင်းချစ်"

"နင် ... နင် ဘာပြောမလို့လဲ ထက်သူဇာ"

"ငါ အခုဆက်တာ နင့်ကိုဘယ်တော့မှ မမေ့နိုင်အောင် သတိရနေလို့ဆက်တာ ... ရှင်းတယ်နော် ဝိုင်းချစ် ..."

"ငါ ... ငါလည်း နင့်ကိုသတိရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တုန့်တုန့်လှိုက်လှိုက် အမေ့အသံလေးက မာန်မာနတွေအားလုံးကို ခဝါချ သန့်စင်ပစ်ထားလိုက်သလိုမျိုး။ လျော့ရဲဖြူဆုတ်နေတဲ့ အမေ့မျက်နှာပေါ်မှာ အတ္တတွေလည်းမရှိ၊ နာကြည်းမုန်းတီးခြင်းတွေလည်းမရှိ။ အမေ့ရဲ့နောက်ဆုံးတစ်နေ့ကို အရောက်သွားဖို့ အမေ့ ခြေလှမ်းတွေက အဆင်သင့်ဖြစ်နေပြီဆိုသည့် ငြိမ်သက်တိတ်ဆိတ်နေခြင်းမျိုးနှင့်သာ ဖြစ်နေခဲ့သည်။

"ငါ အခုဆက်တာ ငါမွေးထားတဲ့သမီးလေးတစ်ယောက်အကြောင်းကို နင်သိအောင် ပြောချင်လို့ဆက်လိုက်တာ"

"ဟင် ... နင်လည်း သမီးလေးတစ်ယောက်မွေးထားတယ်ဟုတ်လား ..."

"ကိုထွန်း ... နင့်ကိုမပြောဘူးလား"

"မပြော ... မပြောဘူးလေ ထက်သူဇာ ..."

"ငါရဲ့ သမီးလေးက နင့်သမီးချစ်ခွန်းခနဲ့ တစ်နေ့တည်း တစ်ရက်တည်း တစ်နှစ်တည်းမှာ ပြိုင်တူမွေးလာပြီးတော့ မွေးရက်မွေးလတွေပါ၊ အံ့ဩဖို့ကောင်းအောင် တိုက်ဆိုင်နေတဲ့သမီးလေး၊ ဒါကြောင့်မို့ ... နာတံချွန်ချွန်လေးနဲ့ ဝင်းနှစ်နေအောင် ချစ်ဖို့ကောင်းတဲ့ ငါ့ရဲ့သမီးလေးကို ငါကိုယ်တိုင်ပဲ နာမည်ပေးခဲ့တယ်လေ ဝိုင်းချစ်"

"ဟင် ... နင်ဘယ်လိုပေးလိုက်လဲ"

"မုန်းမပြေ ..."

"မုန်း ... မုန်းဘာဖြစ်တယ်"

အမေ နားမရှင်းလို့ ပြန်မေးသံကြားလိုက်ရ၏။

"မုန်း ... မ ... ပြေ ..."





"မုန်း ... မုန်းမပြေ ဟုတ်လား ... နင် ... နင် ဘယ်သူ့ကို မုန်းလို့ ဒီလောက်ထိ မပြေနိုင်ရတာလဲ ... နင်ဘယ်သူ့ကို မုန်းခဲ့တာလဲ"

"အရှင်းဆုံးပြောမယ် ... ငါမုန်းခဲ့တာ နင့်ကို၊ ထပ်ပြောမယ်၊ ငါမုန်းခဲ့တာ နင့်ကို ငါမုန်းခဲ့တာ နင့်ကိုလေ ဝိုင်းချစ်ရဲ့ ... ဟား ဟား ..."

"ဟင်း ဟင်း ... ရ ... ရပါတယ် ထက်သူဇာ ... နင်ဘယ်လောက်ပဲ ငါ့ကိုမုန်းမုန်း ငါ့နှလုံးသားထဲမှာ နင်မရှိတော့ပါဘူး၊ အခုအချိန်မှာ တိတ်ဆိတ်အေးချမ်းစွာနဲ့ ဒီလောကကြီးရဲ့အပြင်ဘက်ကို ငါထွက်သွားရတော့မှာပါ ... သူငယ်ချင်းရယ် ... ဒါကြောင့်မို့ နင့်ကိုလည်း ငါနှုတ်ဆက်ပါတယ်နော် ..."

"ဟား ဟား ... ငါ့ကို နှုတ်ဆက်တယ်ဆိုပြီး လေသံပျော့ပျော့လေးနဲ့ အနိုင်ပိုင်းထွက်သွားဖို့ နင်မကြိုးစားနဲ့လေ ဝိုင်းချစ်၊ အခုအချိန်မှာ နင့်ခြေလှမ်းကိုငါမြင်သလို ငါ့ခြေလှမ်းကို နင်မြင်နေမှာလည်း သေချာတယ်"

"နင့် ... နင့်စိတ်ဓာတ်ကို ငါသိတယ်လေ ထက်သူဇာ"

"အခုချိန်မှာ အရေးကြီးတာ ငါ့သမီးမုန်းမပြေပဲ ..."

"ဟင် ... မုန်းမပြေ ဘာဖြစ်လို့လဲ ..."

"ငါ့သမီးက ငါ့လိုပဲ ... အညှိုးအတေးကြီးတယ်၊ နင့်သမီးနဲ့ ရွယ်တူ ကိုးတန်းကျောင်းသူလေးဆိုပေမယ့် စိတ်ဓာတ်ကပြင်းတယ် တံခါးနဲ့တိုက်မိရင် တံခါးကိုပိတ်ကန်တယ်၊ လှေကားနဲ့တိုက်မိရင် လှေကားကို ပိတ်ကန်ရမှ ကျေနပ်နေတာ ..."

"ဟင် ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောရင်း အမေ့မျက်နှာတစ်ခုလုံး ဖြူဆုတ်လျှက်။

"အဲဒါ ငါ့သမီး မုန်းမပြေရဲ့စိတ်ဓာတ်ကို နင်သိအောင် ငါ နည်းနည်းပါးပါးလောက်ပဲ ပြောပြထားသေးတာ၊ အခု ... နင့်သမီး ချစ်ခွန်းခံနေတဲ့ကျောင်းကို ငါ့သမီးက ပြောင်းတော့မှာ"

"ဘုရားရေ ... ဒါဆို သူတို့နှစ်ယောက် ... "

"ဟွန်း ... နင်သိပါတယ်၊ နင့်ကိုအရမ်းမုန်းခဲ့လို့ ငါ့နှလုံးသား ထဲက သွေးတွေနဲ့ သမီးလေး မုန်းမပြေကို ငါမွေးခဲ့တာလေ၊ ဒါကြောင့်မို့ ... နင်ငါ့ကို အနိုင်ယူခဲ့တဲ့ ယယ်ယယ်ကအကြောင်းတွေ ငါ့သမီးလေးကို ပြောပြလိုက်တော့ ငါ့သမီးက ခေါင်းလေးမော့ပြီး နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ဟားတိုက်ရယ်တယ်လေ ဝိုင်းချစ်ရဲ့ ... ဟား ဟား ... "

"နင် ... နင် ... "

"ငါ့သွေးတွေက သူ့ကိုယ်ထဲမှာ ငါ့နာကြည်းချက်တွေက ငါ့ သမီးလေးကို ကူးစက်သွားတာ၊ အဲဒါ ... အဲဒါ တစ်ကျောင်းတည်း တစ်ခန်းတည်းမှာ သူတို့နှစ်ယောက်တွေ့ကြရင် ငါတို့ယယ်ယယ်တုန်း ကလို ပြိုင်ဘက်တွေဖြစ်ပြီး အမုန်းကြီးမုန်းကုန်ကြမှာ သေချာတယ်၊ ငါပြောတာ နင်သဘောပေါက်လား ဝိုင်းချစ် ... အဲဒီအချိန်ကျရင် နင်ကလည်း နင့်သမီးလေးအနားမှာ ရှိမှာမဟုတ်တော့ဘူး ... "

"နင် ... နင် ငါ့ကို အညိုးနဲ့ဆက်ပြိုင်ဖို့ ခြိမ်းခြောက်နေတာ လား ထက်သူဇာ ... နင် ငါ့ကွယ်ရာမှာ ကိုထွန်းနဲ့ပတ်သက်နေတာ တွေ ငါကြားတယ်၊ ငါက ရောဂါသည်ပါ ... နောက်ထပ် အများဆုံး တစ်လပဲ ရှင်သန်နိုင်တော့မယ့် ရောဂါကြီးကို ပွေ့ပိုက်ထားရတဲ့ မိန်းမတစ်ယောက်ပါ ထက်သူဇာရယ် ... ဒီအချိန်မှာ ငါ့ဆီကိုတကူး





တကဖုန်းဆက်ပြီး စစ်ကြေငြာနေတာလား ထက်သူဇာ ... "

ဖုန်းကိုင်ထားတဲ့ အမေ့လက်တွေ တဆတ်ဆတ်တုန်လာ သလို သွေးမရှိတော့တဲ့ အမေ့နှုတ်ခမ်းတွေက ခြောက်ကပ်ဖြူဆုတ် လာရလျှက်။

"ငါ့ကို ... ငါ့ကို နင့်ရဲ့ပြိုင်ဘက်စာရင်းက ဖြုတ်ပယ်ပေးပါ၊ ငါ ရှုံးထောက်ပါတယ် ... ငါအညှံ့ခံပါတယ် အဟင့် ဟင့် ... "

အို ... ကြည့်စမ်း ...

အမေ ငိုနေပြီ။

ဖြူဖျော့ဖျော့ အမေ့မျက်ဝန်းထဲက မျက်ရည်ပူတွေ စီးကျ လာရပြီ။ ဘုရားရေ ... အမေ့လက်ထဲက ဖုန်းလေးပါ ပြုတ်ကျခဲ့ပါ ရောလား။

ချစ်ခွန်း ပြေးကိုင်လိုက်တော့လည်း တစ်ဖက်က ပြန်ပြော သံ မကြားရတော့ပါ။

"ဟဲလို အန်တီ ... ချစ်ခွန်းပါ ... "

"ချစ်ခွန်း အန်တီနဲ့ပြောချင်လို့ပါ ... "

"ဟဲလို ... ဟဲလို ... အန်တီ ... ဟဲလို ... "

"တီ ... တီ ... "

"အဟင့် ... ဟင့် ... ဟင့် ... "

"အဟင့် ... ဟင့် ... ဟင့် ... "

အမေငိုနေတာ တကယ့်ကို ရင်နင့်စဖွယ်လေး။

ချစ်ခွန်း ဘယ်လိုလုပ်ရမလဲ။ အမေ စိတ်ပြေအောင် ချစ်ခွန်း ဘယ်လိုချော့ရမလဲ။ ဒီအပေါ်ထပ် အခန်းကျယ်ကြီးထဲမှာလည်း အမေနဲ့ချစ်ခွန်း နှစ်ယောက်တည်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွန်း ဖုန်းကလေးကိုပစ်ချပြီး အမေ့ကိုပဲ ဖက်ထားလိုက်၏။ အနည်းဆုံးကတော့ အမေ့ပါးပြင်လေးပေါ်က မျက်ရည်တွေကို ချစ်ခွန်း သုတ်ပေးရတော့မည်။

"အမေရယ် ... အမေ ဘာလို့ ဒေါ်ထက်သူဇာကို ငါဒူး ထောက်ပါတယ်၊ ငါ အညံ့ခံပါတယ်လို့ ပြောလိုက်ရတာလဲဟင်၊ အမေ ... အမေ အသက်ရှင်နေသမျှ ဒီမိန်းမကို အမေ မရှုံးဘူးဆိုတာ သမီးသိတယ်"

အမေ့ကို ချစ်ခွန်း မျက်ရည်လည်း သုတ်ပေးသည်။

အမေအားရှိအောင်လည်း ချစ်ခွန်း ချော့ရ၏။

"အမေ ... အမေ မရှုံးပေမယ့် အမေ မရှိတော့တဲ့တစ်နေ့မှာ ရိုးရိုးအေးအေးလေးနေတတ်တဲ့ အမေ့သမီးလေး ... ရှုံးမှာကြောက်လို့ အမေ အညံ့ခံနေရတာလေ သမီးရဲ့ ... အခုလည်း ကြည့်ပါဦး ... နှစ်ခွကျစ်ဆံမြီးလေးနဲ့ ပါးကွက်ကြားလေးတွေကို ချစ်တတ်တဲ့ အမေ့သမီးလေး ... ကိုရိုးယားကားတွေကိုကြည့်ပြီး မင်းသမီးကို သနားလို့ မျက်ရည်လေးတွေကျနေတတ်တဲ့ အမေ့သမီးလေး၊ မုန်းမပြေ ... မုန်းမပြေဆိုတဲ့ ကောင်မလေးက တံခါးရွက်နဲ့တိုက်မိရင်တောင် တံခါးရွက်ကိုပိတ်ကန်ရမှ ကျေနပ်သတဲ့"

"ရှင် ... အမေ ..."

"သူ့ကို ပြိုင်လို့ အမေ့သမီးလေး ဘယ်လိုလုပ်နိုင်မှာလဲ သမီးလေးရယ် ... အမေ စိတ်မချလိုက်တာ အမေ စိတ်မချလိုက်တာ၊ အဟင့် ... ဟင့် ... ဟင့် ..."

ကြည့်ပါဦး ... အမေပြောနေတာ။

မုန်းမပြေဆိုတဲ့ ကောင်မလေးကို ချစ်ခွန်းရှုံးမှာကြောက်လို့





တဲ့။

သူ ဘယ်လောက်ပြိုင်ပြိုင် ချစ်ခွန်း သူ့ကိုမပြိုင်ရင် သူဘယ်လိုလုပ် ချစ်ခွန်းကို နိုင်မှာလဲ။ ချစ်ခွန်းနေချင်တာက ရိုးရိုးအေးအေးလေးပဲနေချင်တာ။ ကျောင်းမှာလည်း သူငယ်ချင်းတွေက ချစ်ခွန်းကို အေးလို့တဲ့။ ပိုက်ဆံချမ်းသာပြီး နောက်ဆုံးပေါ်အကောင်းစားကားနဲ့ ကျောင်းတက်တာတောင် မာနမရှိလို့တဲ့။

ဒါကိုသိလို့ ချစ်ခွန်းကို အမေ စိတ်မချဖြစ်နေတာလေ။

အန်တီရယ် ...

အမေ့ကိုတော့ အနိုင်မယူပါနဲ့။

ချစ်ခွန်း တောင်းပန်ပါတယ်။

အမေမျက်ရည်ကျရင် ချစ်ခွန်းလည်း ကျချင်တယ်။

အမေမျက်ရည်ဝဲရင် ချစ်ခွန်းလည်း ဝဲချင်တယ်။

အမေနဲ့သူငယ်ချင်းတွေပြောသလို ချစ်ခွန်း ကျစ်ဆံမြီးလေးနှစ်ခွနဲ့ ရိုးရိုးအေးအေးလေးနေတာမှန်ပေမယ့် ချစ်ခွန်းက အမေ့နှလုံးသွေးနဲ့ ရေးဆွဲချယ်မှုန်းထားတဲ့ သက်ရှိပန်းချီကားချပ်လေး တစ်ချပ်ပါ အန်တီ။

အမေ့ကိုယ်ထဲက သွေးတွေ ...

ချစ်ခွန်းနှလုံးသားထဲမှာ ထာဝရစီးဆင်းနေပါတယ် အန်တီရယ် ... ။

www.burmeseclassic.com

## အခန်း ( ၃ )

"ရှင် ... အဖေ ... "

အဖေပြောတာကို ကြားလိုက်စအချိန်မှာ ချစ်ခွန်း မျက်တောင်လေးကော့ကာ ခါးကလေးကပါ ဖျတ်ခနဲ မတ်ဆန့်သွားခဲ့၏။ အဖေပြောလိုက်တာကိုလည်း နားထဲမှာမရှင်း။ အဖေက ချစ်ခွန်းကို ကိုယ်တိုင်ကားမောင်းပြီး ထူးထူးဆန်းဆန်း ကျောင်းလိုက်ပို့ပေးနေချိန်မှာ အဖေ ချစ်ခွန်းကို ချစ်သားပဲဆိုသည့်အသိန္နေးနွေးကလေးဖြင့် ကားနောက်ခန်းထိုင်ခုံလေးမှာ ချစ်ခွန်း ကျေနပ်ပီတိတွေ ဖြစ်ခဲ့ရသလောက်။

အဖေက ချစ်ခွန်းနေ့စဉ်သွားနေကြ ဒရိုင်ဘာ ဦးကျော်နိုင်မောင်းသောလမ်းအတိုင်း မသွားဘဲ လမ်းမကြီးပေါ်ကနေ လမ်းသွယ်တွေကြားထဲလည်း ကွေ့လို့ကွေ့၊ လမ်းဘေးမှာ စီတန်းဆောက်ထားသည့် အသုပ်ဆိုင်ကလေးတွေ ကွမ်းယာဆိုင်ကလေးတွေ အကြော်ဆိုင်ကလေးတွေနှင့် ကလေးတွေ လူတွေကြားက ဖြတ်မောင်းလို့မောင်း။ လုပ်လာတော့ ချစ်ခွန်း မျက်စိတွေလည်ပြီး





အဖေ့ကို မေးလိုက်မိတော့မှ အဖေပြောလိုက်သည့်စကားတစ်ခွန်းက ချစ်ခွန်းကို မယုံနိုင်လောက်အောင် အသက်ရှူမှားသွားစေခဲ့တာဖြစ်သည်။

"သမီး ... သမီးက ဒီနေ့ကစပြီး မုန်းမပြေနဲ့အတူတူ ကျောင်းတက်ရမယ် ဟုတ်လား အဖေ ... သမီးကို မစနဲ့နော်၊ သမီး ဒီကောင်မလေးနဲ့ ကျောင်းအတူတူ မတက်ချင်ဘူး ... ဟင့်အင်း ... "

ချစ်ခွန်း ခေါင်းလေးခါနေတာ တုန်လှုပ်ဖြူဖျော့နေသည့် မျက်ဝန်းကလေးဖြင့် ဒီလိုခါတော့ ရင်ညွှန့်လေးပေါ်ဆွဲသိမ်းချထားသည့် နှစ်ခွကျစ်ဆံမြီးလေးကလည်း လှုပ်သည်။ ဝင်းနစ်သော နဖူးပြင်လေးပေါ်မှာ အဖြောင့်တန်းကလေး ဆွဲချထားသည့် ဆံစုမျှင်မျှင်လေးတွေကလည်း ခါသည်။

"မလုပ်ပါနဲ့ အဖေ ... အဲလိုလုပ်ရင် သမီးငိုမှာနော် အဖေအဟင့် ... "

လက်ကလေးတစ်ခါခါ ခေါင်းလေးတစ်ခါခါဖြင့် အဖေ့ကိုချစ်ခွန်းတားနေပေမယ့် အဖေက ချစ်ခွန်းကို လှည့်မကြည့်ပါ။

ကားကို ဂရုစိုက်ပြီး လမ်းကြိုလမ်းကြား ကျောင်းကလောင်လေးထဲအထိမောင်းဝင်သွားသလို လက်မှာပတ်ထားသည့်နာရီကို ငြှောက်ကြည့်ပြီး အဖေ ပင့်သက်ချလိုက်တာ အဖေစိတ်တွေ အရမ်းမောသွားရလို့လား။

ဘာပဲပြောပြော အဖေ ဒီလိုလုပ်တာတော့ ချစ်ခွန်းတစ်ကိုယ်လုံးအေးစက်သွားခဲ့ရ၏။ အဖေ ဒါတွေလုပ်တိုင်းလည်း ချစ်ခွန်းမျက်ဝန်းလေးထဲ ပြေးပြေးမြင်လိုက်မိတာ အိပ်ရာလေးထဲက ဖြူဖျော့ဖျော့ အမေ့မျက်နှာလေးပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ... နောက်ဆိုရင်တောင် သမီးတို့နှစ်ယောက် အတူတူနေရတော့မယ့်ဥစ္စာ၊ အဖေ့ကို စိတ်ဆင်းရဲအောင် သမီး မပြောပါနဲ့၊ အခုလည်း ... သမီးမေမေရှိနေလို့ ဒီရပ်ကွက်လေးထဲမှာ သစ်သားလုံးချင်းအိမ်ကလေး အဖေ ခဏငှားပေးထားရတာ၊ မုန်းလေးက သမီးတက်တဲ့ကျောင်းမှာ အတူတူတက်ချင်တယ်ဆိုလို့ အဖေကိုယ်တိုင် ကျောင်းလိုက်အပ်ပေးထားတာလေ ... ကံကောင်းရင်တောင် သမီးနဲ့တစ်ခန်းတည်း အတူတူကျနေမှာ"

အဖေရယ် ...

ဒီကောင်မလေးနဲ့ တစ်ခန်းထဲမှာ အတူတူတက်ရမှာ သမီးအတွက် ကံကောင်းတာတဲ့လား။

"ဟင့်အင်းအဖေ ... သမီး ဒီကောင်မလေးနဲ့ ညီအစ်မ မတော်ချင်ဘူး၊ ဒီကောင်မလေးကိုလည်း သမီး မချစ်ဘူး ... မလုပ်ပါနဲ့၊ ဟင့်အင်း ... ဟင့်အင်း ... ဒီကောင်မလေးနဲ့ ကျောင်းအတူတူတက်ရမယ်ဆိုရင် အဖေ့ကားပေါ်ကနေ သမီးခုန်ဆင်းမယ်"

"သမီး ချစ်ခွန်း ... "

အဖေ့အသံက ဒေါသနှင့်ကျယ်လောင်စွာ။

"အဖေ ဖြစ်စေချင်တဲ့ဆန္ဒကို မဆန့်ကျင်နဲ့လို့ အဖေပြောနေတယ်နော်၊ ဘယ်တော့မှ နောက်ပြန်ဆုတ်လို့မရတဲ့လမ်းကို အဖေလျှောက်ခဲ့ရတာ၊ သတ္တိရှိရှိနဲ့အရာရာကို သမီးရင်ဆိုင်စမ်း၊ ထစ်ခနဲရှိရင် မျက်ရည်ကျတာ အဖေ မကြိုက်ဘူး ... အခုချက်ချင်း မျက်ရည်သုတ် ... "

"ရှင် ... အဖေ ... "

ဒါ ... ချစ်ခွန်း လူမှန်းသိတတ်စ အရွယ်ကတည်းက အဖေ





ဆီကနေ အသံမာမာနှင့် အအော်ခံရတာ ဒါ ပထမဆုံးပဲဖြစ်သည်။

ချစ်ခွန်း ငေးကြောင်ကြောင်လေး အဖေ့ကိုပြန်မော့ကြည့်မိ၏။

"အဟင့် ... "

ပြီးတော့မှ ချစ်ခွန်း ရှိုက်သည်။

ထိုအချိန်မှာပဲ အဖေ့ကားလေးက လမ်းသွယ်ကြားထောင့်က သစ်သားအိမ်ကလေးရှေ့မှာ ထိုးရပ်သွား၏။ ချစ်ခွန်း ရင်တထိတ်ထိတ်နှင့် ထိုအိမ်ကလေးရှိရာကို လှမ်းကြည့်လိုက်တော့။

"မေမေရေ ... ဟိုမှာ ဦးဦးဖေဖေကား ရောက်လာပြီ"

ဘုရားရေ ... ကြည့်စမ်း ...

မုန်းမပြေဟာ အမိုက်စား ကျောင်းဝတ်စုံ ဂါဝန်ဖားဖားလေးနဲ့။

အနက်ရောင် အိစက်နေတဲ့ ကျောပိုးအိတ်တစ်လုံးကိုလည်း လွယ်လို့။ ခြေအိတ်လေးကအဖြူ ရှူးဖိနပ်လေးကအနက်၊ ဆံပင်အရောင်လေးကလည်း ခရမ်းရောင်ပြေပြေလေး တင်ထားတာ မျက်နှာလေးမော့ပြီး တက်ကြွလန်းဆန်းလို့နေပါလား။

"လာပြီ ... လာပြီ ... ဦးဦးဖေဖေကို ခဏလေးစောင့်လို့ ပြောလိုက်နော်"

အိမ်ထဲကနေ လှမ်းအော်နေတာ။

အမေ့ကို ဖုန်းထဲကနေ ခြိမ်းခြောက်သွားတဲ့ ဒေါ်ထက်သူဇာပဲဖြစ်မှာပေါ့။ ဟွန်း ... ဘာပဲပြောပြော ချစ်ခွန်း မငိုတော့ပါဘူး။ ချစ်ခွန်း မျက်ရည်သုတ်ပြီး ရင်ဆိုင်ဖို့ပဲ အသင့်ပြင်ထားလိုက်သည်။

"ဦးဦးဖေဖေရေ ... မေမေက ပြောနေတယ်၊ ခဏလေး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထက်သူဇာက ရယ်ရယ်မောမောနဲ့ပဲ ကားရှေ့ခန်းမှာ ဝင်ထိုင်သည်။ ဒါကိုမြင်တော့ … ချစ်ခွန်း ရင်နင့်သွားခဲ့၏။ ချစ်ခွန်း အတွေးပုံရိပ်လေးထဲမှာ ရုတ်တရက် မြင်လိုက်ရတာ အမေ … ခုတော့ အမေ အမြဲထိုင်လာခဲ့တဲ့နေရာလေးမှာ အစွယ်နှင့်တူသော သွားတက်လေးကိုပိုင်ထားသည့် မိန်းမတစ်ယောက်က ရေမွှေးနံ့ တသင်းသင်းနှင့် ဘယ်သူ့ကိုမှ ခွင့်မတောင်းဘဲ ရယ်ကာမောကာ ဝင်ထိုင်လာခဲ့ပြီ။

“ဦးဦးဖေဖေရေ … ကားကို မြန်မြန်မောင်းနော် … ”

“ဟော … ကြားတယ်နော် ကိုထွန်း၊ ရှင့်သမီး အော်နေတာ”

အဖေပြုံးလား မပြုံးလားဆိုတာ ချစ်ခွန်းသိချင်လို့ အဖေ့ကို လှမ်းကြည့်လိုက်တော့ …

“ဟင် … ”

အဖေ ပြုံးနေတာ ဝိတ်တွေ တဝေဝေနဲ့။

ပြုံးပြီးတော့တောင် မုန်းမပြေရဲ့ငယ်ထိပ်လေးကို ဖွဖွရွရွ လေး အဖေက လှမ်းပုတ်လိုက်သေးရဲ့။ အဖေ မျက်နှာလိုက်တယ်။ စောစောက ချစ်ခွန်းကိုအော်သလို မျက်နှာထားတင်းတင်းလေးနဲ့ မုန်းမပြေကိုကျတော့ အဖေ ဘာလို့မအော်ခဲ့တာလဲ။

ချစ်ခွန်း ရင်ထဲမှာ တင်းကြပ်နေတာ ဘာနဲ့မှအစားထိုးဖြေ ဖျောက်လို့မရ။ ရှိုက်သံ မကြားရဘဲ မျက်ရည်လေးတွေ ဝဲတက်လာ တာ ခံစားချက်တွေ ပြင်းထန်လွန်းလို့ပါ။ အဖေက ချစ်ခွန်းကို တစ်ချက်ကလေး လှည့်မကြည့်တာကိုလည်း ချစ်ခွန်း ရင်နာသည်။

“ဂျောက် … ”

“ဒေါက် … ”





အဖေ ကားမောင်းမထွက်ခင်မှာ ကားပေါ်က ရုတ်တရက် ဆောင့်ခနဲ ဆင်းပစ်လိုက်တာ ချစ်ခွန်းပါ။ ဒါကိုသိသိချင်း လှမ်းအော် လိုက်တာ အဖေ။

“ချစ်ခွန်း … နင်အခု ပြန်တက်စမ်း … ”

အဖေ အသံသြသြကြီးကို ကြားလိုက်ပေမယ့် ချစ်ခွန်း ပြန် လှည့်မကြည့်ပါ။

အဟင့် … ချစ်ခွန်းကိုခေါ်တာတောင် နင်တဲ့လားအဖေရယ် ဒီမိန်းမနဲ့ဒီကောင်မလေးရှေ့မှာ ကိုယ့်သမီးလေးတစ်ယောက်ကို တောင် အကြင်နာတွေ မပြနိုင်တော့ဘူးလားဟင် အဖေ။ ချစ်ခွန်း ကားပေါ်က ဆင်းလာတာ သူတို့နဲ့အတူတူ။ အဖေ့ကားကြီးကို ချစ် ခွန်း မစီးချင်တော့လို့ ဆင်းလာတာပါ အဖေရယ်။

ချစ်ခွန်းကို မခေါ်ပါနဲ့။

လိုင်းကားတိုးစီးပြီးတော့ပဲ ချစ်ခွန်းကျောင်းကိုသွားတော့ မယ်။

“ချစ်ခွန်း ဆက်မသွားနဲ့ … အဲဒီမှာရပ်နေစမ်း … ”

အဖေ ပြေးလိုက်လာတာသိပေမယ့် ချစ်ခွန်းလှည့်မကြည့် ပါ။

ချစ်ခွန်း ဝတ်ထားတာ အဖြူအစိမ်း ကျောင်းဝတ်စုံကလေး နဲ့ လမ်းသွားလမ်းလာတချို့က စိတ်ဝင်စားပြီး ချစ်ခွန်းကို ဝိုင်း ကြည့်နေတာလည်း ချစ်ခွန်း သတိမထားမိ။

“အဟင့် … သမီး မစီးဘူးနော် အဖေ … ”

ချစ်ခွန်း … အဖေ့ကိုပြောရင်း မျက်ရည်ကျရပြီ။

“နင် … နင် … ငါ့ကို တော်တော်ဒုက္ခပေးတယ်သိလား ချစ်ခွန်း … ”



www.burmeseclassic.com

www.burmeseclassic.com



စောင့်ပါတဲ့ ... ”

အော်လည်း အော်သလို၊ အိမ်ပေါ်ကနေ ကားဆီကို ပြေးဆင်းလာသည်။

“ထက်ရာ ... ဒီအချိန်ထိ အလှပြင်နေတာ မပြီးသေးဘူးလားကွာ ... ဟွန်း ... ”

အဖေ မကျေမနပ်နဲ့ ကားတံခါးဖွင့်ကာ ဆင်းသွားတော့ ကားပေါ်မှာ ငေါင်စင်းစင်းလေးကျန်ခဲ့တာ ချစ်ခွန်းတစ်ယောက်တည်း။

“ကျောင်း”

“ဟင် ... ”

နှုတ်လည်းမဆက်၊ ခွင့်လည်းမတောင်းဘဲ မုန်းမပြေက မျက်နှာထားမာမာလေးနဲ့ ကားပေါ်တက်လာပြီ။

“ဟာ ... ချစ်ခွန်းခ နင် ဟိုဘက်တိုးလေ ... ”

ပခုံးချင်းလည်း ဝင်တိုက်ထိုင်သလို တံတောင်နှင့်ပါ ချစ်ခွန်းကိုတွန်းသည်။ ပြီးတော့ ... ကားထဲမှာ အနံ့စွဲသွားတာက မုန်းမပြေတစ်ကိုယ်လုံးမှာ ဆွတ်ဖျန်းလာသည့် အကောင်းစားရေမွှေးနံ့။

“ဟွန်း ... ငါ ဒီနေ့ကစပြီး နင်နဲ့အတူတူ ကျောင်းတက်တော့မှာသိလား ... ”

မုန်းမပြေက ချစ်ခွန်းကိုပင် လုံးဝဂရုမစိုက်သည့်မျက်နှာထားမျိုးလေးနှင့်ပါ။ ချစ်ခွန်းကလည်း အသားချင်းမထိအောင် ဟိုဖက်ထောင့်ကို တမင်ရွှေ့ကပ်ပေးလိုက်ပေမယ့် မျက်နှာလေးကိုတော့ စူပုတ်ထားမိ၏။

ချစ်ခွန်း စကားမပြောချင်ပါ။





ချစ်ခွန်းကို အညှိုးနဲ့ပြိုင်လာတော့မယ့် ကောင်မလေးတစ်ယောက်ကိုလည်း ချစ်ခွန်း မပတ်သက်ချင်ပါ။

“နင် ... နင်နော် ငါနဲ့အတူတူ ကျောင်းတက်ရတယ်ဆိုပြီး မျက်နှာကို စူပုတ်မထားနဲ့နော်၊ ရွှေတိဂုံဘုရားမှာ စတွေ့တဲ့နေ့ကတည်းက နင့်ကိုငါပြောပြီးသား ... နင့်ကိုမုန်းလို့ နင့်ကိုမခံချင်လို့ နင်တက်နေတဲ့ကျောင်းကို ငါတမင်ပြောင်းတက်တာ၊ ဦးဦးဖေဖေကလည်း ငါ့ကိုချစ်လို့ ကိုယ်တိုင်လာကြိုတယ်၊ နင် ... မနာလိုမဖြစ်နဲ့”

“ဟွန်း ... ”

ချစ်ခွန်း နှုတ်ခမ်းလေး ထပ်မဲ့သည်။

ဒါပေ့ါလေ ... အဖေမှာ မိန်းမနှစ်ယောက်ဖြစ်နေပြီဆိုတော့ ချစ်ခွန်း ဘာတတ်နိုင်တော့မှာလဲ။ ဒီအကြောင်း အမေသိရင် ချစ်ခွန်းအတွက်ခံစားရပြီး အမေမျက်ရည်ကျရဦးမည်။

“ဟာ ... ကိုထွန်းရေ ... ဟိုမှာကြည့်ပါဦး၊ ရှင့်သမီး စွာတေးလန်မလေးက ကားပေါ်မှာ ဇိမ်နဲ့တောင် တက်ထိုင်နေပြီ၊ ဟင်းဟင်း ... ပျော်နေတာ ... ပျော်နေတာ တစ်ရက်တည်းမွေးတဲ့ အမြွှာညီအစ်မနှစ်ယောက် ကျောင်းတစ်ကျောင်းထဲမှာ အတူတူတက်ရတော့မယ်ဆိုလို့ မုန်းက ပျော်နေတာလေ ကိုထွန်းရဲ့ ... ”

ဒေါ်ထက်သူဇာရဲ့ အသံကိုကြားနေရပေမယ့် ဒီဘက်ကို ချစ်ခွန်းလှည့်မကြည့်ပါ။ သူတို့သားအမိနှစ်ယောက်က ရွှင်လန်းအားရနေတဲ့အသံလေးတွေနဲ့ ပျော်နေကြပေမယ့် ချစ်ခွန်း ရင်ထဲမှာ လောင်လာရတဲ့မီးတွေက ဘယ်သူ့ကြောင့် လောင်ခဲ့ရတာလဲ။ အမေက အရှုံးပေးခဲ့ပေမယ့် ချစ်ခွန်း အရှုံးမပေးနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး … သမီး မစီးချင်လို့ပါ အဖေရဲ့ … "

"အဟင့် … ဟင့် … ဟင့် … "

ချစ်ခွန်း လမ်းဘေးမှာ မတ်တတ်လေးရပ်ပြီးငိုနေတာ ဝမ်းနည်းပက်လက်လေး။ ဒါကိုလည်း ချစ်ခွန်းကို ကြင်ကြင်နာနာချော့ဖို့ အဖေ သတိမရ။

"နင် … ငါ့အရှက်ကို တော်တော်ခွဲတယ်၊ ငါက ဒီပတ်ဝန်းကျင်ကို အမြဲလာနေတာ နင်လုပ်တာ သူများတွေမြင်ရင် ငါ့ကိုဘာပြောမလဲ၊ နင် … အခု ကားပေါ်ပြန်တက် … အခုတက်နော် ချစ်ခွန်း … "

"ဟင့်အင်း … အဖေ … သမီး လိုင်းကားပဲစီးမယ်"

"ဘာပြောတယ် … "

ဒေါသကြောင့် အဖေ့မျက်နှာတစ်ခုလုံး နီရဲသွားရပြီ။

"တောက် … အဖေလုပ်တာကို ဆန့်ကျင်ပြီး ဒီလောက်တောင် လိုင်းကားစီးချင်တဲ့ဟာမလေး … နင် … နင်တစ်သက်လုံးက ဒီလိုလိုင်းကားတွေ စီးဖူးလို့လားဟင် … ဒီလောက်တောင်စီးချင်တာ၊ လမ်းပေါ်မှာ နင်နေခဲ့ … ထက်တို့သားအမိနှစ်ယောက်ရှေ့မှာ ငါသိက္ခာအကျမခံနိုင်ဘူး … ကဲ … ငါသွားမယ် … "

အဖေ ရက်စက်စွာ ကားမောင်းထွက်သွားတော့ လမ်းကြားဘေးလေးမှာ ကျောပိုးအိတ်လေးကိုလွယ်ရင်း ချစ်ခွန်းတစ်ယောက်တည်း ကျန်ခဲ့သည်။

သေချာတာက ချစ်ခွန်း ဘယ်ကိုမှ မသွားတတ်ပါ။

ဒီပတ်ဝန်းကျင်က လူတွေကိုလည်း ဘယ်သူ့ကိုမှ ချစ်ခွန်းမသိ။ မျက်ရည်လေးကိုသုတ်ပြီး ချစ်ခွန်းတစ်ယောက်တည်း လျှောက်လာခဲ့ရသမျှ ခြေလှမ်းတိုင်းမှာ နာကျင်မှုတွေက ရင်ထဲမှာ





ပြည့်နှက်နေခဲ့သည်။

ထိုအချိန်မှာပဲ ချစ်ခွန်း ကြားလိုက်ရတဲ့အသံလေးက … လမ်းမကြီးဘေးကနေ ကြားလိုက်ရတဲ့ မောင်းသံလေး။

"နောင် … နောင် … "

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေးနော် … "

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေး … "

"ချောကလက်ကလေးလည်း ရမယ် … "

"သီးစုံလေးလည်း ရမယ် … "

ဟင် … ကြည့်ပါဦး …

လက်တွန်းလှည်းအပြာရောင်ကလေးနဲ့ ရောင်းနေတာ ရေခဲမုန့်တဲ့။ ချစ်ခွန်း ကြည့်လိုက်တော့ … ရောင်းနေတဲ့ကောင်လေးက ချစ်ခွန်းနဲ့ဆို ရွယ်တူလောက်လေးပဲရှိမယ့် ကောင်လေးတစ်ယောက်။

အသားလေးကလည်း ဖြူဖြူ။ မျက်ခုံးမွှေးနက်နက်လေးတွေကလည်း ထူတန်းလို့။ ချစ်ခွန်း လျှောက်လာတာကိုမြင်ပေမယ့် မသိချင်ဟန်ဆောင်ကာ ထိုကောင်လေးက အော်နေခဲ့တာပဲဖြစ်သည်။ ချစ်ခွန်း အနားကိုရောက်လာတော့လည်း ထိုကောင်လေးက ချစ်ခွန်းကို လှည့်မကြည့်ပါ။

လက်တွန်းလှည်းကလေးပေါ်တင်ထားသည့် အဖြူရောင်ရေခဲပုံးထဲကနေ ဟိုဟာနှိုက်လိုက် ဒီဟာနှိုက်လိုက်နှင့် ကြည့်လိုက်ရင် ပတ်ဝန်းကျင်ကို စိတ်မဝင်စားဘဲ သူတစ်ယောက်တည်းပဲ အလုပ်ရှုပ်နေသယောင်။

တကယ်တော့ … ဒီလမ်းမကြီးပေါ်မှာ ချစ်ခွန်းတစ်ယောက်တည်း ကြောက်နေတာ ချစ်ခွန်းပဲသိနေသည်။ ဘတ်စ်ကားကိတ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် ဘယ်လိုသွားရမလဲဆိုတာလည်း ချစ်ခွန်းမသိပါ။ ပြီးတော့ ... ကျောင်းသွားရင် ဘယ်တော့မှ ပိုက်ဆံတစ်ကျပ်လေး တောင်ယူမသွားတတ်သည့် ချစ်ခွန်းမှာ လိုင်းကားစီးစရာလည်း ပိုက်ဆံမပါ။

ခုချိန်မှာ အဖေက နောင်ကျဉ်အောင် ရက်ရက်စက်စက်ထား ပစ်ခဲ့လို့ ဝမ်းနည်းကြေကွဲစိတ်ကလေးနဲ့ ငိုချင်တာပဲသိနေတဲ့ ချစ်ခွန်း။

"နောင် ... နောင် ... "

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေးနော်"

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေး ... "

ကောင်လေးက အော်နေပေမယ့် ချစ်ခွန်းကို သူလှည့် မကြည့်။

ချစ်ခွန်းမှာတော့ သူ့အနားမှာပဲရပ်နေရတော့မလိုလို သူ့ကိုပဲ ခေါ်ရတော့မလိုလိုနှင့်။ မျက်ရည်လေးတွေကိုသိမ်း၊ ကျောပိုးအိတ် ကလေးကိုတင်းတင်းလေးလွယ် မျက်တောင်ရှည်ရှည်ကော့ကော့ လေးတွေကို တဖျတ်ဖျတ်ခပ်ရင်း သူ့ကိုပဲ အားကိုးတကြီးလေး ချစ်ခွန်း ခေါ်မိသည်။

"ဒီမှာ ... ဒီမှာနော် ကောင်လေး ... "

ဘုရားရေ ... ဒါလည်း သူလှည့်မကြည့်။

ဒုက္ခပါပဲ ...

ချစ်ခွန်း ဘယ်လိုလုပ်ရမလဲ။

စိတ်ညစ်ညစ်နဲ့ ချစ်ခွန်း ခေါင်းလေးကိုဖွကုတ်တော့ နောက် ဆုံးကျန်နေသည့် မျက်ရည်စက်လေးတစ်စက်က ဘယ်ကဘယ်လို ပြုတ်ကျလာမှန်းတောင် ချစ်ခွန်း မသိလိုက်။





"ဒီမှာ ... ဒီမှာရှင် ... "

နောက်တစ်ကြိမ် အသံလေး မြှင့်ခေါ်တော့မှ ကောင်လေး ရဲ့ မျက်နှာလေးက မလှည့်ချင် လှည့်ချင်လေးနှင့် ချစ်ခွန်းဘက်ကို လှည့်လာသည်။

အို ... ကြည့်စမ်း ...

ဒါ ... ဒါ ... ချစ်ခွန်းတို့ အတန်းထဲက ကောင်လေး။

ချစ်ခွန်း ကိုးတန်းတက်တော့မှ ချစ်ခွန်းတို့အတန်းထဲကို အသစ်ရောက်လာတဲ့ကောင်လေး။ ဒီကောင်လေးရဲ့ပုံစံလေးက ကြည့်လိုက်တိုင်း မျက်နှာထားလေးက အမြဲတင်းတင်းလေးမို့ ကျောင်းတွေစဖွင့်ကတည်းက ချစ်ခွန်း သူ့ကို သတိထားမိခဲ့တာ။

ခုလည်း ... သီတင်းကျွတ်ပိတ်ရက်အပြီး ကျောင်းတွေပြန် ဖွင့်တာ တစ်ပတ်ပဲရှိသေးတာမို့ ဒီကောင်လေးရဲ့ နာမည်လေးကို လည်း ခုထိ ချစ်ခွန်း မသိခဲ့ရသေးပါ။

သေချာတာက ဒီကောင်လေးက ချစ်ခွန်းအတန်းထဲက ကောင်လေး။ မျက်နှာထားမာမာလေးနဲ့ ဘယ်သူ့ကိုမှ ဂရုမစိုက် သလိုနေတတ်တဲ့ကောင်လေး။

"ပြော ... ဘာဖြစ်လို့လဲ ... "

တွေ့လား ... ချစ်ခွန်းကိုပြန်မေးလိုက်တာကလည်း မာမာ ထန်ထန်လေးနဲ့။ သူ့ခေါင်းမှာဆောင်းထားသည့် လျှာထိုးဦးထုပ် အနွမ်းလေးကိုလည်း ဖျတ်ခနဲ ဆွဲချွတ်ကာ ရေခဲမုန့်လှည်းကလေး ပေါ်ကို လှမ်းပစ်တင်သည်။

"နင် ... နင် ... "

"မမေးနဲ့ ... နင်မေးမှာ ငါသိတယ်၊ ဟုတ်တယ် ... နင်နဲ့ငါ နဲ့တစ်တန်းတည်းမှာ ကျောင်းအတူတက်နေတာ၊ ကဲ ... ပြော



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လဲ ... ”

ကောင်လေးက မျက်တောင်ကို ဖျတ်ခနဲတစ်ချက်ခပ်ပစ်လိုက်သလို မျက်နှာကိုလည်း ချာခနဲ တစ်ဖက်ကို လှည့်သွား၏။

“အဟင့် ... ငါ့အဖေလေ ... ငါ့အဖေ ... ”

“ဟွန်း ... အဲဒါလည်း ငါသိတယ်၊ နင့်အဖေက နင့်ကိုမခေါ်ဘဲ ကားမောင်းထွက်သွားလို့ နင်ငိုပြီး ဒီဘက်ကို တစ်ယောက်တည်း လျှောက်လာတာမို့လား ... ”

“ဘုရားရေ ... အဲဒါလည်း နင်သိတယ်ဟုတ်လား၊ နင် ... နင် တော်တော်လျင်တယ်နော်၊ ငါက ... ငါက ရေခဲမုန့်ရောင်းနေတာ တခြားကောင်လေး အောက်မေ့လို့ ရဲရဲတင်းတင်းမခေါ်ရဲတာ၊ နင် ... နင် ... ဒီနေ့ ကျောင်းမတက်တော့ဘဲ ဘာလို့ရေခဲမုန့် ထွက်ရောင်းနေတာလဲဟင်”

“ဒီနေ့ ငါ့အဖေ နေမကောင်းလို့ ... ”

“အို ... ကြည့်စမ်း ... ”

မျက်နှာထားလေးမာသလို အသံလေးကပါ မာနေတဲ့ ကောင်လေး ဒါပေမယ့် ... ချစ်ခွန်းစိတ်ထဲမှာတော့ ထိုကောင်လေးကို ခင်တွယ်သွားမိ၏။ သေချာတာက ဆင်းရဲတဲ့လူတွေနဲ့တွေ့ရင် ချစ်ခွန်းက သနားတတ်တာလေ။ ပြီးတော့ ... ကျောင်းမှာ တခြားယောကျ်ားလေးတွေက ချစ်ခွန်းကို စကြ နောက်ကြ ရိသဲ့သဲ့လုပ်ကြပေမယ့် ထိုကောင်လေးက ချစ်ခွန်းကို စလည်းမစ၊ အရေးလည်းမစိုက်။ ကျောင်းမှာ ချစ်ခွန်း လမ်းလျှောက်လာတာကို မြင်ရင်တောင် ရှူးခနဲတစ်ချက်လေးပဲ လှမ်းကြည့်ပြီး မျက်ဝန်းတွေကို ဘယ်ညာဝေ့ပစ်တတ်တဲ့ကောင်လေး။ ခုတော့ ... ကြည့်ပါဦး၊ ဒီကောင်လေးနဲ့မှ ချစ်ခွန်းတို့နှစ်ယောက် လမ်းပေါ်မှာ ကြုံကြိုဖန်





ဖန် ပြန်ဆုံနေရပြီ။

“နင် ... နင် ... ငါ့အဖေက ငါ့ကိုမခေါ်ဘဲ ထွက်သွားတာ၊ မြင်လိုက်တယ်ဆိုတော့ ငါ့အဖေကို နင်သိလို့လားဟင် ... ”

“ဟွန်း ... မသိဘဲနေပါ့မလား။ နင့်အဖေက ဒီရပ်ကွက်မှာ နာမည်ကြီးပဲ ... ”

“ဘာပြောတယ်”

“ပိုက်ဆံတွေလည်း အရမ်းချမ်းသာတယ်၊ ကလေးတစ်ယောက်အမေ၊ နောက်မိန်းမတစ်ယောက်ကိုလည်း ပေါ်တင်အိမ်ငှားပြီးတော့ယူထားတယ်၊ ကိုယ်မွေးထားတဲ့သမီးအရင်းခေါက်ခေါက်ကိုတောင် လမ်းပေါ်မှာ တစ်ယောက်တည်းပစ်သွားတဲ့လူ၊ ဟွန်း ... နင့်အဖေသမိုင်းက လုံးဝရှိုင်းနေလို့ ငါအထင်မကြီးတာ”

“ဟင် ... ”

ဒီကောင်လေး ... ဒီကောင်လေးက အဖေ့အကြောင်းတွေကောင်းကောင်းသိနေတာပဲ။ သူပြောတော့မှ ချစ်ခွန်းမျက်နှာလေးညှိုးကျသွားရ၏။ ကောင်လေးကို ဘာဆက်ပြောရမှန်းမသိအောင်လည်း ဖြစ်သွားသည်။

“ရတယ် ... နင်လည်း ဒိုးတော့ ... ”

ချစ်ခွန်းကို လှည့်မကြည့်ဘဲ အပြတ်ပြောသည်။

“နင် ... နင် ... အဖေ့ကိုမုန်းတာနဲ့ ငါ့ကိုပါ မောင်းမထုတ်ပါနဲ့ သူငယ်ချင်းရယ် ... နင်နဲ့ငါနဲ့ အမှတ်တရဖြစ်သွားအောင် နင်ရောင်းတဲ့ ရေခဲမုန့်တွေ ငါအများကြီးဝယ်စားမယ်လေ၊ နောက်နေ့တစ်ခေါက်လာတော့မှ ရေခဲမုန့်ဖိုးတွေ ငါပြန်ပေးမယ်လေ”

ဒီနေ့ ချစ်ခွန်း ဘာဖြစ်နေမှန်းမသိဘဲ သူ့မျက်နှာနဲ့သူ့မျက်ဝန်းတွေကိုပဲ စိုက်ကြည့်ချင်နေတာ ချစ်ခွန်း လွန်သလား။ သူပြောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေခဲမုန့်တွေအားပေးချင်တာလည်း ချစ်ခွန်းတို့အတန်းထဲက သူငယ်ချင်းကောင်လေး ဆင်းရဲနေတာကို ချစ်ခွန်း သနားလို့ပါ။

"ဟွန်း ... ဝယ်လည်းမစားနဲ့၊ နင့်ကိုရောင်းစရာ ရေခဲမုန့်လည်း ငါ့မှာမရှိဘူး"

"ဟင် ... "

"ဘာလဲ ချစ်ခွန်းခ် ... နင် ငါ့ကိုလှော့တွက်နေတာလား"

"အို ... ကြည့်စမ်း ... နင် ... နင်က ငါ့နာမည်ကိုသိတယ် ဟုတ်လား ... နင် ... နင် ငါ့ကိုအတန်းဖော်သူငယ်ချင်းမှန်း ဒီလောက်သိနေတာတောင် ငါလျှောက်လာတာကို နင်ဘာလို့ မသိချင်ဟန်ဆောင်နေရတာလဲဟင် ... "

"အဲဒါ ရှင်းရှင်းလေး ... ငါနင်နဲ့ မပတ်သက်ချင်လို့ ... "

"ဘုရားရေ ... "

မျက်တောင်လေး ပုတ်လိုက်ဖို့ကိုပင် ချစ်ခွန်းမေ့သွားသည်။

ချစ်ခွန်း ဒီမှာ ဒုက္ခရောက်နေလို့ အကူအညီတောင်းချင်ပါတယ်ဆိုမှ သူက ချစ်ခွန်းနဲ့ မပတ်သက်ချင်ဘူးတဲ့။ အဖေ့ကိုမုန်းတာနဲ့ ချစ်ခွန်းကိုပါ မုန်းတော့မလို့လားဟင်။ မမုန်းပါနဲ့ ... အဖေ့ကိုလည်း မမုန်းပါနဲ့။ ချစ်ခွန်းကိုလည်း မမုန်းပါနဲ့။

"နင် ... နင် ... အဲလိုကြီးတော့ မပြောပါနဲ့နော်၊ အဖေ ... အဖေက ငါ့ကိုစိတ်ဆိုးပြီး ကားမောင်းထွက်သွားလို့ ဒီလမ်းပေါ်မှာ ငါတစ်ယောက်တည်း ကျန်ခဲ့တာ၊ ငါ ... ငါ အိမ်ကို ဘယ်လိုပြန်ရမှန်း မသိတော့လို့ပါ ... "

"နင် သတ္တိရှိလား ... "

"ဟင် ... နင် ဘာလုပ်မလို့လဲ"

"ငါနဲ့အတူတူ ရေခဲမုန့်လှည်းကိုတွန်းပြီး နင်လိုက်ရောင်းပေး





ရင် နင်တို့ခြံကြီးရှေ့ကိုရောက်တဲ့အထိ နင့်ကိုငါပြန်လိုက်ပို့ပေးမယ်"

"နင် ... နင် တကယ်ပြောတာနော်၊ ဒါဆို ... နင့်နာမည် ဘယ်သူလဲဆိုတာ ငါ့ကိုပြော ... "

"ငါက စကားကို လုံးဝအပိုမပြောတတ်တဲ့ကောင်၊ ငါ့ကို မဟုတ်တာလုပ်လို့ လက်စားချေစရာရှိရင်လည်း လုံးဝစုတ်ပြတ်သတ်သွားအောင် လက်စားချေတတ်တဲ့ကောင် ... နင်သိပါတယ်၊ ကျောင်းမှာလည်း မျက်နှာထားမာမာလေးနဲ့ငါနေခဲ့တယ်၊ ငါစိတ်မဝင်စားတဲ့သူမှန်သမျှ ဘယ်သူ့ကိုမှ အရောဝင်ဖို့ အစီအစဉ် ငါ့မှာလုံးဝမရှိခဲ့ဘူး၊ အခု ... ငါ့မှာ အဖေလည်းရှိတယ်၊ အမေလည်းရှိတယ်၊ ငါ့ကို ကိုယ်ဝန်လွယ်ထားတဲ့အချိန်မှာ ဒီလိုရေခဲမုန့်လှည်းကလေးကိုတွန်းပြီး လမ်းပေါ်မှာ ပင်ပင်ပန်းပန်းဆင်းဆင်းရဲရဲ အမေရုန်းကန်ခဲ့ရလို့ ငါ့ကိုမွေးတော့ ငါ့နာမည်ကို အမေဘယ်လိုပေးလိုက်တယ် ထင်သလဲ ... "

"ဟင် ... ဘယ်လိုပေးလိုက်လဲ ... "

"ခရောင်းလမ်းတဲ့"

"အို ... ကြည့်စမ်း ... နင် ... "

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

"ဟင် … လမ်းကလေးက ချစ်ခွန်းခလေးကို ရေခဲမုန့်လှည်း တွန်းဖို့ ခေါ်သွားတယ် ဟုတ်လား … ဘုရား … ဘုရား … "

"ခေါ်သွားတယ် … ခေါ်သွားတယ် … ကျွန်မက အသုပ် ရောင်းရင်း ဘယ်ကကောင်မလေးကို တွန်းခိုင်းလာမှန်းမသိလို့ အော်မေးလိုက်တာတောင် လမ်းကလေးက ဘယ်လိုပြန်အော်သွား တယ်မှတ်လဲ … ဝင့်ကြွေးမကုန်လို့ လာပေးဆပ်တဲ့ကောင်မလေး တဲ့၊ အဲဒါပဲ စဉ်းစားကြည့် … ဘယ်လောက်ဆိုးတဲ့ လမ်းကလေး လည်းဆိုတာ၊ ကြံကြံဖန်ဖန် ဒီကောင်မလေးက အိမ်မပြန်တတ်တာ ကိုပဲ လမ်းကလေးကိုမှ အကူအညီသွားတောင်းရတယ်လို့ … "

လမ်းဘေးက အသုပ်သည်မိန်းမ ရှင်းပြလိုက်တော့မှ ဦးတင် လင်းထွန်းတစ်ယောက် ကားကိုချက်ချင်းပြန်လှည့်ပြီး သွားနိုင်မယ့် ထင်သည့်နေရာတွေအားလုံးကို တစ်လမ်းဝင် တစ်လမ်းထွက်လိုက် ရှာတာ။ ရေခဲမုန့်လှည်းကလေးကို ဘယ်နေရာမှာမှ ရှာမတွေ့။

မတွေ့တော့ ဇောချွေးတွေလည်းပျံသည်။





ဒေါ်ပွပြီး တက်ခေါက်ရတာလည်း အကြိမ်ကြိမ်အခါခါ။

"ဟွန်း … ဖအေက ဒီလောက်ခေါ်နေတာတောင် ဖအေကို ကလန်ကဆန်လုပ်ပြီး ကျန်ခဲ့တဲ့ဟာမလေး … တောက် … တွေ့လို့ ကတော့ကွာ … "

ဦးတင်လင်းထွန်းက တက်ခေါက်ဒေါ်ပွနေခဲ့သလောက် ဘေးကနေ မီးစကို ရေနှံ့ဆွတ်ပေးနေတာ ဒေါ်ထက်သူဇာရယ်ပါပဲ။

"ကိုထွန်းရယ် … ရှင်ဒီလောက်လည်း ဒေါသဖြစ်မနေစမ်းပါ နဲ့ … ဖအေပြန်လာရှာမယ်ဆိုတာသိရင် စောစောက အသုပ်ဆိုင် လေးမှာ ထိုင်စောင့်နေတော့ ဘာဖြစ်မှာမို့လို့လဲ၊ အခု … ထက်စိတ် ပူတယ်ဆိုတာ ရပ်ကွက်ထဲမှာ လူက လက်တောင့်လောက်လေးနဲ့ လူကြီးတွေကိုလည်း ပြန်အော်ပြန်ပြောနဲ့ အရမ်းရိုင်းတဲ့ လမ်းက လေးဆိုတဲ့ကောင် ခေါ်သွားတယ်ဆိုလို့ စိတ်ပူတာ … ဒီကောင် လေးနဲ့ ပတ်သက်သွားရင် ရှင့်သမီး မလွယ်ဘူး"

"ဒီကောင် … ဒီကောင် … "

ကားမောင်းနေရင်းလည်း မျက်လုံးထဲမှာ ပြာသည်။

ထက်သမီး မုန်းသာဆို ဒီလိုလမ်းပေါ်မှာ ဈေးရောင်းတဲ့ ကောင်တွေနဲ့ ပတ်သက်မလား။ တော်တန်ရုံအဆင့်လောက်ကို ခုန်းက အရောဝင်မယ်များထင်နေသလား။ အခု ကျောင်းတက်တာ တောင် မုန်းမျက်နှာထားလေးက မာလို့တင်းလို့။ ကျောင်းက စာ သင်ခန်းထဲဝင်သွားတာ အနက်ရောင် အကောင်းစား ရှူးကလေးကို စီးပြီးဝင်သွားတာ မော့လို့ ကော့လို့ တကယ့်ကိုမှ ကြွကြွရွရွလေး။

မျက်တောင်လေးကလည်း စင်းစင်းရှည်ရှည်။

အသားလေးကလည်း ဝင်းဝင်းနှစ်နှစ်။ ရွယ်တူကျောင်းသား လေးတွေ စိတ်ဝင်တစား လှည့်ကြည့်နေတာလည်း သမီးလေးမုန်း



www.burmeseclassic.com

www.burmeseclassic.com



က ဂရုမစိုက်။ ဒါကိုလည်း ဦးတင်လင်းထွန်း သဘောကျသည်။ ဒီလို မာနကြီးပုံမျိုးကို လက်ခုပ်တီးအားပေးဖို့လည်း အချိန်မရွေး။

အခု ... ကိုယ့်သမီးအရင်းခေါက်ခေါက်က ...

ဆင်းရဲသားတွေ့ရင် မုန့်ဝယ်ကျွေးရတာနဲ့ ပိုက်ဆံပေးရတာနဲ့။ ကိုယ့်အဆင့်နဲ့ကိုယ် ဘယ်လိုနေရမလဲဆိုတာလည်း မစဉ်းစား။ ခုလည်း ... ကိုယ့်သမီးလိုက်သွားတဲ့ အကောင်နာမည်က လမ်းကလေးတဲ့။

ဘာလမ်းကလေးလဲ ...

နာမည်ပေးထားတာကိုက အဆင့်မရှိ အတန်းမရှိ။

ရပ်ကွက်ထဲမှာလည်း ဂျစ်ကန်ကန် မိုက်တိမိုက်ကန်းလေးတဲ့။

ပြန်တွေးမိလေ ...

ဦးတင်လင်းထွန်းရဲ့သွေးတွေ ဆူပွက်လာရလေ။

ထိုအချိန်မှာ ချစ်ခွန်းတို့နှစ်ယောက်ကတော့ ...

"ဟား ဟား ... လမ်းပေါ်မှာ ဒီလှည်းကလေးကို လိုက်တွန်းရတာ ချစ်ခွန်း အရမ်းပျော်တယ်လမ်းရယ် ... လမ်းနဲ့ချစ်ခွန်းလည်း အရမ်းခင်သွားပြီနော် ... ချစ်ခွန်း ရေခဲမုန့်စားတာလည်း ဖရီးကစ်နော် ... လမ်း ..."

ချစ်ခွန်း သူ့နာမည်လေးကို လမ်းလို့ပဲ အဖျားဆွတ်ခေါ်လိုက်တာ။ ဒီကောင်လေးလမ်းကို ချစ်ခွန်း တကယ်ခင်သွားလို့ပါ။

ချစ်ခွန်း ဒီလိုခေါ်တာကိုလည်း လမ်းက မကြိုက်သလိုလေးနဲ့။

ချစ်ခွန်းကိုပဲ မှုန်တည်တည်လေး ကြည့်နေတာလေ။

သူကျတော့ ချစ်ခွန်းကို ...





"ဟွန်း ... နင် တွန်းနိုင်တယ်ဆိုလို့ ဒီလှည်းကို နင်လိုက်တွန်းတာနော် ... နင့်ဘိုးတော်ကြီး လိုက်လာလို့တွေ့သွားရင် နင်ငါ့ကိုပြဿနာ မရှာနဲ့နော် ... အခုတွန်းတာ နင့်သဘောနဲ့ ပျော်လို့တွန်းတာ ... ရှေ့က ကုန်းတက်ရောက်ရင် နင်ဖလက်တောင်ပြသွားဦးမယ်"

"လမ်းရယ် ... ဘယ်လောက်ကြီးကုန်းတက်ဖြစ်ဖြစ် ချစ်ခွန်းတွန်းနိုင်ပါတယ်လမ်းရဲ့ ... မနက်က ချစ်ခွန်းအရမ်းငိုခဲ့ရသလောက် အခု ချစ်ခွန်း ပျော်တယ် ..."

"ပျော်ရင် ... ငါအော်သလို ရေခဲမုန့်ချိုချိုမွှေးမွှေးလေးလို့ နင်အော်ကြည့်လေ ... ဒါမှ ... မွန်းကြပ်နေတဲ့ နင့်စိတ်တွေ လွတ်လပ်ပေါ့ပါးသွားမှာ ..."

"ဟင် ... လမ်း ... လမ်းအော်သလို ချစ်ခွန်းအော်ရမယ်ဟုတ်လား ... ချစ်ခွန်း ... ချစ်ခွန်း ... အဲလိုကြီးတော့ မအော်ရဲသေးဘူးလမ်းရဲ့ ... ပြီးတော့လည်း ချစ်ခွန်းဝတ်ထားတာ ကျောင်းဝတ်စုံလေး ဝတ်ထားတာလေ ..."

"မရဘူး ချစ်ခွန်းခ ... နင်အော်ရမယ် ..."

"ဟင် ..."

"နင်မအော်ရဲရင် ငါနောက်ဆက်မလိုက်နဲ့တော့"

"လမ်း ..."

ချစ်ခွန်း လှည့်ကြည့်လိုက်တာ လမ်းမျက်နှာကလေးကို။

"ချစ်ခွန်း ... ချစ်ခွန်းကို စိတ်မဆိုးနဲ့နော်၊ လမ်း ... လမ်းကျေနပ်အောင် ချစ်ခွန်းအော်ရဲအောင် ကြိုးစားကြည့်မယ်လေ၊ ဟွန်း အခုအရင်ဆုံး တိုးတိုးလေးအော်ကြည့်မယ်သိလား ... ကျင့်သားရပြီဆိုတော့မှ နည်းနည်းကျယ်ကျယ်လေးအော်ကြည့်မယ် ... နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးကျမှ အကျယ်ကြီးအော်မယ်လေ … မကောင်းဘူးလား"

"ကောင်းတယ် … လုံးဝ ဗဲရီးဂွတ်ပဲ … ဟား ဟား … "

လမ်း ပျော်တော့ ချစ်ခွန်းလည်း ပျော်နေသည်။

ဒါနဲ့ပဲ လှည်းကလေးကိုလည်း တွန်း။ ချွေးသီးလေးတွေ ချစ်ခွန်းနဖူးလေးမှာ စိုနေတဲ့ကြားက အရင်ဆုံး နှုတ်ခမ်းလေးဖွဖွလှုပ်ကာ တိုးတိုးလေး ဆိုကြည့်ရ၏။

"ရေခဲမုန့် … ချိုချိုမွှေးမွှေးလေး ရမယ်နော်"

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေး ရမယ်နော် … "

နည်းနည်းလေးကျင့်သားရလာတော့ ချစ်ခွန်း အသံလေးကပိုကျယ်လာ၏။

"ဒီထက်ကျယ်အောင် အော်မယ် … "

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေးရမယ်နော်"

"အော် … အော် … ဒီထက်ကျယ်အောင် အော်စမ်း"

"အော်မယ် … လမ်းရေ … ချစ်ခွန်း အော်လိုက်တော့မယ်နော်"

"ဟား ဟား … "

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေးရမယ်နော်"

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေး … "

ချစ်ခွန်း အရမ်းပျော်ပြီး ကြေးမောင်းကလေးကိုပါ ထုလိုက်ပြီ။

"နောင် … နောင် … "

ထိုအချိန်မှာပဲ ဝေါခနဲထိုးရပ်လာတဲ့ ကားတစ်စီးက ဘရိတ်ကိုပါ ခပ်ပြင်းပြင်းလေးအုပ်လျှက်။

"ဟော့ကောင် … ငါ့သမီးကို မင်းဘာလုပ်တာလဲ … "





"ဗျာ … "

ချစ်ခွန်း တစ်ကိုယ်လုံး အေးစက်သွားတာ အဖေ့ကိုမြင်လိုက်လို့။

ကြည့်စမ်း … အဖေနဲ့ဒေါ်ထက်သူဇာ ချစ်ခွန်းနောက်ကိုလိုက်လာပြီ။ အဖေ ကားတံခါးကို ဝုန်းခနဲဖွင့်ပြီး ဆင်းလာတာလည်း အသားတွေ တဆတ်ဆတ်တုန်ပြီး အဖေ့မျက်နှာမှာ ဒေါသန်းတွေ ဝေလို့ပါ။

"မင်း … မင်း … "

အဖေ့ဒေါသနှင့် တုန်ပြန်မှုက လမ်းရဲ့ အင်္ကျီကော်လံကုတ်ဦးစလေးကိုကိုင်ကာ ခပ်ကြမ်းကြမ်း ဆွဲယူတွန်းထိုးပစ်လိုက်တာပင်။

"ဟာ … ခင်ဗျား ဘာလုပ်တာလဲ … လွှတ်နော်၊ ကျွန်တော့်အင်္ကျီကိုကိုင်ထားတာ ခင်ဗျား အခုလွှတ်နော် … "

"အဟင့် … မလုပ်ပါနဲ့အဖေ၊ သမီး တောင်းပန်ပါတယ် … လမ်း … လမ်းက သမီးကို အိမ်မပြန်တတ်လို့ လိုက်ပို့ပေးနေတာပါ"

"သမီးမပြောနဲ့ … ဒီကောင် အရိုင်းအစိုင်းလေး၊ မင်း … မင်း ရှေ့လိုဥပြီးမွေးလာတဲ့ ငါ့သမီးကိုများ ဒီလိုနေပူကြီးထဲမှာ လှည်းတွန်းခိုင်းနေတာ၊ ဟော့ကောင် … မင်းပြောစမ်း၊ မင်း … မင်း ဘယ်လိုအညှိုးနဲ့ ဒီလိုအောက်တန်းကျတဲ့အလုပ်တွေ လုပ်ခိုင်းနေတာလဲ … "

အဖေ ဒေါသနှင့်ဆောင့်တွန်းတော့ လမ်းကိုယ်ကလေး ယိုင်သွားတ်သွား၏။ သို့သော် … လမ်းက လဲမကျသွားအောင် သူ့ကိုယ်ကို ပြန်ထိန်းရင်း နှုတ်ခမ်းလေးမဲ့ကာ အဖေ့ကိုကြည့်သည်။

"ဟွန်း … ခင်ဗျားစကားပြောတာ ကြည့်ပြောနော် … လမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ရေခဲမုန့်လှည်းကလေး တွန်းပြီးလိုက်ရောင်းတာ အောက်မေ့တန်းကျသလား၊ လမ်းပေါ်မှာ နောက်ဆုံးပေါ်ကားကြီးကိုစီးသွားတိုင်း အထက်တန်းကျသလား … ခင်ဗျားက ခင်ဗျားပွဲချင်တိုင်း ပွဲ ရှုပ်ချင်တိုင်းရှုပ်ထားတဲ့ နောက်မိန်းမ ကျေနပ်အောင် ခင်ဗျား မွေးထားတဲ့သမီးကိုတောင် လမ်းပေါ်မှာ မျက်ရည်စက်လက်လေးနဲ့ ခင်ဗျားထားခဲ့တာလေ … ဒါကိုမြင်လို့ ခင်ဗျားသမီး ဒုက္ခရောက်မှာစိုးလို့ ခရောင်းလမ်းဆိုတဲ့ အရိုင်းအစိုင်းကောင်က ခင်ဗျားသမီးကို အိမ်ရှေ့ခြံရှေ့ရောက်အောင် ပြန်ပို့ပေးမလို့ ခေါ်လာတာ”

“ဟေ … အဲဒါ မင်းလှည်းစုတ် လှည်းပြတ်ကို မတွန်းခိုင်းဘဲ ပြန်ပို့လေကွာ … အခု မင်းလုပ်တာက ငါ့သမီးဂုဏ်သိက္ခာ ဘယ်လောက်ထိခိုက်သွားရတယ်ထင်သလဲ၊ ပြီးတော့လည်း … လမ်းပေါ်မှာ စျေးလှည့်ရောင်းတဲ့အသံမျိုးနဲ့လည်း ငါ့သမီးကို မင်းကအော်ခိုင်းသေးတယ်၊ မင်းတော်တော် ရက်စက်တဲ့ကောင် … ဟေ့ကောင် ငါ့ရှေ့ကနေ မင်းအခုချက်ချင်း ထွက်သွား … မင်းလို လှည်းစုတ် လှည်းပြတ်နဲ့ လမ်းပေါ်မှာ ရေခဲမုန့်ရောင်းတဲ့ကောင်ကို ငါစကားများများ မပြောချင်ဘူး”

“ဘာ … ဘာပြောတယ်ဗျ … ”

လမ်းမျက်နှာ တင်းတင်းလေးကိုမော့ကာ အဖေ့ဘက်ကို ပြန်လှည့်လာပြန်ပြီ။ ချစ်ခွန်းမှာတော့ လမ်းကို အဖေထိုးပစ်လိုက်မှာကြောက်လို့ လမ်းရှေ့ကနေ ရပ်ရ၊ မျက်ရည်လည်း သုတ်ရနဲ့။

ထိုအချိန်မှာ ဒေါ်ထက်သူဇာပါ ကားပေါ်ကဆင်းလာပြီး အဖေ့အနားမှာ ပခုံးချင်းအတူယှဉ်ရပ်ရင်း …

“မင်း … မင်း ဂုဏ်သိက္ခာရှိတဲ့ လူကြီးတစ်ယောက်နဲ့ စကားပြောတာ မရိုင်းနဲ့နော်၊ ရပ်ကွက်ထဲမှာ မင်းဘာကောင်လေးလည်း





ဆိုတာလည်း အန်တီသိတယ်၊ အခု … အန်တီတို့ မင်းနောက်ကို လိုက်လာတယ်ဆိုတာ အိမ်မပြန်တတ်တဲ့ ချစ်ခွန်းခကို ခေါ်သွားပြီး လမ်းမှာ နှိပ်စက်အနိုင်ကျင့်နေမှာစိုးလို့ လိုက်လာတာ … ”

“အဟင့် … လမ်းကို … လမ်းကို အဲလိုကြီးတော့ မပြောပါနဲ့ အန်တီ … ”

ချစ်ခွန်း လမ်းဘက်က မခံနိုင်ပါ။

“ချစ်ခွန်း ပျော်လို့လှည်းတွန်းတာ၊ လမ်းက ချစ်ခွန်းကို အနိုင်လည်း မကျင့်ဘူး၊ ပြီးတော့ … ချစ်ခွန်းစားချင်တဲ့ ရေခဲမုန့်လည်း အလကားကျွေးတယ်လေ အန်တီရဲ့၊ အဟင့် … ဟင့် … ဟင့် … အဖေလည်း လမ်းကို မပြောနဲ့ … ”

ပြောရင်း ချစ်ခွန်း လမ်းကိုလှည့်ကြည့်ကာ …

“လမ်း … နင်သွားတော့နော်၊ အဖေပြောတာလည်း လမ်းစိတ်မဆိုးပါနဲ့၊ ချစ်ခွန်း လမ်းကို တောင်းပန်တယ် … ”

“ရတယ် … ချစ်ခွန်းခ၊ ငါကလည်း နင့်အဖေပြောတာကို ဂရုစိုက်မယ်ထင်နေလို့လား၊ ဒီမှာ … ကျွန်တော့်ကို မွေးထားတဲ့ မိဘတွေက ဆင်းရဲလို့ လမ်းပေါ်မှာ လှည်းကလေးတွန်းပြီး ရေခဲမုန့်လိုက်ရောင်းတာ၊ သူများအိတ်ထဲက ပိုက်ဆံကိုအချောင်နှိုက်ဖို့ လမ်းပေါ်ကို ခရောင်းလမ်းထွက်လာတာ မဟုတ်ဘူး၊ တကယ်ထွက်သွားရမှာ ကျွန်တော့်ရှေ့ကနေ ခင်ဗျားထွက်သွားရမှာ … ”

“ခရောင်းလမ်း … မင်းကို အန်တီပြောနေတယ်နော်”

“မပြောနဲ့ … ဒီလူကြီးကို ကျွန်တော် အရမ်းမုန်းလို့ပြောနေတာ၊ မိန်းမနဲ့သားသမီးကို လုံးဝမငဲ့ညှာတတ်တဲ့ ဒီလူကြီးကို ကျွန်တော် ကြည့်မရလို့ပြောနေတာ၊ ဟုတ်တယ် … ခရောင်းလမ်းဆိုတဲ့ ကျွန်တော်က အရှင်းဆုံးတစ်ခုပဲ ခင်ဗျားကိုပြောမယ် … ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



မုန်းလို့ ခင်ဗျားသမီးကို လှည်းတွန်းခိုင်းတယ်၊ ကဲ ... အဲဒါ ဘာဖြစ်လဲ ...”

“ဟာ ... ကြည့်စမ်း ... မင်း ... မင်း ...”

“အဟင့် ... လမ်းရယ်၊ အဖေ့ကို ဘာလို့ အဲလိုပြောလိုက်ရတာလဲ ...”

လမ်းကိုလည်း ချစ်ခွန်း ထိန်းလို့မရ။

အဖေကလည်း လမ်းကို ထိုးတော့ ကြိတ်တော့မယ် တကဲကဲ။

နောက်ဆုံးမှာတော့ ချစ်ခွန်းကိုယ်တိုင်ပဲ မျက်ရည်စက်လက်နဲ့ အဖေ့ကို ကားပေါ်ဆွဲတင် ကားတံခါးကို အတင်းပိတ်ပြီးတော့ ပြန်လာခဲ့တဲ့ တစ်လမ်းလုံး ... အဖေ့တက်ခေါက်သံက ညံလာခဲ့သည်။

ဘာပဲပြောပြော ချစ်ခွန်းမျက်ဝန်းလေးထဲ စွဲထင်ပါလာခဲ့တာက လူတွေအားလုံးက လမ်းကလေးလို့ခေါ်တဲ့ မာထန်ထန် ဂျစ်တစ်တစ်မျက်ဝန်းလေးတွေကို ပိုင်ထားတဲ့ ကောင်ကလေး။

ခင်ဗျားကိုမုန်းလို့ ခင်ဗျားသမီးကို လှည်းတွန်းခိုင်းတာတဲ့။

လမ်းရယ် ... နင်ဘာဖြစ်လို့ အဖေ့ကို မုန်းနေရတာလဲ။

အခန်း ( ၅ )

“သမီး ချစ်ခွန်း ...”

“ရှင် ... အဖေ ...”

“နောက်တစ်ခါ ဒီကောင်လေးနဲ့ နင်ပတ်သက်ဦးမလား”

“အဟင့် ... မပတ်သက်တော့ပါဘူး အဖေရဲ့ ...”

အိမ်ပြန်ရောက်တာနဲ့ ချစ်ခွန်းကို အဖေရိုက်တာ ကျစ်ဆံမြီးလေးလည်း ပြေကျသည်။ ကျောင်းဝတ်စုံအင်္ကျီလေးလည်း ပခုံးလေး စုတ်သွားသည်။ ရှိသမျှ အခန်းတံခါးတွေအားလုံး ပိတ်ထားပြီးမှ ရိုက်တာမို့ ချစ်ခွန်း ရှိုက်ငိုနေတဲ့အသံကလေးကိုလည်း ဘယ်သူမှ မကြားနိုင်။

“အမိုက်မ ... ကိုယ့်အဖေရဲ့ ဂုဏ်သိက္ခာကို ကျဆင်းအောင် လုပ်တဲ့အမိုက်မ ... နင်နားမလည်ဘူးလားဟင်၊ နင့်ကို ဘယ်အဖေက လမ်းပေါ်မှာထားခဲ့မှာလဲ ... ပြန်လာခေါ်မယ်ဆိုတာ နင့်ဦးနှောက်ထဲမှာ နည်းနည်းလေးတောင် မတွေးမိဘူးလား၊ အခုကြည့်စမ်း ... ဒီလမ်းပေါ်က ကလေကချေလေးက ငါ့ကိုပြောသွားတာ အဲဒါ ... နင့်ကြောင့်အပြောခံလိုက်ရတာ၊ နင် အသုံးမကျလို့ အစော်



www.burmeseclassic.com

www.burmeseclassic.com



ကားခံလိုက်ရတာ"

"အား ... နာပါတယ်အဖေရဲ့ ... အဟင့် ဟင့် ဟင့် ..."

ချစ်ခွန်း ဆံပင်တွေကို စုတင်းနေအောင် အဆွဲခံထားရသလို အဖေ့ကို မျက်လုံးကလေးလှန်ကာကြည့်ရင်း လက်ကလေးနှင့်ကာပြီးတော့လည်း တောင်းပန်၏။ စီးကျလာသည့် မျက်ရည်တွေကိုလည်း ပွတ်သုတ်ရန်နှင့် အလုံပိတ်ထားသည့် အခန်းထောင့်မှာ ချစ်ခွန်း ကျုံ့ကျုံ့လေးထိုင်ခဲ့ရတာ။ အဖေ့ရဲ့ ဒေါသမျက်ဝန်းတွေရှေ့မှာပဲ ဖြစ်နေခဲ့သည်။

"နင် ... နင်လုပ်တာ ဒီနေ့ငါဘယ်လောက်ထိ ခံစားလိုက်ရတယ်ထင်သလဲ ... နင် ကားပေါ်က ဆင်းချသွားတာ ထက်သူဇာ မျက်နှာကိုရော ငါ့မျက်နှာကိုပါ ဟိုဘက်ရပ်ကွက်ထဲမှာ ပိတ်ရိုက်ချသွားတာ ... ဒီသတင်းက ဟိုဘက်ရပ်ကွက်မှာ ဟော့နယူးတစ်ခုလိုဖြစ်သွားတော့မယ်ဆိုတာ နင်တွေးကြည့်ရင် သိဖို့ကောင်းတယ်၊ အခု ထက်သူဇာ ဘယ်လောက်အရှက်ကွဲနေရပြီထင်သလဲ ..."

"အဟင့် ... သမီးမှ သူတို့နဲ့အတူတူ မစီးချင်တာကိုး အဖေရဲ့ ..."

ချစ်ခွန်း အဖေ့ကိုကြောက်ပေမယ့် အမေနှင့်ပတ်သက်နေသည့် အမုန်းတရား ခံစားချက်က ရင်ထဲမှာ အခိုင်အမာစွဲနေတော့ ခံစားခဲ့ရသမျှအတိုင်းပဲ ချစ်ခွန်း အဖေ့ကိုပြန်ပြောမိသည်။

ဒါကိုလည်း အဖေက အထိမခံနိုင်အောင် ဆတ်ဆတ်ခါနာသွားခဲ့၏။ ချစ်ခွန်း ဆံပင်တွေကိုလည်း ဆုပ်ကိုင်ထားလျှက်က အဖေ ဆောင့်တွန်းလွှတ်ကာ ...

"ဟာ ... မစီးချင်လို့ရမလား၊ မစီးချင်လို့ရမလား ... ဒါ ...





နင့်ရဲ့ ဒုတိယအမေဖြစ်နေပြီဆိုတာ ဒီလောက်အကြိမ်ကြိမ်အခါခါ တောင်းပန်ပြောထားတဲ့ကြားက နင်က ဆန့်ကျင်လိုက်တယ်ဆိုတော့ ထက်သူဇာက ဘယ်ဘဝကိုရောက်သွားပြီလဲ ... ပတ်ဝန်းကျင်မှာ အားငယ်နေရတဲ့ မုဆိုးမ သားအမိနှစ်ယောက်ရဲ့ဘဝကို နင် ကိုယ်ချင်းစာကြည့်စမ်း ..."

"ရှင် ... အဖေ ..."

"မုဆိုးမဖြစ်နေလို့ ဟိုလူက မေးငေါ့တာလည်းခံရ၊ ဒီလူက အထင်သေးစော်ကားချင်တာလည်း ခံရနဲ့ ဘယ်လောက်သနားစရာကောင်းနေတဲ့ သားအမိနှစ်ယောက်လည်းဆိုတာ ..."

အို ... ကြည့်စမ်း ...

ကိုယ်လက်ထပ်ယူထားတဲ့မိန်းမ့ ကိုယ်မွေးထားတဲ့သမီးလေးကို အရှင်လတ်လတ်ကြီး ရင်ကိုခွဲ အသည်းမီးကင်ဖို့ စစ်ကြောနေတဲ့ မိန်းမတစ်ယောက်ကို အဖေက သနားတယ် ဟုတ်လား။

ဒါဆို ... အဖေ မသနားတာ ကိုယ့်မိန်းမနဲ့ကိုယ့်သမီးလေးလား။

အဖေရယ် ... မလုပ်ပါနဲ့။

အဲလို တဖက်သတ်ဆန်ဆန်ကြီး အဖေ မပြောပါနဲ့။

ချစ်ခွန်း တဟင့်ဟင့်လေးရှိုက်ငိုရင်း ရင်ထဲကနေ အဖေ့ကို တောင်းပန်လိုက်မိတာ ဖြစ်သည်။ အဖေကတော့ တစ်လမ်းလုံးဖြစ်လာခဲ့သမျှ ဒေါသတွေ ပြေကျမသွားသေးဘဲ အခန်းထောင့်အထိ အဖေ တိုးကပ်လာခဲ့၏။

ဒေါသကြောင့် တဖျတ်ဖျတ်လက်နေခဲ့သော အဖေ့မျက်ဝန်းတွေထဲမှာ ရှိနေခဲ့သမျှ အရာအားလုံးသည် ဒေါ်ထက်သူဇာတို့ မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



မသားအမိနှစ်ယောက်အပေါ်မှာ အဖေ ထားရှိခဲ့သည့် သနားကြင်နာခြင်းတွေသာ ဖြစ်နေခဲ့သည်။

"အခု ... နင်လုပ်ခဲ့တာ ရပ်ကွက်ထဲမှာ သူများအတင်းပြောတာကို ဒီသားအမိနှစ်ယောက်စလုံး ခံရတော့မယ်၊ လူတွေက ဟိုနားတိုးတိုး၊ ဒီနားတိုးတိုး ကွဲ့ရဲ့ချင်တိုင်း ကွဲ့ရဲ့ အပုတ်ချချင်တိုင်း ချနေတာကို ဒီသားအမိ ဘယ်လိုဖြေရှင်းမလဲ ... မယားကြီးရဲ့သမီးလေးက မကျေနပ်လို့ ကားပေါ်ကဆင်းသွားတယ်ဆိုတာ လူတိုင်းသိတယ်၊ ကဲ ... နောက်တစ်ခါ နင် အဲလိုလုပ်ဦးမလား ချစ်ခွန်းပြောစမ်း ..."

"အား ... အဖေ ... အဟင့် ..."

ဒီတစ်ခါ အဖေဆွဲချလိုက်တာ ဝင်းနှစ်သော ချစ်ခွန်းရဲ့နဖူးပြင်လေးထိပ်က ဆံပင်စလေးတွေကိုပဲ ဖြစ်သည်။

"ပြောစမ်း ချစ်ခွန်း ... နင်နောက်မလုပ်တော့ဘူးဆိုတာ ငါ့ကို ကတိပေးစမ်း"

"အဟင့် ... ဟင့် ... ဟင့် ..."

အဖေက အရမ်းနာအောင် ခပ်တင်းတင်းဆွဲထားတော့။

ချစ်ခွန်းငိုရတာ တကယ့်ကို ဝမ်းနည်းပက်လက်ကလေး။

ထိုအချိန်မှာ ထင်မှတ်မထားစွာဘဲ

အခန်းတံခါး ခေါက်သံလေးက မြည်လို့လာခဲ့ပြီ။

"ဒေါက် ... ဒေါက် ..."

"အခန်းထဲမှာ သမီးလေးလား ..."

"ကိုထွန်း ... ရှင် အခု တံခါးဖွင့်စမ်း ..."

ဘုရားရေ ... ချစ်ခွန်းရဲ့ ငိုရှိုက်သံတွေကြားလို့ လူနာခုတင်





ကြီးပေါ်ကနေ ဒယီးဒယိုင်လေးနှင့် အမေ ထလာခဲ့ပြီ။

"အဟင့် ..."

အဖေ ငိုင်နေဆဲမှာ ချစ်ခွန်း တံခါးပြေးဖွင့်သည်။

"ဂျောက် ..."

"ဒေါက် ..."

"အမေ ... အဟင့် ..."

အမေက ချစ်ခွန်းပခုံးလေးကို ဆုပ်ကိုင်ကာ ပွေ့ထက်ထားလိုက်စဉ်မှာပဲ အဖေက တောက်တစ်ချက်ခေါက်ကာ ချာခနဲလှည့်ထွက်သွားသည်။ အဖေ့မျက်နှာကိုလည်း အမေက မကြည့်သလို အမေ့မျက်နှာကိုလည်း အဖေက ကြည့်ပုံမရ။

"ဘာတွေဖြစ်နေလဲဆိုတာ အမေ သိပါတယ် သမီးလေးရယ် အားလုံးကို အမေကြားတယ် ... သမီးလေး မငိုနဲ့ ..."

ယုယတတ်သော အမေ့နှလုံးသားတွေ လက်တွေထဲမှာ အမေ့ကို အသက်ရှင်ခွင့်ပေးမယ့်သွေးတွေ လည်ပတ်စီးဆင်းနေတာပဲ ချစ်ခွန်း လိုချင်လှပါသည်။ ခုလည်း ... သမီးလေးကိုပွေ့ဖက်ရင်း ဒယီးဒယိုင်လေးနဲ့ပဲ အမေက သူ့အခန်းထဲကို ပြန်ခေါ်သွားခဲ့၏။

"သမီး ... သမီးလေးရဲ့မျက်ရည်တွေကို အမေသုတ်ပေးမယ် ကဲ ... ကဲ ... မျက်နှာလေးကို အမေ့သမီးလေး မော့စမ်း ..."

ချစ်ခွန်းက အမေ့ရင်ခွင်ထဲမှာ ခေါင်းမဖော်ဘဲငိုနေတော့ အမေက ချစ်ခွန်းမေးဖျားချွန်ချွန်လုံးလုံးလေးကို အတင်းဆွဲမော့သည်။

"ဟင်း ဟင်း ... အမေ့သမီးလေးက မြူမတင် ဖြူစင်ပွင့်န်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အပြစ်လည်းအရမ်းကင်းတဲ့ အမေ့သမီးလေးပါကွယ်၊ အမေပြောမယ်နော် ... သမီးလေး မငိုဘဲနဲ့ အမေပြောတဲ့စကားလေးကို အမေ့သမီးလေး နားထောင်စမ်း”

မပြောခင် ရင်နင့်နင့်လေးနဲ့ အမေပြုံးကြည့်နေတာ ဗီရိုပေါ်က ဓါတ်ပုံကြီးလေ။ ဒီဓါတ်ပုံကြီးကို အမေစိုက်ကြည့်တိုင်း မျက်တောင်ခတ်ဖို့ပင် အမေ သတိမရနိုင်တော့သလို ဘေးလူတွေ သတိမပေးရပါဘဲ အမေ့နှုတ်ခမ်းစွန်းကလေးတွေ ရိပ်ရိပ်ပြေးပြေးကလေး ကွေးကွေးသွားတာ ချစ်ခွန်း အမြဲလိုလို သတိထားမိခဲ့၏။

ခုလည်း ထိုဓါတ်ပုံကြီးကိုပဲ အသက်မရှူနိုင်အောင် အမေငေးစိုက်ကြည့်နေခဲ့ပြန်ပြီ။

“ပြောရမယ်ဆိုရင် အထက ကျောင်းသူဘဝက အမေနဲ့ ထက်သူဇာ ပြိုင်ဘက်တွေဖြစ်ခဲ့ကြတယ်ဆိုတာ တရားမျှတခြင်းဆိုတဲ့ ခံစားချက်တစ်ခုအပေါ်မှာ အမေရပ်ပြီး နာကြည်းခြင်းတွေ၊ မုန်းတီးခြင်းတွေနဲ့ အမေတို့ ပြိုင်ခဲ့ကြတာပါ ... အမေ ကျောင်းလှေကားကနေ အပေါ်ထပ်စာသင်ဆောင်ဆီကို တက်လာတဲ့အချိန်မှာ အမေ့ပခုံးလေးကို ထက်သူဇာက တမင်ဝင်တိုက်တာကနေ အမေ့လက်ထဲက ယုဇနပန်းကုံးလေးလည်း ပြုတ်ကျ။ ပြုတ်ကျသွားတဲ့ ယုဇနပန်းကုံးလေးကိုပါ ထက်သူဇာက သူစီးထားတဲ့ ရှူးဖိနပ်ဦးချွန်လေးနဲ့ တမင်တကာ တက်နင်းချလိုက်တာကနေ အမေတို့နှစ်ယောက်ရဲ့ ပြိုင်ပွဲက စခဲ့ကြတာ ... ”

အမေ့စကားကို နားထောင်ရင်း ချစ်ခွန်း ရှိုက်သံလေးက တဖြည်းဖြည်း အဆက်ဝေးသွား၏။ အမေကတော့ သူ့ဓါတ်ပုံကြီးကို





ပဲ စိုက်ကြည့်နေဆဲ။

“တစ်ယောက်ကိုတစ်ယောက် မုန်းခဲ့ကြတဲ့ အမုန်းမီးတောက်တွေက အဲဒီက စခဲ့ကြတယ် ... သူငယ်ချင်းတွေကလည်း အမေတို့နှစ်ယောက်ရဲ့ပြိုင်ပွဲကို အုပ်စုလိုက် အားပေးခဲ့ကြတယ်၊ တက္ကသိုလ်တက်တဲ့ တစ်လျှောက်လုံးမှာလည်း မငြိမ်းနိုင်တဲ့အမုန်းမီးတွေက ဘယ်သူမှ ကြားဝင်ငြိမ်းသတ်လို့မရအောင် ပိုပြီးတော့ ပြင်းထန်သွားခဲ့တယ် ... အဲဒီအချိန်မှာ ထက်သူဇာနဲ့တွဲနေတဲ့ သူ့ချစ်သူကို အမေက ဖြောင်ဝင်လုခဲ့တာလေ ... အမေ ပြောခဲ့ပါရော အဲဒီတုန်းက အမေရခဲ့တဲ့အနိုင်ဟာ တစ်သက်လုံးပြန်ရှုံးရတော့မယ့် အရှုံးတစ်ခုရယ်လို့ အမေ မတွေးမိခဲ့တာ အမှန်ပဲလေ ... ထက်သူဇာကို ပွဲသိမ်းအနိုင်ပိုင်းမယ်ဆိုတဲ့ အတ္တစိတ်တစ်ခုကို ရင်မှာပိုက်ပြီး သမီးအဖေကို တကယ်မချစ်ဘဲနဲ့ အမေလက်ထပ်ယူပစ်ခဲ့တယ်၊ အမေဖြစ်ချစ်တာ ထက်သူဇာရဲ့ အရှုံးမျက်ရည်။ အမေ နင်းချေပစ်ချင်တာ ထက်သူဇာရဲ့ နှလုံးသား ... ”

“အမေရယ် ... အမေ ဘာလို့ အဖေ့ကို တကယ်မချစ်ဘဲယူခဲ့တာလဲ”

ချစ်ခွန်း နားမလည်နိုင်လို့ အမေ့ကို မေးလိုက်မိတာပါ။

အမေက မချစ်ဘဲယူခဲ့တာကို အဖေသိတော့ အဖေကလည်း အမေ့ကို နာကြည်းခဲ့ပြီပေါ့။ ဒါကြောင့်မို့ ... အဖေက အမေ့ကိုရက်စက်ပြနေတာ။ သူပုံအောထပ်ခဲ့ရတဲ့ နှလုံးသားလောင်းကြေးကို အမေ့ဆီကနေ အဖေရအောင် ပြန်ယူနေတာ။

“ဟွန်း ... အဲဒါ အမေပြောခဲ့ပြီးသားလေ၊ ထက်သူဇာကို အနိုင်လိုချင်တဲ့ အတ္တစိတ်တွေက သွေးရည်သွေးစက်တွေအဖြစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းပြီး အမေ့ကိုယ်ထဲမှာ လည်ပတ်စီးဆင်းနေခဲ့တာ အမေ ဘယ်လိုမှ တားမရခဲ့တာလေ"

ပြောရင်း အမေပြုံးလိုက်တာ အတိတ်ကို အောက်မေ့တသ သတိရနေဟန်ကလေးနဲ့ပါ။ ချစ်ခွန်းကတော့ အမေ့ခံစားချက်ကို နားလည်ပါသည်။ ဘာပဲပြောပြော ထိုစဉ်က ဒေါ်ထက်သူဇာထက် အစစအရာရာ ပိုမိုကြွယ်ဝချမ်းသာခဲ့သောအမေက ဒေါ်ထက်သူဇာ လို ကိုယ့်ထက်နိမ့်သော မိန်းမတစ်ယောက်ကို ဘယ်လိုလုပ် အရှုံး ပေးချင်မှာလဲ။

ဒါကြောင့်မို့လည်း ထက်သူဇာကို အမေပြိုင်ခဲ့တာ။

ချစ်ခွန်း ... အမေ့စကားကိုနားထောင်ရင်း မျက်တောင် လေးတဖျတ်ဖျတ် ပုတ်လျှက်။

"အခု ... အမေကြောက်နေတာ ထက်သူဇာရဲ့အဆိပ်ပြင်းတဲ့ သွေးတွေနဲ့ ခင်းထားတဲ့လမ်းပေါ်မှာ အမေ့သမီးလေး ဆက် လျှောက်ရတော့မှာ ..."

"ဟင့်အင်းအမေ ... ဒေါ်ထက်သူဇာကို သမီးမကြောက်ဘူး"

"အမေ့ကို ပြန်မငြင်းနဲ့ ..."

ချစ်ခွန်းခေါင်းခါတော့ အေးစက်သောမျက်လုံးတွေနဲ့ အမေ ချစ်ခွန်းကိုကြည့်သည်။ အမေသိနေတာ ပြိုင်ဘက်ရဲ့ခြေလှမ်း။ အမေ နားလည်နေတာ ပြိုင်ဘက်နှလုံးသားထဲက မီးတောက်။ ဒါကို ရိုး သားတဲ့အမေ့သမီးလေးက ဘယ်လိုခုခံနိုင်မှာလဲဆိုတာ အမေစဉ်း စားနေမှာလေ။ ဒါကြောင့်မို့ ချစ်ခွန်းကို အမေစိတ်မချနိုင်အောင် ဖြစ်နေတာ။

"အမေ့မျက်လုံးတွေကို သမီးလေး သေသေချာချာကြည့်





စမ်း"

"ရှင် ... အမေ ..."

"စောစောကပဲ အမေ့ဆီကို ထက်သူဇာ ဖုန်းဆက်သွား တယ်"

"အို ... ဟုတ်လားဟင် အမေ ..."

"နင့်သမီးလေးက နင်ငယ်ငယ်က အတိုင်းပဲတဲ့ ..."

"ကြည့်စမ်း ..."

"မခံချင်စိတ်လေးနဲ့ သူတို့သားအမိနှစ်ယောက်ကို ဆန့်ကျင် ပြီး ကားပေါ်ကဆင်းသွားတာ၊ နင်ငယ်ငယ်က စိတ်နဲ့တစ်ထပ် တည်းပဲတဲ့"

"သူ ... သူက အမေ့ကို အဲဒီလောက်တောင် ပြောရဲတယ်"

"အမေ ... အမေရှုံးနေတာ သူသိနေပြီလေ ..."

"အမေရယ် ... အမေ ဘာလို့ရှုံးရမှာလဲ ... ဒီခြံကြီးထဲကို ဝင်လာဖို့နေနေသာသာ ဒီခြံရှေ့ကတောင် ဖြတ်မလျှောက်ရဲတဲ့ မိန်းမတစ်ယောက်ကို အမေ ဘာအရှုံးပေးနေစရာလိုသလဲ ... သမီး ကတော့ သူပြောသလိုပဲ သူ့သမီး မုန်းမပြေနဲ့ ကားတစ်စီးတည်း အတူတူမစီးချင်လို့ ... ကားပေါ်ကဆင်းပြီး လမ်းပေါ်မှာသမီးတစ် ယောက်တည်း ကျန်ခဲ့တာ"

"ဒီနေ့ကစပြီး သူတို့ကို သမီးလေး မဆန့်ကျင်နဲ့ ..."

"ရှင် ... အမေ ..."

"အဟင့် ..."

အို ... ကြည့်စမ်း ... အမေ ငိုပြီ။

ချစ်ခွန်းကို အရှုံးပေးဖို့ အမေပြောနေတာ နှစ်ခါရှိနေပြီ



www.burmeseclassic.com

www.burmeseclassic.com



"အမေ့သမီးလေးက အခုမှ ကိုးတန်းကျောင်းသူလေးပဲရှိသေးတာ၊ အမေမရှိတော့တဲ့အချိန်မှာ လူလားမြောက်အရွယ်ရောက်အောင် အမေ့သမီးလေး ဆက်လျှောက်ရဦးမှာ ... အမုန်းတွေ အညှိုးတွေ သယ်သွားရတာမျိုး ... အမေ့သမီးလေးဘဝမှာ ဆက်ပြီးတော့ဖြစ်နေမှာ အမေကြောက်လို့ အဟင့် ... အမေပြောမယ် နော် သမီးလေး ... "

"အမေရယ် ... ပြောရင်လည်း အမေစိတ်ကလေးကိုထိန်းပြီးတော့ ပြောပါနော် အမေ ... ချစ်ခွန်းရှေ့မှာ မျက်ရည်ကျပြီးတော့ အမေ မပြောပါနဲ့ ... အမေငိုရင် ချစ်ခွန်းလည်း ငိုချင်တယ်သိလား အမေ ... အဟင့် ... ဟင့် ... "

အမေ့ရဲ့မျက်ရည်ကို ချစ်ခွန်းကသုတ်။

ချစ်ခွန်းရဲ့မျက်ရည်ကို အမေကသုတ်နဲ့။

တစ်ယောက်ရဲ့မျက်ဝန်းလေးတွေကို တစ်ယောက်က စိုက်ကြည့်နေကြတဲ့ အမေနဲ့ချစ်ခွန်း။

"အမေ ... အမေဆုံးတာနဲ့ သူ့သမီး မုန်းမပြေရဲ့လက်ကိုဆွဲပြီး ထက်သူဇာက အမေတို့တိုက်ကြီးပေါ်ကို တက်လာတော့မှာ၊ ဒါကြောင့်မို့ ... အမေ့သမီးလေးကိုမှာချင်တာပါ သမီးလေးရယ်၊ ထက်သူဇာ ရောက်လာတာနဲ့ သူ့သမီးမုန်းမပြေနဲ့ သမီးလေးကို ပြိုင်ခိုင်းတော့မှာ ... သူ့အမေ့ဆီက ရှုံးခဲ့သမျှအရှုံးတွေအတွက် သမီးလေးကို သူပြန်ပေးဆပ်ခိုင်းတော့မယ်၊ အဟင့် ... ကြည့်ပါဦး ... အမေ့သမီးလေးက နှစ်ခွကျစ်ဆံမြီးလေးနဲ့ ရိုးရိုးအေးအေးလေး နေတတ်တဲ့သမီးလေး၊ စိတ်ကောင်းရှိတဲ့ သမီးလေး ... ဒါကြောင့်မို့ အမေမှာချင်တာ သူတို့ဘယ်လိုပဲ ပြိုင်ခိုင်း ပြိုင်ခိုင်း အမေ့သမီးလေး





က မပြိုင်ဘဲ အမြဲအရှုံးပေးရမယ် ... မလွှဲသာလို့ ပြိုင်ရမယ်ဆိုလည်း မုန်းမပြေလေးကို ဘယ်တော့မှ အနိုင်မယူနဲ့ ... အဟင့် ... "

အမေ့ကိုကြည့်ပြီး ချစ်ခွန်း မျက်ရည်ပေါက်ပေါက်ကျခဲ့ပြီ။

"သမီး ... သမီးက မုန်းမပြေကို အရှုံးပေးရမယ်ဟုတ်လား ဟင် အမေ ... ဟိုတုန်းကတော့ ဘယ်သူနဲ့ပြိုင်ပြိုင် အမြဲနိုင်အောင် ဆိုပြီးတော့ ငါးနှစ်သမီးအရွယ်လေးကတည်းက အမေ သမီးကို သင်ပေးခဲ့တာလေ ... အခုကျမှ သမီးက ဘာလို့အရှုံးပေးရမှာလဲ အမေရဲ့ ... "

"အမေ ... အမေ ... ဒီအမုန်းတွေကို အဆုံးသတ်ချင်လို့ အမေ့သမီးလေးကို အရှုံးပေးခိုင်းနေတာ၊ ထက်သူဇာက သမီးလေး ကို အညှိုးအတေးထားပြီး ဘယ်လိုပဲနှိပ်စက် နှိပ်စက်၊ ထက်သူဇာ ကို အမေတစ်ယောက်လို့ သဘောထားပြီး အမေ့သမီးလေးက စိတ် ဆားဖြူဖြူစင်စင်လေးနဲ့ ခွင့်လွှတ်ပေးရမယ် ... တစ်အိမ်တည်း တစ်ခြံတည်းမှာ နေတာချင်းအတူတူ သူ့သမီး မုန်းမပြေကို မခိုင်းဘဲ အမေ့သမီးလေးကိုခိုင်းရင်လည်း မငြီးမငြူ အမေ့သမီးလေးက လုပ် ပေးရမယ် ... နောက်ဆုံး အမေကုန်ကုန်ပြောမယ် သမီးလေးရယ် ထက်သူဇာရဲ့ ဖိနပ်လေးကိုပဲဖြစ်ဖြစ် မုန်းမပြေရဲ့ ရှူးဖိနပ်လေးကိုပဲ ဖြစ်ဖြစ် အောက်ကျတယ်လို့သဘောမထားဘဲ အမေ့သမီးလေးက ပြောင်လက်နေအောင် တိုက်ပေးသင့်ရင်တိုက်ပေးရမယ်"

"ရှင် ... အမေ ... "

အမေပြောနေတာ ချစ်ခွန်း ဘယ်လိုမှလည်း စိတ်မထိန်းနိုင် တော့ပါ။

"ပြိုင်ဘက်ကို မေတ္တာတရားနဲ့ အရှုံးပေးတယ်ဆိုတာ ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



ကျက်သရေရှိပြီး မြင့်မြတ်တဲ့လူသားတွေ လုပ်တဲ့အလုပ်ပါ သမီးလေးရယ် ... ”

“သမီး ... သမီးက မုန်းမပြေကိုရော ဒေါ်ထက်သူဇာကိုပါ အရှုံးပေးရမယ်ဟုတ်လားဟင် ... အမေ ... သမီး အဲလိုအရှုံးပေးရင် အမေ ရောက်သွားတဲ့နေရာလေးကနေ အမေ သမီးကိုပြုံးပြနေမှာလားဟင် အမေ ... အမေပြုံးပြနေမယ်ဆိုရင် သမီးအရှုံးပေးမယ်လေ အမေ ... ”

အမေ့ကိုပြန်မေးရင်း ချစ်ခွန်းဖက်ထားလိုက်တာ အားရပါးရ။

အမေက ချစ်ခွန်းကို ပြန်ဖက်လိုက်တာလည်း လျော့ရဲရဲကလေးပါ။ အမေ့ခုတင်ပေါ်မှာ ချစ်ခွန်းက အမေ့ရှေ့မှာ ဒူးကလေးထောက်ကာ ထိုင်ထားရင်း အမေ့ကို သိမ်းကျုံးပွေ့ဖက်ထားလိုက်တာ။

“သမီးအတွက် အမေစိတ်မပူနဲ့နော် ... အမေ အမေပြောခဲ့သလို သူတို့နှစ်ယောက်ကို သမီးအရှုံးပေးမယ် ... အဖေက ရက်စက်ရင်လည်း အဖေ့ကိုခွင့်လွှတ်ပြီး အမြဲချစ်နေနိုင်အောင် သမီးကြိုးစားမယ်၊ အရေးကြီးတာ ဒီမိန်းမကို အမေသေတဲ့နေ့အထိ နိုင်သွားတာ သမီးကျေနပ်တယ် ... ဟိုခါတ်ပုံကြီးထဲမှာ ဆုဖလားလေးကိုင်ပြီး အမေပြုံးနေတဲ့ အပြုံးလေးကို သမီးအရမ်းသဘောကျတာပဲ အဲဒီတုန်းက ရခဲ့တဲ့ဆုတံဆိပ်တွေအားလုံးကိုလည်း သမီးသိမ်းထားမယ်၊ ဘယ်သူ့လက်ထဲကိုမှ မရောက်စေရဘူးဆိုတာ အမေ့ကိုသမီးကတိပေးတယ် ... ဟာ ... ကြည့်စမ်း ... အမေ့ရှိုက်သံလေးကို မကြားရတော့ဘူး၊ သမီး ... သမီး ကတိပေးတာကို ကြားလိုက်ရ





လို့ အမေ ဝမ်းသာသွားတာလားဟင်အမေ ... အမေ ဝမ်းသာတယ်ဆိုရင် သမီးကို အခုတစ်ခါတည်း ပြုံးပြ ... ”

ချစ်ခွန်း ဖက်ထားတာကို ပြန်ခွာလိုက်တော့ ...

“ဟင် အမေ ... သမီးကို ပြုံးပြလေ ... သမီးကို ဘာလို့ ဒီလောက်တောင်မှ စိုက်ကြည့်နေတာလဲ အမေရဲ့ ... အမေကို သမီးပြောနေတယ်လေ ... သမီးကို ပြုံးပြလေ အမေ ... ”

“ချစ်ခွန်း ... ချစ်ခွန်းမေမေက ဆုံးသွားပြီလေ သမီးလေးရဲ့”

ချစ်ခွန်း နောက်ကိုလှည့်ကြည့်လိုက်တော့။

“ဟာ ... ဘာဘာ ဆရာဝန်ကြီး ... ”

ချစ်ခွန်း မျက်တောင်တွေ ကော့လျက်။

တကယ်လည်း အမေ့တစ်ကိုယ်လုံး အေးစက်နေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"ဟဲ့ … ဟိုအခန်းထောင့်မှာရပ်နေတဲ့ မိန်းမတွေက ဒီအိမ်က အိမ်ဖော်မတွေလား၊ လာစမ်း … လာစမ်း … ဒီရေသန့်ဗူးတွေနဲ့ တရားစာအုပ်တွေကို ဟိုဘက်ကွက်လပ်မှာ သွားထားစမ်း၊ တရား စာအုပ်တွေကို အောက်မချနဲ့၊ စားပွဲပေါ်တင်ထား … ပလပ်စတစ် ယပ်တောင်လေးတွေကိုလည်း အဲဒီမှာပဲ ပုံထားလိုက် … ဒုက္ခပါပဲ ဒီလောက် နာရေးဖြစ်နေတာတောင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ငေးငိုင်နေလိုက်ကြတာ … "

အမေဆုံးပြီဆိုကတည်းက တိုက်ပေါ်ကို ခေါင်းမော့တက်လာကြသည့် ဒေါ်ထက်သူဇာတို့ သားအမိနှစ်ယောက်က နာရေးကိစ္စအဝဝကို သူတို့ကပဲ စီမံခန့်ခွဲသည်။ ဘယ်သူက ဘာလုပ်၊ ဘယ်သူက ဘယ်နေရာသွား၊ ဧည့်ခန်းကို ဘယ်လိုပြင် စသည်ဖြင့် အမိန့်တွေ ညွှန်ကြားချက်တွေ အမျိုးမျိုးပေးကာ ဒေါ်ထက်သူဇာအသံကပဲ တစ်တိုက်လုံးမှာ စာနေသည်။

ချစ်ခွန်းကတော့ အလှဆုံး ပြင်ထားသည့် အမေ့ရုပ်အလောင်းဘေးမှာ ဒူးကလေးထောက်ထိုင်ကာ တဟင့်ဟင့်လေးပဲ





ရှိုက်ငိုလျှက်။

"ကိုထွန်းရေ နာရေးကိုလာမယ့် ဧည့်သည်တွေကများတော့ အအေးဗူးတွေ၊ ကော်ဖီမစ်ထုတ်တွေ၊ များများမှာလိုက်နော် … ကွာစေ့နဲ့နေကြာစေ့ထုတ်တွေ မှာဖို့လည်း မမေ့နေဦးမယ်၊ ဟဲ့ မလုံးဒီကို ခဏလာစမ်း … ဧည့်ခန်းအဝင်တံခါးနားက ဖိနပ်စင်ကို လွတ်တဲ့နေရာကို ရွှေ့စမ်း … "

ချစ်ခွန်းနဲ့အမေစီးတဲ့ ဖိနပ်ကလေးတွေကို စီတင်ထားတဲ့ စင်ကလေး။

ဒါကို … ရွှေ့ပစ်လိုက်တာလည်း ချစ်ခွန်း မသိလိုက်။

မောနေတာက ဒေါ်လုံးနဲ့အိမ်ဖော်အလုပ်သမားတွေ။

"သူက ဘယ်သူလဲဟင် ဒေါ်လုံး … ဒီလောက် ဩဇာပေးနေရအောင် အန်တီဝိုင်းရဲ့ အစ်မလား ညီမလား … "

အိမ်ဖော်အလုပ်သမားတွေက မကျေမနပ် စပ်စပ်စုစုကလေးနဲ့ ဒေါ်လုံးကိုပဲ ဝိုင်းမေးကြသည်။ ဒေါ်လုံးက ကြိတ်ပြီးတော့ မျက်လုံးပြူးပြရင်း …

"ဟာ … ကိုယ့်အလုပ်ကိုယ်လုပ်ကြလေ၊ ဘာဖြစ်လို့ စပ်စုနေရတာလဲ … သွား … သွား … ဧည့်ခန်းထဲမှာ အမြင်မတော်တာတွေရှိရင် ကောက်သိမ်းခဲ့ … "

ဒေါ်လုံးက ဒီခြံမှာ နှစ်ရှည်လများ အလုပ်လုပ်လာသူမို့ ထက်သူဇာကိုမြင်လိုက်တာနှင့် ဘာဆိုတာသိပေမယ့် ဒီအချိန်မှာ ဘယ်သူ့ကိုမှလည်း ဒီအကြောင်းတွေ မပြောချင်။ ကိုယ်နားလည်ထားတာက အလိုက်အထိုက်ပေါင်းဖို့၊ အခြေအနေတွေအားလုံးကို စောင့်ကြည့်ဖို့၊ ဒါကိုပဲ နှလုံးသွင်းထားလိုက်တော့ သူက သံယောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ စက်ရုပ်တစ်ရုပ်လိုပဲ ဖြစ်သွားသည်။

ပြောရရင် ... ထက်သူဇာဆိုတာ ညီမလေး ဝိုင်းချစ်ပြောဖူးနေလို့သာ နာမည်ကို မကြာခဏ ကြားဖူးနေပေမယ့် ဒီလို ဖြုန်းစားကြီး ချက်ချင်းကောက်တက်လာမယ်လို့ ဒေါ်လုံး ထင်မထားခဲ့တာ အမှန်ပဲဖြစ်သည်။

ခရမ်းရောင်ပါတိတ်နှင့် လည်ထောင်လက်ပြတ် မရမ်းစေ့ရောင်လေးကိုဝတ်ကာ ခြံထဲကို မနက်လင်းတာနှင့် ရောက်လာခဲ့သည့် ဒေါ်ထက်သူဇာဆိုသော မိန်းမက ထင်ထားတာထက် ပိုတောင် နုပျိုလှပ ကြွရွနေခဲ့တာ ဖြစ်သည်။

ပခုံးအောက်ထိ စင်းကျနေခဲ့သော ဆံပင်မွမွတွေကို အလည်မှာ ဖဲကြိုးအဖြူရောင်လေးဖြင့် တစ်ချက်တည်းစည်းသိမ်းလျှက် နှုတ်ခမ်းအစုံထက်မှာလည်း ပန်းနုရောင် နှုတ်ခမ်းနီပါးပါးလေးဆိုထားသည့် ထိုမိန်းမသည် မျက်လွှာလေးချကာ စိတ်ထိခိုက်နေဟန်ကလေးဖြင့် ကားပေါ်က ဆင်းလာခဲ့တာဖြစ်၏။

သူမရဲ့ နောက်မှာလည်း ချစ်ခွန်းနှင့်ရွယ်တူလောက်ပဲရှိမည့် ကောင်မလေးတစ်ယောက်က မျက်နှာလေးမော့ကာ မော့ကာနှင့် ဟိုဟိုဒီဒီ မျက်ဝန်းလေးတွေ ထောင့်ကပ်ကြည့်ရင်း ပါလာခဲ့သည်။

အသားပျော့ ဆွဲသားကိုယ်ကြပ်ဘောင်းဘီရှည် အနက်ရောင်ကလေးကို လည်ဟိုက်ပွပွ လိမ္မော်ရောင်ကလေးနှင့်တွဲကာ ဝတ်ထားတော့ ကြည့်ရတာ ထင်းနေသလို သူ့အမေလို သွက်လက်လှပနေတာလည်း သိသာလှသည်။

သူတို့ ဝင်လာလာချင်း ရုပ်အလောင်းပြင်ထားသည့် ခုတင်အနားသို့ မငံ့မရဲ တိုးကပ်သွားခဲ့၏။ ဦးတင်လင်းထွန်းက စိတ်ထိ





ခိုက်နေဟန်ကလေးဖြင့် မနေ့ညဘယ်နှစ်နာရီက ဆုံးတဲ့အကြောင်း သမီးချစ်ခွန်းခ လက်ပေါ်မှာပဲ သူ့အမေဆုံးသွားတဲ့အကြောင်း စိတ်မကောင်းဖြစ်ရတဲ့အကြောင်းတွေ ရှင်းပြနေချိန်မှာ ဒေါ်ထက်သူဇာသည် ညီမလေးဝိုင်းချစ်ရဲ့ အိပ်ပျော်နေသလို ထင်နေရသည့် မျက်နှာလေးကိုပင် မကြည့်ရဲ ကြည့်ရဲလေးနှင့်။

"ဒါပေါ့ ကိုထွန်းရယ် ... လူဆိုတာ ကိုယ်သွားရမယ့်လမ်းကို သွားရတာပဲလေ၊ နော့ ... ဘယ်တတ်နိုင်မလဲ၊ အသက်လေးဆယ်တောင်မပြည့်သေးဘဲနဲ့ ဒီရောဂါရခဲ့တယ်ဆိုတာ ကံကြမ္မာက စီရင်ချက်ချခဲ့တာပဲဖြစ်မှာ ... ထက်တို့လည်း အလောင်းမြေကျပြီးတော့ ရက်လည်တဲ့အထိ လိုတာမှန်သမျှ အကုန်ဝိုင်းလုပ်ပါ့မယ်၊ အရေးကြီးတာတွေအားလုံးကိုလည်း ထက်ပဲစီစဉ်မယ် ... "

ထိုအချိန်ကစပြီး နောက်ဖေးဝင်လိုက်၊ အိမ်ရှေ့ထွက်လိုက်နှင့် ဒေါ်ထက်သူဇာ အသံစာစာ အော်ကျယ်အော်ကျယ်လေးနှင့် တစ်ခြံလုံးကို စိုးမိုးသွားခဲ့တာဖြစ်သည်။

"အဟင့် ... "

ချစ်ခွန်းလေးကတော့ တစ်ချိန်လုံး သူ့အမေ အလောင်းပြင်ထားသည့် ခုတင်လေးအနားမှာပဲ တဟင့်ဟင့်လေး ရှိုက်ငိုလျှက်။ ဒါကို ဘာခံစားချက်မှမရှိသည့် မျက်နှာထားဖြင့် ချစ်ခွန်းအနားကို တိုးကပ်လာတာ မုန်းမပြေပဲ ဖြစ်သည်။

"ချစ်ခွန်းခရာ နင်အခုမှ ငိုနေတော့ရော ဘာထူးမှာမို့လို့လဲ၊ လာပါ ... ခြံထဲမှာ ထွက်ပြီး နင်နဲ့ငါနဲ့ စကားပြောမယ်"

"ဟင် ... "

ဒီနှစ်ယောက်ကိုမြင်တော့မှ ဦးတင်လင်းထွန်း ပျာပျာသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ ...

"သမီး ချစ်ခွန်း ... မုန်းခေါ်နေတာ လိုက်သွားလေ ..."

ချစ်ခွန်း မလိုက်ချင်ဘဲ လိုက်ခဲ့ရတာ အဖေစိတ်ဆင်းရဲမှာ ကြောက်လို့ပါ။

ခြံထဲက အဖြူရောင်ဒါန်းကလေးမှာ နှစ်ယောက်တွဲထိုင်မိတော့ ...

"နင် ... နင်တို့ခြံကြီးက အရမ်းကျယ်တယ်နော် ချစ်ခွန်းခ၊ ရောင်စုံပန်းတွေ အများကြီးပွင့်နေတာလည်း ငါသဘောကျတယ်၊ ကြက်တောင်ကွင်းလေးရှိနေတာလည်း ငါကြိုက်တယ် ... စိတ်ပြေလက်ပျောက်ဖြစ်သွားအောင် နင် ငါနဲ့ကြက်တောင်ရိုက်မလား"

"ဘာပြောတယ် ..."

"နင့်အမေ ငယ်ငယ်တုန်းက ကြက်တောင်ချန်ပီယံဆိုတော့ နင်လည်း ကြက်တောင်ရိုက်တတ်မှာပေါ့၊ လာပါ ... နင့်အမေကို အမှတ်တရ ဂုဏ်ပြုတဲ့အနေနဲ့ နင်နဲ့ငါနဲ့ သုံးပွဲလောက် ရိုက်ကြည့်လိုက်ရအောင် ..."

"ငါ ... မရိုက်တတ်ဘူး ..."

"ဟာ ... ချစ်ခွန်း ... နင်မလိမ်နဲ့ ..."

"မလိမ်ဘူး ... ငါတကယ်ပြောတာ ..."

ချစ်ခွန်း အရှုံးပေးပြီးသားပါ။

အမေကလည်း ချစ်ခွန်းကို မှာခဲ့တာလေ။

မုန်းမပြေနဲ့ ပြိုင်ဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။

"ငါ မယုံဘူး ချစ်ခွန်း ... နင်ကျောင်းမတက်ဘဲ ပြန်သွားတဲ့နေ့က နင့်အကြောင်းတွေအားလုံး ကျောင်းမှာ ငါစုံစမ်းခဲ့ပြီးသား၊





ကြက်တောင်မှာရော တေဘယ်တင်းနစ်မှာရော နင်က ကျောင်းမှာ နာမည်ကြီးတဲ့ ... ဟွန်း ... အခု နင်တို့ကျောင်းကို ငါပြောင်းလာပြီဆိုတော့ တစ်ပွဲမဟုတ် တစ်ပွဲမှာ နင်နဲ့ငါနဲ့ ဆုံရတော့မှာပေါ့"

"နင် မမျှော်လင့်နဲ့ ..."

"ဟင် ... ဘာဖြစ်လို့လဲ"

"ငါ နင်နဲ့မပြိုင်ချင်လို့ ..."

"ဟား ဟား ... ချစ်ခွန်းခနော် ... နင် ဂျလည်မ မလုပ်နဲ့၊ နင်နဲ့ပြိုင်ဖို့ ကြက်တောင်ရော တေဘယ်တင်းနစ်ရော ရေကူးရော စစ်တုရင်ရော ငါ့မေမေက ငါ့ကို အသေလေ့ကျင့်ပေးထားတာ၊ နင် ပြိုင်ရမယ် ... ငါ အမေမရခဲ့တဲ့ ဆုတံဆိပ်တွေအားလုံး နင့်ဆီကနေ ရအောင် ငါပြန်ယူမယ်"

"အို ... ဘာလို့ပေးရမှာလဲ ..."

ချစ်ခွန်း ခေါင်းလေးခါနေတာ အထိတ်တလန့်လေးနဲ့။

"ဟွန်း ... နင်မပေးလည်း ငါကရအောင်ယူမှာပဲ၊ ခုလည်း ငါတို့သားအမိနှစ်ယောက် ရောက်လာတာကို နင်မသိချင်ဟန်ဆောင်ပြီး မတူမတန်သလို လုပ်နေတာ၊ ငါကတော့ ဂရုမစိုက်ပါဘူး ဘာဖြစ်လဲ ... ဦးဦးဖေဖေက အတင်းခေါ်နေလို့လာတာ ရက်လည်ဆွမ်းသွတ်ပြီးတာနဲ့ ဒီခြံထဲကို အပြီးပြောင်းမယ်"

"ဟင် ..."

ချက်ချင်းပဲ ချစ်ခွန်းမျက်နှာလေး ညှိုးကျသည်။

"ပြောင်းရင်လည်း ငါကြိုက်တဲ့အခန်းမှာနေမယ်"

"နင် ... နင် ... ငါ့ကိုဘာလို့ ဒီလောက်တောင်မုန်းနေတာလဲဟင်၊ ဟိုတုန်းကဖြစ်ခဲ့တာ၊ နင်ရော ငါရော မမွေးခင်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



နင့်အမေနဲ့ငါ့အမေ ဖြစ်ခဲ့တာ ... အဲဒါ ... နင်ဘာဖြစ်လို့ အလကား သက်သက်မဲ့ကြီး ငါ့ကိုလာမုန်းနေတာလဲ ... "

"ဟာ ... မမုန်းလို့ရမလား၊ နင်က ငါ့အမေ သိပ်မုန်းတဲ့ ဒေါ်ဝိုင်းချစ်ရင်ရဲ့သမီး ... နင့်ကိုလက်စားချေဖို့ ငါ့အမေက ငါငယ် ငယ်လေးကတည်းက တဖွဖွပြောနေတာ ... "

"ဘုရားရေ ... ကြည့်စမ်း ... "

ချစ်ခွန်း တစ်ကိုယ်လုံး အေးစက်သွားတာ မျက်တောင်တွေ ပါကော့လျှက်။

ဖြူဖျော့ဖျော့မျက်နှာလေးမှာ ပန်းသွေးရောင်လေးတွေ လွှမ်းနေတာလည်း ချက်ချင်းပျောက်ကွယ်သွားသည်။ ပြောရရင် အမေ့ကို ဒီသားအမိတွေ တော်တော်နာကြည်းနေတာပဲ။ ဒါကိုသိနေ တာတောင် အဖေ ဘာလို့အိမ်ပေါ်အထိ ဆွဲတင်လာတာလဲ။ အဖေ နှလုံးသားထဲမှာ ဒေါ်ထက်သူဇာက ဖြောင့်ဝင်စိုက်ထူခဲ့သည့်အလံ တစ်ခုက ဘာလို့ ခုထိ တလူလူလွင့်နေနိုင်ခဲ့တာလဲ။

"နင် ... နင် ... မျက်နှာပျက်မသွားနဲ့နော် ချစ်ခွန်း ... ငါ က စိမ်ခေါ်စရာရှိရင် ဖြောင်စိမ်ခေါ်တတ်တဲ့ ကောင်မလေး၊ နင့်ကို ကျောင်းမှာလည်းပြိုင်မယ်၊ အိမ်မှာလည်းပြိုင်မယ်၊ နင် ငါ့ကိုဘယ် တော့မှ မနိုင်စေရဘူးဆိုတာ သေချာပေါက် ငါလောင်းကြေးထပ်ရဲ တယ် ... တစ်နေ့ကျရင် ငါ့ရှေ့မှာ နင်ဒူးထောက်ရမယ်၊ ဟွန်း ... မယုံတော့မရှိနဲ့ ... "

"ငါသွားတော့မယ် မုန်းမပြေ ... "

"ဟာ ... နေဦးလေ ... "

ချစ်ခွန်း ဖျတ်ခနဲ ထရပ်တော့ ချစ်ခွန်း လက်ကလေးကို





လှမ်းဆွဲတာ လဲတော့မလိုတောင် ဖြစ်သွားသည်။ ဒါလည်း မုန်းမပြေ က ချစ်ခွန်းလက်ကိုမလွှတ်။ ချစ်ခွန်းက ကျစ်ဆံမြီးလေးနှစ်ချောင်း ကို ရင်ညွှန့်လေးရှေ့ရောက်အောင် ဆွဲချလျှက် ရီရီဝေဝေလေးပဲ မုန်းမပြေကို လှမ်းကြည့်သည်။

"ဒီမှာ ချစ်ခွန်းခဲ ... "

မုန်းမပြေရဲ့မျက်ဝန်းမှာ ဖိတ်ဖိတ်လက်နေတာ အတ္တမာန တွေနဲ့ နာကျင်မှုတွေ။

"နင့်ကို တစ်ခုပဲ ငါပြောချင်တာ နင်ငါနဲ့ပြိုင်ရမယ်"

တစ်ခွန်းတည်းပြောပြီး ချစ်ခွန်းလက်ကို လွှတ်ပေး၏။

သည်တော့မှ ချစ်ခွန်း လှည့်ထွက်လာတာ အပေါ်ထပ်က အမေ့အိပ်ခန်းကျယ်ကြီးထဲကို ဖြစ်သည်။ တံခါးတွေကိုလည်း လုံ အောင်အကုန်လျှောက်ပိတ်သည်။ ပိတ်နေရင်းနှင့်လည်း ချစ်ခွန်း ငိုချင်လာတာ နှုတ်ခမ်းတွေကိုပင် ဘယ်လိုမှ တင်းတင်းစေ့ထားလို့ ခရ။

အားလုံးပိတ်ပြီးတော့မှ ချစ်ခွန်းမော့ကြည့်လိုက်မိတာ ဗီရို ကြီးပေါ်က အမေ့ဓါတ်ပုံကြီးကိုပဲ ဖြစ်သည်။

"အဟင့် ... "

မော့ကြည့်ရင်း ချစ်ခွန်းရှိုက်လိုက်တာလည်း အမေ မကြား နိုင်။

"သမီး ... မခံစားနိုင်တော့ဘူး အမေ ... "

"အမေ့ကို ပေးခဲ့တဲ့ကတိတွေအားလုံးကို ပယ်ဖျက်ခွင့်ပေး ပါ မေမေရယ် ... ဒေါ်ထက်သူဇာဆိုတဲ့ မိန်းမတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အတွက် အရှုံးပေးနိုင်တာမှန်ပေမယ့် မုန်းမပြေဆိုတဲ့ ကောင်မလေးတစ်ယောက်ကိုတော့ သမီး အရှုံးမပေးနိုင်ဘူးလေ အမေရဲ့”

“အဟင့် ... ဟင့် ... ဟင့် ...”

ချစ်ခွန်း အမေ့ရဲ့အပြုံးမျက်နှာလေးကို မော့ကြည့်ရင်း လက်အုပ်ကလေးကိုလည်း ချီထားသည်။ မျက်နှာလေးကို ပင့်မော့ထားတော့ ပြုတ်ကျလာသည့် မျက်ရည်ဥလေးတွေက မေးဖျားချွန်လေးထိပ်မှာ ဥလို့။

“သမီးကို ခွင့်ပြုပေးပါနော် အမေ ...”

“သမီး ပြိုင်ပါရစေနော် အမေ ...”

“အဟင့် ... ဟင့် ... ဟင့် ...”

ဒူးကလေးထောက်ပြီးတော့လည်း အမေ့ကို ချစ်ခွန်းကန်တော့သည်။

“ဒေါက် ... ဒေါက် ...”

“အခန်းထဲမှာ ဘယ်သူလဲ ...”

“သမီး ချစ်ခွန်းလား ...”

“တံခါးဖွင့်စမ်း”

“ဟင် ...”

ချစ်ခွန်း ကြားလိုက်တာ အဖေ့အသံ။

“ဖွင့်လေ ... ချစ်ခွန်း ...”

“သမီး ...”

ချစ်ခွန်း မျက်ရည်တွေကို ကပျာကယာသုတ်ပြီး တံခါးဖွင့်ပေးလိုက်တော့မှ အဖေ အခန်းထဲကို ဝင်လာသည်။





“သမီးလေးရယ် ... ဟိုနေ့က သမီးလေးကို အဖေမရိုက်စဖူး ရိုက်မိလို့ အဖေ့ကို သမီးလေး မုန်းနေပြီလားဟင်”

“မမုန်းပါဘူး အဖေရဲ့ ...”

အဖေက ချစ်ခွန်းပခုံးလေးကို ပွေ့ဖက်ထားသည်။

ဖက်ထားရင်းနှင့်လည်း ချစ်ခွန်း နဖူးလေးကိုနမ်းသည်။

“အဖေရိုက်တာ ဟိုလူဆိုးကောင်လေးနဲ့ သမီးလေးပတ်သက်သွားမှာကြောက်လို့ ရိုက်တာ”

“ရှင် ... အဖေ ...”

အဖေပြောတော့မှပဲ လမ်းဆိုတဲ့ကောင်လေးကို ချစ်ခွန်းပြန်သတိရသွားသည်။ အဖေရယ် ... လမ်းကို လူဆိုးလေးလို့တော့ မပြောပါနဲ့ လမ်းက သဘောကောင်းကောင်းလေးနဲ့ ရေခဲမုန့်လေးတွေကို စားချင်သလောက်စား အလကားကျွေးခဲ့တာလေ အဖေရဲ့။

“သမီး ချစ်ခွန်း ...”

“ရှင် ... အဖေ ...”

“ထက်တို့သားအမိနဲ့ ခင်ခင်မင်မင်လေးနေနော်”

“နေပါတယ် အဖေရဲ့ ...”

“ဒီအခန်းထဲမှာလည်း သမီးလေးတစ်ယောက်တည်းမနေနဲ့”

“သမီး ... သမီး ... အမေ့ကိုသတိရလို့ ဒီအပေါ်ထပ်ကို တက်လာတာလေအဖေ ... ဗီရိုပေါ်က ဓါတ်ပုံကြီးထဲက ပြုံးနေတဲ့ အမေ့မျက်နှာလေးကို သမီးလာကြည့်တာ ...”

အဖေက ဓါတ်ပုံကြီးကို သူပါလှည့်ကြည့်ရင်း ...

နှုတ်ခမ်းလေးမဲ့ကာ ပြုံးသွားသည်။

“အဖေ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သမီး ပြောလေ ..."

"ဒီအခန်းသော့ကို သမီးသိမ်းထားမယ်နော်"

"ဟင် ... ဘာဖြစ်လို့လဲ သမီးရဲ့ ..."

"အမေ့ကို သတိရတိုင်း ဒီအခန်းထဲမှာ သမီးတစ်ယောက်တည်း လာငိုချင်လို့"

"ဒီအခန်း ... ဒီအခန်းက ထက်ကိုပေးလိုက်ရမှာလေ သမီးရဲ့ ..."

"ဘာ ... ဘာပြောတယ် အဖေ ..."

ချစ်ခွန်း တအံ့တသြမေးလိုက်စဉ်မှာ မျက်တောင်ခတ်ဖို့ သတိမရ။

"ဒီအခန်းကို ..."

ချစ်ခွန်း နှုတ်ခမ်းလေးတွေ တစ်ဝက်တစ်ပျက်မှာ ပိတ်ကျသည်။

"ဟုတ်တယ် သမီး ... စောစောကပဲ ဒီအခန်းကို ထက်သူဇာ တက်ကြည့်သွားတယ်၊ သူ ဒီအခန်းမှာပဲနေမယ်၊ ဒီအခန်းကိုပဲ သဘောကျတယ်တဲ့ ... အဲဒါ ဒေါ်လုံးတို့အလုပ်သမားတွေကိုခေါ်ပြီး ဒီအခန်းထဲက သမီးမေမေရဲ့ ပစ္စည်းတွေကို ရက်လည်ပြီးတာနဲ့ ရွှေ့ပေးရတော့မှာ ..."

"အဖေရယ် ..."

ချစ်ခွန်း ဘာပြောနိုင်တော့မှာလဲ။

အမေ မှာခဲ့သလို သူတို့ကို ချစ်ခွန်း အရှုံးပေးရတော့မှာပေါ့။

အခန်း ( ၇ )

"တောက် ... ကျွန်တော် စိတ်ပျက်တယ် ဒေါ်လုံးရာ ... စိတ်ဓာတ်လည်းအရမ်းကျတယ်သိလား ... ကျွန်တော် ဒီလောက် တောင်းတောင်းပန်ပန်လေး ပြောထားတာတောင် ဒီသမီးနှစ်ယောက် ဆံပင်တွေလည်းဆွဲ၊ အင်္ကျီတွေလည်းပြဲအောင် ရန်ဖြစ်ကြတယ်ဆိုတာ ကောင်းသလား ... ခင်ဗျား စဉ်းစားကြည့်စမ်း ..."

ဦးတင်လင်းထွန်း တက်ခေါက်အံကြိတ်ရင်း ဒေါ်လုံးကို လှမ်းပြောကာ သမီးချစ်ခွန်းဘက်ကိုလှည့်သည်။ တကယ်တမ်းကျတော့ ဒီအိမ်မှာ ဒါတွေဖြစ်လာတော့မယ်ဆိုတာသိလို့ အားလုံးကို တောင်းပန်ရှင်းပြပြီးတော့ ... ဦးတင်လင်းထွန်း တားဆီးထားခဲ့တာ။

ကံကောင်းတာက ရက်လည်ဆွမ်းကျွေးကို လာတဲ့ဧည့်သည်တွေပြန်သွားတော့မှ ဒီရန်ပွဲက ဖြစ်ခဲ့လို့။

ဦးတင်လင်းထွန်း မျှော်လင့်ခဲ့တာက ဝိုင်းချစ်ဆုံးသွားလို့ စိတ်ထိခိုက်ကြေကွဲခဲ့ကြတာမှန်ပေမယ့် ပြီးတန်တာလည်းပြီး၊ မေ့

ဗိုးလပြည့်စာပေ

www.burmeseclassic.com



တန်တာလည်းမေ့နဲ့ ဒီမိသားစုနှစ်စုလေး ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင် ခရီးဆက်နိုင်ကြဖို့ မျှော်လင့်ခဲ့တာဖြစ်သည်။

သေချာတာက … ချစ်ခွန်းလည်း ကိုယ့်သမီး၊ မုန်းလည်း ကိုယ့်သမီး။ ဒီလိုပဲ ဦးတင်လင်းထွန်း ပြတ်ပြတ်သားသားခံယူခဲ့တာဖြစ်၏။ သို့သော် … သူတို့တွေ ခံယူခဲ့တာက သူ့လိုတော့မဟုတ်။

တစ်ယောက်နဲ့တစ်ယောက် မုန်းနေတာတွေ၊ ကြည့်လို့မရခဲ့တာတွေက နှစ်ယောက်စလုံးရင်ထဲမှာ အုံ့ဖွဲ့စုပေါင်းကာ အရှိန်မြှင့်တက်လာခဲ့ရတာဖြစ်သည်။

တစ်ယောက်က ဒီဘက်မှာရပ်လျှင် တစ်ယောက်က ဟိုဘက်မှာရပ်သည်။ တစ်ယောက်က နောက်ဖေးဝင်သွားလျှင် တစ်ယောက်က အိမ်ရှေ့ပြန်ထွက်သည်။ ကိုယ်ကလည်း နာရေးကိုလာကြသည့်အသိုင်းအဝိုင်းတွေကို ဧည့်ခံနေရတာနဲ့ သူတို့နှစ်ယောက်ဖြစ်နေတာကို မသိချင်ဟန်ပဲဆောင်ခဲ့၏။

ထက်ကိုယ်တိုင်ကလည်း အလုပ်သမားတွေ တရုန်းရုန်းကြားမှာ နာရေးကိစ္စအဝဝကို လစ်ဟင်းမှုမရှိအောင် ဂရုစိုက်ရသူ။ ဈေးပြေးတော့လည်း ထက်၊ ချက်ပြုတ်ဖို့စီစဉ်တော့လည်းထက်၊ အိမ်ဝေယျာဝစ္စတွေအကုန်လုံး ဖတ်ဖတ်မောလက်ပမ်းကျအောင် ထက်က စီစဉ်ခဲ့သူ။

ဒီသမီးနှစ်ယောက် လူကြီးတွေကွယ်ရာမှာ ကြိတ်ပြီး ရန်စောင်နေတာလည်း သတိမထားမိခဲ့ကြ။ ဟော … ပရိတ်တရားတော်တွေလည်းနာ၊ ရက်လည်းဆွမ်းလည်းကပ်၊ ဧည့်ပရိသတ်တွေကိုလည်း ဧည့်ခံကျွေးမွေးနဲ့ အားလုံးပြန် ပတ်စာခွာဖျာသိမ်းပြီဆိုတော့မှ တက်လာတဲ့ ပြဿနာက ကိုယ့်ပါးတွေကိုစပ်ဖျဉ်းဖျဉ်း





ကလေး ဝိတ်ရိုက်ခံလိုက်ရသလို နာကျင်သွားခဲ့ရ၏။

ချစ်ခွန်းနဲ့မုန်း … ခြံအနောက်ဘက်က ရေစည်ကြီးအောက်မှာ ရန်ဖြစ်ကြတာ ဆံပင်တွေဆွဲ၊ အင်္ကျီတွေစုတ်ဖြဲပစ်ကြသတဲ့။ ဒေါ်လုံးက ချစ်ခွန်းကိုဆွဲခေါ်သွားခဲ့သလို ထက်ကလည်း သူ့သမီးထိရမလားဆိုပြီး အခန်းထဲမှာ မျက်ရည်ကျလို့မဆုံး။

“အဟင့် … ထက်သိတယ် သိလားကိုထွန်း … ဘုရားပေါ်မှာစတွေ့ကတည်းက ချစ်ခွန်းက ထက်တို့သားအမိအပေါ်မှာ မုန်းနေတာ၊ ထက်သမီးလေးကိုလည်း မနာလိုစိတ်လေးနဲ့ ရန်ရှာနေတာ မုန်းက မခံနိုင်တော့။ အခုဖြစ်ကုန်ကြပြီပေါ့ ကိုထွန်းရဲ့ … အဟင့် … ဟင့် … ဒီမှာ ကြည့်ပါဦး … ကိုထွန်းရယ် … မုန်းရဲ့လည်ပင်းလေးမှာ အဲဒါ … အဲဒါ ချစ်ခွန်းက လက်သည်းနဲ့ကုတ်လိုက်လို့ သွေးစလေးတွေတောင် ထွက်နေတာလေ …”

ဒဏ်ရာတွေကိုကြည့်ပြီး ဦးတင်လင်းထွန်း စိတ်ပျက်သွားခဲ့၏။

သမီးဆီကို ပြန်လာကြည့်တော့လည်း သမီးက ဒေါ်လုံးတို့နေတဲ့အလုပ်သမားတန်းလျားလေးပေါ်မှာ အင်္ကျီလက်မောင်းလေးတွေလည်း စုတ်ပြဲ၊ နှုတ်ခမ်းလေးလည်းပေါက်။ လက်မောင်းသားဝင်းဝင်းကလေးပေါ်မှာလည်း လက်သည်းကုတ်ခြစ်ရာတွေနဲ့။

ဒါကြောင့်မို့ … တောက်တစ်ချက်ခေါက်ပြီး ဒေါ်လုံးရှေ့မှာ စိတ်ပျက်လက်ပျက် ညည်းညူလိုက်မိတာဖြစ်သည်။

“ကျွန်တော်ပြောတယ် ဒီလိုတွေဖြစ်မှာစိုးလို့ သတိပေးခဲ့တာလည်း အကြိမ်ကြိမ်အခါခါ … ရှယ်တူလေးတွေမို့ ကျွန်တော်ဖြစ်တာ မပြောချင်ပေမယ့် ဒါမျိုးတွေ ဒီအိမ်မှာ ခဏခဏဆယ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေရင် ကျွန်တော် ဘယ်လိုစီးပွားရှာမလဲ … အိမ်ရှေ့မှ နောက်ဖေး မချမ်းသာဆိုတာမျိုးကို ကျွန်တော် လက်မခံနိုင်ဘူး …”

“အဟင့် … အဲဒါ သမီးကစတာ မဟုတ်ဘူးလို့ အဖေ့ကို ဘယ်နှစ်ခါပြောရမလဲ … ကိုယ့်အမေသေတာ တရားနာရေစက်ချတာတောင် သူတို့သားအမိက ထိပ်ဆုံးက … သမီးမှာတော့ အခန်းထောင့် နောက်ဖေးလေးမှာပဲ ထိုင်ခဲ့ရတာ၊ အဖေက ကိုယ့်သမီးလေးဆိုပြီး အားလုံးရဲ့ရှေ့မှာ နေရာပေးခဲ့လို့လား … ဒေါ်ထက်သူဇာကို သမီးအမေလို့ပဲ ခေါ်ခဲ့တာ၊ အဖေလည်း ကြားနေတာပဲ … အဲဒါတောင် … အမေက သမီးကို နောက်ဖေးမှာလူလိုနေတယ်ဆိုပြီး ပန်းကန်တွေဆေးခိုင်းတယ်လေ … အဖေရဲ့ …”

“အို … ဒါ လိုနေလို့ ခိုင်းတာလေ၊ သမီးလုပ်မပေးနိုင်စရာအကြောင်းဘာရှိလဲ … သမီးဘဝမှာ ဘာတွေနစ်နာသွားလဲ၊ သူက သမီးအမေနေရာကို ရောက်နေပြီ၊ သူစီစဉ်တာ သူညွှန်ကြားတာ သူခိုင်းတာ သမီးလုပ်နိုင်သမျှ လုပ်ပေးရမယ် …”

“အဟင့် … သူခိုင်းတာ သမီးကိုနှိမ်ပြီးတော့ ခိုင်းတာလေ”

“ဟူး … ဒုက္ခပါပဲကွာ … ဟား …”

ဒါကို ဦးတင်လင်းထွန်း စိတ်ဓာတ်မကျဘဲ နေပါတော့မလား။

ဝိုင်းနဲ့ပတ်သက်ပြီး ထက်မှာ ခံစားချက်အဟောင်းတွေရှိနေခဲ့တာ သိတာမှန်ပေမယ့် အခုနောက်ပိုင်း … ဘုရားနဲ့တရားနဲ့ ထက်က ခွင့်လွှတ်နေတတ်သူ။ ဝိုင်းဆုံးတော့လည်း ခြံထဲကနေတောင် မပြန်တော့ဘဲ ပြင်ထားတဲ့ ဝိုင်းရဲ့ရုပ်အလောင်းလေး လှသည့်ထက်လှအောင် ပန်းလိုရင်လည်းပန်း၊ ဇာပုဝါလေးလိုတယ်ဆိုလည်း ဇာ





ပုဝါလေး။ ဝိုင်းမျက်နှာလေးကိုလည်း လက်ကိုင်ပုဝါလေးနဲ့သုတ်ပေး။ ကလင်းပတ်လေးလိုရင် သူကိုယ်တိုင် ကရင်းပတ်လေးရိုက်ပေးနဲ့ ရေဝေးကိုပို့တော့တောင် အလှဆုံးအမှတ်တရ လွှမ်းသူပန်းခြင်းကြီးကိုတောင် ထက်က အကောင်းဆုံးပြင်ပေးသွားခဲ့တာ။

ထက်ကို ဘယ်လောက်ကျေးဇူးတင်ဖို့ ကောင်းလဲ။

အကြီးနဲ့အငယ်ရှိတာ ဒီလောကကြီးထဲမှာ မဆန်းပြားတော့တာမှန်ပေမယ့် အငယ်က ဒီလိုတကူးတက အောက်ကျခံလာလုပ်ပေးတယ်ဆိုတာ ထက်အတွက် ဂုဏ်ကျက်သရေ ဘယ်လောက်တက်ခဲ့ရတယ်ထင်သလဲ။

အားလုံးကလည်း ထက်ရဲ့စိတ်ဓာတ်နဲ့ခံယူမှုကို လေးစားအသိအမှတ်ပြုသွားတာ ထက်ရဲ့သဘောထားက မြင့်မြတ်ပြီး အထက်တန်းကျနေလို့။ ဦးတင်လင်းထွန်းကိုယ်တိုင် ထက်ကိုအနားယူဖို့ တိုက်တွန်းရတဲ့အထိ။ ထက်ရဲ့ နာရေးကိစ္စအပေါ် တာဝန်ယူလုပ်ကိုင်ပေးမှုတွေက ချီးကျူးလေးစားဖို့ပင် ကောင်းခဲ့သည်။

သူဆိုလိုတာက လက်ရှိဖြစ်နေတဲ့ ပစ္စလက္ခအခြေအနေတွေထဲမှာ အားလုံးဟာ ထက်ဘဝကို နားလည်ပေးဖို့ပါ။

ထက်ကို စာနာပေးဖို့ပါ။

ဦးတင်လင်းထွန်း ရည်ရွယ်ခဲ့တာက ဒီလောက်ပါပဲ။

ဒါကို … သမီးချစ်ခွန်းနဲ့ ထိပ်တိုက်တိုးခဲ့ရတယ်ဆိုတော့ ဒီလမ်းကို သူတို့အားလုံး ဘယ်လိုဆက်လျှောက်ကြမလဲ။ လေပြင်းမုန်တိုင်းတွေကို လက်ယပ်ခေါ်ပြီး အမိုက်မဲဆုံးနှလုံးသားတွေနဲ့ ဖြတ်သန်းကြမလား။ လေပြေလေညှင်းတွေကို ပွေ့ဖက်ပြီး လရောင်အောက်က ဂီတသံတွေကို နားခံကြမလား။ ဒါ အားလုံးက ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲဖြစ်သည်။

"ဆရာရယ် ... ချစ်ခွန်းလေးကိုမဆူပါနဲ့ ဒေါ်လုံးကြားထဲက တောင်းပန်ပါတယ် ... တကယ်လည်း ပန်းကန်ဆေးတဲ့နေရာမှာ လူလိုသွားတာ ဒေါ်လုံးလည်းသိပါတယ်၊ အမေဆုံးကာစအချိန်ဆို တော့ ချစ်ခွန်းရင်ထဲမှာ သူ့အမေကို တမ်းတပြီးတော့ အားငယ်စိတ် ကလေး ဝင်ချင်ဝင်နေမှာလေ၊ အခု ... သူ့အမေ မရှိတော့မှ နောက် ရောက်လာတဲ့ အမေအသစ်က ပန်းကန်ဆေးခိုင်းတယ်ဆိုတော့ မျက်ရည်လေးပေါက်ပေါက်ကျပြီး ချစ်ခွန်း ဆေးခဲ့တာ ..."

ဒေါ်လုံးရှင်းပြနေတာ ချစ်ခွန်းဘက်ကပါ။

ပြောရရင် ... ချစ်ခွန်းဆိုတာ ဒေါ်လုံးလက်ပေါ်မှာ ကြီးခဲ့ တာ။

"ချစ်ခွန်းလေး ... သွား ... သွား မဆေးနဲ့တော့၊ ချစ်ခွန်း နေရာမှာ မအေးတင်ကိုပဲ ဒေါ်လုံးဆေးခိုင်းမယ်၊ ညှို့သည်တွေ ကြားထဲမှာနေရတာ မျက်စိနောက်ရင် တိုက်အနောက်ဘက်က ရေစင်ကြီးအောက်မှာ ချစ်ခွန်းလေး သွားထိုင်နေနော် ... ထမင်း စားတော့မယ်ဆိုမှ ဒေါ်လုံးလာခေါ်မယ် ..."

ဆိုပြီး ဒေါ်လုံးပြောတော့မှ ရေစင်ကြီးဘက်ကို ချစ်ခွန်း ထွက်သွားတာ။

ဒါကို ... ပန်းကန်မဆေးလို့ဆိုပြီး ချစ်ခွန်းနောက်ကို မကျေ မနပ်နဲ့လိုက်သွားတာ မုန်းမပြေဆိုတဲ့ မျက်မှောင်ကုတ်ကုတ်လေး နဲ့ ကောင်မလေး။

ချစ်ခွန်း ထွက်လာတာလည်း အမေ့ကိုသတိရပြီး ဝမ်းနည်း လို့ထွက်လာတာ။ ဒေါ်ထက်သူ့စကားကြောင့် အသေမဖြောင့်သလို





ဖြစ်သွားရရှာမည့် အမေ့အတွက် တွေးမိတိုင်းလည်း ချစ်ခွန်းရင်ထဲ မှာ အမုန်းတရားခံစားချက်တွေ ပြင်းထန်လာခဲ့သည်။

အမေ မဆုံးခင်က အမေ စိတ်ချမ်းသာအောင် ကတိပေးခဲ့ တာမှန်ပေမယ့် ထိုကတိကို မလိုက်နာနိုင်တော့တာလည်း ထိုသား အမိနှစ်ယောက်ကြောင့်ပဲဖြစ်နေတာ သေချာနေခဲ့၏။

ရပ်နေတော့လည်း ရပ်နေလို့ ပြောသည်။

ထိုင်နေတော့လည်း ထိုင်နေလို့ အပြစ်တင်သည်။

ဟော ... အခု ဘယ်သူ့နဲ့မှ မပတ်သက်ချင်၊ မမြင်ချင်တော့ လို့ ထွက်သွားတော့လည်း ချစ်ခွန်းနောက်ကို လိုက်လာတာ မာရေ ကျောရေ မျက်နှာထားလေးနှင့် မုန်းမပြေ။

"နင် ... ဘာလုပ်တာလဲ ချစ်ခွန်းခ ..."

"ဟာ ... ငါဘာလုပ်လို့လဲ ..."

"မေမေခိုင်းထားတာကို မလုပ်ဘဲ နင်ထွက်သွားတာလေ"

"အေး ... အဲဒါ ငါစိတ်ပါရင်လုပ်မယ်၊ ငါစိတ်မပါရင် မလုပ် ဘူး"

"ဟင် ... ကြည့်စမ်း ..."

ချစ်ခွန်း အပြတ်ပြောတော့ မုန်းမပြေ မျက်မှောင်ကုတ်သွား ၏။

"နင် ... နင် ... ငါ့ကို အဲလို အသံမာမာနဲ့ပြန်မအော်နဲ့နော် ချစ်ခွန်း ... မေမေက ငါ့ကိုလည်း ခိုင်းသလို၊ နင့်ကိုလည်းခိုင်းတယ် လေ ... ဒီအိမ်မှာ မေမေခိုင်းတာမှန်သမျှ ငါတို့နှစ်ယောက်စလုံး အကုန်လုပ်ရတော့မယ်ဆိုတာ နင်နားမလည်ဘူးလား ... နင့်အမေ အသုဘမှာ ငါ့မေမေ ဘယ်လောက်ပင်ပန်းနေတယ်ဆိုတာ နင်သိ



www.burmeseclassic.com

www.burmeseclassic.com



သိကြီးနဲ့ မေမေ့ကို ကလန်ကဆန်လုပ်ပြီး နှင်ထွက်သွားတယ် … အခု မေမေကိုယ်တိုင် ပန်းကန်တွေ ဝင်ဆေးနေပြီလေ … ”

“ဟင် … နင့်အမေကို ဘယ်သူကဆေးခိုင်းလို့လဲ … ”

ဒေါ်လုံးပြောတော့ဖြင့် ဒေါ်အေးတင်ကို ဆေးခိုင်းမယ်ဆို။

အခု ဘာဖြစ်လို့ ဒေါ်ထက်သူဇာက ဝင်ဆေးနေတာလဲ။ အဖေ မမြင်မြင်အောင်လုပ်ပြလို့ကတော့ ဒေါ်ထက်သူဇာက ချစ်ခွန်းကို ချောက်တွန်းချင်လို့ ဖြစ်မှာပဲ။ တော်တော် ဉာဏ်နီဉာဏ်နက်များတဲ့ မိန်းမကြီး။

ဝတ်ထားတာ ရိုးရိုးယဉ်ယဉ်ကလေး ဝတ်ထားသလောက်။

“ဟဲ့ … ဘယ်သူဆေးခိုင်းရမှာလဲ၊ ရက်လည်ဆွမ်းကျွေးကို လာတဲ့ ဧည့်သည်တွေက အရမ်းများနေတော့ ပွဲပြင်ပေးရမယ့် ပန်းကန်တွေက မလောက်တော့ဘူးလေ … အဲဒါနဲ့၊ မနိုင်တော့လို့ မေမေ ဝင်ဆေးတာ၊ နင် … မေမေ့ကို ကလန်ကဆန်လုပ်ပြီး ထွက်သွားလို့ … ”

“ဟွန်း … အဲဒါ နင်ကြိုက်သလိုထင်လေ … ”

“ဒီမှာ … ငါတို့သားအမိနှစ်ယောက် ဒီအိမ်ပေါ်တက်လာတာကို နင်မကျေနပ်လို့ နင့်မျက်နှာစူပုတ်တင်းနေတာ၊ ငါမသိဘူး အောက်မေ့မနေနဲ့ … အေး … ဒီအိမ်ပေါ်ကို အပြီးပြောင်းလာတဲ့ တစ်နေ့ကျမှ မုန်းမပြေအကြောင်းကို ကောင်းကောင်းသိအောင် လုပ်ပြမယ်”

“ငါ ဂရုမစိုက်ဘူး”

လှည့်ထွက်တော့မလို ခြေလှမ်းပြင်လိုက်ပြီးမှ။

နောက်ကြောင်းပြန်လှည့်လာတာ မုန်းမပြေ။





မျက်နှာလေးကိုလည်း တင်းနေအောင် ဖျတ်ခနဲမော့လျှက်။

“နင် … ”

ချစ်ခွန်း နဖူးလေးထိပ်က ဆံပင်ကို ဆောင့်ဆွဲချသည်။

“ဟာ … ”

ရန်ပွဲက အဲဒီကစသည်။

အော်တာဟစ်တာမျိုး လုံးဝမရှိဘဲ သူဆွဲကိုယ်ဆွဲ သူခြစ်ကိုယ်ကုတ်နှင့် တွန်းလား ထိုးလားတွေဖြစ်နေတာ။ ဘယ်သူမှလည်း မသိလိုက်။ မုန်းမပြေက ငိုရင်းလှည့်ထွက်သွားပြီး သူက ဦးအောင်အရင်တိုင်လိုက်တော့မှ စတိုင်သူက မုန်သလိုဖြစ်သွားခဲ့တဲ့ ဇာတ်လမ်း။

ဒါကိုလည်း ဒေါ်လုံးသိနေတော့ စိတ်မကောင်း။

“ဒါကတော့ ဒေါ်လုံးရယ် … ဆုံးတဲ့လူက ဆုံးသွားတဲ့ဟာကို တစ်ကနေပြန်စဖြီး ကျွန်တော်တို့အားလုံး ခံစားနေလို့ရမလား၊ အသက်ဆက်ရှင်ခွင့်ရနေတဲ့ လူတိုင်းအတွက် မနက်ဖြန်ဆိုတာ အရေးကြီးတယ် … မနက်ဖြန်မှာ ငါတို့ဘာလုပ်မလဲဆိုတဲ့ အဆုံးအဖြတ်က မှန်မှ တိကျသေချာတဲ့ အနာဂတ်တစ်ခုကို ကျွန်တော်တို့ ဖန်ဆင်းနိုင်မှာ ဒီစိတ်ဓာတ်နဲ့ ဒီဘဝကိုရောက်တဲ့အထိ လှေကားထောင်ပြီး ကျွန်တော်တက်ခဲ့တယ် … အမြင့်ကိုရောက်အောင် ခုန်နိုင်ဖို့အတွက် အနိမ့်ကို အားယူရတာ သဘာဝပဲ၊ ဒါကို လက်မှိုင်ချ စိတ်ညစ်ခံနေလို့ ဖြစ်မလား … ”

ဦးတင်လင်းထွန်းက စကားတွေကို တတွတ်တွတ်ပြောရင်း ချစ်ခွန်း အခြေအနေလေးကိုပဲ အကဲခတ်သည်။ ကိုယ့်သမီးရဲ့ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



မတင်ရက်ပေမယ့် ဒီလိုပြဿနာဖြစ်တာမျိုးကိုတော့ ခွင့်မလွှတ်ချင်။ ထက်မျက်နှာက ရှိသေးသည်။ ထက်စိတ်ပျက်ပြီပြင်သွားမှာလည်း မလိုလား။

တကယ်တမ်းကျတော့ ကြိတ်သတ်နေရတဲ့ မီးက အရှိန်ပို ပြင်းတတ်တာ ဒေါ်ထက်သူဇာကိုယ်တိုင်က နားလည်ခဲ့တာလေ။

ဝိုင်းချစ်ရင်နှင့် ပတ်သက်ခဲ့သမျှအတိတ်တွေ။

ပြည်ဖုံးကားချဖို့ မဖြစ်နိုင်လောက်အောင် စွဲထင်ခဲ့တဲ့ နာကြည်းမှုတွေ ... ဒါတွေကို ဘယ်လိုမေ့ပျောက်ပစ်ရမလဲ။ ဒါတွေအားလုံးဟာ ရေပေါ်မှာ ရေးခဲ့တာမဟုတ်ဘဲ နှလုံးသားထဲမှာ ထွင်းထုထားခဲ့တာ။

နောက်ဆုံးနေ့မှာ ဝိုင်းဆီကို ထက်သူဇာ ဖုန်းဆက်တော့ တစ်ဖက်က တုန့်ပြန်လာသံက အင်အားတွေ လျော့ရဲကုန်ခမ်းလျှက်။

"နင် ... နင် ... မပြောပါနဲ့ ထက်သူဇာရယ် ... ငါ့သမီးလေးချစ်ခွန်းရဲ့စိတ်ဓာတ်လေးက ငါနဲ့တူတာ နင်လှောင်ပြောင်ရယ်မောနေစရာလား ... လမ်းပေါ်မှာ မသွားတတ် မလာတတ်နဲ့ ငါ့သမီးလေး ပျောက်သွားရင် ငါဘယ်လိုခံစားရမလဲဆိုတာ နင်သားသမီးချင်း ကိုယ်ချင်းစာကြည့်စမ်း ... နင့်သမီးလေးက မျက်နှာလေးမော့ပြီး ကျောင်းကိုပါသွားတဲ့အချိန်မှာ ငါ့သမီးလေးက ကျောပိုးအိတ်လေးလွယ်ပြီး လမ်းပေါ်မှာ လမ်းလျှောက်နေရမလား၊ ငါ့သမီးလေးတစ်လမ်းလုံးကျသွားမယ့် မျက်ရည်စက်တွေကိုသာ တစ်စက်ချင်း ငါပြန်စုကောက်လို့ရမယ်ဆိုရင် နင့်မျက်နှာကို ငါလာပစ်ပေါက်တယ်"





"ဟား ... ဟား ... ဝိုင်းချစ်ရယ် ... ကင်ဆာရောဂါဝေဒနာတွေ ခံစားနေရလို့ နောက်ဆုံးနေ့ကိုရောက်နေတာတောင် ငယ်ငယ်တုန်းကလို မာနတွေကို တံတားခင်းပြီး အတ္တတွေနဲ့နင်းဖြတ်လျှောက်သွားချင်သေးလို့လား ... နင်ရှုံးနေပြီဆိုတာသိရင် ဒီလိုစကားမျိုးတွေ နင်မပြောသင့်တော့ဘူး ... ဆင်ခြင်နော် ဝိုင်းချစ်"

"ဟွန်း ... "

ဖုန်းပြောရင်း ထက်သူဇာ နှုတ်ခမ်းမဲ့လိုက်တာ ပြောစရာစကားတွေ ရင်ထဲမှာ အများကြီးကျန်နေသေးလို့ပါ။

"ဒီမှာ ထက်သူဇာ ... "

"ပြောလေ ဝိုင်းချစ် ... "

"နင်နဲ့ငါနဲ့က အထက်မှာရော တက္ကသိုလ်မှာပါ အတူတူတွဲဆက်လာတဲ့ သူငယ်ချင်းတွေပါ"

"ဟာ ... အဲဒါ ပြောစရာလိုလို့လား"

"ဒီအချိန်မှာ နင့်ကိုလည်း ငါအရှုံးပေးတယ်၊ နင့်ကိုပဲလည်း ပါ တောင်းပန်တယ် ... ငါမရှိတော့လို့ ကိုထွန်းကို နင်ဘယ်လိုပဲ ဆက်ထပ်ယူသွားယူသွား လောကကြီးအလယ်မှာ မျက်နှာငယ်ငယ်လေးနဲ့ကျန်ခဲ့ရမယ့် ငါ့သမီးလေးချစ်ခွန်းကို နင်တို့သားအမိနှစ်ယောက်က အညိုးနဲ့နှိပ်စက်ပြီး အနိုင်ယူနေမှာစိုးလို့ ငါမသေခင် နင့်ရှေ့မှာ ငါလက်နက်ချခဲ့တာ၊ ငါ့သမီးလေးကို နင့်သမီးလေးလိုပဲ သဘောထားပြီး နင်ချစ်ပါ ... ထက်သူဇာ ... "

"ဆောရီးပဲ ဝိုင်းချစ် ... "

"ဟင် ... "

"ရင်ထဲမှာ နှစ်ပင်ပြိုင်ပြီးစိုက်ရတဲ့ သစ်ပင်မျိုးကို ငါတအား



www.burmeseclassic.com

www.burmeseclassic.com



မုန်းတယ်”

“ဘာ … ဘာပြောတယ်ဝိုင်းချစ်၊ ရင်ထဲမှာ … နှစ်ပင်ပြိုင်ပြီး စိုက်ရတဲ့သစ်ပင် ဟုတ်လား … ”

“ငါပြောတာ … ရှင်းရှင်းလေးပဲလေ … ဝိုင်းချစ်ရဲ့ … ချစ်ခွန်းဆိုတာ … ငါ့အမုန်းဆုံးပြိုင်ဘက်တစ်ယောက်ရဲ့သမီး … ငါ့ရှေ့မှာ မျက်တောင်လေးတစ်ချက် လှုပ်လိုက်မယ်ဆိုရင်တောင် … လှုပ်လိုက်တဲ့မျက်တောင်တွေကို … ဆောင့်ကနဲ ဆွဲနှုတ်ပစ်ချင်လောက်အောင် ငါမုန်းတယ် … ”

“ဟင် … ”

“အဆိုးဆုံးက … နင့်သမီးမျက်နှာဟာ … နင့်မျက်နှာလေးနဲ့ ချွတ်စွတ်တူနေတာ … ၊ ငါ့နှလုံးသားထဲက … မီးတောက်တွေကို အရှိန်တက်လာအောင် လေခပ်ပြင်းပြင်းလေးတွေ … တိုက်ပေးနေသလိုပဲ … ဒီမျက်နှာလေးကို … မြင်နေရသရွေ့ ငါ့နှလုံးသားတွေ နာကျင်နေရတော့မယ်ဆိုတာ … သေချာပေါက် လောင်းကြေးထပ်ပြီး … နင့်ကိုငါပြောမယ်၊ နင်သိပါတယ် ဝိုင်းချစ်နော် … ငါတို့ ဆယ်တန်းကျောင်းသူဖြစ်တဲ့နှစ်က … ကျောင်းပေါင်းစုံကြက်တောင်ဖိုလ်လုပွဲမှာ ရှုံးနေတဲ့အခြေအနေမျိုးကနေ … နောက်ဆုံးပွဲမှာ … တစ်မှတ်ပြီး တစ်မှတ်တက်သွားအောင် နင်ရိုက်သွားတာကိုကြည့်ပြီး … သူ့သမီးရှုံးသွားတာကို … အားပေးနေတဲ့ပရိတ်သတ်တွေရဲ့ကြားမှာ … ငါသိပ်ချစ်တဲ့အမေ … နှလုံးသွေးရပ်သွားခဲ့တာ … ငါမေ့နိုင်မယ်ထင်လား … ”

“ထက် … ထက်သူဇာ … ဒါ … ဒါကတော့ … ”

တကယ်လည်း … သူမရဲ့အမေ … ဆုံးခဲ့ပါသည် …





ဒီနာကျည်းမှုဟာ … တက္ကသိုလ်ကို … ရောက်သွားတဲ့အထိ မစဲနိုင်တဲ့မိုးသက်လေပြင်းတွေလို … နှလုံးသားတွေလည်း လဲပြိုခဲ့သည် … ခံစားချက်မျက်ရည်တွေလည်း လျှိုင်းထန်ခဲ့သည် … နောက်ဆုံး … သူမနှင့်တွဲနေသည့် … သူမရဲ့အချစ်ဆုံးကိုထွန်းကို သူ့နှလုံးသားထဲကနေ … ဆွဲထုတ်သိမ်းပိုက်သွားခဲ့ချိန်မှာတော့ … အရှုံးမိဝိုင်း ခံစားခဲ့ရတဲ့အထိ …

ဒါတွေကို ပြန်တွေးတိုင်းလည်း … အမုန်းမီးတွေအရှိန်မြင့်ခဲ့၏ …

“ငါ … ငါတောင်းပန်ပါတယ် ထက်သူဇာ … နောင်ဘဝမှာ နင်နဲ့ငါပြန်တွေ့တော့မှ … သံသရာတကွေ့က … အပြစ်တွေကို … ငါပေးဆပ်ပါရစေ … ငါ့သမီးလေးကိုတော့ … ငါ့သမီးလေးကိုတော့ နင် … နင်”

“တီ … တီ … ”

“ဟဲလို … ဝိုင်းချစ် … နင် … နင် … ဖုန်းမပိတ်ပစ်နဲ့နော် … ”

“ဟဲလို … ဝိုင်းချစ် … ဟဲလို … ”

ပြောရရင် … ဒါတွေက … ဝိုင်းချစ်မဆုံးခင် … နောက်ဆုံးပြောသွားခဲ့သည့် စကားလေးတွေပဲဖြစ်ခဲ့သည်။

ခုတော့ … တရှုံ့ရှုံ့လေး ငိုနေတဲ့ကိုယ့်သမီးလေးမုန်းက … ကိုယ့်ရှေ့မှာ … ။

နေရာက … ကြက်တောင်ကွင်းဘေးက … အမိုးပြာဝိုင်းကလေးရဲ့အောက်မှာပေါ့။

“မုန်း … သမီးကို … မေမေပြောနေတယ်နော် … ဒီပွဲဟာ … မေမေ့သမီးရှုံးသွားတဲ့ပွဲမဟုတ်ဘူး မော့ကြည့်စမ်း … မေမေ့ကိုမော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မစ်း … ဦးဦးဖေဖေကိုချစ်ပေမယ့် … ဒီကောင်မလေးကိုတော့ မေမေ့သမီးလေးက … မုန်းတယ်မဟုတ်လား … ”

“မုန်းတယ်မေမေ … မုန်းတာမှ … အရမ်းမုန်းတယ် … ”

“အဟင့် … ”

“အေး … မုန်းရင် … ဘယ်တော့မှ … မျက်ရည်မကျစေနဲ့”

ဒေါ်ထက်သူဇာအသံက … ခပ်တင်းတင်းနှင့် ခပ်ပြတ်ပြတ်လေးပဲဖြစ်သည်။

“မေမေပြောတာ … သမီးလေးမုန်း သဘောပေါက်တယ်နော် … မျက်ရည်ဆိုတာ … အရှုံးရဲ့သင်္ကေတ … တကယ်အရေးကြီးတာက … သမီးရင်ထဲမှာ ဘယ်လောက်ပဲမုန်းမုန်း … သမီးမုန်းနေတာကို … ဦးဦးဖေဖေ ဘယ်တော့မှမသိစေနဲ့ … သမီး … ဦးဦးဖေဖေရှေ့မှာ ဟန်ဆောင်ရမယ် … အပြုံးချိုချိုလေးပေးပြီး … ဒီကောင်မလေးနဲ့ပြိုင်နိုင်အောင် ကြိုးစားရမယ် … မေမေ့လက်ထက်မှာ ရှုံးခဲ့သမျှအရှုံးတွေကို … မေမေ့သမီးလေး … အနိုင်ပြန်ရအောင်လုပ်ရမယ် … ကဲ … ပြောရင်းဆိုရင်း ဒီဘက်ကို … ဦးဦးဖေဖေလျှောက်လာနေပြီ … ပြုံးပြီးတော့ … ဦးဦးဖေဖေရဲ့လက်မောင်းလေးကို … ပြေးချိတ်လိုက် … ”

အဆိပ်ပြင်းတဲ့မာယာဆိုတာ …
နှုတ်ခမ်းလေးတွေပေါ်မှာ … ရှိတတ်သလား …
ညိုးဖွဲ့လောင်တတ်တဲ့မီးကရော …
ဘယ်နေရာမှာ … ရှိနေမယ်ထင်သလဲ …

အခန်း ( ၈ )

“တွန်းပါ … မေမေရ … တွန်း … တွန်း … မြန်မြန်တွန်း”

“သား … လမ်းကလေး … မင်းဘာဖြစ်နေတာလဲ … ဒီနေ့မှ … ကျောင်းသွားရမယ့် ဘတ်စ်ကားဂိတ်နေရာလေးကို … မင်းဘာလို့မြန်မြန်ရောက်ချင်နေရတာလဲ … ”

သားလမ်းကလေးရဲ့မျက်နှာလေး … ရွှင်ပြုံးကြည်မွေ့နေတာလေးကို … မြင်လိုက်ရကတည်းက … သားမှာထူးခြားမှုလေးတစ်ခုရှိနေပြီဆိုတာ … ဒေါ်စံပယ်ငုံ မသိဘဲနေပါ့မလား …

ဒီနေ့မနက် မိုးလင်းလို့အိပ်ရာထပြီဆိုကတည်းက … ရေခဲမုန့်လှည်းကလေးကို … ထပြီးသန့်ရှင်းသပ်ရပ်သွားအောင် … ရေတွေဆေးလို့ဆေး … ဆပ်ပြာရည်အမှုန့်နဲ့လောင်းထည့်ကာ … အဝတ်စုတ်ကလေးနဲ့လည်း … တိုက်လို့တိုက်လုပ်နေတာ … သီချင်းတအေးအေးလေးနဲ့ …

ပြီးတော့လည်း ရေချိုးခေါင်းဖြီး …
ကျောင်းသွားဖို့ လွယ်အိတ်ကလေးပြင်နဲ့ …



www.burmeseclassic.com

www.burmeseclassic.com



တစ်မနက်လုံး သားလမ်းကလေးသွတ်နေတာ … ဒီနေ့မှ ဆန်းဆန်းပြားပြားလေး ပြင်နေတယ်ဟုပင် … ဒေါ်စပယ်ငုံ … တွေးထင်မိ၏။

မအေကိုလည်း … မြန်မြန်ပြင်ဖို့ … တစ်ချိန်လုံးအော်လို့အော် ပြီးတော့လည်း မအေကို … သနပ်ခါးသွေးပေးလို့ သွေးပေးနဲ့ … ဒီနေ့မှ သားကလေး ဒီလိုသွတ်နေတာ … ဒေါ်စပယ်ငုံ စဉ်းစားလို့ တောင်မရ …

ဟော … အခုလည်း … ရေခဲမုန့်လုည်းကလေးကို တွန်းနေတာ … နေးလို့တဲ့ … သူ့ကိုကြည့်လိုက်တော့လည်း … ကျောင်းလွယ်အိတ်ကလေးကို စလွယ်သိုင်းလို့။

အသက်ကလေးက … ဆယ်ငါးနှစ်သားအရွယ်လေးပေမယ့် အသားကျစ်ကျစ်ကလေးနှင့် … ဘာလုပ်လုပ်ဘာပြောပြော မာမာတင်းတင်းလေး လုပ်တတ်ပြောတတ်သည့် … အကျင့်လေးက … သားကလေးဆီမှာ ရှိနေတာ … ဒေါ်စပယ်ငုံကလည်း သိနေသည်။

"ဟာ … သား ဘတ်စ်ကားဂိတ်ကို မြန်မြန်ရောက်ချင်လို့ အခု သားနဲ့ခင်သွားတဲ့ … ကျောင်းကသူငယ်ချင်း ကောင်မလေး တစ်ယောက်ကို … ပြချင်လို့ပေါ့မေမေရ … ဟွန်း … အဲဒီကောင်မလေးကို မေမေတွေ့ရင် … မျက်လုံးတွေတောင် ပြူးသွားဦးမယ်"

"အိုး … ကြည့်စမ်း … ဒါကြောင့်မို့ … မင်း … "

သားလမ်းကလေးရဲ့ မျက်နှာလေးကိုကြည့်တော့ … အခုမှ ဒေါ်စပယ်ငုံပြုံးမိသွားသည်။ တကယ်ပါပဲ … သူ့သူငယ်ချင်းကောင်မလေးကိုပြချင်တာနဲ့ပဲ … ကိုယ်က … အဲဒီဘတ်စ်ကားဂိတ်လေးမှာ





ရေခဲမုန့်ရောင်းရမယ့်အဖြစ် …

ဒါပေါ့လေ …

ရပ်ကွက်ထဲမှာ … ဘယ်သူနဲ့မဆို … ဂျစ်တစ်တစ်လေးပြော ပြီး … မာမာထန်ထန်မျက်နှာလေးနဲ့ နေတတ်တဲ့သားကလေးက … ဘယ်ကောင်မလေးကိုမှ … ခင်တွယ်တတ်တာမှ မဟုတ်ခဲ့တာပဲ … အခု … ဒီကောင်မလေးနဲ့ကျမှ … သားကဘာလို့ စိတ်ပြောင်းသွားရ တာလဲ …

အင်းပေါ့လေ …

သားကလေးက ပြမယ်ဆိုတော့လည်း … ဒေါ်စပယ်ငုံကြည့် ရသေးတာပေါ့ … သားက ခင်တယ်ဆိုတော့လည်း … ကိုယ်က … ကိုယ့်သမီးလေးတစ်ယောက်လိုပဲ သဘောထားရတော့မှာပေါ့ … ဒါနဲ့ပဲ … ရေခဲမုန့်လှည်းကလေးကို … သားအမိနှစ်ယောက် … ခပ်သွက်သွက်လေး တွန်းလိုက်တော့ … သိပ်မကြာခင်မှာပဲ … ရပ်ကွက်လမ်းမကြီးထိပ်က … ဘတ်စ်ကားဂိတ်လေးကို ရောက် သွားသည် …

"ဟင် … ဘယ်မှာလဲ … သား သူငယ်ချင်းကိုပြမယ်ဆို…"

"နေပါဦးမေမေရ … သူနဲ့သား ဒီကားဂိတ်လေးမှာ သေသေ ချာချာချိန်းထားတာ … မလာသေးဘူးနဲ့တူတယ် … "

လမ်းက… မျက်လုံးလေးဝေ့ကာ၊ ဟိုကြည့်ဒီကြည့်လေးလုပ် နေ၏။

ရေခဲမုန့်လှည်းကလေးကို … ဘတ်စ်ကားဂိတ်နားက … ကုက္ကိုပင်အရိပ်အောက်မှာရပ်ပြီး လမ်းကဇာာမငြိမ် …



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … လာပြီ … မေမေ … ဟိုမှာ … ဟိုမှာ … ကျောင်းစိမ်းဝတ်စုံလေးဝတ်ပြီး … ကျစ်ဆံမြီးနှစ်ခွလေးချထားတဲ့ ကောင်မလေး … "

"အို… သားလေးရယ် … ကလေးမလေးက… ချစ်ဖို့ကောင်းလိုက်တာ … "

'အဲဒါ … အဲဒါ … သူ့အဖေက … ပိုက်ဆံအရမ်းချမ်းသာပေမယ့် … အိမ်က … လိုက်ပို့တဲ့ကားကို မစီးဘဲ … ဘတ်စ်ကားနဲ့ ကျောင်းတက်နေတာအမေ… မာနကလည်း တအားကြီးတယ် … "

"အမယ်လေးသားရယ် … ဒီလောက်သဘောကောင်းတဲ့ မျက်နှာလေးက … မာနကြီးပါ့မလား … အခုတောင် … အဝေးကနေ … သားကိုပြုံးပြနေတယ် … ကြည့်စမ်း … နှစ်ခွကျစ်ဆံမြီးလေးနဲ့ … တကယ်ကျက်သရေရှိလိုက်တာ … သားလေးရယ်"

သားသူငယ်ချင်းကောင်မလေးကို … ကြည့်ပြီး ဒေါ်စံပယ်ငုံ သဘောကျလို့မဆုံး။ အဖြူအစိမ်းကျောင်းဝတ်စုံလေးနဲ့ ရိုးရိုးယဉ်ယဉ်ကလေး။ ဘတ်စ်ကားဂိတ်ဘက်ကို … လမ်းလျှောက်လာနေတာလည်း … တကယ့်ကို … တည်တည်ငြိမ်ငြိမ်ကလေး … ချမ်းသာတယ်ပြောပေမယ့် … ကတ္တီပါဖိနပ်အနီရောင်လေးကိုပဲ … ကလေးမလေးက … စီးထားတာလေ …

"ဟာ … ချစ်ခွန်းခ … နင်လမ်းလျှောက်တာ … ဘယ်လိုလျှောက်နေတာလဲ … မြန်မြန်လာလေ … ဒီမှာ ငါ့မေမေနဲ့နင့်ကို မိတ်ဆက်ပေးမလို့ … "

အံ့မယ် … အံ့မယ် …





သားက … ကောင်မလေးကိုဆက်ဆံတာ … မာရေကျောရေလေးနဲ့ပါလား။ ဟင်း ကြည့်ပါဦး … ကြည့်ပါဦး … ဂျစ်တစ်တစ်မျက်နှာထားလေးနဲ့ … ခါးကလေးကိုပါသားက ထောက်လိုက်သေး …

"ဟာ … လာနေတာပဲ လမ်းရဲ့ ချစ်ခွန်းမှ … လမ်းမြန်မြန်မလျှောက်တတ်တဲ့ဟာကို … ဟွန်း … "

ကြည့်စမ်း …

နှုတ်ခမ်းလေးမဲ့ပြီး ပြုံးလိုက်တာတောင် … တကယ်ချစ်ဖို့ကောင်းတဲ့ကလေးမလေးပါလား … ကြည့်နေတာ … သားကို… တကယ် ခင်တွယ်နေတဲ့ပုံစံလေးပဲ… သဘောကျတယ် … သဘောကျတယ် … ဒီလိုပုံစံမျိုးလေးနဲ့ကောင်မလေးက သားကိုခင်တာ ဝမ်းသာမိပေမယ့် … ကိုယ့်သား … ခရောင်းလမ်းရဲ့စရိုက်လေးက နာမည်နဲ့လိုက်အောင် … ကြမ်းတမ်းနေတာ … ဘယ်လိုလုပ်မလဲ"

"ဒါ … ငါ့အမေလေ … ချစ်ခွန်းခ … "

ဒေါ်စံပယ်ငုံရှေ့မှာ … မျက်နှာချင်းဆိုင်လေးရပ်မိတော့ … သားကမိတ်ဆက်ပေးပါသည်။

"ဟုတ် … အန်တီ … သမီးက … ချစ်ခွန်းခပါ … "

"ကြည့်ပါဦး … နာမည်လေးကလည်း … လှလိုက်တဲ့နာမည်လေး … ဟင်း … ဟင်း … အန်တီ့ကိုလည်းမှတ်ထားနော် … "

"ဟုတ် … အန်တီ … သမီးမှတ်ထားပါ့မယ် … "

အမယ်လေးကွယ် … အနီးကပ်လေးကြည့်လိုက်တော့မှ … မျက်တောင်လေးတွေကပါ အဖျားလေးညွတ်ပြီး စင်းကော့နေလိုက်တာ … ပါးပြင်လေးမှာလည်း … သနပ်ခါးပါးပါးလေးနှစ်ကွက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အသားလေးက ဝင်းနှစ်နေသလို ... ခြေချောင်းလက်ချောင်းလေးတွေ ရှင်းသန့်နေတာလည်း ... ကြွေရုပ်ကလေးကို ပန်းချီရေးချယ်ထားတဲ့အတိုင်း ...

တစ်ခုပဲ ... ဒေါ်စံပယ်ငုံ အံ့ဩနေတာ ... မိန်းကလေးဆိုရင် ဘယ်မိန်းကလေးကိုမှ ... အရောဝင်ပေါင်းသင်းဖို့ ဝါသနာမပါနဲ့တဲ့သား ... ခရောင်းလမ်းက ... ဒီချစ်ခွန်းခဆိုတဲ့ ကောင်မလေးနဲ့ကျမှ ... ပတ်သက်ဖို့ ... ဘာကြောင့်များ ... ဆုံးဖြတ်ခဲ့ရတာလဲ ...

သားပြောတော့ ဒီကောင်မလေးရဲ့အဖေက ... ပိုက်ဆံတွေချမ်းသာသလောက် မိန်းမကလည်း အရမ်းမွေးရှုပ်တတ်တယ်ဆို။ ဟိုတလောကတောင် သူ့အဖေနဲ့လမ်းမှာတွေ့ပြီး ပြဿနာတတ်ခဲ့ရတယ်ဆိုလား။ အဲဒီနေ့က သားပြောခဲ့တာက ...

"ဟွန်း ... အရမ်းမုန်းဖို့ကောင်းတဲ့လူကြီး ... သားတို့ရပ်ကွက်က ကလေးတစ်ယောက်အမေ ဟိုအန်တီကြီးကို အိမ်ငှားပေးထားပြီး ... သမီးနဲ့မိန်းမကွယ်ရာမှာ ထွက်ပျော်နေတာ။ ဒီလူကြီး ဘာလဲဆိုတာလည်း သားသိတယ် ... "

"ဘယ်က လူကြီးလဲ ... "

"ဟာ ... အဲဒါတော့ မေမေ မသိချင်နဲ့ဦးလေ ... တစ်နေ့ကျမှ ဒီလူကြီးဘာလဲဆိုတာ သားပြောပြမယ် ... အခု သားနဲ့ခင်လာတာ သူ့သမီးနဲ့ခင်လာတာ၊ ဒါကိုပဲ အဲဒီလူကြီးက သားကို ထိုးမလေး ကြိတ်မလေးနဲ့၊ သားက မခံချင်စိတ်လေးနဲ့ပြန်ပြောတော့ သားက ရိုင်းသလိုဖြစ်သွားရော၊ ဟွန်း ... တစ်နေ့ကျမှ သားအကြောင်းကို အဲဒီလူကြီး ကောင်းကောင်းသိစေရမယ်၊ ဒီလူကြီးနဲ့ သားတစ်နေ့ တွေ့မယ် ... "





သားက မခံချင်စိတ်လေးနှင့် နာနာကြည်းကြည်းလေးပြောခဲ့တာကိုတော့ ဒေါ်စံပယ်ငုံ နားထဲကမထွက်။ ဟော ... သူ့သမီးလေးနဲ့ခင်တယ်ဆိုပြန်တော့လည်း ကောင်မလေးကို သားဆက်ဆံနေတာ နိုင်လိုမင်းထက်လေး။

အခုပဲ ကြည့်လေ ...

ဘတ်စ်ကားဂိတ်မှာ အဲလ်ကွန်းဘတ်စ်ကားကြီးရပ်လာတော့ ကောင်မလေးလက်ကို ဆောင့်ခနဲ ဆွဲချတက်သွားလိုက်တာ ကားပေါ်က ပြုတ်မကျသွားတာပဲ ကံကောင်း။

ဒီကောင် ဘယ်လိုကောင်လဲ။

ဟွန်း ... ဘယ်သူတွေဘာထင်ထင် ခရောင်းလမ်းဆိုတဲ့ကောင်က ဂရုစိုက်မယ်ထင်နေသလား။ ခရောင်းလမ်း မက်ချင်နေတဲ့ အိပ်မက်လေးတစ်ခုကိုမက်ရဖို့ သိကြားနဲ့အသူရာ နတ်မင်းကြီးတွေက ခရောင်းလမ်းလက်ထဲရောက်အောင် ဒီကောင်မလေးကိုပို့လိုက်တာ။ အရေးကြီးတာ ခရောင်းလမ်းဖြစ်ချင်တာ ဖြစ်ခွင့်ရဖို့ပဲ။ သားက ခရီးသည်တွေကြပ်သိပ်နေတာမို့ ဘရိတ်အုပ်လိုက်တိုင်း ဘတ်စ်ကား မစီးဘူးသည့် ချစ်ခွန်းအတွက်ကတော့ ဟိုထိုးဒီယိုင်ကလေးနှင့်။ လူတွေအလည်မှာ ကောင်းကောင်းလည်း မတ်တတ်ရပ်လို့မရ။

ခရီးသည်တွေက ၄ကျောင်းစိမ်းဝတ်စုံကလေးနှင့် ချစ်ခွန်းပုံစံလေးကို စိတ်ဝင်တစား စပ်စုသလို ကြည့်နေတာကိုလည်း ချစ်ခွန်းသတိမထားမိ။ ကားပေါ်အတက်မှာ လမ်းက ချစ်ခွန်းကို ခပ်ကြမ်းကြမ်းဆွဲတက်ခဲ့သလောက် ကားပေါ်ရောက်တော့ လမ်းက သူ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်သလို မျက်နှာလေး ဟိုဘက်လှည့်ထားတာလည်း ချစ်ခွန်းနားမလည်။

ချစ်ခွန်း မစီးတတ်စီးတတ်နှင့် အဲလ်ကွန်းဘတ်စ်ကားကို စီးလာခဲ့ရသဖြင့် လူတွေကြားထဲမှာ ညပ်ပြီးတော့ ပါပါသွားတတ်သည့် ကျစ်ဆံမြီးရှည်ရှည်လေးကို သိမ်းရတာရော လဲကျမသွားအောင် ကိုင်ထားရသည့် အမိုးတန်းကိုင်းကိုလွတ်၍ ပခုံးစောင်းလေးကနေ ပြုတ်ပြုတ်ကျချင်သွားရသည့် ကျောင်းကျောပိုးကြိုးကလေးကို ပြန်ပြန်ဆွဲတင်ရတာရော ချစ်ခွန်းတစ်ယောက်တည်း ချွေးစက်ကလေးတွေ နဖူးပြင်လေးမှာ စို့လာရတဲ့အထိဖြစ်နေတာလည်း လမ်း သိပုံမရ။

ဒါနဲ့ပဲ ... လမ်းအနားရောက်အောင် ချစ်ခွန်းတိုးသွားတော့။

"ဟာ ... ချစ်ခွန်း ... နင် ဟိုဘက်မှာစီးလေ၊ ဒီဘက်ကို ဘာလို့လာတာလဲ"

"ချစ်ခွန်း ... ချစ်ခွန်း မစီးတတ်လို့ပေါ့ လမ်းရဲ့ ... "

လမ်းကို ချစ်ခွန်းကြည့်လိုက်တာ အသနားခံနေတဲ့မျက်ဝန်းကလေးနှင့်။ လမ်း စိတ်တိုတတ်တာ ချစ်ခွန်းသိပေမယ့် ဘာတတ်နိုင်မှာလဲ။

"ဟွန်း ... ဘယ်စီးတတ်မလဲ၊ နင်က သူဌေးသမီးဆိုတော့"

လူကြားထဲမှာမို့ လမ်းကြိတ်ပြောလိုက်တာမှန်ပေမယ့် နှုတ်ခမ်းလေးမဲ့ပြီး အထင်သေးသလို ပြောလိုက်တာကိုတော့ ချစ်ခွန်း ဝမ်းနည်းသွားသည်။

လမ်းရယ် ...





ချစ်ခွန်းလေ ... မုန်းမပြေတို့သားအမိတွေနဲ့ မပတ်သက်ချင်လို့ ကျောင်းသွားကျောင်းပြန် ဒီအဲလ်ကွန်းဘတ်စ်ကားကြီးတွေစီးဖို့ ချစ်ခွန်း အဖေ့ကိုပါ အတိုက်အခံလုပ်ခဲ့ရတာပါ။

"ရတယ် ... ရတယ် ... နင်ဒီလောက် ခေါင်းမာနေတာ၊ အိမ်က ဒရိုင်ဘာကိုကျောင်းနိုင် လိုက်ပို့တဲ့ကားကို နင် ဒီနေ့ကစပြီး မစီးနဲ့တော့ ချစ်ခွန်း ... လူဆိုတာ အထိနာမှ အဘိဓမ္မာသိသတဲ့၊ ငါလည်း ဦးနှောက်စားတယ် ... အိမ်တွင်းရေးပြဿနာတွေ ဖြေရှင်းနေရတာ စီးပွားပျက်တယ်၊ လေလံဆွဲတော့လည်း ဆွဲတဲ့လေလံက ဈေးမြင့်၊ လက်ထဲရောက်လို့ချရောင်းတော့ အရင်းတစ်ဝက်ရှုံးနဲ့၊ ရှယ်ယာဝင်ထည့်တော့လည်း ကိုယ့်ရှယ်ယာပိုက်ပြီး ထွက်ပြေးတဲ့လူကပြေးနဲ့ ... ဒီလောက် လုပ်သမျှရှုံးလို့ ကိုယ့်အဖေ ပျာယာခတ်နေပါတယ်ဆိုမှ သခွတ်ပင်က မီးတကျည်ကျည်လုပ်နေကြတယ်၊ ပြောတော့ဘူး ... ဒီနေ့ကစပြီး ကိုယ်လုပ်ချင်တာကိုယ်လုပ်ကြ၊ ကိုယ်ရေးတဲ့သမိုင်း မကောင်းရင် ကိုယ်တရားခံပဲ ... "

အဖေပြောတော့လည်း ချစ်ခွန်း ခေါင်းမာခဲ့သည်။

"သမီးချစ်ခွန်း ... ကားဂိတ်ကိုလမ်းလျှောက်သွားရင် လက်ဖောင်းလေးအတိုင်း လျှောက်သွားနော် ... ဘယ်သူ့ကိုမှလည်း စကားမပြောနဲ့၊ ဘယ်သူ့ကိုမှလည်း မကြည့်နဲ့ ... "

ဒေါ်လုံးစိတ်မချဖြစ်နေတာ မျက်နှာလေးပါပျက်လို့။

"သမီးလေးရယ် ... ဗိုင်းချစ်ဆိုးသွားလို့ ဒီပြဿနာတွေဖြစ်လာရတာ၊ ဒေါ်လုံး စိတ်မကောင်းလိုက်တာ၊ ဆရာကလည်း မဖက်လိုက်ပြီး မိုက်ဖက်ပါလွန်းတယ် ... သမီးလေးချစ်ခွန်း အရွယ်လေးနဲ့ မမျှအောင်ခံစားနေရတာလည်း ဒေါ်လုံးနားလည်တယ်၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



လေး အားမငယ်နဲ့ ... မျက်ရည်လေးတွေလည်း ဝဲမနေနဲ့ ... သုတ် သုတ် ... သမီးလေးမျက်ရည်လေးတွေကို သုတ်လိုက် ... ”

အိမ်မှာ ဒါတွေဖြစ်နေတော့ လမ်းသိလို့လား။

မုန်းမပြေနဲ့ ပြဿနာဖြစ်နေရတာ ကျောင်းသွားတော့လည်း ကျောင်းမှာ၊ လမ်းသွားတော့လည်း လမ်းမှာ၊ အိမ်ထဲမှာ ခြံထဲမှာ မျက်နှာချင်းမဆိုင်မိအောင် ကြိုးစားတော့လည်း ကြိုးစားလို့မရ။ အပေါ်ထပ်မှာ မဆုံချင်တော့လို့ ချစ်ခွန်းအောက်ထပ်ကို ပြောင်းတော့လည်း အောက်ထပ်ဧည့်ခန်းမှာ ကိုရီးယားဇာတ်လမ်းတွဲတွေ အသံကျယ်ကြီးဖွင့်ပြီး ထိုင်ကြည့်နေတာ တစ်နေကုန်မထ။ ခြံထဲသွားတော့လည်း မျက်နှာပြောင်တိုက်ပြီး ဒါန်းပုခက်လေးကို လုစီးတာလည်း ပြဿနာဖြစ်တော့ ချစ်ခွန်းပဲ အမှားဖြစ်ခံရသည်။

ကဲ ... ခုတော့ ဘာဖြစ်သေးလဲ ...

ချစ်ခွန်းကို အရွဲ့တိုက်ပြီး ချစ်ခွန်းစီးတဲ့အဲလ်ကွန်းဘတ်စ်ကားကြီးကို လိုက်စီးချင်စီးဦးလေ။ ဒါကျတော့ နင်လိုက်မပြိုင်တော့ဘူးမို့လား။ ဦးလေးကျော် မောင်းပို့ပေးတဲ့ ကားပေါ်မှာ အမေနဲ့ သမီးပါသွားတာ မျက်နှာထားလေးတွေက ဝင့်လို့။

“ချစ်ခွန်း ဆင်းမယ်လေ ... ”

“ဟင် ... ”

“ဟာ ... ဆင်းမယ်လို့ ဒီလောက်အော်နေတာ နင်မကြားဘူးလား”

လမ်း အကျယ်ကြီးအော်တော့မှ ဆင်းရမယ့်မှတ်တိုင်နေရာကို ရောက်နေမှန်း ချစ်ခွန်း သတိရသည်။

“လမ်းရယ် ... ချစ်ခွန်း ရှက်တယ်၊ အကျယ်ကြီးမအော်နဲ့





နော်”

ကားအောက်ကိုအရောက်မှာ လမ်းကို ချစ်ခွန်းတောင်းပန်ရသည်။

ဟင် ... ချစ်ခွန်း ဒီလိုတောင်းပန်တော့လည်း လမ်းနှုတ်ခမ်းလေးက မဲ့လို့ပါလား။

“ဒီမှာ ... ငါ့ဘဝမှာ ဘယ်ကောင်မလေးကိုမှ နင့်လောက်ပတ်သက်ခဲ့တာမရှိဘူး၊ မိန်းကလေးတစ်ယောက်ကို စိတ်ရှည်ရှည်နဲ့ ဆက်ဆံရမယ်ဆိုတာ ငါလုံးဝ မစဉ်းစားထားတဲ့အရာ၊ အေး ... တစ်ခုတော့ နင့်ကိုငါ လုံးဝအပြတ်ပြောထားမယ်၊ ငါ ရိုင်းတာကို သည်းမခံနိုင်ရင် နင်ငါ့ကိုလာမနွယ်နဲ့၊ ငါ့နာမည် ခရောင်းလမ်း ... အဖေနဲ့ အမေ နေမကောင်းရင် လမ်းပေါ်မှာ လှည်းတွန်းပြီးရေခဲမုန့်ရောင်းတယ်၊ ရန်ပွဲတွေ ရိုက်ပွဲတွေဖြစ်ချင်လည်းဖြစ်တယ်၊ အခြေအနေကောင်းရင် ကျောင်းပြေးတက်တယ် ... ဒါပဲ ... ”

လမ်းပြောရင်း နှုတ်ခမ်းလေးကို ထပ်မဲ့သည်။

“လမ်းရယ် ... လမ်းဆိုးတာကို သည်းခံနိုင်လို့ ချစ်ခွန်းပေါင်းနေတာလေ လမ်းရဲ့ ... ချစ်ခွန်းမှာ အစ်ကိုတွေ မောင်တွေမရှိခဲ့လို့ ချစ်ခွန်း လမ်းကိုခင်ခဲ့တာပါ။ ချစ်ခွန်းကို လမ်းတကယ်ဆိုရင် လူတွေအများကြီးကြားထဲမှာ မအော်ပါနဲ့ ... ချစ်ခွန်း ... ချစ်ခွန်း အရမ်းရှက်လို့ပါနော် ... လမ်း ... ”

ချစ်ခွန်းကို မစောင့်ဘဲရှေ့က သွားနေသည့် လူဆိုးလေးလမ်းနောက်ကို ကျစ်ဆံမြီးလေး တယမ်းယမ်းဖြင့် ချစ်ခွန်းက အပြေးသလေးလိုက်ရင်း လမ်းကိုချော့ရသည်။ လမ်းနှင့်ပခုံးချင်းအတူယှဉ်



www.burmeseclassic.com

www.burmeseclassic.com



ကာ လျှောက်ခွင့်ရနေသည့် အဖြစ်ကိုလည်း ချစ်ခွန်း ကျေနပ်နေမိ၏။

ပြီးတော့ ... လမ်းကိုလည်း ချစ်ခွန်း အားကိုးမိသည်။

အဖေက သူလက်မခံနိုင်လို့ မပေါင်းစေချင်ခဲ့တာမှန်ပေမယ့် အဖေကလည်း ချစ်ခွန်းမကြိုက်တာကို အတင်းဖန်တီးယူပစ်ခဲ့တာလေ။ ချစ်ခွန်း အဖေ့ကို မကျေနပ်သည့်စိတ်ဖြင့် လမ်းကို ပေါင်းခဲ့တာတော့မဟုတ်။

မဟုတ်မခံစိတ်ကလေးဖြင့် မာမာကြောကြောလေး ပြောတတ်သည့်လမ်းကို ချစ်ခွန်းစိတ်ထဲက ဘာရယ်မဟုတ်ဘဲ ခင်တွယ်သွားခဲ့တာဖြစ်သည်။

"ကဲ ... ကျောင်းရှေ့လည်းရောက်နေပြီ ချစ်ခွန်း ... နင်သွားတော့ ..."

"ဟင် ... လမ်းက ဒီမှာနေခဲ့ဦးမလို့လား"

"ဟိုမှာတွေ့လား ... ကွမ်းယာဆိုင်ထောင့်မှာ ငါ့ကိုစောင့်နေတဲ့ သူငယ်ချင်းတွေ ... သူတို့နဲ့ငါ ခဏနေရဦးမှာ"

"လမ်း ... နင်ကျောင်းမပြေးနဲ့နော်၊ ညနေကျောင်းဆင်းရင် ချစ်ခွန်းတစ်ယောက်တည်း မပြန်တတ်ဘူးနော်"

ချစ်ခွန်း လှည့်ကြည့်ကာ လမ်းကိုမှာရသည်။

သူမလေး ကျောင်းထဲဝင်သွားပြီဆိုတော့မှ သူငယ်ချင်းတွေရှိရာဘက်ကို ခရောင်းလမ်း တစ်ယောက်တည်းလျှောက်ခဲ့သည်။

မွန်ကြီးနှင့်ငြိမ်းချမ်းက ပြုံးစစလေးကြည့်ကာ ...

"ဟေ့ကောင် ... မင်းတို့နှစ်ယောက်က တယ်ဟုတ်နေပါ





လား"

"ချစ်ခွန်းက မင်းကိုအရမ်းခင်နေပြီ သိလားဟေ့ကောင်"

"အလကားပါကွာ"

ခရောင်းလမ်း စိတ်မပါသလိုပြောတာကို မွန်ကြီးမကျေနပ်။

"ဟာ ... ဟေ့ကောင် ... ချစ်ခွန်းခင်တာကို ဂရုမစိုက်သလို မင်းမလုပ်နဲ့လေ၊ ကျောင်းမှာ ချစ်ခွန်း ဘယ်သူနဲ့ဒီလိုအရောတဝင်နေဖူးလို့လဲ"

မွန်ကြီးပြောတာကို ငြိမ်းချမ်းကပါ ဝင်ထောက်ခံသည်။

"ဟုတ်တယ် ခရောင်းလမ်း ... မွန်ကြီးပြောတာအမှန်ပဲ၊ မင်းကိုခင်လို့ ချစ်ခွန်းက ဘတ်စ်ကား တမင်စီးပြီး ဒုက္ခခံကျောင်းတက်နေတာ"

"အဲဒါ ... မင်းတို့ထင်နေတာ ... "

ခရောင်းလမ်းက ချစ်ခွန်းနဲ့ပတ်သက်ပြီး သိထားရသမျှတွေအကုန်ပြောလိုက်တော့မှ ...

"ဟာ ... ခရောင်းလမ်း ... ဒါဆို ဒီပွဲက အရမ်းကြည့်လို့ကောင်းတော့မှာပဲ၊ ဒါကြောင့်မို့ ... မုန်းမပြေဆိုတဲ့ ဟိုအလန်းစတိုင်လ်နဲ့ကောင်မလေး ငါတို့ကျောင်းကိုပြောင်းလာပြီး ချစ်ခွန်းတို့အိမ်က ကားနဲ့ကျောင်းတက်နေတာကိုး ... ဟွန်း ဘာပဲပြောပြော ချစ်ခွန်း ဒီလိုမာနကြီးပြတာကိုတော့ ချစ်ခွန်းဘက်က ငါတို့လုံးဝထောက်ခံတယ် သိလားဟေ့ကောင် ... မုန်းမပြေဆိုတဲ့ကောင်မလေးက အညိုးထားပြီး ချစ်ခွန်းကိုဘယ်လိုပဲပြိုင်ပြိုင် ချစ်ခွန်းဘက်ကပဲ မင်းလိုက်ရမယ် ... "

"မလိုက်ဘူးဟေ့ကောင် ... ဘာလို့လိုက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောတယ် ခရောင်းလမ်း ... "

"ချစ်ခွန်းအဖေကို အရမ်းမုန်းလို့ ချစ်ခွန်းကို အရွဲ့တိုက်ပြီး ငါ့အိတ်ထဲကောက်ထည့်လိုက်တာ၊ မင်းတို့မယုံရင်ကြည့်လိုက်၊ ဒီနေ့ကစပြီး ... ဦးတင်လင်းထွန်းဆိုတဲ့ ချစ်ခွန်းအဖေ တမြေ့မြေ့နဲ့ အသည်းတွေကွဲပြီး ခံစားသွားရအောင် ငါလုပ်ပြမယ်"

"ဟင် ... "

ခရောင်းလမ်း ပြောနေတာကိုလည်း သူငယ်ချင်းတွေ နားမလည်နိုင်။

"မင်း ... မဗိုက်ဘူး ခရောင်းလမ်းရာ ... ဒီဇာတ်လမ်းမှာ ချစ်ခွန်းက အရမ်းသနားဖို့ကောင်းနေတဲ့ဥစ္စာကို၊ မုန်းမပြေကလည်း အရမ်းသွက်တယ် ... ဈေးကြီးတဲ့ အကောင်းစားမုန့်တွေဝယ်လာပြီး တစ်တန်းလုံးကို လိုက်ကျွေးတာ၊ အခု ... အတန်းထဲမှာ ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ မင်းသိလား ... မုန်းမပြေမှ မုန်းမပြေဖြစ်ကုန်ကြပြီ ... ဟွန်း ... "

ချစ်ခွန်းကတော့ ဒါတွေ မသိပါ။

ကျောပိုးအိတ်ကလေးကို ပခုံးစောင်းလေးမှာ တင်းတင်းလေးလွယ်ရင်း ကျောင်းကြီးထဲကိုဝင်ခဲ့တာ မျက်လွှာလေး သိမ်းလို့ပါ။ ချစ်ခွန်းတို့ထက် ငယ်သော အတန်းက ကလေးတွေ ကျောင်းဝင်းထဲမှာ ပြေးလွှားဆော့ကစားနေတာလည်း ချစ်ခွန်း သတိမထားမိ။ လမ်းသွားရင် နှုတ်ဆက်ပြုံးပြရမယ့် သူငယ်ချင်းတွေကို မတွေ့တာမို့ ဒီအတိုင်းလျှောက်လာခဲ့ရင်း ကော်ရစ်ဒါ ထောင့်တစ်ခုကို ဖျတ်ခနဲ ကွေ့လိုက်တော့မှ မျက်နှာချင်းဆိုင် တွေ့လိုက်ရတာ မုန်းမပြေကိုပဲ ဖြစ်နေသည်။





တွေ့လိုက်တာနဲ့ ...

မုန်းမပြေကလည်း နှုတ်ခမ်းကလေးကို ဖျတ်ခနဲတင်းသွားအောင် အလိုလိုမဲ့ပြီးသား။ ပြီးတော့လည်း ... ချစ်ခွန်းရှေ့ကနေ ပိတ်ကာ ခြေစုံရပ်ပစ်သည်။

"နင် ... ဘာလုပ်တာလဲ ချစ်ခွန်းခ ... "

ကျိုးကြောင်းဆီလျော်မှုမရှိဘဲ တိုတိုပြတ်ပြတ် ဆောင့်ဆောင့်အောင့်အောင့် မေးချလိုက်သည့် မုန်းမပြေရဲ့ မျက်ဝန်းတွေထဲမှာ မီးတောက်တွေရဲရဲဖြာလျှက်။

"အို ... ချစ်ခွန်း ဘာလုပ်လို့လဲ ... "

ချစ်ခွန်း အထိတ်တလန့်လေးနှင့် ခေါင်းကလေးခါပြီးငြင်းလိုက်စဉ်မှာ မုန်းမပြေ မြှောက်တင်ထိုးချလိုက်သည့် လက်ညှိုးတစ်ချောင်းက တဆတ်ဆတ်တုန်နေသလိုဖြစ်လျှက် ချစ်ခွန်းမျက်ဝန်းရှေ့ကို ရောက်လာခဲ့သည်။

"နင်လုပ်တာ နင်မသိဘူးလားဟင်ချစ်ခွန်း၊ နင် ... နင် ... တော်တော်အရှက်မရှိတဲ့မိန်းမ၊ ကလိမ်ကကျစ်ဇာတ်လမ်းတွေဆင်ပြီး တော်တော်အောက်တန်းကျချင်နေတဲ့ မိန်းမပဲ ... "

"ဟင် ... "

ချစ်ခွန်း နားမလည်ပါ။

မုန်းမပြေ ဘာကိုရည်ရွယ်ပြီးပြောနေသလဲဆိုတာလည်း ချစ်ခွန်း မသိ။

"နင် ... နင် ... ဘာတွေလာပြောနေတာလဲဟင် မုန်းမပြေ၊ နင်ပြောနေတာတွေ ချစ်ခွန်း နားမလည်ဘူး၊ ဟင့်အင်း ... ဟင့်အင်း



www.burmeseclassic.com

www.burmeseclassic.com



နင်ပြောနေတာတွေ ချစ်ခွန်း ဘာမှမသိဘူး ... ”

ချစ်ခွန်း မျက်ဝန်းလေးတွေဝိုင်းစက်ကာ ခေါင်းကလေးကို အဆက်မပြတ်လေး ဘယ်ညာခါယမ်းလျှက်။ သူငယ်ချင်းတွေကလည်း အခုမှ ချစ်ခွန်းတို့နှစ်ယောက်အနားကို ပြေးလာကြသည်။

တခြားဝိုင်းစပ်စုနေကြသည့် ကျောင်းသူတွေကလည်း တီးတိုး တီးတိုးနှင့် အခြေအနေကို စောင့်ကြည့်အကဲခတ်နေကြလျှက်။

“ကြည့်စမ်း ... ငါဒီလောက်ပြောနေတာတောင် နင်တော်တော်ဟန်ဆောင်ကောင်းနေပါလားဟင် ချစ်ခွန်းခ ... ခရောင်းလမ်းလေ ... ငါငယ်ငယ်လေးကတည်းက ငါနဲ့အရမ်းခင်တဲ့ ငါ့သူငယ်ချင်းခရောင်းလမ်းကို အရှက်မရှိတဲ့မျက်နှာနဲ့ နင်အတင်းဝင်ပေါင်းခဲ့တာလေ ... ”

“ဘုရားရေ ... ခရောင်းလမ်းက နင့်သူငယ်ချင်း ဟုတ်လား”

“နင် ... နင် ပိန်းချင်ယောင်ဆောင်ပြီး ငါ့သူငယ်ချင်းကိုဖြတ်လုဖို့ကြိုးစားတာ၊ မျက်ရည်လေးကျပြပြီး တဟင့်ဟင့်လေးနဲ့ ခရောင်းလမ်း သနားအောင်နင်လုပ်ပြခဲ့တာလေ၊ အခုလည်း ... ခရောင်းလမ်းနဲ့တွဲပြီး ဘတ်စ်ကားစီးလာတာ ငါမသိဘူးများအောက်မေ့နေလို့လား ... ”

“ချစ်ခွန်း ... ချစ်ခွန်း ... ”

“ပြောလေ ချစ်ခွန်းခ ... ”

မုန်းမပြေမျက်နှာလေးကိုမော့လိုက်တာ နှုတ်ခမ်းလေးကပါမဲ့လို့ပါ။ ချစ်ခွန်းမှာတော့ အသက်ရှုမှားလျှက်။ ကြည့်ပါဦး ... ခရောင်းလမ်းက မုန်းမပြေရဲ့ ငယ်သူငယ်ချင်းတဲ့။





ဟင့်အင်း ... ဟင့်အင်း ... အဲဒါ ချစ်ခွန်းမသိလို့ပါနော် မုန်းမပြေ။

ဒီနေ့အထိလည်း လမ်းက ချစ်ခွန်းကို မပြောခဲ့ဘူး။

“နင်ဟာ ငါ့အမေချစ်သူကိုလုခဲ့တဲ့ ဒေါ်ဝိုင်းချစ်ရင်ရဲ့ တစ်ဦးတည်းသောသမီးလို့ ပြောစရာမလိုအောင် သရုပ်ဆောင်ပြလိုက်တာပေါ့လေ ချစ်ခွန်းခ ... ကဲ ... အဲဒါပြီး ... ”

“ဖြန်း ... ”

“ဟာ ... ”

“ဟင် ... ”

ရိုက်ပြီးတာနဲ့ မုန်းမပြေ လှည့်ထွက်သွားခဲ့ပြီ။

“အဟင့် ... ”

သူငယ်ချင်းတွေရှေ့မှာဖြစ်သွားတာမို့ ရှက်စိတ်ကလေးနှင့် ချစ်ခွန်း ငိုသည်။ သူငယ်ချင်း မေဖူးစာက လူရှင်းသော ကော်ရစ်ဒါ ထောင့်ချိုးအကွယ်လေးဆီ ပခုံးလေးဖက်ခေါ်သွားကာ ...

“နင် မငိုနဲ့ချစ်ခွန်း ... မုန်းမပြေ မတရားလုပ်တာ အားလုံးသိတယ် ... ”

“ဟယ် ... မေဖူးစာရယ်၊ ဒီမှာ ကြည့်ပါဦး ... ချစ်ခွန်းပါးပြင်လေးရဲသွားလိုက်တာ၊ သွေးချည်လေးတွေတောင် ဥသွားပြီထင်တယ်နော် ... ”

နိုင်နိုင်သာကလည်း စုတ်တသပ်သပ်လေးဖြင့် ချစ်ခွန်းပါးပြင်လေးကို ဖွဖွရွရွကလေး တို့ကိုင်ကြည့်ကာ မျက်နှာလေးပျက်လျှက်။

“ချစ်ခွန်းရယ် ... နင်ဘာဖြစ်လို့ ခရောင်းလမ်းဆိုတဲ့ဟိုကောင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဆိုးကောင်လေးနဲ့ သွားပတ်သက်ရတာလဲဟင် … နင် မသိဘူးလား … ခရောင်းလမ်းနဲ့မုန်းမပြေက ငယ်ငယ်လေးကတည်း တစ်ရပ်ကွက်တည်းမှာ အတူတူနေလာခဲ့ကြတာလေ၊ ခရောင်းလမ်းက မိန်းကလေးတွေကိုအရောဝင်ပြီး မပေါင်းတတ်တာ မှန်ပေမယ့် မုန်းမပြေက ခရောင်းလမ်းကို အတင်းဝင် အတင်းရောပြီးပေါင်းခဲ့တာ၊ သူ့အမေကတားလည်း မုန်းမပြေ အတင်းပေါင်းတယ် … ”

“ချစ်ခွန်းရယ် … မုန်းမပြေ မကြိုက်ရင် ဒီနေ့ကစပြီး ခရောင်းလမ်းကို နင်အရောမဝင်နဲ့တော့နော် … ”

မေဖူးစာက ပခုံးလေးကိုဖက်ရင်း ချော့သည်။

ချစ်ခွန်း မျက်ရည်လေးကိုသုတ်ရင်း ပြုံးလိုက်တာလေးက မခံချင်စိတ်နွေးနွေးလေးနှင့်ပါ။ တစ်လောကလုံးကို ချစ်ခွန်းအရှုံးပေးလိုက်လို့ရပေမယ့် ချစ်ခွန်း အရှုံးမပေးနိုင်တာ မုန်းမပြေပဲလေ။

သူနဲ့မပြိုင်ချင်လို့ ချစ်ခွန်း နောက်ဆုတ်နေတာ။

သူ့ကို အရှုံးပေးခဲ့တာမှ မဟုတ်တာ။

ခရောင်းလမ်းကရော …

ဒီအကြောင်းတွေကို ဘာဖြစ်လို့ မပြောဘဲနေခဲ့ရတာလဲ။

အမေကရော ချစ်ခွန်းကို ဘာလို့အရှုံးပေးခိုင်းခဲ့တာလဲ။

## အခန်း ( ၉ )

“ရိုက်တယ်လေ ရိုက်တယ် … ဘာဖြစ်လဲ၊ မကျေနပ်လို့ရိုက်တယ် … အမြတ်ကတ်လို့ရိုက်တယ်၊ မုန်းလို့ရိုက်တယ်၊ ကြည့်ရလို့ ရိုက်တယ်။ ကဲ … ဘာဖြစ်လဲပြော … ”

ဆံပင်တိုကလေးတွေကိုလည်း တဖျတ်ဖျတ်လှုပ်အောင်ခါသည်။ နှုတ်ခမ်းထောင့်စွန်းလေးနှစ်ဖက်ကိုလည်း ပြိုင်တူရအောင်မဲ့သည်။ ပြီးတော့လည်း လက်ပိုက်လိုက် ခါးထောက်လိုက် လက်နှစ်ဖက်စလုံးကို လွဲယမ်းလိုက်နှင့် မုန်းမပြေဖြစ်နေတာက အခဲကြေနိုင်အောင် နာကျင်နေတာမျိုး။

ခရောင်းလမ်း လာမေးတော့ဒီအတိုင်းပဲ မုန်းမပြေ ပြောခဲ့သည်။

ဘာဖြစ်လဲ … ခရောင်းလမ်းဆိုတာ ဟိုဘက်ရပ်ကွက်မှာနေခဲ့ကတည်းက ကိုယ်နဲ့ခင်နေတဲ့သူငယ်ချင်း။ ဟာဟ … ရယ်ဖို့ကောင်းလိုက်တာ။ ကိုယ့်သူငယ်ချင်းကို သူ့သူငယ်ချင်းလုပ်ချင်နေလို့ ရမလား။ မေမေပြောတုန်းက ခရောင်းလမ်းက ချစ်ခွန်းခကို နေ့ပွဲကြီးထဲမှာ လှည်းတွန်းခိုင်းခဲ့တာ ကြားရတုန်းက မုန်းမပြေပျော်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသလောက် ကျောင်းသွားကျောင်းပြန် တတွဲတွဲဖြစ်လာတာကိုတော့ မုန်းမပြေ ဂျေဝင်မိတာ အမှန်ပဲဖြစ်သည်။

အထူးသဖြင့် ချစ်ခွန်းခဖြစ်နေတာ ပိုဆိုးသည်။

ဒီနေ့လည်း အားလုံးကို အတိုက်အခံလုပ်ပြီး မျက်နှာထားတင်းတင်းလေးနှင့် ဘတ်စ်ကားဂိတ်ဘက်ကို တစ်ယောက်တည်းထွက်သွားတာ ရိုးရိုးသွားတယ်အောက်မေ့လို့။ အမြင်ကတ်ကတ်နှင့်လွှတ်ပေးလိုက်တာ နောက်တော့ ဘယ်ဟုတ်ပါ့မလဲ။

ခရောင်းလမ်းနဲ့ အတူတူလာကြသတဲ့။

ခရောင်းလမ်းဆိုတာ ချစ်ခွန်းခ ပတ်သက်စရာလား။

နောက်ဆုံးကျတော့ ဒီအကြောင်းကို ဦးဦးဖေဖေသိအောင်မုန်းမပြေက အချွန်နဲ့ မ,ပေးလိုက်သည်။

ချစ်ခွန်းခ တံခါးပိတ် အရိုက်ခံရတာ ပွဲကြမ်းသလားမမေးနဲ့။

"နင် ... ဒီကောင်နဲ့ ပတ်သက်ဦးမလား"

"နင် ... ဒီကောင်နဲ့ ပတ်သက်ဦးမလား"

"ဖေါင်း ... ဖေါင်း ... "

ချစ်ခွန်းမျက်နှာတွေ ချစ်ခွန်းခေါင်းတွေ ချစ်ခွန်းပခုံးတွေကိုအသည်းနာနာနဲ့ အဖေ ဝိတ်ဝိတ်ရိုက်နေတာ ချစ်ခွန်းမျက်ဝန်းတွေပြာခနဲ ပြာခနဲဖြစ်ပြီး ခန္ဓာကိုယ်လေးကိုပင် ချစ်ခွန်းမတ်ထားလို့မရ။ အစက မငိုမိအောင် စိတ်ကို တတ်နိုင်သမျှ ထိန်းချုပ်ထားခဲ့ပေမယ့် ထိန်းချုပ်တော့မှ သွန်ချခဲ့ရသည့် မျက်ရည်က မစဲနိုင်အောင်ရွာချခဲ့သည့် မိုးတွေလိုဖြစ်ခဲ့သည်။

"အဟင့် ... ဟင့် ... ဟင့် ... "

"နင် ... မငိုနဲ့နော် ချစ်ခွန်း ... ဒီလိုကောင်စားမျိုးလေးတွေ





နဲ့ပတ်သက်မိသွားရင် နင် တစ်နေ့ဒုက္ခရောက်မှာစိုးလို့ ငါသတိပေးနေတာ၊ ဒီကောင် အရိုင်းအစိုင်းလေး ... နင်ပြောစမ်း ... ဒီအရိုင်းအစိုင်းကောင်လေးနဲ့ မပတ်သက်တော့ပါဘူးဆိုတာ ငါ့ကိုကတိပေးစမ်း ... "

ချစ်ခွန်း ပခုံးလေးကိုလည်း အဖေက ဆောင့်တွန်းသည်။

လဲသွားတော့ ဆံပင်ကိုဆွဲကာ ခပ်မတ်မတ်လက်ပိုက်လျှက်ပြန်ထိုင်ခိုင်း၏။ ချစ်ခွန်း မျက်ရည်သုတ်ကာ ပြန်ထိုင်ရသည်။ အဖေကြိုက်တာကိုသိခဲ့ပါလျှက် ကျူးလွန်မိခဲ့သည့် ချစ်ခွန်းအပြစ်တွေကအဖေ ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင် နာကျင်သွားခဲ့ရတာက ဖြေစရာမရှိအောင် ဖြစ်ခဲ့ရတာ မဟုတ်လား။

"အဖေရယ် ... သမီး ဒီကောင်လေးနဲ့ပတ်သက်ချင်လို့ဘတ်စ်ကားစီးပြီး ကျောင်းတက်ခဲ့တာမဟုတ်ပါဘူး၊ သမီး သူတို့သားအမိနဲ့ ကားအတူတူမစီးချင်လို့ ဒီလိုဖြစ်သွားခဲ့တာပါ၊ သမီးသမီးကို ခွင့်လွှတ်ပါနော် အဖေ ... သမီး အဖေ့ကို လက်အုပ်ချီပြီးနှိုးကန်တော့ပါတယ်၊ အဟင့် ... ဟင့် ... ဟင့် ... သမီး သူတို့သားအမိနဲ့ အတူတူမနေပါရစေနဲ့ ... အမေ ဒေါ်ထက်သူဇာက သမီးအမေ ဆုယူတုန်းက ရိုက်ခဲ့တဲ့ ပြုံးနေတဲ့ဓါတ်ပုံကြီးကို ရိုက်ခွဲပစ်လို့ဓါတ်ပုံကြီးကို မပျက်စီးအောင် သမီး အတင်းလုပြီး သိမ်းခဲ့ရတယ်လေ အဖေရဲ့ ... အဟင့် ... ဟင့် ... ဟင့် ... သူတို့သားအမိနှစ်ယောက် ဒီအိမ်ပေါ်ကို တက်လာတာ သမီးကို အညှိုးနဲ့နှိပ်စက်မလို့တက်လာတာ"

"ဟာ ... ထက်ပြောတော့ ဓါတ်ပုံမှန်ဘောင်ကြီးကို ဖုန်ဘက်သုတ်ပေးရင်း မတော်တဆ ကျကွဲသွားတာဆို ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … ဟင့်အင်း မဟုတ်ဘူး အဖေ … "

ချစ်ခွန်း ခေါင်းကလေးခါပြောတော့ မျက်ရည်စက်တွေ လွှင့်စင်ကျသည်။

"နင် … မတရား အတို့အထောင်လုပ်ပြီး ထက်ကိုမပြောနဲ့၊ ထက်က ငွေစီးပွားရေး အရင်လောက်မကောင်းတော့လို့ ဒီနေ့ ကြီးကိုးကြီးဝင်ပြီး ဂုဏ်တော်ပုတီးတွေစိပ်နေတာ၊ ထက်က စိတ်ကောင်းရှိတယ်၊ နင် မနာလိုစိတ်နဲ့ မတရားပြောရင် ငရဲကြီးရှစ်ထပ်မှာ ကျိုးကပ်အောင်ခံရမယ် … နောက်တစ်ခါ … ထက်မကောင်းကြောင်း ငါ့ကိုလာမပြောနဲ့ … "

"အဟင့် … "

ချစ်ခွန်း ဘာတတ်နိုင်တော့မှာလဲ။

အဖေ ဒီလိုကာကွယ်ပြီးပြောတော့မယ်ဆိုတာ အမေကြိုသိလို့ ချစ်ခွန်းကို အရှုံးပေးခိုင်းခဲ့တာလားဟင် အမေ။ အခု … အမေပြောသလို အားလုံးကို ချစ်ခွန်းအရှုံးပေးရတော့မယ်ထင်တယ်။ မုန်းမပြေ အညှိုးနဲ့ထောင်လိုက်တာကိုလည်း အဖေက ချစ်ခွန်းကိုပဲ ရိုက်တယ်။ ချစ်ခွန်းကြောင့် အဖေစိတ်ဆင်းရဲနေရင် ချစ်ခွန်း ငရဲကြီးမှာနော် အမေ … အမေ မသေခင်မှာခဲ့သလို ချစ်ခွန်း အရှုံးပေးနေမယ်ဆိုရင် ချစ်ခွန်းကို ပြုံးပြပါနော်အမေ … အဟင့် … အမေ အဝေးတစ်နေရာကနေ ပြုံးပြနေမယ်ဆိုရင် ချစ်ခွန်း အရှုံးပေးလိုက်ပါတော့မယ် အမေရယ်။

"အဟင့် … ဟင့် … ဟင့် … "

"နင် … နင် … ငါ့ကိုဘာမှပြန်မပြောဘဲ နေရတကာ ပြိုင်ချင်ဆိုင်ချင်တဲ့ စိတ်မျိုးတွေဝင်နေတဲ့ နင့်အမေလို အချိုးမျိုး နင်ငါ့





ကိုလာမချိုးနဲ့၊ နောက်နေ့ကစပြီး မုန်းလေးနဲ့အတူတူ နင်ကျောင်းတက်ရမယ် … အေး ဆယ်တန်းအောင်ပြီးတာနဲ့ နင်ကြိုက်တာလုပ်ခွင့်ပြုတယ် … ဂါလေကချေနဲ့ပေါင်းမလား၊ အောက်တန်းစားကောင်နဲ့ပေါင်းမလား နင်ကြိုက်တာနဲ့ပေါင်း … "

စကားကို အပြတ်သားဆုံးပြောပြီး ဒေါသတကြီး အဖေပြန်ထွက်သွားသည်။ အခန်းထဲမှာ တစ်ယောက်တည်း ရှိုက်ငိုရင်းကျန်ခဲ့ရတာ ချစ်ခွန်း။ ပြောရရင် … စီးပွားကျနေလို့ အဖေ စိတ်ရှုပ်ထွေးနေချိန်မှာ ချစ်ခွန်းက ပြဿနာကို မီးဓာမွှေးလိုက်သလိုဖြစ်သွားခဲ့ရတာ။

ချစ်ခွန်း သိပါသည်။

ခရောင်းလမ်းလို ကောင်ဆိုးလေးတစ်ယောက်ကို မပတ်သက်စေချင်သည့် အဖေ့ရင်ထဲက ဆန္ဒကိုလည်း ချစ်ခွန်း နားလည်သည်။ ချစ်ခွန်းကလည်း ချစ်ခွန်းပါ။ သူငယ်ချင်းတွေက မပတ်သက်နဲ့လို့ အတန်တန် သတိပေးနေသည့်ကြားမှ ကျောင်းဆင်းလို့အိမ်ပြန်တော့ …

"ချစ်ခွန်းရေ … ဟိုမှာ ဟိုမှာ မြန်မြန်သွား … ဘတ်စ်ကားဂိတ်မှာ ခရောင်းလမ်း ရန်ဖြစ်နေလို့တဲ့ … "

"ဟင် … "

သတင်းကြားတာနဲ့ ရင်ထဲမှာပူလောင်ပြီး ဘတ်စ်ကားဂိတ်ကို အပြေးကလေးလိုက်ခဲ့ရတာ ချစ်ခွန်း။

ချစ်ခွန်း ရောက်သွားတော့ ရန်ပွဲက ပြီးနေပြီ။

လမ်းက ဘတ်စ်ကားဂိတ် အမိုးအောက်က ထိုင်ခုံလေးမှာ ခစောင်းစောင်းမျက်နှာထားလေးနဲ့ တစ်ယောက်တည်းထိုင်လို့။



www.burmeseclassic.com

www.burmeseclassic.com



"လမ်း … နင် ရန်ဖြစ်တယ်ဆို … "

ချစ်ခွန်း စိုးရိမ်စိတ်ကလေးနဲ့ မေးလိုက်ပေမယ့် လမ်းက ပြန်မဖြေပါ။ ပိုဆိုးတာက ချစ်ခွန်းကိုလည်း မော့မကြည့်။ သူမကြည့်ပေမယ့် ချစ်ခွန်း လမ်းကိုကြည့်လိုက်တော့ မျက်ကွင်းလေးညိုပြီး လမ်းရဲ့မျက်လုံးလေးတစ်ဖက်က ဖူးရောင်နေတာလေ။

"လမ်းရယ် … ဘယ်သူတွေနဲ့ရန်ဖြစ်တာလဲဟင်၊ ကျောင်းသားအချင်းချင်းဖြစ်တာလား … ချစ်ခွန်း … ချစ်ခွန်း အရမ်းစိတ်ပူသွားလို့ ကားဂိတ်ကိုမြန်မြန်ရောက်အောင် ပြေးလာတာလေ၊ လမ်းက ချစ်ခွန်းကို မစောင့်ဘဲ တစ်ယောက်တည်း ထွက်သွားတာကိုး လမ်းရဲ့ … "

လမ်းကိုပဲ ချစ်ခွန်းအပြစ်တင်မိတာ ရင်ထဲက ဖြူစင်တဲ့စေတနာလေးနဲ့ပါ။ ချစ်ခွန်း ဒီလိုပြောတော့မှ လမ်းက ခပ်တည်တည်လေး မော့ကြည့်သည်။

"ဟွန်း … ငါဘယ်သူနဲ့ဖြစ်တယ်လို့ နင်ထင်လဲ … "

"ဟာ … ချစ်ခွန်းက ဘယ်လိုလုပ်သိမှာလဲ လမ်းရဲ့"

"ငါအခုဖြစ်တာ နင့်အဖေနဲ့ဖြစ်တာ … "

"ဘာ … ဘာပြောတယ် လမ်း … "

"ပေတောနေတဲ့ ဂျပိုးသုံးကောင်ကိုလွှတ်ပြီး ငါ့ကိုဘလိုင်းကြီးကိုက်ခိုင်းတယ်လေ၊ ရန်ပွဲပြီးသွားတော့ ဒီဘတ်စ်ကားဂိတ်ရှေ့ကနေ နင့်အဖေ မောင်းတဲ့ကားဖြတ်သွားတယ်၊ ငါ့ကိုလည်း ကားပေါ်ကနေ ချာခနဲ လှည့်ကြည့်သွားတယ်"

"ဟင့်အင်း … လမ်း … အဖေ ဖြတ်မောင်းသွားတာနဲ့ တိုက်ဆိုင်သွားတာပဲဖြစ်မှာ၊ အဖေ လမ်းကို ဒီလိုမလုပ်ပါဘူး၊ အဖေ့မှာ





ဒီလိုမကောင်းတဲ့ အကျင့်စရိုက်မျိုးတွေ မရှိဘူး"

"နင် ထင်လား ချစ်ခွန်းခ … "

"ဟာ … လမ်းဘယ်လိုပြောလိုက်တာလဲ … "

ကြည့်စမ်း …

လမ်းရဲ့လက်ကလည်း သွက်သလားမမေးနဲ့။ လမ်းရဲ့လက်နှစ်ဖက်စလုံးက ချစ်ခွန်းရဲ့ ကျစ်ဆံမြီးလေးနှစ်ချောင်းကို တင်းနေအောင် ဆွဲချုပ်လိုက်ပြီး …

"နင့်အဖေကို နင်ဒီလောက်အထင်ကြီးသလား"

"ဟာ … လမ်းနော် … ချစ်ခွန်းဆံပင်တွေ နာတယ်နော်"

ချစ်ခွန်း ပြန်ဆွဲရတာ မျက်နှာပျက်ပျက်လေးနဲ့။

လမ်း အထင်လွဲနေတာကိုလည်း ချစ်ခွန်း ပြန်ချော့ရတော့သည်။

"တောက် … ချစ်ခွန်းရာ … နင် … နင် … "

ချစ်ခွန်း ဆံပင်တွေကိုလွှတ်ချပြီး လမ်း ချာခနဲလှည့်ထွက်သွားတော့ လမ်းနောက်ကို ကျောပိုးအိတ်လေးလွယ်ရင်း ချစ်ခွန်းပြေးလိုက်ခဲ့ရပြန်ပြီ။

တစ်လမ်းလုံးလည်း ချစ်ခွန်း တောင်းပန်လာတာ လမ်းနေတဲ့ ရပ်ကွက်ကလေးထဲကို ပြန်ရောက်သွားတဲ့အထိ။ နောက်ဆုံး လမ်းရဲ့အိမ်ကလေးကိုပါ ချစ်ခွန်း ရောက်သွားသည်။

လမ်းရယ် … ကြည့်ပါဦး …

လမ်းနေရတဲ့ အိမ်ကလေးက နံချာလှချည်လား။

သွပ်မိုး ပျဉ်ကာ အိမ်ကလေးပေမယ့် သွပ်တွေကလည်း သံချေးလိုက်၊ သစ်တွေကလည်း ချကိုက် ပိုးထိုးနှင့်။

ချစ်ခွန်း စိတ်မကောင်းဖြစ်တာ ရင်ထဲမှာတောင် နင့်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒေါ်စံပယ်ငုံကဆို ...

"အို ... သမီးလေးက အိမ်အထိတောင်လိုက်ပြီး သားကို ချော့ရတယ် ဟုတ်လား ... အားနာဖို့ကောင်းလိုက်တာကွယ်၊ ထိုင်နော် သမီးလေး ... သမီးလေးသောက်ချင်ရင် အနံ့တီ ကော်ဖီမစ် အထုပ်လေး ဖျော်ပေးမယ် ... "

"ရတယ် မေမေ ... မတိုက်နဲ့ သူပြန်မှာ ... "

"တွေ့လား ... "

သားက အဲလိုဂျစ်တစ်တစ်လုပ်တတ်တဲ့ သားကလေး။

"သား ... လမ်းကလေး ... မင်း စကားပြောတာလေးကို ဆင်ခြင်စမ်း၊ ချစ်ခွန်းလေးက မင်းရန်တွေဆက်ဖြစ်နေမှာစိုးလို့ အိမ်အထိတောင် ပြန်လိုက်ပို့ပေးနေတဲ့ဟာကို မင်းဘာလို့ မျက်နှာထား တင်းတင်းလေးနဲ့ပြောချင်နေရတာလဲ ... မိန်းကလေးတစ်ယောက်ကို ဒီလိုပြောချင်တိုင်းပြော နိုင်ချင်တိုင်း နိုင်နေတာ မေမေ မကြိုက်ဘူး"

"ဟာ ... ရပါတယ်အနံ့တီ ... လမ်းဘယ်လိုပဲပြောပြော ချစ်ခွန်း ခွင့်လွှတ်နိုင်ပါတယ်၊ အခု ... ချစ်ခွန်း စိတ်မကောင်းတာက ဒီလိုချို့ချို့တဲ့တဲ့ အိမ်ကလေးမှာ ... လမ်းနေရတာကို စိတ်မကောင်းတာ"

"ဟွန်း ... နင်ဘာမှ အပိုတွေလာပြောမနေနဲ့ ချစ်ခွန်း ... ငါတို့အိမ်ကလေးက ဘယ်လိုပဲ ချို့တဲ့ချို့တဲ့ ဒီအိမ်မှာနေရတဲ့သူတွေရဲ့ စိတ်ဓာတ်နဲ့ခံယူချက် မချို့တဲ့ဖို့ပဲ အရေးကြီးတာ၊ ပြီးတော့ ... ဆင်းရဲနေတဲ့ ငါတို့မိသားစုလေးက ဘယ်သူ့ကိုမှ ဒုက္ခရောက်အောင် လုပ်နေတာ မဟုတ်ဘူး"





လမ်းမျက်နှာထားမာမာလေးနှင့် ပြန်ပြောနေတာကို နားထောင်ရင်း ချစ်ခွန်း ပြုံးမိသည်။ ဒါကိုလည်း ဒေါ်စံပယ်ငုံ အံ့သြနေမိ၏။ သားပြောသမျှကို အပြုံးကလေးနှင့်တုန့်ပြန်ပြီး စိတ်ရှည်လက်ရှည်လေး နားထောင်ပေးနေတာ ဒီကောင်မလေးရဲ့ စိတ်သဘောထားလေးက ဖြူစင်နေလို့ပဲ ဖြစ်မှာပေါ့။

"သား ... မင်းကို မေမေပြောနေတယ်နော်"

"ဟာ ... သား ဘာပြောနေလို့လဲ မေမေရ ... သား ချစ်ခွန်းကိုပြောတယ်ဆိုတာ သားတို့မိသားစုလေးကို အထင်သေးမှာစိုးလို့ ပြောနေတာ၊ သားကတော့ရှင်းရှင်းလေးပဲ မေမေ ... ကိုယ့်ထမင်းကိုယ်ရှာစားနေရတဲ့အချိန်မှာ အထင်သေး အမြင်သေးနဲ့ ကိုယ့်ကို သာသနားနေတာလည်း မကြိုက်ဘူး၊ ခုလည်း တစ်လမ်းလုံးသူနဲ့ သားရန်ဖြစ်လာတော့ မုန်းမပြေလေ မေမေသိတယ်မို့လား"

"သိတယ်လေ ဘာဖြစ်လို့လဲ ... "

"အခု မုန်းမပြေရဲ့မေမေက ချစ်ခွန်းရဲ့ဖေဖေကို တရားဝင်သူပစ်လိုက်ပြီလေ ... "

"အို ... ဟုတ်လား"

ဒေါ်စံပယ်ငုံ မျက်ခုံးတွေပင့်လျှက်။

"အဲဒါကို မကျေမနပ်ဖြစ်ပြီးတော့ မုန်းမပြေနဲ့ချစ်ခွန်းက ပြဿနာတက်နေကြတာ၊ အဲဒါ ... သားကို ချစ်ခွန်းက မေးတယ်လေ၊ သူ့ဘက်ကိုလိုက်မလား မုန်းမပြေဘက်ကို လိုက်မလားတဲ့၊ မေမေ စဉ်းစားကြည့် ... နှစ်ယောက်စလုံးက သားသူငယ်ချင်း"

"သားရယ် ... ဒီနှစ်ယောက်မှာ ချစ်ခွန်းလေးကို မေမေက ချစ်တယ်လေ၊ နေတာထိုင်တာ ပြောတာဆိုတာလေးကအစ ရိုးရိုးအေးအေးလေး၊ မျက်နှာလေး ကျက်သရေရှိတာလည်း မုန်းမပြေ



www.burmeseclassic.com

www.burmeseclassic.com



ထက် ချစ်ခွန်းလေးကပိုသာတယ်၊ အဲဒီတော့ မေမေပြောမယ်၊ သားက ချစ်ခွန်းလေးဘက်ကို ပိုလိုက်ရမယ် … ဒါပဲ … ”

“လမ်း … အန်တီပြောတာ ကြားတယ်နော်”

စဉ်းစားကြည့်လေ …

ဒါ … ဒေါ်စံပယ်ငုံပြောတာ အမှန်ပဲဥစ္စာ။

ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် ချစ်ခွန်းလေးက ပိုချစ်ဖို့ကောင်းနေတာ။ ဟိုတလောကလည်း ရေခဲမုန့်လှည်းကလေးကို နေပူကြဲကြဲကြီးမှာတောင် ချစ်ခွန်းလေးက မရှက်မကြောက် လိုက်တွန်းပေးသတဲ့။

ခိုင်းတုန်းက ခိုင်းပြီးတော့မှ သားတော်မောင် ခရောင်းလမ်းက ချစ်ခွန်းလေးကို သနားသတဲ့။ အဲဒါပဲကြည့် … ဟော … ခုကျတော့လည်း မျက်နှာထားကမာမာပဲ။ ဘာပဲပြောပြော … ကိုယ့်သားကလေးရဲ့အကြောင်းကို အသိဆုံးက ဒေါ်စံပယ်ငုံပဲလေ။ မေမေမှ မေမေ … သူ့မေမေကိုမထိနဲ့ ထိရင်မီးပွင့်သွားမယ်ဆိုတဲ့ သားကလေးမျိုး။

မအေက ရေပြေးထမ်းဆိုလည်းထမ်း။

မအေက ဈေးပြေးဝယ်ဆိုလည်း ဝယ်။

မအေ့မျက်နှာကလေး ညှိုးနေမှာကိုကြောက်သူ။ မအေ တစ်ခုခုဖြစ်မှာကို ထိတ်လန့်နေတတ်သူ။ မအေ နေမကောင်းလို့ အိပ်ရာထဲလဲပြီဆိုတာနဲ့ ပျာယာခတ်နေအောင် ပြုစုပေးတတ်တာလည်း ဒီသားကလေးပဲ မဟုတ်လား။

ဟော … အခု ဆယ်တန်းကျောင်းသားကလေးဖြစ်လာတော့ တောင့်တောင့်တင်းတင်း ကျစ်ကျစ်လစ်လစ်ကလေးနှင့် အရပ်ကလေးမြင့်လာတာလည်း တကယ့်လူပျိုပေါက်ကြီးတစ်





ယောက်လိုပဲ။ ကိုယ့်မှာရှိတာကလည်း ဒီသားကလေးတစ်ယောက်တည်းရှိတာမို့ ဘယ်သူတွေက ဆိုးတယ်ပြောပြော သားဘက်ကို လိုက်ရတာလည်း ဒေါ်စံပယ်ငုံရဲ့ အလုပ်တစ်ခု။

တကယ်တမ်းကျတော့ …

မဟုတ်မခံ စိတ်ကလေးနှင့် မာဆတ်ဆတ်ကလေး သားက ဖြစ်နေတာပါ။ ဘယ်သူ့ကိုမှလည်း မတရားတာမလုပ်။ သူ့ကို မတရားတာလုပ်လာလျှင်လည်း ခေါင်းငုံ့မခံတတ်တာ သားကလေးရဲ့ စိတ်ဓာတ်ပဲဖြစ်သည်။

ခက်နေတာက …

ချစ်ခွန်းခဆိုတဲ့ ကောင်မလေးကိုကျတော့ ဘာဖြစ်လို့အနိုင်ယူချင်နေမှန်း ဒေါ်စံပယ်ငုံ မစဉ်းစားနိုင်။ သားကလေး တက်တစ်ခေါက်ခေါက်ဖြစ်ပြီး ပြောနေတတ်တာက ချစ်ခွန်းခရဲ့အဖေကို သားကလေးက မုန်းသတဲ့။

ဒါဆို ချစ်ခွန်းခအဖေက ဘယ်သူလဲ …

သူ့ကိုရော သားကလေးက ဘာကြောင့်မုန်းခဲ့ရတာလဲ။

မေးတော့လည်း သားကလေးက မဖြေ။

ဒါဆို ချစ်ခွန်းခ အဖေ့ကိုမုန်းလို့ …

ချစ်ခွန်းခကို တမင်သက်သက်များ အနိုင်ယူနှိပ်စက်ဖို့ သားကလေး ကြိုးစားနေတာလား။

ဒါကိုတော့ …

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"သမီးလေး ... ချစ်ခွန်း ... "

"ရှင် ... ဒေါ်လုံး ... "

"ကားဂိတ်ကို လမ်းလျှောက်သွားရင် လမ်းဘေးပလက်ဖောင်းလေးပေါ်ကနေ လျှောက်သွားနော် ... ဘယ်သူ့ကိုမှလည်း စကားမပြောနဲ့ ... ဘယ်သူ့ကိုမှလည်း မကြည့်နဲ့ ... "

ဒေါ်လုံး စိတ်မချဖြစ်နေတာ မျက်နှာလေးပါပျက်လို့ပါ။

ဝိုင်းချစ် ဆုံးသွားပြီးကတည်းက လောင်လာတဲ့အိမ်တွင်းမီးက ဘယ်သူငြိမ်းသတ်လို့မှလည်း မနိုင်။ နေရာတကာ အသံတွေစာစာ စာစာနဲ့ ဒေါ်ထက်သူဇာက မာန်တွေဝင့်ထည်ခဲ့သလို သူ့သမီးမှန်းမပြေကရော အချိုးပြေပြေလေး နေတယ်ထင်လို့လား။

ဦးတင်လင်းထွန်းက ခြံထဲမှာအချိန်ပြည့်မရှိတာက ပိုဆိုးသည်။ နောက်ဆုံးမှာတော့ ချစ်ခွန်းက အပယ်ခံဖြစ်ကာ ဘတ်စ်ကားနဲ့ပဲ ကျောင်းတက်ရတဲ့အထိ။ ပြဿနာတွေက ကြီးထွားသွားခဲ့၏။





"သမီးလေးရယ် ... ဝိုင်းချစ်ဆုံးသွားလို့ ဒီပြဿနာတွေထွက်လာတာ ဒေါ်လုံး စိတ်မကောင်းလိုက်တာ၊ ဆရာကလည်း စောက်လိုက်ပြီး မိုက်ဖက်ပါလွန်းတယ်၊ သမီးလေးချစ်ခွန်း အရွယ်လေးနဲ့မမျှအောင် ခံစားနေရတာလည်း ဒေါ်လုံး နားလည်တယ်၊ သမီးလေး အားမငယ်နဲ့ ... မျက်ရည်လေးတွေလည်း ဝဲမနေနဲ့၊ ဒီနေ့ကစပြီး ဘတ်စ်ကားလေးနဲ့ပဲ ကျောင်းတက်တော့နော် သမီးလေး"

ခြံတံခါးဝအထိ ဒေါ်လုံးက လိုက်ပို့သည်။

စိတ်မချသလို ကြည့်နေမိတာလည်း ခြံတံခါးဝနှင့်အတော်ဝေးဝေးကလေးကို ချစ်ခွန်း ရောက်သွားရတဲ့အထိ။

တကယ်လည်း ဒေါ်လုံးမှာခဲ့သလို ချစ်ခွန်း ဘယ်သူ့ကိုမှမကြည့်ရဲခဲ့ပါ။ လွယ်အိတ်ကြိုးကလေးကို တင်းတင်းကလေးဆုပ်ကိုင်ကာလွယ်လျှက် တစ်လမ်းချင်းခေါင်းငုံ့လျှောက်လာခဲ့ရသည့် ခြေလှမ်းတိုင်းမှာ နာကျင်မှုတွေကပါ ချစ်ခွန်းနှင့်အတူတူလိုက်ပါလာခဲ့သည်။

သေချာတာက ချစ်ခွန်းကျောင်းတက်ချင်စိတ် မရှိတော့တာဘဲဖြစ်သည်။ ဘယ်ကိုသွားရမလဲဆိုတာလည်း ချစ်ခွန်း စဉ်းစားလို့ရ။ အသိအကျွမ်းဆိုတာလည်း ချစ်ခွန်းမှာ ဝေလာဝေး။ ရွှေတိဂုံဘုရားမှာ တစ်ယောက်တည်း သွားထိုင်နေမယ်ဆိုပြန်တော့လည်း ကျောင်းဝတ်စုံလေးနှင့်မို့ ရှက်ရွံ့စိတ်က မလုံပြန်။

"နောင် ... နောင် ... "

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေးနော် ... "

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေး ... "

"အို ... ဘုရားရေ ... ကြည့်စမ်း ... "



www.burmeseclassic.com

www.burmeseclassic.com



လမ်းဆုံအကွေ့လေးအရောက်မှာ မထင်မှတ်ဘဲ ကြားလိုက်ရသည့် မောင်းသံလေးကြောင့် ချစ်ခွန်းမျက်တောင်တွေကော့လျက် လည်ပြန်လေးကြည့်လိုက်တော့မှ မျက်နှာထားတင်းတင်းလေးနှင့် ခရောင်းလမ်း။

ချစ်ခွန်း ဝမ်းသာသွားတာ ဘယ်အရာနဲ့မှ လဲလို့မရ။

တည့်တည့်သွားမလို့ လာတာဟာ ရှေ့ကိုဆက်သွားမှန်း သူသိနေမှာဖြစ်ပေမယ့် သူ့ကိုတွေ့လိုက်တော့မှ ညာဘက်ကိုကွေ့ချိုးချလိုက်ရမယ့်အဖြစ်ကိုလည်း ချစ်ခွန်း မလုပ်ရဲပါ။ ဒါဆို ချစ်ခွန်းက မသိဟန် မမြင်ဟန်ဆောင်ပြီး ရှေ့တည့်တည့်ကိုပဲ မျက်လွှာလေးချကာ ဆက်လျှောက်သွားမယ်ဆိုရင်ရော သူက ချစ်ခွန်းကို လှမ်းခေါ်မှာတဲ့လား။

လမ်းနဲ့တွေ့ချင်စိတ်တွေ ချစ်ခွန်းမှာရှိပါသည်။ သို့သော် ... အပြင်းအထန် တားမြစ်ထားသည့် အဖေ့အမိန့်တွေကိုတော့ ချစ်ခွန်း မလွန်ဆန်ရဲတာလည်း အမှန်ပဲဖြစ်သည်။ ဒါဆို ... ချစ်ခွန်း ဒီအတိုင်းပဲ ဆက်လျှောက်သွားရတော့မလား။

ချီတုံချတုံလေးနှင့် နောက်တစ်ခေါက်လည်း ချစ်ခွန်း လမ်းကို မကြည့်ရဲ။ ဆက်လျှောက်လာတော့လည်း လမ်းဆီက ခေါ်ပြောနှုတ်ဆက်သံလေးပင် ချစ်ခွန်း မကြား။

ချစ်ခွန်း ဘယ်လိုလုပ်ရမလဲ။

နောက်ဆုံးတော့ မထူးစိတ်ပိုက်ကာ ချစ်ခွန်း ဖြောင့်တည့်တည့်ပဲ။ နောက်ပြန်လှည့်လိုက်တော့ သူက တစ်ဖက်လမ်းအစပ်ကိုပင် ရောက်သွားခဲ့ပြီ။

ချစ်ခွန်း နှုတ်ခမ်းလေးမဲ့သွားရတာ မခံချင်စိတ်ကလေးနဲ့ပါ။





လွယ်အိတ်ကလေးကို ပခုံးပြောင်းလွယ်ရင်း သူ့နောက်ကို ခပ်သွက်သွက်လေးပဲ ချစ်ခွန်း ပြန်လိုက်သွားသည်။

"ခဏနေဦးနော် ... ခရောင်းလမ်း ... "

ချစ်ခွန်း အသံကြားတော့မှ တွန်းလက်စ ရေခဲမုန့်လှည်းက တန့်ခနဲရပ်သွားသည်။ ချစ်ခွန်း ပခုံးချင်းယှဉ်တော့ သူဖျတ်ခနဲ လှည့်ကြည့်၏။

"နင် ... ဘာလို့လိုက်လာတာလဲ"

ပြန်မေးလိုက်တာ တစ်ခွန်းတည်း။

ချစ်ခွန်း သူ့မျက်ဝန်းတွေကို မမြင်လိုက်ပေမယ့် တွန့်ခေါက်ခေါက် မျက်ခုံးဝန်းလေးတစ်ဖက်ကိုတော့ မျက်ဝန်းထောင့်ချိုးလေးမှာမြင်လိုက်၏။

"ချစ်ခွန်း လမ်းကို သတိရနေလို့ပါ ... "

"မရှနဲ့ ... မေ့ထားလိုက် ... "

"ဟင် ... လမ်း ဘယ်လိုပြောလိုက်တာလဲ ... "

ချစ်ခွန်း မျက်နှာလေး ချက်ချင်းငယ်ကျသွားသည်။ လက်တွေက လွယ်အိတ်ကြိုးလေးကို ဆုပ်ကိုင်ထားတာလည်း လျော့ရဲရဲလေး ဖြစ်သွား၏။

သည်တစ်ခါ ကြည့်လိုက်တော့မှ လမ်းရဲ့မျက်ဝန်းလေးကို အတိအကျ မြင်ခွင့်ရသွားသည်။

"ငါတို့က ဆင်းရဲတယ် ... နင်တို့က ချမ်းသာတယ် ... ဒါကြောင့်မို့ ... ကိုယ့်လမ်းကိုယ်သွားတာပဲ ကောင်းတယ်ထင်လို့၊ နင်လာတာကို မြင်ပေမယ့် ငါမသိချင်ဟန်ဆောင်လိုက်တာ၊ နင်ကျောင်းတက်ပါ ... ငါ့နောက်မလိုက်နဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"လမ်းရယ် ... ချစ်ခွန်းအိမ်မှာ ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ လမ်းမသိဘူးလားဟင်၊ မေမေဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ ချစ်ခွန်း အိမ်မှာအရမ်း စိတ်ညစ်နေရပြီလေ လမ်းရဲ့ ..."

"ဟွန်း ... ငါကျောင်းထွက်လိုက်ပေမယ့် အဲဒါတွေအားလုံး ငါသိနေတယ်ဆိုရင် နင်မအံ့ဩနဲ့ ..."

"ဘယ် ... ဘယ်လို ... လမ်း ..."

ချစ်ခွန်း မျက်တောင်ရှည်လေးတွေ ပင့်တက်သွားတာ အံ့ဩမဆုံးအောင် ခံစားလိုက်ရလို့ပါ။ လမ်း ဘယ်လိုလုပ်သိနေတာ လည်းဆိုတာ ချစ်ခွန်း စိတ်ဝင်စားသွား၏။

ချစ်ခွန်းမေးတာ မဟုတ်ဘဲ လမ်းကဖြေသည်။

"မေဖူးစာဆိုတာ ငါနဲ့ငယ်သူငယ်ချင်း ..."

"ဘုရားရေ ... ကြည့်စမ်း ..."

မေဖူးစာက လမ်းရဲ့ငယ်သူငယ်ချင်းတဲ့။

တိုက်ဆိုင်လိုက်တာ လမ်းရယ် ... ချစ်ခွန်း ထင်မထားခဲ့ပါ ဘူး။

"မေဖူးစာက နင်နဲ့ပတ်သက်သမျှအကြောင်းတွေ လာလာ ပြောလို့ ငါသိနေတာ ... သူ့အမေက ရပ်ကွက်ထဲမှာ ငါဆိုးတာကို သိလို့မပေါင်းခိုင်းပေမယ့် သူက ငါ့ဆီရောက်ရောက်လာပြီး အမြဲ ပြောတာ ... နင့်ကိုလည်း မုန်းမပြေက အရမ်းမုန်းတယ်၊ မုန်းခဲ့ရတဲ့ ဇာတ်လမ်းကိုလည်း ငါ့ကိုပြောပြတယ်၊ အဲဒါ ... တရားခံအစစ်က နင့်အဖေပဲ ... ဖြစ်ခဲ့သမျှအရာတွေအားလုံးထဲမှာ နင့်အဖေက မကောင်းခဲ့တာ"

အဖေ့အကြောင်းများ မကောင်းပြောရမယ်ဆို လမ်းက ပျစ်





ပျစ်နှစ်နှစ်။ နှုတ်ခမ်းလေးမဲ့သွားတာလည်း ပါသည်။ ပခုံးလေးတွန့် သွားတာလည်း ရှိသည်။ ချစ်ခွန်းကတော့ လမ်းပြောတာကို ခွင့် လွှတ်ပါသည်။ သို့သော် ... လမ်းနှင့်မုန်းမပြေ ငယ်သူငယ်ချင်းတွေ ဆိုတာကိုတော့ ချစ်ခွန်း နှုတ်ခမ်းလေးက မဲ့ချင်သား။

"ဟွန်း ... အဲဒါတွေထားလိုက်တော့လေ လမ်း ... လမ်းသိ နေပြီဆိုရင် ချစ်ခွန်း ဘာမှဆက်မပြောချင်တော့ပါဘူး၊ အခု ... လမ်း ဘယ်ကိုသွားမှာလဲ၊ ချစ်ခွန်း ကျောင်းမတက်ချင်လို့ လမ်းသွားတဲ့ နောက်ကို ချစ်ခွန်းပါလိုက်မယ်"

"ဘယ်လို ..."

"ချစ်ခွန်းကို ခေါ်နော် ..."

လမ်းနဲ့တွေ့မှ ချစ်ခွန်း ဘာတွေဖြစ်နေပြီလဲဆိုတာ ကိုယ့် ကိုယ်ကိုယ်လည်းမသိ။ ကျောင်းတက်မယ်ဆိုတော့လည်း စိတ်မပါ။ အိမ်ထဲမှာလည်း မနေချင်။ ဟော ... လမ်းနဲ့တွေ့တော့လည်း အိမ် မှာဖြစ်နေသမျှ သောကတွေအားလုံးကို မေ့သွားသည်။

"နင် ... နင် ... ငါ့ကို ကျိုင်မရှာနဲ့နော် ချစ်ခွန်း ..."

"ချစ်ခွန်း လိုက်ချင်လို့ပါ လမ်းရဲ့ ... လိုက်မယ်နော် လမ်း၊ အဖေ့ကိုလည်း လမ်းမကြောက်နဲ့၊ အဖေက ကုမ္ပဏီခရီးစဉ်တစ်ခုကို လိုက်သွားတာ၊ ချင်းတောင်မှာ ဆယ်ရက်လောက်ကြာမယ်ပြော တယ်"

"ချစ်ခွန်းရာ ... နင်တကယ်စားတယ်ဟာ"

လမ်းက ခွင့်ပြုလိုက်တော့မှ ချစ်ခွန်းအရမ်းပျော်သွားသည်။ တစ်ခါတော့ လမ်းရဲ့ ရေခဲမုန့်လှည်းကလေးကို ချစ်ခွန်း လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်လပ် တွန်းခွင့်ရပြီပေါ့။ ဟိုတစ်ခါလည်း ... အိပ်မက်ထဲမှာ လမ်းနဲ့အတူတူ ဒီလှည်းကလေးကို ထပ်တွန်းရတယ်လို့ အိပ်မက်မက်ခဲ့သေးသည်။

လွယ်အိတ်ကလေးကိုလည်း အမိုးစောက်က ချိတ်ကလေးမှာ လမ်းကပဲ ချိတ်ပေးသည်။

"ကဲ ... နင် ဒီလောက်တောင် တွန်းချင်တာ တွန်းစမ်း ... သူဌေးသမီးက ဒီလှည်းလာတွန်းတာ ဝဋ်ကြွေးရှိလို့တွန်းတာ နင်ပဲ တွန်းမလား၊ ငါပဲလျှောက်ခေါ်သွားနိုင်မလားဆိုတာ ကြည့်ကြသေးတာပေါ့"

"နောင် ... နောင် ..."

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေးရမယ်နော်"

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေး ..."

"ဟား ... ဟား ..."

ချစ်ခွန်းက ပျော်နေပေမယ့် လမ်းကတော့ မျက်ခုံးတန်းလေးတွေ မညီမညာနှင့် တွန့်ခေါက်ကွေးလို့သာ။ ပိုဆိုးတာက လှည်းကိုမတွန်းဘဲ ချစ်ခွန်းဘေးကနေ ဘဝရှင်မင်းတရားကြီးလို လမ်းက လက်ပိုက်လိုက်လာတာပဲ ဖြစ်သည်။

"ဒီလောက်တောင် ရေခဲမုန့်ရောင်းချင်တာ အော်စမ်း"

"ဟွန်း ... အောင်မယ်လေး ... ဘာဖြစ်လဲ ... ခြံထဲမှာနေနေတာထက်စာရင် လမ်းပေါ်မှာ လျှောက်သွားနေရတာက ပိုကောင်းတယ် ... ပိုလည်းလွတ်လပ်တယ်၊ ရေခဲမုန့် ချိုချိုမွှေးမွှေးလေးရမယ်နော် ... ရေခဲမုန့် ချိုချိုမွှေးမွှေးလေး ..."

"နောင် ... နောင် ..."

ဖိုးလပြည့်စာပေ



"နောင် ... နောင် ..."

ခုနေ ဒီမြင်ကွင်းကိုသာ အဖေ ထပ်တွေ့လိုက်ရင် ဘယ်လောက်ရင်ကျိုးလိုက်လေမလဲ။ ချစ်ခွန်းမ ကျေနပ်တာက မုန်းမပြေကိုပါ။ လမ်းနှင့်မုန်းမပြေ ငယ်သူငယ်ချင်းဆိုသည့်အသိက တစ်ချိန်လုံး ချစ်ခွန်းကို နှိပ်စက်နေခဲ့သည်။

အို ... ကြည့်စမ်း ... တိုက်တိုက်ဆိုင်ဆိုင်။

မေမေတို့တုန်းကလည်း ဒီလိုသုံးပွင့်ဆိုင်ဇာတ်လမ်း။

နောက်မှ ... ချစ်ခွန်းပြန်စဉ်းစားမိတာ ဘာဆိုင်လို့လဲ ... ဟိုတုန်းကဖြစ်ခဲ့တာ မခံချင်စိတ်တွေနှင့် ရည်းစားအပြိုင်လုခဲ့တာ။ အခု ... လမ်းနဲ့ချစ်ခွန်းက ရည်းစားမှမဟုတ်တဲ့ဟာ။ ဒီအတွေးပြန်ဝင်တော့ ချစ်ခွန်းတစ်ယောက်တည်း ပြုံးမိရသေး၏။

ချစ်ခွန်းက အခုမှ ဆယ်တန်းကျောင်းသူလေးပဲရှိသေးတာကိုနော် ... လမ်းကိုခင်ခဲ့တာလည်း လှည်းကလေးနဲ့ ရေခဲမုန့်လိုက်ရောင်းရတဲ့ ကောင်လေးတစ်ယောက်မို့ စိတ်ထဲကသနားပြီး ခင်သွားခဲ့တာပါ။ ချစ်ခွန်းက ... ဒီလိုတွေးပေမယ့် လမ်းကကျတော့ အမျိုးမဟုတ်။

မသိချင်ဟန်ဆောင်တော့လည်းမရ။ မလိုက်နဲ့ပြောတာသည်း လက်မခံ။ လမ်း ဘယ်လိုလုပ်မလဲ။

အပြစ်မရှိတဲ့ ချစ်ခွန်းခဆိုတာကို နားလည်နိုင်ပေမယ့် ဒီဗိုလ်ကြီးရဲ့သမီးဖြစ်နေတာကို ဘယ်လိုနှလုံးသားတွေနဲ့ လျှော်ပစ်နိုင်မှာလဲ။ ဒီကောင်မလေးနဲ့ပတ်သက်ပြီး ရင်ထဲမှာ တစ်ခုခုငြိသွားခဲ့ရင်ရော မေမေက လက်ခံမလား။

လမ်းဖြစ်နေရတဲ့ ပြဿနာက အဲဒီပြဿနာပါ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနဲ့မှ မပတ်သက်ချင်တော့လို့ ဆယ်တန်းကို ကျောင်း ဆက်မတက်တော့ဘဲ အပြင်က ဝင်ဖြေဖို့ပဲ လမ်းကဆုံးဖြတ်ထားခဲ့ တာဖြစ်သည်။ ဒါကြောင့်မို့ ... ချစ်ခွန်းနဲ့ပါ မတွေ့တာ ကြာခဲ့ပြီလေ။

"ဟာ ... လမ်း ... ဘာတွေစဉ်းစားနေတာလဲ၊ ဒီမှာ ရေခဲမုန့်လာဝယ်နေတယ်လေ ... ဒုက္ခပါပဲ ခေါ်မကြား အော်မကြားနဲ့"

"ဟင် ... "

လမ်း သတိရပြီး ကြည့်လိုက်တော့မှ လာဝယ်နေတာ ကလေးနှစ်ယောက်။ တီရှပ်လို ခပ်တွဲတွဲလေးကျနေသည့် အကျႌ အနွမ်းလေးတွေဝတ်ထားပြီး ဘောင်းဘီတိုပွပွလေးတွေနဲ့။

"ဘာလဲဟင် ... ဘာယူမှာလဲ"

"သီးစုံရေခဲမုန့် ... "

အနည်းငယ်သွက်ဟန်ရှိသော ကလေးတစ်ယောက်က မျက်တောင်လေးပုတ်ရင်း ပြောသည်။ သည်တော့မှ ရေခဲမုန့်အဖုံးလေးကိုဖွင့်ကာ သီးစုံရေခဲမုန့်လေးကို အနီရောင်မုန့်ကြွပ်ခွက်ကလေးထဲ လမ်းက ထည့်ပေးသည်။

လမ်းပုံစံကလေးက ဘာကိုတွေးပြီး ဘာကိုမကျေမနပ်ဖြစ်နေမှန်း ချစ်ခွန်းလည်းမသိ။ ရေခဲမုန့်ခပ်ထည့်ရင်း နှုတ်ခမ်းလေးမဲ့ထားတာကတော့ သေချာနေသည်။ ကလေးနှစ်ယောက် ပြန်ထွက်သွားတော့မှ ...

"လမ်း ... "

ချစ်ခွန်း ကျစ်ဆံမြီးလေးကိုဆွဲချသိမ်းကာ လမ်းကိုခေါ်မိသည်။





"ဘာလဲ ... "

"ချစ်ခွန်း လမ်းကို မေးစရာရှိလို့ ... "

"မေးလေ ... မေးပေါ့ ... "

လမ်း ဟိုလိုလို ဒီလိုလိုလုပ်ရင်း ချစ်ခွန်း မျက်နှာလေးကို ...ည်း လှည့်မကြည့်ပါ။ စိတ်ထဲမှာ မလုံတာ လမ်းကိုယ်တိုင်ပဲသိ ...တာလေ။ ပြီးတော့ ... ချစ်ခွန်းနှင့်တွေ့တိုင်း လမ်းမျက်နှာထား ...သးမာနေတာ။ မေမေရဲ့ နှောင်းအတိတ်က နာကြည်းချက်တွေ ...ကြောင့်ဆိုတာ ချစ်ခွန်းကိုလည်း ရှင်းမပြချင်တော့ပါ။ မေမေ့ကို ...ည်း ဟိုတစ်ခေါက်က ဦးတင်လင်းထွန်းဆိုသည့် ပုဂ္ဂိုလ်ကြီးနှင့် ...သနာဖြစ်ခဲ့တာတွေ ဘာတစ်ခုမှ အသိမပေးတော့ဘဲ ဒီအတိုင်းပဲ ...မ်းက ထားခဲ့၏။

မေမေ မသိစေချင်တာပါသလို၊ အဟောင်းတွေ အသစ်ပြန် ...လာမှာကိုလည်း လမ်းက မလိုလား။ မသိစိတ်လေးထဲမှာ ချစ် ...ဆိုသည့် ကောင်မလေးကို အမြဲပြန်မြင်ယောင်နေမိတာမှန်ပေ ...် တတ်နိုင်သမျှတော့ လမ်းက မေ့ပျောက်ထားခဲ့သည်။

"လမ်း ... "

"ဟာ ... မေးလေ ... "

"ချစ်ခွန်းနဲ့မှန်းမပြေ လမ်း ဘယ်သူ့ကိုပိုခင်သလဲ"

"ဟင် ... "

လမ်း ဘယ်လိုဖြေရမလဲ။

"ဖြေနော် လမ်း ... အဲဒါ ချစ်ခွန်း တကယ်သိချင်လို့ လမ်းကို ...တာ၊ လမ်း ချစ်ခွန်းမေးတာကို မဖြေလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ပါတယ် ... နှစ်ယောက်စလုံးကို ... "

လမ်း ... ဒီအတိုင်းပဲ ဖြေမိသည်။

ဒီအဖြေကိုတော့ ချစ်ခွန်း သိပ်မကျေနပ်ချင်။ တကယ်တမ်း ပြောရရင် ချစ်ခွန်း ဖေဖေ့ကို ချစ်ခွန်း ရင်ခွင်ထဲကနေ ဆွဲထုတ်သိမ်း လိုက်သွားခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ သမီးဖြစ်နေတာက ချစ်ခွန်း၏ အမုန်းတွေကို အရောင်လက် နာကျင်စေခဲ့တာဖြစ်သည်။

"နေပါဦး ... အဲဒီမေးခွန်းကို နင်ဘာလို့မေးတာလဲ"

လမ်းကလည်း ချစ်ခွန်း ဒီလိုမေးတာကို သိပ်မကျေနပ်ချင်

"သိချင်လို့မေးတာပေါ့ လမ်းရဲ့ ... "

ချစ်ခွန်း လမ်းမျက်နှာလေးကိုမော့ကြည့်ပြီး ပြန်ပြော တာ မျက်တောင်လေးတွေပါကော့လို့ပါ။ အဖြူအစိမ်းလေး ဝတ် ထားပေမယ့် ချစ်ခွန်းမျက်နှာ ဝင်းဝင်းနှစ်နှစ်ကလေးထင်းနေတာ က ကောက်ကြောင်းညီသော ပန်းချီပုံလေးထဲက မျက်နှာလေး ဖြစ်နေတာက သိသာလွန်းနေသည်။ ပြောရရင် ... လမ်း ချစ်ခွန်း ရဲရဲစိုက်မကြည့်ရဲတာလည်း အဲဒါ။

BURMESE CLASSIC

ပြီးတော့ ... လမ်းက အစွဲအလမ်းကြီးသည်။

တော်တန်ရုံ အမှတ်တမဲ့နေတာမျိုးလည်း ဘာမှမရှိခဲ့ ရပ်ကွက်ထဲက မုန်းမပြေတို့ အိမ်ကလေးဆီကို ရောက်ရောက်လာ တတ်သည့် ဦးတင်လင်းထွန်းဆိုသော ပုဂ္ဂိုလ်ကြီးကို မြင်ရတိုင်း ခဲနှင့်ကောက်ထုပစ်ချင်စိတ်က တားဆီးလို့မရနိုင်အောင် ဖြစ်ခဲ့ရတာ လည်း မှန်သည်။

ဒီနာကြည်းချက်တွေကြောင့် ချစ်ခွန်းနှင့်မပတ်သက်





ောင် ရှောင်ခဲ့တော့လည်းမရ။ ခုလည်း ... လမ်းက မမြင်ချင်ဟန် ောင်နေခဲ့တာတောင် တစ်ဖက်လမ်းကိုရောက်သွားပြီးမှ ပြန် ့ပြီး မကျေမနပ်လေး လိုက်လာခဲ့သည့် ချစ်ခွန်းက ကိုယ့်အနား ။

လမ်း ဘာလုပ်မလဲ။

ဒီကောင်မလေးကို သူ့အဖေကြောင့် အော်ဟစ်မောင်းထုတ် လိုက်ရမှာလည်း လမ်းက သနားသည်။ ဒီလိုနဲ့ပဲ လမ်းသွားသမျှ ာတွေကို ချစ်ခွန်း လျှောက်လိုက်လာတာ တစ်နေကုန်။ သေ ာက နာကြည်းမှုနှင့် သံယောဇဉ်နှစ်ခုကြားမှာ လမ်းကူးခပ် ေတာ့မှာလား။ ဒါကြောင့်မို့ ... ချစ်ခွန်းမပြန်ခင် လမ်းနောက် ပြာခဲ့တာက ...

"ငါက အစွဲအလမ်းကြီးတယ်၊ ငါလိုချင်တာ ဖြစ်ချင်တာကို ဖြစ်မှ ... ကျေနပ်တတ်တဲ့ လူစားမျိုး၊ တစ်ခုခုကို မြတ်နိုးတန်ဖိုး းမိပြီဆိုရင်လည်း အထွတ်အထိပ်မှာတင်ပြီး ကိုးကွယ်တတ်သ ာက် နာကြည်းပြီဆိုရင်လည်း နှစ်ခါပြန်လှည့်မကြည့်ချင် ာက်အောင် နှလုံးသားထဲမှာ နာနေတတ်တာမျိုး ... ငါတစ်ခုပဲ ိုတောင်းပန်ချင်တာက နောက်တစ်ကြိမ် နင် ငါ့နောက်ကို ်မျိုနဲ့တော့ ... "

လမ်း ... ဒီလိုပြောတော့ ချစ်ခွန်းလှည့်ကြည့်တာ နာနာ ်ကျင်။

"ငါ ... နင့်အဖေနဲ့မငြိချင်ဘူး ... ဘယ်သူမှ ငြိမ်းလို့မရအောင် ်လာတော့မယ့် မီးကိုလည်း ငါလက်ယပ်ပြ မခေါ်ချင်ဘူး၊ ှိအခြေအနေမှာ မုန်းမပြေတို့ သားအမိနှစ်ယောက်နဲ့ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး နင်ခံစားနေရတာကို ငါနားလည်တယ်၊ နင့်နေရာမှာနေပြီးတော
လည်း ကိုယ်ချင်းစာစိတ်ကလေးနဲ့ နင်ကျခဲ့တဲ့ မျက်ရည်တွေရဲ့တ
ဖိုးကို သဘောပေါက်တယ် … ခက်နေတာက ဒီဇာတ်လမ်းကြီးတ
ခုလုံးကို အဓိကကြိုးကိုင်ပြီးရေးခဲ့တာက နင့်အဖေ ငါပြောမယ် …
နင့်အဖေကို ငါမုန်းတယ်၊ နင့်အဖေကို မုန်းလို့ ငါနင်နဲ့မပတ်သ
ချင်ဘူးဆိုတာလည်း အကြိမ်ကြိမ်အခါခါ ငါပြောခဲ့တယ် … အ
ကြောင့်ပါ … ”

“လမ်း … လမ်းက အဖေ့ကို ဘာလို့ဒီလောက်တောင် မုန်း
တာလဲ … ”

ဒီမေးခွန်းကိုလည်း ဖြူဖျော့ဖျော့ မျက်ဝန်းကလေးတွေ
ချစ်ခွန်း ကြည့်ကာ လမ်းကို မေးခဲ့၏။ လမ်း ဖြေလိုက်နိုင်တာ
တစ်ခုတည်းပဲ ဖြစ်သည်။

“ကိုယ်နဲ့တရားဝင် လက်ထပ်ထားတဲ့ မိန်းမတစ်ယော
အပေါ်မှာ အရမ်းရက်စက်တဲ့ ယောက်ျားတစ်ယောက်ကို ဘ
လောက်ပဲချမ်းသာ ချမ်းသာ နောက်ဆုံးပေါ် ကားကြီးကို ဘ
လောက်ပဲစီးစီး … အထင်မကြီးတတ်တာ ငါ့ရဲ့ဘာသာဖေဒပဲ”

“လမ်းရယ် … ”

ပြောရရင် ထိုနေ့က ချစ်ခွန်းကို လမ်းနောက်ဆုံးမြင်လိုက်
တဲ့နေ့။

✻

အခန်း ( ၁၁ )

နှစ် လ ရက်တွေ တရွေ့ရွေ့ကုန်သွားလေ …
ဒီသားအမိနှစ်ယောက်ရှေ့မှာ ချစ်ခွန်း ဒူးထောက်ရလေပါပဲ။

“ဝုန်း … ”

“ခွမ်း … ချလွမ်း … ”

“နင် … မစားနဲ့ ချစ်ခွန်း … ”

“ငါချက်ထားတဲ့ ထမင်းနဲ့ဟင်းကို နင်စားစရာ မလိုဘူး”

“နင် … အခုထွက်သွား … ”

“သွား … သွား … ”

မျက်ဝန်းထဲမှာ ပြာထွက်သွားအောင် မြင်ကွင်းတွေအားလုံး
အဆုံးသတ်မသွားခင်မှာ ဇွန်းတွေ ပန်းကန်တွေ လက်ဆေးဇလုံတွေ
အားလုံး စားပွဲပေါ်မှာပဲ ပလူပျံကာ ကြမ်းပြင်ပေါ် ပြုတ်ကျသွား
သည့်အသံတွေကသာ နားထဲမှာ ဆူညံသွားခဲ့သည်။

“နင် … နင် ငါ့ကို ပြန်မော့မကြည့်နဲ့ ချစ်ခွန်း … ငါချက်ထား
တဲ့ဟင်းကို နင် နှုတ်ခမ်းစုပြီး ဘာအကြောင်းပြချက်မျိုးနဲ့မှ နင်ဝေ
ဖန်နေစရာအကြောင်းမရှိဘူး … ဒီနေ့ ဒါပဲချက်လို့ ဒါပဲ နင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ချန်ထားတာ ... ရေခဲသေတ္တာထဲက ဟာတွေကို မျက်စောင်းမထိုးနဲ့၊ အဲဒါ ... မုန်းမပြေနဲ့သူသူငယ်ချင်းတွေလာရင် စားဖို့ ... ”

“အမေနော် ... အမေ့ကို ချစ်ခွန်းဘာပြောလို့လဲ၊ အမေ အခုချက်ထားတဲ့ ဟင်းတွေကို မကြိုက်လို့ မကြိုက်ဘူးလေးပဲ ချစ်ခွန်းပြောမိတာ၊ ဒါကို အမေဘာဖြစ်လို့ ဝုန်းဒိုင်းကြဲပြီး ဆတ်ဆတ်ထိမခံအောင် ဖြစ်သွားရတာလဲ ... ”

“ဟဲ့ မဖြစ်လို့ရမလား ... ဒီခြံထဲမှာ အကြောင်းပြချက်အမျိုးမျိုး အမူအယာမျက်နှာထားလေသံတွေအမျိုးမျိုးနဲ့ တခုမဟုတ်တစ်ခု ထိပ်တိုက်တိုးပြီး နင်ငါ့ကို အမြဲပြဿနာရှာလာတာလေ၊ ဒီတိုက်ကြီးပေါ် ငါတို့သားအမိနှစ်ယောက် ရောက်လာတဲ့နေ့ကတည်းက နင် ငါ့ကို ရှေ့မှာတစ်မျိုး ကွယ်ရာမှာတစ်မျိုး၊ အမျိုးမျိုးအတိုက်အခံလုပ်လာတာ၊ အခု ငါမကျေနပ်လို့ နင်စားမယ့်ပန်းကန်တွေမှောက်ပစ်တယ်၊ ဘာဖြစ်လဲ ... ဒါကို မိထွေးပဲဆိုတဲ့အကြည့်မျိုးနဲ့တော့ နင် ငါ့ကို ပြန်မကြည့်နဲ့ ... ထက်သူဇာဆိုတဲ့ မိန်းမက ပါးစပ်နဲ့မရှင်းဘူး၊ လက်နဲ့ပဲ ရှင်းမှာဟဲ့ ... သိရဲ့လား ချစ်ခွန်းခရဲ့”

“အမေ ... အမေနော်၊ အမေပြောတာ အရမ်းတရားလွန်နေပြီနော် ... ဒီတိုက်ကြီးပေါ်ကို အမေ စတက်လာကတည်းက ချစ်ခွန်း အမေ့ကို ဘာပြောခဲ့လို့လဲ ... အဖေနဲ့အမေ အဆင်ပြေရင်ပြီးရောဆိုတဲ့သဘောမျိုးနဲ့ အမေ စိတ်တိုင်းကြ ချယ်လှယ်စီစဉ်ပေးသမျှကိုပဲ ချစ်ခွန်းနာခံခဲ့တာ၊ ဘယ်သူ့ကိုမှ ချစ်ခွန်း အတိုက်အခံမလုပ်ခဲ့တာ ... နတ်သိကြားတွေ အကုန်သိတယ် ... ဒါကို ငါတစ်ဖက်သတ် အနိုင်ကျင့်ချင်တိုင်း ကျင့်လို့ရတယ်ဆိုတဲ့စိတ်နဲ့ အမေ မပြောပါနဲ့ ... ”





“ကြည့်စမ်း ... ”

ကျစ်ဆံမြီးရှည်ကြီး တစ်ခါခါနှင့် မိမိကိုပင် ပြန်ခံပြောနေသည့် ချစ်ခွန်းကိုကြည့်ကာ ဒေါ်ထက်သူဇာရဲ့ မျက်ဝန်းတွေကအရောင်တွေ လက်ဖြာသွားပြီး ကျောက်သားပြင်တစ်ခုကို မာကြောအေးစက်သွားသည်။

ဒီလိုပြန်ခံပက်တာ ခံရတိုင်းလည်း ဒေါ်ထက်သူဇာ အသားတွေ တဆတ်ဆတ်တုန်သည်။ အနာကြည်းဆုံးပြိုင်ဘက် ဝိုင်းချစ်ရဲ့ ဓာနမျက်နှာကိုလည်း မျက်ဝန်းထဲ ပြေးပြေးမြင်သည်။ ဝိုင်းချစ်ရဲ့ ညဉ်တွေပူးကပ်ပြီး ချစ်ခွန်းနှင့်တစ်ယောက်တစ်ခွန်း စကားများတိုင်းလည်း အသည်းတွေဆယ်ပြန်တိုး နာခဲ့ရတာလည်း ဒေါ်ထက်သူဇာပဲ ဖြစ်ခဲ့သည်။ မျက်ရည်တစ်စက်ကျတိုင်းလည်း ထိုမျက်ရည်သည် ချစ်ခွန်းနှင့် တနည်းမဟုတ် တစ်နည်းနှင့်တော့ ပတ်သက်နေခဲ့သည့် မျက်ရည်များပဲ ဖြစ်ခဲ့၏။

ခုလည်း မျက်ဝန်းတွေက ကျောက်သားပြင်လို ဘယ်လောက်ပဲ မာကြောသွားသွား ထိုမာကြောသွားသည့် ကျောက်သားပြင်ကို ထွင်းဖောက်ယိုစိမ့်ထွက်ကျလာမည့် မျက်ရည်ထုကဒေါ်ထက်သူဇာရဲ့ မျက်ဝန်းတွေထဲမှာ အိုင်ဖွဲ့နေခဲ့ပြီးသား။

“နင် ... နင် ဝိုင်းချစ်ရဲ့သမီးပါလို့ ကျိန်တွယ်ပြောစရာမလိုအောင် ငါ့ကို တုဖက်ပြိုင်နေတဲ့မိန်းမ၊ နင့်အဖေကို ဆွဲထုတ်သိမ်းပိုက်သွားတယ်ဆိုတဲ့ စွတ်စွဲချက်နဲ့ လေးနဲ့မြှားကိုကိုင်ပြီး ငါ့ကို တိုက်ခိုက်ဖို့ နင်အမြဲ စစ်ပြင်လာခဲ့တာလေ ... ”

“ဟွန်း ... အဲလိုစစ်ပြင်ခဲ့တိုင်းလည်း လေးညို့သံတစ်ချက်မကြားလိုက်ရဘဲ အမြဲလက်နက်ချခဲ့ရတာ၊ ချစ်ခွန်းပဲ မဟုတ်ဘူး

www.burmeseclassic.com



လားအမေ … အခုလည်း တစ်ခုခုပြဿနာဖြစ်တာနဲ့ အမေ မျက်ရည်ကျတော့မယ်ဆိုတာ ချစ်ခွန်းသိတယ် … အဲဒီမျက်ရည်ကြောင့်ပဲ အမေ့ကို ချစ်ခွန်း အရှုံးပေးလာရတာ၊ ကြောက်ပါတယ် … ချစ်ခွန်းကြောင့် လူတစ်ယောက် မျက်ရည်ကျတာမြင်ရင် ရင်ကိုခွဲ အသည်းကိုထုတ်၊ လက်ကိုင်ပုဝါလုပ်ပြီး အဲဒီမျက်ရည်ကို ချစ်ခွန်းပြန်သုတ်ပေးလိုက်ချင်တယ်၊ အဲဒါ … ချစ်ခွန်းရဲ့ဆန္ဒပဲ … တော်ပြီ … အမေလည်းမပြောနဲ့တော့၊ ချစ်ခွန်းလည်း ထမင်းမစားဘဲ အငတ်ခံလိုက်တော့မယ် … ”

ချစ်ခွန်း ပြောပြီးတာနဲ့ ကိုယ်လုံးဖူးဖူးလေးကိုလှည့်ကာ အောက်ထပ်က စာကြည့်ခန်းထဲကိုပဲ ဝင်လာခဲ့သည်။ ထမင်းစားခန်းထဲမှာ ဟန်ဆောင်မျက်ရည်တွေ တရဟောသွန်လွှတ်ရင်း ကျန်ခဲ့ရတာ ဒေါ်ထက်သူဇာ။

ချစ်ခွန်း … ခန္ဓာကိုယ်က မလှုပ်ပေမယ့် တဖျတ်ဖျတ်လှုပ်ပြီး ကျလာတာကမျက်ရည်။ မနေ့ကလည်း တစ်ခါ။ ဟိုအရင်နေ့ကလည်း တစ်ခါ။ မျက်ရည်နဲ့ ကန့်လန့်ကာချပြီး သိမ်းလိုက်ရသည့်ပွဲတွေရဲ့ နောက်မှာ ရှိုက်သံတွေကသာ အဆုံးသတ် ဂီတသံတွေဖြစ်သွားခဲ့ရ၏။

စာကြည့်စားပွဲရှေ့မှာ လက်ထောက်ရပ်ရင်း ရင်ထဲကနေလှိုက်တက်လာရသည့်အသံတွေက ပွဲတင်သံတွေလို ကဆုန်ပေါက်ပြေးလွှားရင်း မျက်ရည်တွေပဲ သွန်ချနေခဲ့မိတာဖြစ်သည်။ ဒီမျက်ရည်တွေကို အမေ မဆုံးခင် လပိုင်းတွေကတည်းက ချစ်ခွန်း သယ်ပိုးလာခဲ့ရတာလေ။ အခု … အမေဆုံးသွားတာ တစ်နှစ်ကျော်ကြာခဲ့သည်အထိ ဒီမျက်ရည်တွေ ဘယ်မှာရပ်ခဲ့လို့လဲ။





မုန်းမပြေနှင့်လည်း ဆယ်တန်းတစ်နှစ်လုံး ချစ်ခွန်းပြိုင်ခဲ့သည်။

ကျောင်းသွား ကျောင်းပြန် …

အဲလ်ကွန်းဘတ်စ်ကား ကြပ်ကြပ်ကို တိုးတိုးဝှေ့ဝှေ့ကလေးစီးရင်း မာနနဲ့ချစ်ခွန်း ဆယ်တန်းဖြေခဲ့တာ။ အမှတ်စာရင်းတွေထွက်တော့ မုန်းမပြေနှင့်ချစ်ခွန်း အမှတ်ကိုးဆယ်ကျော်ကွာသွားသည့်အထိ ချစ်ခွန်းကပဲ သာသွားခဲ့၏။ ဟော … တက္ကသိုလ်တွေခွဲတော့ ချစ်ခွန်းက ဆရာဝန်လိုင်း။ မုန်းမပြေက အီကိုလိုင်း။

အမေက ချစ်ခွန်းကို ဘယ်လိုပဲမှာခဲ့မှာခဲ့ ချစ်ခွန်း အရှုံးမပေးနိုင်တာ မုန်းမပြေကိုပဲဖြစ်သည်။ အဖေ့မျက်နှာနှင့် ဒေါ်ထက်သူဇာကို အရှုံးပေးနိုင်ပေမယ့် မုန်းမပြေကိုတော့ ချစ်ခွန်း အရှုံးမပေးနိုင်။

အမေဆုံးကာစက ဆိုလျှင် အဖေ တဖွဖွပြောတတ်သည့် စကားတစ်ခွန်းက …

“သမီး ချစ်ခွန်း … အဖေ့စကားကို နားထောင်စမ်း၊ အရည်အသွေးကောင်းတဲ့ ကြေးစည်လေးတစ်ခုဟာ သူ့ကိုမုန်းတဲ့စိတ်နဲ့ပဲ ထုထု၊ ချစ်တဲ့စိတ်နဲ့ပဲထုထု၊ သူ့ရဲ့တုန့်ပြန်မှုက သာယာနာပျော်ဖွယ်ကောင်းတဲ့ အသံလေးတစ်ခုကိုပဲ အမြဲပေးတယ်၊ သမီးချစ်ခွန်းကျင့်ရမှာ အဲဒီကြေးစည်လေးလိုပဲ အမြဲကျင့်ကြံနေရမှာ ထက်သူဇာတို့သားအမိက တူဘဝကို ရောက်နေခဲ့ရင်တောင် သမီးချစ်ခွန်းက ကြေးစည်လေးဘဝကိုခံယူပြီး ကိုယ့်တာဝန်ကိုယ်ကြေဖို့ပဲ အမြဲကြိုးစားနေရမှာလေ”

အဖေပြောလို့ ချစ်ခွန်း ပြန်ပြောခဲ့တာက …

“ဒါ … ဒါဆို ချစ်ခွန်းက တူဘဝကိုပြောင်းရင် အမေက



www.burmeseclassic.com

www.burmeseclassic.com



ကြေးစည်လုပ်မလား၊ အဖေ့ကွယ်ရာမှာ ချစ်ခွန်း အမြဲအနိုမ်ခံနေရတာ အဖေ မသိဘဲနဲ့၊ ချစ်ခွန်းကိုပဲ အမြဲဆူနေတယ် ... ဒီတိုက်ကြီးပေါ်ကို အမေတက်လာတဲ့နေ့ကတည်းက ချစ်ခွန်း တာဝန်မကြေခဲ့တာ ဘာရှိသလဲ ... မိထွေးမှန်းသိပါလျက်နဲ့ ခေါ်တာတောင် အမေလို့ပဲ ချစ်ခွန်းခေါ်ခဲ့တာ၊ သူကျတော့ ချစ်ခွန်းကို သမီးလို့တစ်ခွန်းခေါ်ခဲ့သလား၊ ချစ်ခွန်းက အဖေစိတ်ဆင်းရဲမှာကြောက်လို့ ရင်ထဲမှာ လောင်နေတဲ့မီးကို ကြိတ်ငြိမ်းလာခဲ့တာ၊ ကြိတ်ငြိမ်းတော့ ပိုလောင်တယ် ... အဲဒါ ... ဘယ်သူ့မှာ တာဝန်ပိုရှိသလဲ၊ အဖေ စဉ်းစားကြည့် သူတို့သားအမိနှစ်ယောက်စလုံးကို အမေမှာခဲ့လို့သာ ချစ်ခွန်း အရှုံးပေးနေရပေမယ့် ပြန်အနိုင်လိုချင်တဲ့စိတ်က ချစ်ခွန်းမှာ အမြဲရှိတယ် အဖေ ...”

ချစ်ခွန်း ရှိုက်လည်းရှိုက်၊ ငိုလည်းငို ပြောလည်းပြောနဲ့။

“ပြောမယ်ဆိုရင် ချစ်ခွန်း အရှုံးပေးလာတာ ဘယ်သူ့ကြောင့်လဲ ... ကုမ္ပဏီအလုပ်တွေကနေ ပင်ပင်ပန်းပန်းပြန်လာတဲ့ အဖေ့မျက်နှာပေါ်က အပြုံးလေးကို ချစ်ခွန်းမြင်ချင်လို့ ... ချစ်ခွန်း အရှုံးပေးလာတာလေ၊ ခုတော့ ... အဖေက ချစ်ခွန်းကို ကြေးစည်လေးပဲ အမြဲလုပ်ခိုင်းနေတယ်၊ အဟင့် ... ပိန်လိမ်နေအောင် အထုခံထားရတဲ့ကြေးစည်လေးက အဖေပြောတဲ့အသံတွေ ထွက်နိုင်ပါတော့မလားအဖေရဲ့ ... အဟင့် ... ဟင့် ... အဖေပဲ စဉ်းစားကြည့်ပါဦး”

ချစ်ခွန်း ငိုခဲ့ရတာတွေ ပြန်တွေးပြီး နှုတ်ခမ်းလေးကိုမဲ့မိသည်။ ရင်ထဲမှာ ပူလာတော့ ... စာကြည့်စားပွဲပေါ်မှာ အဆင်သင့်ရှိနေသည့် ရေသန့်ဗူးကလေးကိုဖွင့်ကာ မော့သောက်မိ၏။

ကျောင်းကအပြန်မှာ ရှုပ်ပွလာသည့် ဆံပင်တွေကိုလည်း





ချစ်ခွန်း မရှင်းနိုင်သေးပါ။

“ချစ်ခွန်းခ ...”

ထမင်းစားခန်းထဲကနေ စာကြည့်ခန်းထဲထိ မကျေမနပ်လိုက်လာသည့် ဒေါ်ထက်သူဇာမျက်နှာကိုလည်း ခေါ်သံကြားပေမယ့် ချစ်ခွန်းက လှည့်မကြည့်ချင်၊ မဆုံချင်ဘဲ ဆုံနေရသည့်မျက်နှာနှစ်ခုပေါ်မှာ အပြုံးကိုယ်စီပွင့်လာနိုင်ဖို့ဆိုတာ နှစ်ယောက်စလုံးမှာ မာယာတွေ ရှိနေမှ ဖြစ်မှာပါ။

အဲဒီမာယာမျိုးဟာ အရက်သိက္ခာမရှိသော အယောင်ဆောင်ရှင်သန်မှုတွေကတစ်ဆင့် ပွင့်လန်းလာနိုင်တာမျိုး။

ဒါကိုလည်း ချစ်ခွန်း မုန်းခဲ့တာ ဒီနေ့အထိ။

“ရေခဲသေတ္တာထဲက ကြက်ကြော်နဲ့ပုဇွန်ထုပ်ပေါင်းကို နင်ပဲစားလိုက်တော့”

“ဟာ ... မစားပါဘူး”

ချစ်ခွန်း ဆံပင်ရှည်တွေခါသွားအောင် ခေါင်းယမ်းငြင်းမိသည်။

“အဲဒါ ... နင့်သဘောနဲ့နင် မစားတာနော် ချစ်ခွန်း၊ ကိုထွန်းပြန်လာမှ ပါးချွန်နားချွန်နဲ့ နင်အတွက်အထောင်မလုပ်နဲ့ ...”

“ဟင် ... အမေ ဘယ်လိုဖြစ်နေတာလဲ၊ ချစ်ခွန်းမစားတော့ဘူးလို့အမေ့ကို သေချာပြောပြီးမှ ထွက်လာတာလေ”

မျက်တောင်ရှည်တွေ ကော့တက်သွားအောင်လည်း ဒေါ်ထက်သူဇာကို ချစ်ခွန်း လှည့်ကြည့်မိသည်။ အရှုံးပေးပြီး ချစ်ခွန်းလှည့်ထွက်လာတာကို ဘာကြောင့်များ နောက်ကလိုက်လာပြီး ပြဿနာကို ဆက်ချင်နေတာလဲ။ ဒီအိမ်မှာ ချစ်ခွန်း စိတ်မာတင်းချုရ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း အဲဒါ။

"ဘယ်လိုဖြစ်ရမှာလဲ ... နင်ထွက်သွားတာက ငါ့ကိုမကျေ မနပ်နဲ့ထွက်သွားတာလေ၊ ငါ နင်နဲ့ရှေ့ဆက်ပြီး ဘယ်လိုပြဿနာမှ မဖြစ်ချင်တော့လို့ တမင်လိုက်လာပြီး လာပြောတာ ... တော်ကြာ သမီးအရင်းမဟုတ်လို့ မကျွေးဘူးအပြောခံရမှာကြောက်လို့ ... တော်ပါပြီ ... အကောင်းဆုံးက ငါတို့သားအမိ ဒီတိုက်ပေါ်ကဆင်း သွားတာ အကောင်းဆုံးပဲ ... "

"ဟင် ... အမေ ... "

"နင့်အဖေလာရင် ပြောလိုက် ... လိုက်မရှာနဲ့လို့ ... "

ပြဿနာပဲ ... အဖေ့အညာကိုသိလို့ ဒေါ်ထက်သူဇာ မီးမွှေး ပြီ။

ဘာမှတောင် သိပ်မကြာလိုက်ဘဲ အဝတ်အစားအိတ်ကြီးကို ဆွဲထွက်လာတော့ ချစ်ခွန်း မျက်လုံးတွေပြူးသွားသည်။ စားပွဲလေး ရှေ့မှာလည်း ချစ်ခွန်းဆက်ရပ်နေလို့ မရတော့ပါ။ ချစ်ခွန်း အရင်ဆုံး ဖျတ်ခနဲ ပြေးမြင်လိုက်မိတာ အဖေ့မျက်နှာ။ ဘာပဲပြောပြော ... ဒေါ်ထက်သူဇာကို အဖေသိပ်ချစ်တာ ချစ်ခွန်းအသိဆုံး။

ဒေါ်ထက်သူဇာကို ဒီတိုက်ကြီးပေါ် ခေါ်ခွင့်ရပြီဆိုကတည်း က လန်းဆန်းတက်ကြွနေသည့် အဖေ့ရုပ်သွင်သည် အိမ်ထောင်ခြင်း လည်းမရှိ ရင့်ရော်ခြင်းဆိုတာဝေးစွ၊ အနားကပင် မခွာဘဲ ဒေါ်ထက် သူဇာလိုသမျှ အချိန်ပြည့် ဖန်ဆင်းပေးလာခဲ့သူ။ ဒါကို သတိရတော့ ဒေါ်ထက်သူဇာရှေ့ကနေ ပိတ်ကာရပ်ရင်း ချစ်ခွန်း တားမိသည်။

ဒါဟာလည်း အဖေ စိတ်ဆင်းရဲနေမှာ ကြောက်လို့ပါ။

"ဟာ ... အမေနော် ... ချစ်ခွန်း ဒီလောက်လေးပြောမိတာ





အမေ ဘာမှအိမ်ပေါ်ကဆင်းနေစရာမလိုဘူး၊ အမေ့ကိုပြောမှားဆို မှားရှိရင် ချစ်ခွန်း တောင်းပန်တယ်၊ ပေးပါ ... အမေ့လက်ထဲက အိတ်ကို ... "

အမေ့လက်ထဲကအိတ်ကို ပြေးဆွဲရင်း ချစ်ခွန်း တောင်းပန်မိ သည်။

"နင် ... နင် ... ငါ့ကို မတားနဲ့ ... "

ဒေါ်ထက်သူဇာက အိတ်ကိုဆွဲကာ အတင်းရုန်းသည်။

"ဟင့်အင်း အမေ ... ချစ်ခွန်း တောင်းပန်ပါတယ်၊ ဒီအိမ် ပေါ်ကနေ အမေ ဆင်းစရာမလိုဘူး ... အမေဆင်းသွားရင် အဖေက ချစ်ခွန်းကို မုန်းသွားမှာ၊ ကန်တော့ပါတယ် အမေရယ် ... အမေ ကျေနပ်ရင် ချစ်ခွန်းကိုပဲ ရိုက်ပါအမေရဲ့ ... ချစ်ခွန်းကိုပဲ ရိုက်ပါ"

ငိုသံပါပါကလေးနှင့် ဒူးထောက်တောင်းပန်ရင်း အောက်ကျ လိုက်ရတဲ့အထိ ဖြစ်သွားခဲ့တာ အဖေ့ကြောင့်မဟုတ်လျှင် ဘယ်သူ့ ကြောင့်ဖြစ်ရလေမလဲ။ ချစ်ခွန်းကတော့ အဖေ့ ခွင့်မလွှတ်နိုင်သည့် ကြီးမားသော အပြစ်ကြီးတစ်ခုကို ကျူးလွန်မိခဲ့သည့်အလား ကိုယ့် ကိုယ်ကိုယ်မလုံဖြစ်ကာ နောက်ဖေးက ထမင်းစားခန်းထဲ ပြေး သွားရင်း မှောက်ကျနေသည့် ထမင်းနှင့် ဟင်းတွေကို တံမြက်စည်း လေးနှင့်ပြန်လှဲ အိုးခွက်ပန်းကန်တွေကို မီးဖိုခန်းထဲက ဘေစင် ဆေးမှာထိုင်ဆေးနှင့် ချစ်ခွန်း မျက်ရည်ကျရတာ တစ်ယောက်မှ မည်း ချစ်ခွန်းကို သနားမယ့်သူ မရှိတော့ပါလား။

အမေဆုံးပြီး ချစ်ခွန်း ဆယ်တန်းနှစ်တက်မဲ့သည့်တစ် နှစ်လုံးမှာလည်း ဖြစ်ခဲ့ရသည့် ပြဿနာတွေက ရေတွက်လို့ပင် မကုန်နိုင်။ အမေက ဒီသားအမိတွေကို အရှုံးပေးပါဟု ဘယ်လိုပင်



www.burmeseclassic.com

www.burmeseclassic.com



မှာခဲ့ မှာခဲ့ ချစ်ခွန်း အရှုံးမပေးချင်ခဲ့တာ မခံချင်လို့ပဲဖြစ်သည်။

ဒီလိုမခံချင်ဖြစ်လာအောင်လည်း ခြံထဲမှာရှိသမျှ အမေ့လူယုံတော်အလုပ်သမားဟောင်းတွေထဲမှာမှ ဒေါ်လုံးတစ်ယောက်တည်းကိုချန်ပြီး အားလုံးကို ဒေါ်ထက်သူဇာရဲ့ တစ်ချက်လွှတ်အမိန့်နှင့် အလုပ်ထုတ်ပစ်ခြင်းမှ စခဲ့သည်။

ထိုနေ့မှစပြီး ချစ်ခွန်းလုပ်ခဲ့ရတာ ပန်းကန်ဆေးကြမ်းတိုက် အဝတ်လျှော် မီးပူထိုး အောက်ခြေသိမ်းအလုပ်တွေပဲ ဖြစ်ခဲ့သည်။

"ခြံထဲမှာ လူတွေများနေတာ ထက်မျက်စိနောက်တယ်၊ ကိုယ့်မိသားစုလေးရှိတာမှ လေးယောက်ပဲရှိတာ၊ ဘာဖြစ်လဲ ... ထက်ဈေးသွားမယ်၊ ထက်ပဲ စိတ်တိုင်းကျချက်မယ်၊ ကျန်တာတွေ ဟိုညီအစ်မနှစ်ယောက်ပိုင်းလုပ်၊ အိမ်မှုကိစ္စဆိုတာ ဒီအရွယ်မှာမသင်ရင် ဘယ်အရွယ်မှာသင်မလဲ ... တစ်နေ့ကျ သူတို့ယူမယ့် ယောကျ်ားဆီကို ကိုယ်ကထည့်လိုက်ရမှာ ... အိမ်မှုကိစ္စမတတ်ထားရင် ကိုယ့်မိဘပဲ အပြောခံရမယ် ... "

ဒီလိုနဲ့ပဲ တာဝန်တွေ ခွဲလိုက်တာ ...

မှန်းမပြေက ဘုရားပန်းလဲ ဧည့်ခန်းအလှပြင် ...

ချစ်ခွန်းက ပန်းကန်ဆေး ကြမ်းတိုက် အဝတ်လျှော် မီးပူထိုး၊ တံမြက်စည်းလှဲ။

တရားတာ မတရားတာထက် ဒေါ်ထက်သူဇာရဲ့အပေါ်စီးက ခိုင်းသမျှ အမိန့်တွေကို နာခံခဲ့ရတာ ချစ်ခွန်း။ မှန်းမပြေက မိတ်ကပ် နှုတ်ခမ်းနီအဖွေးသားနှင့် ဘုရားပန်းလဲနေချိန်တွင် ချစ်ခွန်းက ဒူးကလေးထောက်ပြီး ကြမ်းတိုက်နေရတာ ဧည့်ခန်းမှာပဲဖြစ်သည်။





အမေကတော့ ဒါတွေကို မသိပါ။

မိုးလင်းတာနှင့် ကုမ္ပဏီကိုထွက်သွား၊ တစ်ခါတလေ သန်းခေါင်သန်းလွဲမှ အိမ်ပြန်ရောက်ဆိုတော့ အမေနှင့်ချစ်ခွန်း မဆုံလိုက်ရသည့်နေ့တွေကပင် များစွာရှိခဲ့သည်။ ချစ်ခွန်း ဘတ်စ်ကားဖြင့်ကျောင်းတက်ခဲ့တာကိုလည်း အမေ သိခဲ့ပုံမရ။

ကျောင်းရောက်တော့လည်း ချစ်ခွန်းနှင့်မှန်းမပြေ တစ်ခန်းထဲမှာ စာအတူသင်ရပေမယ့် သူလည်း သူ့အဖွဲ့နှင့်သူဖြစ်ကာ ချစ်ခွန်းကလည်း ကိုယ့်သူငယ်ချင်းနှင့်ကိုယ်မို့ ထိပ်တိုက်မတွေ့အောင်ရှောင်ရင်း ဘာသိဘာသာလေးပဲ နေခဲ့ကြသည်။

ချစ်ခွန်းရဲ့သူငယ်ချင်း မေဖူးစာကဆို ...

"ချစ်ခွန်းရာ ... နင်ဘာဖြစ်လို့ မှန်းမပြေကို ဒီလောက်သည်းခံနေရတာလဲ၊ ဟိုမှာ ... နင် အိမ်မှာ ကြမ်းတိုက်ရတဲ့အကြောင်းကို ပြောပြီး မှန်းမပြေက သူငယ်ချင်းတွေရှေ့မှာ ပိုင်းဟားနေတာလေ၊ ငါ့ကိုသာ အဲလိုလာပြောရဲပြောကြည့် နင့်လိုတော့ ငုံ့ခံနေမှာမဟုတ်ဘူး"

"ချစ်ခွန်း အရှုံးပေးထားတာပါ ... မေဖူးစာရယ်"

"ချစ်ခွန်းရယ် ... နင်တော်တော် သည်းခံစိတ်မွေးနိုင်တာပဲနော်၊ နင့်အဖေ ဝယ်ပေးထားတဲ့ကားကြီးကို သူကစီးပြီး ကျောင်းကိုလာနေတဲ့အချိန်မှာ နင်က လိုင်းကားလေးတိုးစီးပြီး ကျောင်းကိုလာရတယ် ... သူက အကောင်းစားမိတ်ကပ်နဲ့နှုတ်ခမ်းနီတွေ သုံးနေချိန်မှာ နင်က ပါးကွက်ကြားကလေးနဲ့ ကျောင်းတက်ရတယ်"

"ချစ်ခွန်း သူနဲ့ မပြိုင်ချင်လို့ပါဟာ ... "

ချစ်ခွန်းအနားမှာ တစ်ချိန်လုံးနေပြီး အားပေးခဲ့တာ မေဖူး



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ပြောရရင် … မေဖူးစာဆိုတာ လမ်းနေတဲ့ရပ်ကွက်ထဲကလေ လမ်းကို လူချင်းမတွေ့တော့ပေမယ့် လမ်းရဲ့သတင်းတွေက မကြားချင်မှအဆုံး။ လမ်းအဖေ ဆုံးသွားတာ၊ လမ်းရေခဲမုန့်မရောင်းတော့ဘဲ ဆယ်တန်းကို အပြင်ကပဲဖြေဖို့ ကျူရှင်တက်နေတာ၊ ဘယ်ကောင်မလေးနဲ့မှလည်း လမ်းက မပတ်သက်ဘဲ အိမ်မှာပဲ တနိုင်တပိုင် ဆန်ဆိုင်ကလေးနှင့် ကြံရည်ဆိုင်၊ အအေးဆိုင်ကလေးဖွင့်ထားတာ။ အားလုံးကို မေဖူးစာပြောပြလို့ လမ်းရဲ့သတင်းလေးတွေကို ချစ်ခွန်း အမြဲကြားခဲ့ရတာပါ။

ဒီအကြောင်း မေဖူးစာနဲ့ပြောမိတိုင်းလည်း …

"လမ်းကိုတော့ ချစ်ခွန်းအမြဲသတိရတယ် မေဖူးစာ … ချစ်ခွန်း တန်ဖိုးအထားရဆုံးက မာကြောကြော ဂျွတ်ဆတ်ဆတ်လေးနဲ့ မဟုတ်မခံပြောတတ်တဲ့ သူ့စိတ်ဓာတ်လေးပဲ၊ နင်ပဲစဉ်းစားကြည့်လေ … ချစ်ခွန်းက သူ့ကိုခင်လို့ ရေခဲမုန့်လှည်းကလေးဝိုင်းတွန်းပေးတာတောင် နောက်မလာနဲ့တော့ဆိုပြီး ချစ်ခွန်းကို ခပ်မာမာပြောလွှတ်တာ၊ သူဘယ်လောက်ပဲပြောပြော သူ့ဆီကို ချစ်ခွန်းသွားချင်ပေမယ့် ချစ်ခွန်းက မိန်းကလေးလေ မေဖူးစာရဲ့ … ပြီးတော့ အဖေနဲ့ကလည်း ပြဿနာဖြစ်ဖူးထားတာဆိုတော့ ချစ်ခွန်း သူ့ကိုတမင်မေ့ပစ်လိုက်တာပါ။ ဒါပေမယ့် … ဘယ်လိုပဲ ကြိုးစားပြီးတော့မေ့မေ့ အိမ်မှာပြဿနာဖြစ်လို့ တစ်ယောက်တည်းငိုရပြီဆိုရင် သူရှိတဲ့နေရာလေးကို ချစ်ခွန်း တကယ်ရောက်အောင်ပြေးသွားချင်တယ်"

ဒီလိုပဲ မေဖူးစာကို ချစ်ခွန်း ပြောခဲ့မိသည်။

ဒါကို မေဖူးစာက သူ့ဆိုင်မှာ ကြံရည်မှာသောက်ရင်း သူ့ကိုပြောတော့ နှုတ်ခမ်းလေးမဲ့ပြီး သူက ပြုံးသတဲ့လေ။ ပြီးတော့လည်း





ပြောသေးသတဲ့ …

ပြေးလာရင် ရိုက်မယ်တဲ့။

"ဟား … ဟား … လမ်းကလေး အဲလိုပြောတော့ ငါမှာ ရယ်လိုက်ရတာ ချစ်ခွန်းရယ် … ဘာပဲပြောပြော လမ်းကလေးကခင်ဖို့တော့အရမ်းကောင်းတယ်သိလား၊ ငါတို့ရပ်ကွက် သာရေး နာရေး အသင်းမှာဆိုလည်း လမ်းကလေးကိုပဲ အတွင်းရေးမှူးနေရာတင်ထားတာလေ၊ နာရေးဖြစ်ပြီဆိုတာနဲ့ ကလဖျင်းတွေ စားပွဲတွေ ထိုင်ခုံတွေ မီးချောင်းတွေ မမ္မာရုံကနေ လှည်းနဲ့တွန်းလာပြီး နာရေးဖြစ်တဲ့အိမ်မှာ လမ်းကလေးခေါင်းဆောင်တဲ့ လူငယ်တွေက လိုက်ဆင်ပေးတာ၊ ဟော … ဝါတွင်းအပတ်စဉ် စနေဆွမ်းလောင်း အသင်းဆိုလည်း လမ်းကလေးက ထိပ်ဆုံးကပါတယ်၊ ရပ်ကွက်မှာ သီတင်းကျွတ် မီးထွန်းပွဲတော်လုပ်လည်း လမ်းကလေးပဲ၊ တစ်ခုပဲ လမ်းကလေးတို့အိမ်မှာကြောက်ရတာက လမ်းကလေးမေမေ'

"ဟင် … လမ်းမေမေက ဘာဖြစ်လို့လဲ … "

"ဆင်းရဲပေမယ့် မာနကြီးတာက အထွတ်အထိပ်ပဲ … "

"ဟယ် … တကယ်ပြောတာ … "

"ငါတို့မိန်းကလေးတွေကိုလည်း သူ့နဖူးက အမာရွတ်ဟောင်းကလေးကိုပြပြီး အမြဲဆုံးမတယ် … ယောက်ျားတွေကို လွယ်လွယ်နဲ့အထင်မကြီးသင့်တဲ့အကြောင်း၊ အချစ်ကို ကိုးကွယ်ပြီး မမိုက်သင့်တဲ့အကြောင်း၊ မာနဆိုတာ မိန်းကလေးတိုင်းမှာရှိသင့်တဲ့အကြောင်း၊ အို … ပြောလိုက်တာ ဆုံးမလိုက်တာ စုံနေတာပဲဟာ၊ နင် အဲဒီကိုသွားလည်ရင် နင့်ကိုဆုံးမမှာလည်း သေချာတယ်"

"မသွားတော့ပါဘူးဟာ … "



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွန်း ဒီလိုပဲပြောပြီး လမ်းကို မေ့ထားခဲ့တာပါ။

တကယ်တမ်းကျတော့ ချစ်ခွန်းအဓိက ရင်ဆိုင်ခဲ့ရသည့် ပြဿနာတွေက သူတို့ကြိုးဝါးကြွေးကြော်ထားသည့်အတိုင်း အမေ့ကိုနာကြည်းစိတ်နှင့် ချစ်ခွန်းကို နှိပ်စက်အနိုင်ယူခဲ့ကြတာပင်။ အမေဆုံးကာစ လတွေတုန်းကတော့ အမေမှာခဲ့တာကိုသတိရပြီး ပြိုင်လာသမျှကို အရှုံးပေးခဲ့ပေမယ့် တကယ်နာကျင်လာတော့ အရှုံးဆိုတာကို ချစ်ခွန်း မုန်းသွားခဲ့၏။

သူတို့ခြေချနင်းသွားရမယ့်နေရာတွေမှာ မြူတမှုန် ဖုံတစ်ပွင့် မရှိအောင် ချစ်ခွန်း ကြမ်းတိုက်ပေးနေရတာ တရားသလား။ ဒါကို ချစ်ခွန်းကဆန့်ကျင်လျှင် ချစ်ခွန်းပခုံးလေးကို ဒေါ်ထက်သူဇာ ဆောင့်တွန်းပစ်တတ်တာမျိုး၊ မျက်စောင်းတဝင့်ဝင့်ထိုးကာ မကျေမချမ်းနှင့် မပြီးနိုင် မစီးနိုင် ဝေဖန်ရှုံ့ချနေတတ်တာမျိုး။

“နင်နော် ... ငါ့ကိုမျက်စောင်းထိုးမကြည့်နဲ့၊ နင့်မျက်နှာကို မြင်နေရတာ ပိုင်းချစ်ကိုမြင်နေရသလို ငါ့ရင်ထဲမှာပူနေတာ၊ ငါက တော့ တစ်သက်လုံးရှုံးခဲ့သမျှ ဒီတစ်ခါ ငါနိုင်လိုက်ပြီဆိုပြီး ပျော်ခဲ့ရသလောက် အခု ... နင့်အမေလုပ်သွားတာကြည့်စမ်း၊ ရောဂါဖြစ်ပြီး အိပ်ရာထဲမလဲခင်အချိန်ကတည်းက အရှက်မရှိတဲ့မိန်းမတွေ၊ ဘယ်သူ သူ့ယောက်ျားကိုလာလုမလဲ ... လုကြစမ်းဆိုပြီးတော့ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးထားတာ၊ နောက်ဆုံးကျတော့ သူကွာပေးထားလို့ ငါကရခဲ့သလိုမျိုး ကော့နေအောင် မာနကြီးပြသွားခဲ့တာ၊ ဒါကိုတွေးမိတိုင်း တနုံ့နုံ့နဲ့ ငါမခံစားရဘဲနေမလားဟင် ချစ်ခွန်းခ ... နင့်ကို အရေးဆုတ်ပစ်ချင်နေတာလည်း နင့်အမေကြောင့်ဟဲ့ သိရဲ့လား ...”





ဆိုပြီး အအော်ခံရတဲ့အထိ။ ချစ်ခွန်း အကြိမ်းအမောင်းခံခဲ့ရဖူးသည်။ တကယ်ဆို ... အဖေဟာ ချစ်ခွန်းဘက်မှာပဲ ရှိနေသင့်ခဲ့တာပါ။ ညမိုးချုပ်လို့ အဖေပြန်လာပြီဆို သမီးအိပ်ခန်းတံခါးဝလေးမှာ ခဏလေးရပ်ပြီး မျက်လုံးလေးစွေကြည့်သွားတာလေးလောက်နဲ့ အဖေတစ်ယောက်ရဲ့တာဝန်တွေ ကြေသွားပြီလို့ အဖေ တွေးထင်ထားခဲ့လေသလားမသိ။

ချစ်ခွန်းကတော့ အဖေပြန်ချိန်ကိုစောင့်ပြီး လက်ဝါးဖြန့်တောင်းသင့်တာကို တောင်းတာမျိုးမလုပ်တတ်တော့၊ သုံးစရာမရှိလျှင် ကျောင်းမုန့်စားလွှတ်ချိန်မှာ ငုတ်တုတ်လေးငေးငိုင်ကာ ထိုင်ခဲ့ရသလောက် မုန်းမပြေကတော့ ချွဲတတ်သူပီပီ အဖေ့အနားကပ်ကာ ဦးဦးဖေဖေပေးတာလေးပဲ လိုချင်တာဆိုသည့် ချွဲချွဲပစ်ပစ်အသံကလေးနှင့် အဖေ့လက်မောင်းကိုမှီခိုလက်တွဲရင်း တောင်းခဲ့တာဆိုတော့ သူပေါင်းနေတဲ့သူငယ်ချင်းတစ်ဖွဲ့လုံးကို ကျွေးနိုင်မွေးနိုင်ခဲ့သည်အထိ မုန်းမပြေက မော်ကြွားနိုင်ခဲ့သည်။

ဒီလိုနဲ့ပဲ ချစ်ခွန်း ဆယ်တန်းအောင်ခဲ့သည်။

ချစ်ခွန်း ဆေးတက္ကသိုလ်အမှတ်မှီခဲ့တော့ မုန်းမပြေရဲ့အမုန်းက တစ်ခြံလုံး မီးတောက်မတတ် အရှိန်မြင့်ခဲ့၏။

ချစ်ခွန်းကို ဆေးတက္ကသိုလ်တက်ခွင့်မရအောင် ဒေါ်ထက်သူဇာက အဖေ့အနားကပ်ကာ အလှုပဆုံး ရိုက်ချက်တွေနှင့် အကောင်းဆုံး လက်စွမ်းပြသွားခဲ့သည်။

“ကိုထွန်းရယ် ... ချစ်ခွန်းလေးစာတော်တာ ထက်လည်းသိနေတာပဲဥစ္စာ၊ ဆေးတက္ကသိုလ် အမှတ်မှီတာလည်း ထက်ဝမ်းသာတယ်၊ ဒါပေမယ့် ... သေသေချာချာ စဉ်းစားကြည့်ရင် ဒီသမီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ပဲ ကိုထွန်းရဲ့စီးပွားရေးလုပ်ငန်းတွေမှာ ဦးဆောင်လာရမှာလေ၊ တော်ကြာ ... ချစ်ခွန်းလေးက ဆရာဝန်မလေးသွားလုပ်ပါပြီတဲ့၊ ကိုထွန်းလုပ်ငန်းတွေကို အီကိုကဘွဲ့ရလာမယ့် မုန်းမပြေက ဦးဆောင်တော့ ပတ်ဝန်းကျင်က ဘာပြောမလဲ၊ ထက်ကတော့ ချစ်ခွန်းလေးတို့ညီအစ်မနှစ်ယောက်ကို စီးပွားရေးတက္ကသိုလ်ကိုပဲ ပျော်ပျော်ရွှင်ရွှင် အတူတူသွားတက်စေချင်တယ်၊ ဟော ... ဘွဲ့ရတော့ ကုမ္ပဏီကို ဒီကလေးနှစ်ယောက် ဆက်ပြီးတော့ ဦးဆောင်ကြ၊ ကဲ မကောင်းဘူးလား”တဲ့။

ဒေါ်ထက်သူဇာရဲ့ ဒီပွဲသိမ်းရိုက်ချက်ကြောင့် ချစ်ခွန်း စီးပွားရေးတက္ကသိုလ်ကိုပဲ တက်ခွင့်ရခဲ့သည်။

ပြောရရင် ဒီနေ့က ချစ်ခွန်းကျောင်းကနေ မောမောပန်းပန်းနဲ့ပြန်လာခဲ့တာပါ။ ခုတော့ ... ဒေါ်ထက်သူဇာနဲ့ပြဿနာဖြစ်ပြီးနောက်ဖေးမီးဖိုခန်းထဲမှာ ချစ်ခွန်းတစ်ယောက်တည်း မျက်ရည်တွေတသွင်သွင်စီးကျရင်း ပန်းကန်ဆေးနေရတဲ့ဘဝ။

လမ်းရယ် ...

နင် အခု ဘယ်ရောက်နေပြီလဲဟင်။

ဆယ်တန်းကို အပြင်ကပဲ ဖြေတော့မယ်ဆိုပြီး နင်ကျောင်းထွက်သွားကတည်းက လမ်းနဲ့ချစ်ခွန်း မတွေ့ရတော့တာနော်။ ချစ်ခွန်း ဘယ်ရောက်ရောက်ဘာလုပ်လုပ် လမ်းကိုပဲ သတိရနေတာ။ လမ်းကို သိစေချင်ပါတယ် လမ်းရယ် ...

ပြောရရင် လမ်းကိုလေ ... ချစ်ခွန်း ... ။

အခန်း ( ၁၂ )

“ဒေါက် ... ဒေါက် ... ”

“ချစ်ခွန်း ... နင်အခု တံခါးဖွင့်စမ်း ... ”

တံခါးခေါက်သံကြောင့် ချစ်ခွန်း ရင်ထဲမှာ ထိတ်ခနဲဖြစ်ကာ အိပ်ရာပေါ်ကနေ အလူးအလဲထလိုက်မိ၏။ ငိုထားရလွန်းသဖြင့် ကျိမ်းစပ်နေသည့် မျက်ဝန်းတွေက တံခါးပေါက်ရှိရာဘက်ကိုလည်း ရုတ်တရက် မမြင်။ အပြင်က ခေါ်လိုက်သံကြားလိုက်ပေမယ့် ဘယ်သူထပ်လာခေါက်တာလည်းဆိုတာလည်း ချစ်ခွန်း မခွဲခြားနိုင်။

“ဒီကိစ္စကို ငါရှင်းမယ်လို့ မင်းကိုပြောထားပြီးသားနော် ထက်သူဇာ ... မင်းဖြစ်ချင်တာကိုသိသလို မင်းလုပ်ချင်တာကိုလည်း ငါနားလည်တယ် ... ဒီပြဿနာတွေအားလုံးက တစ်နေ့မှာ ဒီလိုဖြစ်လာအောင် ဘယ်သူမှ စခဲ့တာလည်းမဟုတ်ဘူး၊ အရေးကြီးတာ ငါ့သမီးကို အဆောင်တစ်ခုခုကို ပို့လိုက်ဖို့ပဲ မဟုတ်ဘူးလား၊ ကျန်တာမပြောနဲ့ ငါသိတယ် ... ”

တစ်နေ့ကုန်ငိုထားခဲ့ရသမျှ အိပ်တော့မယ်လုပ်မှ အပြင်က



www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံနှင့်အတူ ခပ်ကျယ်ကျယ်လေး အော်ပြောလိုက်သံက ချစ်ခွန်းမျက်လုံးတွေကို အထိတ်တလန့်လေးနှင့် ပြူးသွားစေခဲ့၏။

"ချစ်ခွန်း ... နင့်ကို တံခါးဖွင့်လို့ ငါပြောနေတယ်လေ၊ အရိုင်းအစိုင်းမ မိဘက ဒို့လောက်အထပ်ထပ်အခါခါ တောင်းပန်ထားတာတောင် ဒီအိမ်မှာ ပြဿနာတွေတစ်ခုပြီးတစ်ခု ဆက်တိုက်ဖန်တီးနေတာ ... ဖွင့်စမ်း ... ဖွင့်စမ်း ... "

"ဒုန်း ... ဒုန်း ... "

ချစ်ခွန်း စောင်လေးဖယ်ပစ်ကာ ဆံပင်တွေကိုသိမ်းရင်း တံခါးဆီပြေးရသည်။ ရင်တွေတုန် လက်တွေတုန်ကာ တံခါးကိုဖွင့်ချလိုက်တော့မှ တံခါးဝမှာပေါ်လာတာ အဖေနဲ့ဒေါ်ထက်သူဇာရဲ့မျက်နှာ။

ချစ်ခွန်း သိလိုက်ပါပြီ။

ညနေစောင်းက ဖြစ်ခဲ့သည့်ပြဿနာရဲ့ နောက်ဆက်တွဲဆိုတာ။

အဖေဆို အပြင်ကပြန်လာသည့် ဝတ်စုံကိုပင် မလဲနိုင်သေးဘဲ ဒီအတိုင်း အဖေ့မျက်ဝန်းထဲမှာ ဒေါသခိုးတွေက တလက်လက်ဖြာနေသလိုလို ဒေါ်ထက်သူဇာကလည်း ရှင်းချင်ရှင်းကြလေဆိုသည့် ဟန်ပန်အပြည့်နှင့် ရုတ်ခမ်းအစုံကပါမဲ့လျှက်။

အဖေ့ရှေ့ကို တစ်လှမ်းတိုးလာပြီး။ ကပိုကရို ဆံပင်လေးဖြင့် ရပ်နေသည့် ချစ်ခွန်းပခုံးလေးတစ်ဖက်ကို ဒေါသဖြင့်ဆောင့်တွန်းပစ်လိုက်တာလည်း အရှိန်ပြင်းစွာ။

ချစ်ခွန်း လဲကျမသွားအောင် ထိန်းလိုက်ရသည့် ခန္ဓာကိုယ်





လေးကတော့ တစ်ပတ်လည်ထွက်သွားသည်။

"ခွေးထက်မိုက်တဲ့သမီး ... မအေကိုတောင် ပြန်ခံကိုက်ချင်နေတဲ့မိန်းမ ... "

"အဟင့် ... "

အဖေ့ရဲ့စွတ်စွဲမှုတွေက နာကျင်ပြင်းထန်လွန်းလှတာမို့ ချစ်ခွန်း ဟင့်ခနဲ ရှိုက်ငိုချလိုက်တာကလွဲရင် ဘာမှမတတ်နိုင်။ သေချာ ဘာက အဖေ အလုပ်ကပြန်ရောက်လာတာနှင့် ဒေါ်ထက်သူဇာက ညနေကဖြစ်ခဲ့သမျှ ဇာတ်လမ်းအစုံအလင်ကို အယူခံဝင်မျက်ရည်ခံ ဆိုးလိုက်ပြီဆိုတာပါပဲ။ ချစ်ခွန်း ဘာတတ်နိုင်မှာလဲ။ အဖေ စီရင်ချက်ချမှာကို မျက်ရည်စက်လက်လေးနှင့် နားထောင်လိုက်ရုံပဲရှိတော့တာပေါ့။

"ပြောစမ်း ... ညနေခင်းက ထက်ကို နင်ပြဿနာရှာတယ် ဆို၊ အခု ... ထက်က အိမ်ပေါ်ကဆင်းတော့မယ်ဆိုပြီး ငါ့ကိုရန်လုပ်နေပြီ၊ ဒါကို နင်ဘယ်လိုရှင်းမလဲ ... ဒီအိမ်ပေါ်ကနေ ထက်တို့သားအမိဆင်းသွားမှ နင်ကျေနပ်မှာလား ... "

"အဟင့် ... သမီးက ဘာပြောနေလို့လဲအဖေရဲ့၊ ညနေ ... ညနေက ဖြစ်ခဲ့တာအတွက်လည်း အမေ့ကို ချစ်ခွန်းတောင်းပန်ပြီးပြီ ဒါကိုတောင် မပြီးသေးဘူးလားဟင် အဖေ ... ချစ်ခွန်း တောင်းပန်ပါတယ်၊ ချစ်ခွန်း နှလုံးသားတွေကို သွေးမတော်သားမစပ်တွေက နာကျင်အောင်လုပ်တာ ချစ်ခွန်းခံနိုင်ပေမယ့် အဖေလုပ်တာကိုတော့ ချစ်ခွန်း မခံနိုင်ဘူးလေ အဖေရဲ့ ... အဟင့် ... ဟင့် ဟင့်"

"ဟာ ... နင်မခံနိုင်ရင် ငါ့စကားကို နားထောင်လေ ... ငါးစပ်က အမေခေါ်ပြီး မိထွေးတစ်ယောက်လို ထိပ်တိုက်ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ရှာပြီး ဆန့်ကျင်နေတာ ကောင်းမလား ... ”

“သမီး ဆန့်ကျင်နေတာ အဖေမြင်လို့လားဟင်အဖေ ပြဿနာဖြစ်မှာစိုးလို့ အားလုံးကို ချစ်ခွန်းရှောင်နေတာ၊ ညည့်ခင်း မှာဆင်းပြီးတော့တောင် ချစ်ခွန်း တီဗွီထိုင်မကြည့်ဘူး၊ လုပ်ပေးစရာ ရှိရင် ချစ်ခွန်းလုပ်ပေးတယ် ... ကြမ်းတိုက်တော့လည်း ချစ်ခွန်း တိုက်ရတယ် ... အဲဒါ အဖေ့သမီး ချစ်ခွန်း လွန်သလား ... ”

“နင် စကားမများနဲ့ချစ်ခွန်း ... တော်ပြီ ဒီနေ့ကစပြီး နင့်ကို အိမ်မှာလည်း မထားတော့ဘူး၊ အဆောင်တစ်ခုမှာပြောင်းထားမယ် အဲဒီကနေပဲ နင်ကျောင်းတက် ... လိုသမျှပိုက်ဆံ ငါထုတ်ပေးမယ်”

“ကိုထွန်းရယ် ... အဲဒါတော့ ရှင်မလုပ်ပါနဲ့ ... ”

ကြည့်စမ်း ... ဒေါ်ထက်သူဇာက သဘောကောင်းချင်ဟ ဆောင်ပြီး အဖေ့ကိုဝင်တားနေတာ။ အဖေ့ရှေ့မှာ ပြောင်းသွား မျက်နှာထားကလည်း ချက်ချင်း။ သူ့စိတ်ဓာတ်ကပဲ အဲလော အောက်တန်းမကျသလိုလို ချစ်ခွန်းဘဝကို သူကပဲ စာနာ နားလည် ခြင်းများစွာနဲ့ ခွင့်လွှတ်နေရသလိုလို။

“မင်း ... မင်း မသိပါဘူးထက်ရာ၊ လူဆိုတာ ကိုယ်လျှောက် ရမယ့်လမ်းကို ကိုယ်ပဲရွေးချယ်တာ၊ မင်းတို့နဲ့မသင့်မြတ်ရင် ဘော် ဆောင်မှာ ပြောင်းနေရမယ်ဆိုတာ သူနားလည်နေရဲ့သား တစ်နေ့မဟုတ် တစ်နေ့ ပြဿနာက အမျိုးမျိုးဖြစ်နေတာလေ လည်း ဦးနှောက်စားတယ် ... ရှေ့ရှည်မှာလည်း မလွယ်ဘူး”

“ကျွန်မပြောတာက ဒီလောက်အထိ ခွဲခြားလုပ်ပစ်ဖို့ဆိုတ မပါဘူးလေ ကိုထွန်းရဲ့ ... လက်ရှိအနေအထားမှာ ဖြစ်ပျက်နေသ တွေကို ရှင်နားလည်အောင် ကြိုတင်အသိပေးထားတာပဲရှိတယ်





တစ်ခုခုဖြစ်လာရင် ထက်တို့သားအမိ လွန်တာဖြစ်လာမှာစိုးလို့ ထက်က ပြောနေတာ၊ ထက်လည်း သမီးနှစ်ယောက်စလုံးကို ဂရု စိုက်နေတာပဲ ... တစ်ခါတလေ ချို့ယွင်းသွားတာတော့ ထက် လည်း မတတ်နိုင်ဘူး၊ နောက်ဆုံးတစ်နေ့ မခံနိုင်ရင် ထက်သမီး လက်ကိုဆွဲပြီး ဒီခြံထဲက ထွက်သွားရုံပဲရှိမယ်၊ ထက်တို့က သူပြော သလို ဒွေးမတော်သားမစပ် တစ်မိမ်းတွေပါ၊ သူကတော့ ဒါ ... ငါ့ အမေခြံ၊ ငါ့အမေအိမ်ဆိုပြီးတော့ ခေါင်းထဲမှာ သံမှိုစွဲသလိုမြဲနေတာ အဟင့် ... ထက်ဝမ်းနည်းလိုက်တာ ကိုထွန်းရယ် ... ”

“ဟာ ... ထက် ... ”

ကြည့်စမ်း ... မျက်ရည်ကျ မာယာများကာ အခန်းရှေ့က နေ ဒေါ်ထက်သူဇာ ချာခနဲ လှည့်ထွက်သွားပြီ။ အဖေ ဘယ်ဘက် လိုက်ရမှန်းမသိဘဲ မျက်နှာရဲကာ ချစ်ခွန်းရှေ့မှာပဲ ကျန်ခဲ့သည်။

“တွေ့လား ... ထက် ခံစားနေရတာ”

“အဲဒါဆိုလည်း သမီးပဲ ဒီအိမ်ကြီးပေါ်ကနေ ဆင်းပေးပါ့မယ် အဖေ ... သမီး အရှုံးပေးပါတယ်၊ အဟင့် ... အဖေ သွားပါတော့”

“တောက် ... ပြဿနာပဲကွာ ... ဟား ... ”

အဖေ လှည့်ထွက်ပြီး ဒေါ်ထက်သူဇာနောက်ကို လိုက်သွား တော့မှ ချစ်ခွန်း တံခါးပိတ်ငိုတာ ကြေကွဲမဆုံးနိုင်အောင်ပါပဲ။ ငို ရင်းနဲ့ ချစ်ခွန်း သတိရလာတာက အမေ့ဓါတ်ပုံကြီး အခန်းထဲမှာ လည်း ချိတ်မထားရဲပဲ ချစ်ခွန်းရဲ့ ကိုယ်ပိုင်ဗီရိုကြီးထဲမှာ သိမ်းထားခဲ့ ရတဲ့ အမေ့ဓါတ်ပုံကြီး။ ဒါကို ဆွဲထုတ်ယူလာပြီး ဒီဓါတ်ပုံကြီးရှေ့မှာ ပဲ အမေ့ကိုကြည့်ကာ တဟင့်ဟင့်လေးနဲ့ ချစ်ခွန်းရှိုက်ငိုသည်။

“အမေရယ် ... အမေပြောခဲ့သလိုပဲ ဒေါ်ထက်သူဇာက



www.burmeseclassic.com

www.burmeseclassic.com



အညိုးကြီးကြီးနဲ့ သမီးကို အနိုင်ယူဖို့ ပြင်ဆင်နေပြီလေ အမေရဲ့၊ သမီး ဘာလုပ်ရမလဲဟင်အမေ ... သမီးကိုပြောပါဦး၊ အရှုံးတွေနဲ့ပဲ ဒီခြံထဲကနေ သမီးထွက်သွားရတော့မလား၊ အဖေကလည်း သမီးကို ရက်စက်တယ် ... ဒေါ်ထက်သူဇာရဲ့ လှည့်စားမှုတွေအောက်မှာ ပြန်မလှန်ရဲတော့သလို ဒူးထောက်နေရတယ် ... သမီးကို ကယ်ပါ နော် အမေ ... သူတို့သားအမိကို အရှုံးပေးမယ်ဆိုရင် ရောက်ရာဘဝ က သမီးကို အမေ ပြုံးနေမယ်ဆို အမေ ... "

"ဒေါက် ... ဒေါက် ... "

"ချစ်ခွန်းခ ... တံခါးခဏလောက်ဖွင့်စမ်း ... "

"ဟင် ... "

ဒီတစ်ခါ တံခါးခေါက်လာတာ ဒေါ်ထက်သူဇာရဲ့အသံ။ ချစ်ခွန်း ဓါတ်ပုံကြီးကို ကပျာကယာပြန်သိမ်းပြီး နောက်တစ်ကြိမ် တံခါးပြေးဖွင့်ရသည်။ ကြည့်လိုက်တော့ အခန်းထဲဝင်လာတာ ဒေါ်ထက်သူဇာနှင့် မုန်းမပြေပါ။

သားအမိနှစ်ယောက်စလုံး မျက်နှာမှာ မိတ်ကပ်အဖွေးသား နဲ့ မုန်းမပြေကလည်း ညအိပ်ရာဝင်ခါနီးမှာတောင် ဝတ်ထားတာ အလန်းစား ညဝတ်အင်္ကျီရှည်ကြီးနဲ့ပါ။

"ဟွန်း ... ညည်းလေးအဖေကတော့ စိတ်တိုဒေါသဖြစ်ပြီး အပြင်ကိုပြန်ထွက်သွားပြီ၊ ဒါကြောင့်မို့ ... ညည်းအဖေကို ပြောစရာ ရှိတာတွေ ပြောဖို့ ငါနောက်တစ်ခေါက်ပြန်လာတာ၊ ဒီမှာ ... ငါပြော မယ်၊ ညည်းလေး ငါ့မျက်နှာကို သေသေချာချာ မော့ကြည့်စမ်း"

စောစောကမျက်နှာထားနဲ့ ခုမျက်နှာထား တခြားစီ။





မုန်းမပြေက လက်ပိုက်မျက်နှာမော့ရပ်ရင်း ချစ်ခွန်းကိုပဲ စီ ရင်ချက်ချ ဒဏ်ပေးတော့မယ့်ပုံစံမျိုး။ ကြည့်နေတဲ့မျက်ဝန်းတွေက လည်း ခပ်မာမာ စကားတစ်လုံးမှမပြောဘဲ ချစ်ခွန်းကို စိုက်ကြည့် နေတာက မျက်ဝန်းထဲမှာ အရောင်တွေဖိတ်ဖိတ်လက်တောက် လျှက်။

"ညည်းအဖေကို ငါပြောရင်တစ်ခွန်းပဲဆိုတာ ညည်းသဘော ပေါက်လား ... ဒီအိမ်မှာ ညည်းအမိန့်မရှိဘူး၊ ညည်း ဩဇာကို နာခံ မယ့်သူလည်းမရှိဘူး ... အေး ... အခု နောက်ဆုံးအကြိမ်အနေနဲ့ ညည်းအဖေကို ငါတောင်းပန်ထားတယ်၊ ညည်းက မာနနဲ့ဒီအိမ်ပေါ် က ဆင်းသွားမှာကို ငါကလက်ခံရမလား ... ဟား ဟား ... "

ဝိုင်းချစ်ရင် ကိုယ်စား ညည်းနဲ့ပြိုင်ရမယ့်ဇာတ်လမ်းက အခုမှ အစပဲ ရှိသေးတာလေ။ တစ်ချိန်တုန်းက သူငယ်ချင်းတွေရှေ့မှာ ငါအရှက်တကွဲ ရှုံးနိမ့်ခဲ့ရသလိုမျိုး ငါ့သမီး မုန်းမပြေရှေ့မှာ ညည်း ရှုံးစေရမယ် ... သမီး မုန်းမပြေ ပြောလိုက်စမ်း ... "

အခုမှ ဟွန့်ခနဲနေအောင် နှုတ်ခမ်းတွေကို မုန်းမပြေမဲ့သည်။

"ဒီမှာ ချစ်ခွန်း ... "

"ဟင် ... "

"ငါ့စိတ်ဓာတ်ကို နင်သိပါတယ်၊ နင်နဲ့ငါ ဘုရားပေါ်မှာ ထမဆုံး စတွေ့တဲ့နေ့ကတည်းက ငါရင်ထဲမှာရှိနေတဲ့ စကားတွေ ကို ငါအကုန်ပြောခဲ့ပြီးသား ... နင့်အမေကြောင့် ငါ့အမေရှုံးခဲ့တာ တွေကို ငါက မေ့ပစ်လိုက်မယ်ထင်သလား၊ အခုထိလည်း ဒီအိမ်ပေါ် ရောက်လာလို့ ငါ့အမေ နိုင်သွားခဲ့ပြီလို့ နင်ထင်ထားရင် အဲဒါ ... အရမ်းမှားသွားပြီလို့ပဲ ငါပြောမယ်၊ နင့်အမေ ဒေါ်ဝိုင်းချစ်ရင်က



www.burmeseclassic.com

www.burmeseclassic.com



အရမ်းလည်တယ်၊ သေတဲ့အထိလည်း ငါ့ကိုအညှိုးနဲ့ပြိုင်သွားတယ်၊ ဟောဒီမှာ ကြည့်လိုက်စမ်း ... နင့်အဖေအခန်းထဲက ရခဲ့တဲ့စာချုပ်တွေ ... ”

မုန်းမပြေ ထုတ်ပြနေတဲ့စာချုပ်တွေက ချစ်ခွန်းတစ်ခါမှ မမြင်ဘူးခဲ့သည့် စာချုပ်တွေပါ။ ဘယ်တုန်းက ချုပ်ခဲ့တာလည်းဆိုသည့်ရက်စွဲတွေကို ကြည့်လိုက်တော့ အမေ အိပ်ရာထဲ မလဲခင်ကတည်းက ချုပ်ခဲ့သည့်စာချုပ်တွေ။

“အို ... ဒါ ... ဒါ ... ”

စာချုပ်တွေကိုကြည့်ပြီး ချစ်ခွန်း မျက်တောင်တွေ ကော့ပျံလျှက်။

အဖေနဲ့အမေ တရားဝင်ကွာရှင်းခဲ့တဲ့စာချုပ်။ ပိုင်ဆိုင်သမျှစည်းစိမ်တွေ ခွဲဝေထားသည့်စာချုပ်။ ဒီခြံနဲ့ဒီတိုက်ကို ချစ်ခွန်းနာမည်နဲ့ အတိအကျလွှဲခဲ့ပြီးသား။ အဖေရခဲ့တာ ကုမ္ပဏီလုပ်ငန်းထဲက ငွေတွေ။

“ဟွန်း ... နင်တွေ့တယ်နော် ချစ်ခွန်း ... နင့်အဖေရဲ့ခြေလှမ်းတွေကို မြင်ထားပြီးကတည်းက နင့်အမေက ဘရိမ်းပြေးပြေးနဲ့ ငါ့အမေရဲ့ယယ်ထိပ်ကို တက်ခေါက်သွားတာ၊ နင်ဘွဲ့ရတဲ့နေ့မှာ ဒီတိုက်နဲ့ဒီခြံကို အမွေထိန်းအနေနဲ့ စောင့်ရှောက်ထားတဲ့ ဗဟိုတရားရုံးရှေ့နေကြီးက နင့်လက်ထဲကို အပြီးအပိုင်လွှဲပေးတော့မှာလေ၊ အခု ... နင့်အဖေရထားတဲ့ ကုမ္ပဏီငွေတွေကလည်း အရှုံးပြနေလို့ ဒေဝါလီ ခံရတော့မယ်”

“ဟင့်အင်း ... အဲဒါတွေ ချစ်ခွန်း ဘာမှမသိဘူးနော် မုန်းမပြေ ... ”





“ဒီမှာ သိလည်း မုန်းမပြေတို့က ဂရုမစိုက်ဘူး ... နင့်အမေကို နိုင်လို့မနိုင်ခဲ့တာဘဲ၊ ငါ့အမေက ပေါက်ကွဲနေတာ ... အဲဒါကြောင့်မို့ နင် ငါ့ကိုလျော်ကြေးပေးရမယ်၊ လူဆိုးလူမိုက်တွေနဲ့ပေါင်းပြီး နင့်ဘဝကို ငါရအောင် ဖျက်စီးမယ်၊ ငါ့အမေ အရှုံးကြီးရှုံးခဲ့သလို နင်လည်း အရှုံးကြီး ရှုံးစေရမယ် ... ”

“ကဲ ... ကြားတယ်နော် ချစ်ခွန်းခ ... ငါ့သမီး မုန်းမပြေက နင့်ကို အဲလောက်ထိ မုန်းနေတာ၊ ဒါတွေကို ဖန်ဆင်းပေးခဲ့တာ ညည်းလေးအမေ ဝိုင်းချစ်ရင်ပဲ ... ဒီအကြွေးကို ညည်းပေးဆပ်ရင်ဆပ် မဆပ်ရင် ညည်းလေးအဖေ ဆပ်ရတော့မှာ ... ”

“အဟင့် ... အမေ့ကိုတော့ ဒုက္ခမပေးပါနဲ့၊ အဖေက အမေ့သမျှနေတာပါ၊ အမေ့ကိုလည်း အဖေက အရမ်းချစ်ပါတယ်၊ အမေ့ကို စွဲလမ်းမြတ်နိုးတဲ့စိတ်နဲ့ သောကတွေအများကြီးကြားထဲမှာနေ အဖေရှင်သန်နေရတာပါ အမေရယ် ... အမေတို့မကျေနပ်ရင် ချစ်ခွန်းကိုပဲရိုက်ပါ၊ ချစ်ခွန်းကိုပဲ အနိုင်ယူပါနော် အမေ ... ”

“ဒါဆိုရင် ညည်းရမယ့်အမွေတွေကို ညည်းအဖေလက်ထဲကို လွှဲပေးရမယ် ... ”

“ဟင် ... ”

“လွှဲမပေးရင် ညည်းလေးကိုရော ညည်းလေးအဖေကိုပါ မျိုးမျိုးစိတ်ဆင်းရဲနေအောင် ငါတို့လုပ်မယ်၊ ငါ့နာမည် ထက်သူဆိုတာ ညည်းလေး အမြဲမှတ်ထား ... ”

“အဟင့် ... ချစ်ခွန်းလေး ... ချစ်ခွန်း ... ဒီအမွေတွေလည်း မက်ပါဘူး၊ အရေးကြီးတာ ချစ်ခွန်းအဖေ စိတ်ချမ်းသာဖို့ပါ၊ အဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ဒုက္ခမပေးပါနဲ့ … ချစ်ခွန်း တောင်းပန်ပါတယ်နော် အမေ၊ အခုလည်း … အမေ့ကိုရော မုန်းမပြေကိုပါ ချစ်ခွန်း အမြဲအရှုံးပေးလာခဲ့တာလေ အမေရဲ့ … ”

“နင် လွဲမပေးရင် ငါတို့ဂရုမစိုက်ဘူးဆိုတာ ငါတို့ပြောပြီးသားနော် ချစ်ခွန်း … အေး … နင်မကျေနပ်လည်း ငါနဲ့အချိန်မရွေးပြိုင်လို့ရတယ် ဟုတ်ပြီလား … ”

“ချစ်ခွန်း သိပါတယ်”

အားရအောင်ကြိမ်းပြီးတော့မှ သားအမိနှစ်ယောက် ပြန်ထွက်သွားသည်။ ထိုအချိန်မှာပဲ ချစ်ခွန်းနားထဲမှာ ပြန်ကြားလိုက်ရတာက အမေပြောခဲ့တဲ့စကားလေးတွေ။

“အမေ … အမေဆုံးတာနဲ့ သူ့သမီး မုန်းမပြေလက်ကိုဆွဲပြီး ထက်သူဇာက အမေ့တိုက်ကြီးပေါ်ကို တက်လာတော့မှာ ဒါကြောင့်မို့ … အမေ့သမီးလေးကို မှာခဲ့ချင်တာပါ သမီးလေးရယ် ထက်သူဇာ ရောက်လာတာနဲ့ သူ့သမီး မုန်းမပြေနဲ့သမီးလေးကို ပြိုင်ခိုင်းတော့မှာ … အမေ့ဆီမှာ ရှုံးခဲ့သမျှ အရှုံးတွေအတွက် သမီးလေးကို သူပြန်ပေးဆပ်ခိုင်းတော့မယ် … အဟင့် … ကြည့်ပါဦး အမေ့သမီးလေးက နှစ်ခွကျစ်ဆံမြီးလေးနဲ့ ရိုးရိုးအေးအေးနေတတ်တဲ့သမီးလေး စိတ်ကောင်းရှိတဲ့ သမီးလေး … ”

အမေရယ် …

အမေ စိတ်မချဖြစ်ခဲ့တာ သမီးသိပါပြီ။ သမီးအတွက် အမေ့ တွေခံစားနိုင်အောင် အမေ ဘယ်လိုပဲ စီစဉ်ခဲ့ စီစဉ်ခဲ့ အမေ့ဆန္ဒ အတိုင်း ဒီသားအမိတွေကို သမီး အရှုံးပေးပါ့မယ်နော်အမေ၊ မေ့ထူး





တရားနဲ့အနိုင်ယူဖို့ အမေ သမီးကို လမ်းပြခဲ့တယ်ဆိုတာ သမီးတဖြည်းဖြည်းသဘောပေါက်လာပါပြီအမေရဲ့ … နောက်ဆုံးတစ်နေ့မှာ ဘယ်သူ့ကိုမှ အတိုက်အခံမလုပ်တော့ဘဲ အဖေ စိတ်ချမ်းသာအောင် ဒီတိုက်ကြီးပေါ်က သမီးဆင်းသွားပါ့မယ်အမေ … သူများညီးစားကို အနိုင်ရချင်တဲ့စိတ်တစ်ခုနဲ့ မရရအောင် လက်ထပ်ယူခဲ့တဲ့အပြစ်တွေကို ကြေစေချင်လို့ သမီးကို ချေခိုင်းခဲ့တာ သမီး နားလည်ပါပြီ အမေရယ် … ။

အမေ့ ဓါတ်ပုံကြီးကို ပြန်ထုတ်ကြည့်ပြီး …

ချစ်ခွန်း ငိုခဲ့ရတာလည်း တစ်ညလုံးပါ။

ဒါကို ဒေါ်ထက်သူဇာတို့ သားအမိနှစ်ယောက်ကတော့ အပေါ်ထပ်စာကြည့်ခန်းထဲမှာ ခေါင်းချင်းဆိုင်တိုင်ပင်လျှက် … အေနေတော့ ဦးတင်လင်းထွန်းက ဒယိမ်းဒယိုင်ပုံစံကလေးဖြင့် ရေချိန်လွန်ကာ ပြန်ရောက်လာသည်။

ဒေါ်ထက်သူဇာ ထွက်ကြိုရတာ ခြေမကိုင်မိ လက်မကိုင်မိလေးပင်။ မုန်းမပြေက ဦးတင်လင်းထွန်းရဲ့လက်မောင်းတစ်ဖက်ကို ပြေးတွဲကာ လဲကျမသွားအောင် ထိန်းသည်။

“ဦးဦးဖေဖေရယ် … ဘာလို့ဒီလောက်အများကြီးသောက်သာရတာလဲ … မေမေက ဦးဦးဖေဖေကို စိတ်ပူလို့စောင့်နေတာလေ”

ကန့်ကလျ အသံလေးက ချွဲနေသလို လက်မောင်းတစ်ဖက်ကိုတွဲထားတာလည်း သမီးရင်းထက်တောင် သူမက ပိုဂရုစိုက်နေသဲ့အတိုင်း။

အရင်ဆုံး ဧည့်ခန်းမှာထိုင်တော့လည်း ဦးတင်လင်းထွန်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမထောင်နိုင်။ ရိဝေသောမျက်ဝန်းတွေက မုန်းမပြေနှင့်ဇနီးသည် ထက်သူဇာဆီမှာ ခေါက်တုန့်ခေါက်ပြန် ဟိုဘက်ဒီဘက်ပြေးနေသည်။

"ကိုထွန်းရယ် ... ရှင် ဘာလို့အများကြီးသောက်လာတာလဲ"

ဒေါ်ထက်သူဇာ ပင့်သက်ကိုချရင်း အသင့်ဖျော်ထားသည့် သံပုရာရည်ခွက်ကို ချပေးသည်။ ဦးတင်လင်းထွန်းက တစ်ကျိုက်မော့သောက်ရင်း ...

"ငါ ... ငါ စိတ်ညစ်လို့ သောက်တာလေကွာ၊ အခြေအနေတွေအားလုံးက မင်းတို့သိတဲ့အတိုင်း ... "

"အဲဒါ ... ရှင်ဘာမှ စိတ်မပူနဲ့၊ ဒီအိမ်နဲ့ဒီခြံကိစ္စကို ရှင့်သမီး ချစ်ခွန်းနဲ့ကျွန်မ ဆွေးနွေးပြီးသွားပြီ၊ အချိန်တန်ရင် ရှင့်ကိုပဲ လွှဲပေးတော့မှာ ... "

"ဟာ ... အဲဒါ မင်းတကယ်ပြောတာ ... "

ခေါင်းပင် မတ်ခနဲ ထောင်သွားရ၏။

အမူးကလည်း ပြေသလို ဖြစ်သွားသည်။

"ကိုယ် ... ကိုယ် ဝမ်းသာလိုက်တာထက်ရာ"

"ဟင်း ဟင်း ... ရှင့်သမီးက လွယ်တာတော့ မဟုတ်ဘူးနော်၊ မနည်းခြိမ်းခြောက်ပြီးတော့ပြောရတာ၊ သူ့အောက်ကိုရောက်သွားရင်လည်း ကိုယ့်ခေါင်းပေါ်တက်လာမှာ"

"ဒီနေ့ကစပြီး မင်းတို့ကြိုက်သလိုလုပ်တော့ကွာ ထက် ... ကုမ္ပဏီကလည်း အရှုံးတွေပြနေလို့ ငွေမလည်ပတ်နိုင်တော့ဘူးဖြစ်နေတာ၊ အခုကျန်နေတာ ဟန်လောက်ပဲကျန်တော့တာ၊ ဒီခြံနဲ့ဒီအိမ်





ကို ကိုယ့်နာမည်နဲ့ပြန်ရမှဖြစ်မယ် ... ဘဏ်မှာပေါင်ပြီး ငွေလှည့်နိုင်မှာ အဆင်ပြေတော့မယ်"

"ကျွန်မသိပါတယ် ကိုထွန်းရယ် ... ကျွန်မတို့ အခုလုပ်နေတာတွေအားလုံးက မိသားစု ဟန်မပျက်ရပ်တည်နိုင်ရေးအတွက် လုပ်နေရတာဆိုတော့ အစစအရာရာ ရှင့်ဘက်က နားလည်နေမှဖြစ်မယ်၊ ရှင့်သမီးကိုလည်း အနိုင်မယူချင်ပါဘူး ... ဒါပေမယ့် ... ကျွန်မတို့သားအမိကိုတော့ ကြောက်နေမှ ဖြစ်မယ် ... "

ဒေါ်ထက်သူဇာ ပြောပြီး သမီးမုန်းမပြေမြင်အောင်လည်း မျက်လုံးတစ်ဖက် မှိတ်ပြလိုက်၏။ ဒီလိုပြောထားမှ ကိုထွန်းက ကိုယ့်ဘက်ပါနေမှာလေ။

ဒါကြောင့်မို့ ... ဒေါ်ထက်သူဇာတို့သားအမိနှစ်ယောက် ကြိတ်ပြီး တိုင်ပင်ထားတာက ဘွဲ့မရခင် အိမ်ပေါ်ကမောင်းချ၊ လမ်းပေါ်ရောက်သွားပြီး တွေ့တဲ့ယောက်ျားကို ဒီကောင်မလေးကောက်ရ ဘဝလည်းပျက် အမွေလည်းဆုံး။

တွေးရင်း ထက်သူဇာ နှုတ်ခမ်းလေးက မဲ့သွား၏။

ပိုင်းချစ်ရင်ကို မနိုင်လို့ဖြစ်မလား။

ကိုယ် ရှုံးခဲ့တာကို ကိုယ်အသိဆုံးပဲဟာကို။

ဟွန်း ... ။

www.burmeseclassic.com

အခန်း ( ၁၃ )

"တီ ... တီ ... တီ ... "

"ဟဲ့ ... ခြံရှေ့မှာ ကားဟွန်းဒီလောက်တီးနေတာ ဖွင့်ပေးမယ့်သူတစ်ယောက်မှ မရှိကြတော့ဘူးလားဟင် ... ချစ်ခွန်း ... ချစ်ခွန်း မရှိဘူးလား၊ ဟိုမှာ ... ငါ့သမီးမုန်းက အရမ်းအရေးကြီးတဲ့ ဧည့်သည်တစ်ယောက်ခေါ်လာတဲ့ဟာကို ခြံတံခါးပြေးဖွင့်ပေးလိုက်စမ်း"

ဧည့်ခန်းဝမှာရပ်ပြီး ဒေါ်ထက်သူဇာအသံက တစ်တိုက်လုံးညံနေအောင် စာနေသည်။ အသံကြားကြားချင်း ပန်းပင်တွေဖြန်းလက်စ ရေပိုက်ကိုလွှတ်ချကာ ခြံတံခါးဝကို ချစ်ခွန်းပြေးရ၏။ ခြံထဲက အခိုင်းအစေမလေးတစ်ယောက်လို ချိတ်ထားတဲ့တံခါးချိတ်သံကောက်တန်းကြီးကို အားစိုက်ဖွင့်လိုက်ရတာလည်း မောမောပန်းပန်း။

"ကျောင်း ... ဒေါင်း ... "

ချစ်ခွန်း ကြည့်လိုက်တော့ ကားပေါ်မှာပါလာတာ ရည်ရည်မွန်မွန် အသားဖြူဖြူလေးနှင့် သဘောကောင်းပုံရသည့် ကိုကြီးတစ်





ယောက်။ ထိုကိုကြီးဘေးမှာ မိတ်ကပ်အဖွေးသားနှင့် မုန်းမပြေက မျက်နှာလေး မော့ကာ ပါလာသည်။

ကားပေါ်က ကိုကြီးက ချစ်ခွန်းကို စူးစမ်းသလိုလေးနှင့် တစ်ချက်တော့ ကြည့်သွား၏။ တံခါးဖွင့်ပေးရင်း တံခါးရွက်ကြီးဘေးမှာ ခေါင်းလေးငုံ့ပြီး ချစ်ခွန်းရပ်နေမိတာ ဘယ်သူနဲ့မှ ချစ်ခွန်း မပတ်သက်ချင်လို့ပါ။

ကားလေးက ဧည့်ခန်းဝအထိ မောင်းဝင်သွား၏။

သည်တော့မှ ဒေါ်လုံးက တံခါးနားကို အပြေးအလွှားရောက်လာသည်။

"အို ... တံခါးဖွင့်ပေးလိုက်တာ သမီးလေးချစ်ခွန်း ဖွင့်ပေးလိုက်တာလား ... "

"ရပါတယ် ဒေါ်လုံးရဲ့ ... ဒီနားမှာ ပန်းပင်ရေလောင်းနေလို့ပါ"

"ထားခဲ့ ... ထားခဲ့ ... ဒေါ်လုံး ပြန်ပိတ်လိုက်မယ်"

ဒီအိမ်မှာ ဒေါ်လုံးတစ်ယောက်ပဲ ချစ်ခွန်းရင်ထဲက ခံစားချက်ကို နားလည်နေတာလေ။ ချစ်ခွန်း ဘာပဲလုပ်နေလုပ်နေ ချစ်ခွန်းကို စာနာနားလည်စိတ် အပြည့်နဲ့ အမြဲဝိုင်းကူပေးတတ်တာ ဒေါ်လုံးပဲ ရှိနေခဲ့တာပါ။

"ဟွန်း ... ဧည့်သည်လာမယ်ဆိုလို့ နောက်ဖေးမှာ ချက်ပြုတ်နေရတာလေ"

"ဘယ် ... ဘယ်က ဧည့်သည်လဲဟင် ဒေါ်လုံး ... "

"အို ... သမီးလေး ချစ်ခွန်းမသိဘူးလား၊ ဟိုနေ့ကတောင် သမီးလေးချစ်ခွန်းကျောင်းက ပြန်လာတော့ ဧည့်ခန်းဘေးနေ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ဖြတ်သွားတုန်းက ဧည့်ခန်းမှာ ထိုင်နေတဲ့ဧည့်သည်လေ၊ သူ့နာမည်က ပြေဦးညိုတဲ့ … မိဘတွေက အရမ်းချမ်းသာတယ်၊ အဲဒါ မုန်းမပြေနဲ့ခင်ပြီး အိမ်ကိုလာလည်တာ … ”

“ဪ … ဪ … ”

ချစ်ခွန်း မေးလိုက်မိတာ ဒီလောက်ပါပဲ။

နာမည်က ပြေဦးညိုတဲ့လား။ ချစ်ခွန်း အမှတ်တမဲ့လေး ကြည့်လိုက်မိတာတောင် လွှန်သွားပြီထင်ပါရဲ့။ ချစ်ခွန်း ရေပိုက်ဆီ ပြန်သွားကာ ရွက်လှအိုးတွေကိုပဲ ရေဆက်လောင်းနေမိတော့၏။

ဒါကို ပြေဦးညိုကလည်း သိပါသည်။

ဟိုတစ်ခေါက်ရောက်ကတည်းက နှစ်ခွကျစ်ဆံမြီးလေးနဲ့ ဧည့်ခန်းဘေးက ခေါင်းငုံ့ဖြတ်သွားတာကို အမှတ်တမဲ့လေး မြင်ခဲ့ရတာလေ။ မုန်းမပြေထက်တောင် ပိုလှနေတဲ့ကောင်မလေး။ မုန်းမပြေကို မသိမသာမေးကြည့်တော့ ချစ်ခွန်းခတဲ့။ ဘဲအရမ်းရွှတ်လို့ မေမေကတောင် အိမ်ပေါ်က မောင်းချနေတာတဲ့။

ဒီလို ကျက်သရေရှိပြီး တည်တင်းနေတဲ့မျက်နှာထားပိုင်ရှင် မလေးက ဘဲရွှတ်တယ်ဆိုတာ ဟုတ်ပါ့မလား။ အခု … ကားဖြတ် မောင်းဝင်လာခဲ့တာတောင် မျက်လွှာလေးသိမ်းကာ ခေါင်းကလေး ငုံ့ရပ်လို့။ ပြောရရင် … မုန်းမပြေထက် ချစ်ခွန်းခဆိုတဲ့သူမလေးကို ပိုမြတ်နိုးသွားမိသလိုဖြစ်ကာ ဒီခြံကြီးထဲကို ပြေဦးညို နောက်တစ်ခေါက်ပြန်လာခဲ့တာပါ။

ခုတော့ … တိုက်တိုက်ဆိုင်ဆိုင် …

ခြံတံခါးကြီးကို လာဖွင့်ပေးတာ ချစ်ခွန်းခဆိုတဲ့ကောင် မလေး။





စင်းကော့နေတဲ့ မျက်တောင်အရှည်ကြီးနဲ့။ ပြီးတော့လည်း ဟိုနေ့ကလိုပဲ နှစ်ခွကျစ်ဆံမြီးရှည်ကြီး တယမ်းယမ်းနဲ့ ခြံတံခါးကြီး ဆီကိုပြေးလာပြီး ဖွင့်ပေးသွားတာလေ။ ဒီပုံရိပ်လေးက သူ့မျက်ဝန်း ထဲမှာ စွဲထင်ပါလာခဲ့တာ။ ခုထိတောင် … ရင်ခုန်သံတွေက မရပ်ချင် သေး။ ပန်းချုံကြီးတွေဘက်ကို မသိမသာလှည့်ကြည့်နေရတာလည်း ဘယ်နှစ်ကြိမ်မြောက်ရှိသွားပြီဆိုတာ မသိနိုင်တော့ပြီ။

“ဟာ … ကိုဦး … ခြံထဲမှာ ဘာရှိလို့ လှည့်ကြည့်နေတာလဲ”

မုန်းမပြေက မသက်သာတော့ မေးမိသည်။ ပြေဦးညိုက မျက်တောင် တဖျတ်ဖျတ်ပုတ်ကာ ပျာပျာသလဲ …

“ဟာ … ဘာမှမဟုတ်ပါဘူး၊ ရွက်လှပင်တွေ အရမ်းလှလို့ လှည့်ကြည့်မိတာပါ၊ မုန်း … မုန်းတို့ခြံက အပင်တွေအရမ်းစုံတယ် နော်၊ မျက်ခင်းလေးစိမ်းနေတာလည်း ကြည့်ရတာ မျက်လုံးအရမ်း အေးတယ်”

“ဟွန်း … ”

မုန်းမပြေ ရင်ထဲမှာ ထင့်သွားတာ ချစ်ခွန်း …

စောစောက ခြံထဲမှာ ပန်းပင်တွေ ရေလောင်းနေတာ မြင် လိုက်ပြီးကာမှ ရုတ်တရက် ပျောက်သွားတာ ဘယ်ရောက်သွားမှန်း မသိ။ ဒီနေ့ဟာ ကျောင်းပိတ်ရက်မို့ နှစ်ယောက်စလုံး ကျောင်း မသွားကြဘဲ မုန်းမပြေကတော့ ကိုယ့်ကိစ္စနဲ့ကိုယ် အလုပ်များနေခဲ့ တာဖြစ်သည်။ ဘာပဲပြောပြော … ကိုဦးဆိုသည့် ပုဂ္ဂိုလ်အကောင်း စားကြီးက မုန်းမပြေအတွက် ဗွီအိုင်ပီပဲလေ။ ချမ်းသာတာ ကိုကို့ တက်မို့ ကိုဦးနှင့်ခင်မင်ခွင့်ရလာတာကိုပဲ သူမက ပျော်လို့မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း စကားတွေ ရွှမ်းရွှမ်းဝေအောင်ပြောပြီး ဧည့်သည်ကို ဧည့်ခံသည်။

"အဲဒါပဲ မောင်ပြေဦးညိုရေ... အန်တီမှာလည်း ဒီသမီးလေး တစ်ယောက်တည်းရှိတာမို့ အစစအရာရာ အလိုလိုက်ပြီး ချစ်နေရတာလေ၊ သမီးလေးက အစ်ကိုတွေမောင်တွေမရှိလို့ မောင်ပြေဦးညိုကိုပဲ အစ်ကိုတစ်ယောက်လို ခင်တွယ်နေတာ"

"ကျွန်တော်ကလည်း မုန်းကို တွေ့တွေ့ချင်း ခင်ပါတယ် အန်တီ... အခုတောင် မုန်းက ကျောင်းပိတ်ရက်မှာ ထမင်းစားဖိတ်နေလို့ ဒက်ဒီရဲ့ ကုမ္ပဏီအလုပ်တွေရှုပ်နေတဲ့ကြားက ပြေးလာရတာ၊ လေလံပွဲသွားမယ့်ကိစ္စလည်း ဖျက်လိုက်ရတယ်... မာမီကလည်း ရိပ်သာဝင်နေလို့ တစ်အိမ်လုံး မအားအောင် အလုပ်တွေရှုပ်နေကြတာ..."

"ဟင်း... ဟင်း... အန်တီမှာတော့ ရိပ်သာလေးဝင်ချင်တာတောင် မဝင်နိုင်ပါဘူး မောင်ပြေဦးညိုရယ်၊ အန်တီ့အမျိုးသားကလည်း သူ့အလုပ်နဲ့သူ၊ သမီးမုန်းကလည်း ကျောင်းတက်နေတာဆိုတော့ အန်တီက... အိမ်စောင့်လိုဖြစ်နေတာလေ၊ တစ်နေ့... တစ်နေ့... သမီးမုန်းလိုချင်နေတာတွေပဲ ပြင်ဆင်ပေးနေရတာဆိုတော့ အားရင်အားသလို ဂုဏ်တော်ကိုးပါးပုတီးလေးပဲ ပြေးပြေးစိတ်နေရတာ..."

ဒေါ်ထက်သူဇာ အပြုံးတွေဝေရင်း ဧည့်ခန်းထဲက ပြန်ထွက်ခဲ့သည်။ မောင်ပြေဦးညိုကိုလည်း စိတ်ထဲကနေ အပြတ်အသတ်ပဲ သဘောတွေကျနေမိ၏။ ဒီကောင်လေးရဲ့ မိဘတွေက စင်ကာပူလိုနိုင်ငံမျိုးမှာတောင် ကျောက်မျက်ရတနာအရောင်းဆိုင်ကြီး ဖွင့်ထား





တယ်ဆိုလား...

သမီးလေးမုန်းမပြေနဲ့ ငြိစွန်းသွားအောင်ပဲ ကိုယ်က ဆုတောင်းပေးရတော့မလိုလို။

"ဟဲ့... ချစ်ခွန်း... ဘယ်ရောက်သွားပြန်ပြီလဲဟင်... ချစ်ခွန်း... ချစ်ခွန်း..."

မတွေ့တော့လည်း ခါးထောက်အော်သည်။

အော်တာလည်း ဧည့်ခန်းထဲက ဧည့်သည်ကြားအောင် ခပ်နှိမ့်နှိမ့်အသံကလေးဖြင့် တမင်တကာ အော်ခဲ့တာဖြစ်၏။ တကယ်ရောက်လာတာ ဒေါ်လုံး။

"ဟိုလေ... မမ... ကျွန်မ မအားတာနဲ့ ချစ်ခွန်းကို စက်ဘီးနဲ့ဈေးဘက်ကို ခဏလေးလွှတ်လိုက်လို့ပါ၊ မမ ဘာလုပ်ချင်လို့လဲဟင်... ကျွန်မကိုပြောလေ..."

"ရတယ်... ရတယ် ချစ်ခွန်းပြန်လာရင် အပေါ်ထပ်က ဘုရားပန်းတွေလဲထားလို့... ညည်းက ဂန္ဓမာပန်းစည်းတွေ ရေစိမ်ထား၊ ဒီနေ့ကစပြီး အိမ်မှာပဲ ကိုးနဝင်းအဓိဋ္ဌာန်ဝင်မလို့..."

"ဟုတ် မမ... ချစ်ခွန်းလာရင် ပြောလိုက်ပါ့မယ်"

တကယ်တမ်းကျတော့... ချစ်ခွန်းခြံထဲမှာ မနေချင်လို့ ဒေါ်လုံးကို မသွားခိုင်းတော့ဘဲ ချစ်ခွန်းပဲ စက်ဘီးတစ်စီးနဲ့ထွက်လာခဲ့တာပါ။ စက်ဘီးနင်းလာတာ ကျစ်ဆံမြီးရှည်လေးတယမ်းယမ်းနဲ့မို့ တွေ့သမျှလူတိုင်းက ချစ်ခွန်းကို စိတ်ဝင်စားပြီး လှမ်းကြည့်နေကြတာလေ။

ဖြစ်ချင်တော့ ဈေးကအပြန်...

ခြံနားရောက်ခါနီးမှ ရုတ်တရက်တွေ့လိုက်ရတာ ရေခဲမုန့်



www.burmeseclassic.com

www.burmeseclassic.com



လှည်းကလေး ...

"အို ... လမ်း ... "

ချစ်ခွန်း ဖြုန်းခနဲဝမ်းသာသွားသလို စက်ဘီးက နင်းလာတဲ့ ဟန်ချက်ပါပျက်ပြီး နံဘေးက ဖြတ်နင်းလာတဲ့ဆိုက်ကားတစ်စီးနဲ့ ချိတ်မိကာ ...

"ဒုန်း ... "

"ရှောင်း ... "

"ဟာ ... "

ဆိုက်ကားနဲ့တိုက်မိသွားတာကိုပဲ ချစ်ခွန်း နောက်ဆုံးသိလိုက်ပြီ။ လဲကျသွားတဲ့အရှိန်နဲ့ သတိပါလစ်သွားတာမို့ ...

"ချစ်ခွန်း ... ချစ်ခွန်း ... "

လမ်း ပြေးလာကာ လမ်းပေါ်က ချစ်ခွန်းကို ပွေ့ချီထားမိ၏။

ချစ်ခွန်းကလည်း ကြောက်ကြောက်နဲ့ သတိလစ်သွားတာမို့ လမ်း ဘာလုပ်ရမှန်းမသိတော့ဘဲ ချစ်ခွန်းကိုယ်လုံးလေးကို ပွေ့ချီကာ သူမနေတဲ့ခြံကြီးရှေ့ကိုပဲ ရောက်အောင်သွားလိုက်သည်။

"ဟာ ... ဟေ့ကောင် ... မင်း ... မင်း ငါ့သမီးကို ဘာလုပ်လိုက်တာလဲ ... "

သမီးချစ်ခွန်း ဖြစ်လာတာကိုကြည့်ပြီး ဦးတင်လင်းထွန်း မျက်လုံးတွေ ပြူးလျှက်။

သူက ခြံထဲကို ကိစ္စရှိလို့ ခဏပြန်လာတာလေ။

ပြန်ထွက်မယ်လုပ်တော့မှ သတိလစ်နေတဲ့ကိုယ့်သမီးကို အားပါးတရ ပွေ့ချီလာတဲ့ ခရောင်းလမ်းဆိုတဲ့ ဂျစ်တစ်တစ်ကောင်





လေးကိုတွေ့ပြီး ဒေါသကပါ ထောင်းခနဲ ထွက်သွားခဲ့ရတာဖြစ်သည်။

"ဘာလုပ်ရမှာလဲ ... ခင်ဗျားသမီး စီးလာတဲ့စက်ဘီးက ဆိုက်ကားနဲ့ချိတ်မိပြီး လမ်းပေါ်လဲကျသွားလို့ ခင်ဗျားသမီးကို လာပြန်ပို့တာ ... "

"ဟေ့ကောင် ... အဲဒါ မင်းပို့စရာလား၊ ချလိုက် ... ညှော်ခန်းထဲမှာပဲ ငါ့သမီးကို မင်းချခဲ့လိုက်၊ တော်ပြီ ... မင်းသွားတော့"

ဒါကိုကြည့်ကာ ပြေဦးညိုပါ မျက်တောင်တွေကော့လျှက်။ မုန်းမပြေကလည်း ဆွှသံအော်သံတွေနှင့် ခြံထဲကို ချစ်ခွန်းကိုပွေ့ချီကာဝင်လာခဲ့သည့် လမ်းကိုကြည့်ရင်း အံ့ဩသွားတာ ပါးစပ်အဟောင်းသားလေးနဲ့ပါ။

လမ်းကလည်း ဂရုမစိုက်ပါ။

ဘာဖြစ်လဲ ... ချစ်ခွန်း ဒီလိုဖြစ်သွားတာကို ဒီလိုမှပွေ့မခေါ်လာရင် ဘယ်လိုခေါ်လာရမလဲ။ ဒီပုဂ္ဂိုလ်ကြီးနဲ့ ရင်မဆိုင်ချင်တာမှန်ပေမယ့် ခုတော့ လမ်းဘာမှမတတ်နိုင်။ ပခုံးပေါ်က ဆံပင်ရှည်တွေကို မျက်နှာလေး ဆတ်ခနဲမော့ကာ လမ်းက ဖယ်ရှားပစ်လိုက်ပြီး ချစ်ခွန်းကိုလည်း ဆက်တီခုံတန်းရှည်ကြီးပေါ်ကို ခပ်ဆတ်ဆတ်ပဲ လမ်းပစ်ချသည်။

"ဟင် ... "

သည်တော့မှ ချစ်ခွန်း မျက်တောင်လေး သတိရကာပြန်ပွင့်လာ၏။ ဆိုက်ကားနဲ့ငြိပြီး စက်ဘီးလဲသွားတာလည်း စိတ်ထဲက ချက်ချင်းပြန်မှတ်မိသည်။ ဒါဆို ... ချစ်ခွန်းကို တိုက်ထဲရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဘယ်သူခေါ်လာတာလဲ။

ချစ်ခွန်း လှူးလဲထကာ ကြည့်လိုက်တော့ …

"အို … လမ်း … "

"သမီး သတိရရင် အသာနေစမ်း … ဒီကောင် ကိုယ်နဲ့မတန်မရာ သမီးကိုပွေ့ချီပြီးခေါ်လာလို့ အဖေ ဒေါသဖြစ်နေတာ၊ ဟေ့ကောင် … မင်းအခုထွက်သွား … "

"ဟင် … "

လမ်းက ချစ်ခွန်းကို ပွေ့ချီပြီး ခေါ်လာတာတဲ့။

"ခင်ဗျား … ခင်ဗျား ကျွန်တော့်ကို ဘာအကြောင်းနဲ့မှ မောင်းထုတ်နေစရာအကြောင်းမရှိဘူးနော် … ခင်ဗျား မရှိင်းနဲ့၊ ခင်ဗျားသမီးအသားကို ထိချင်လို့ထိတာ မဟုတ်ဘူး၊ လူစိတ်ရှိလို့ တစ်သက်လုံး မဝင်ချင်တဲ့ခြံထဲကို မလွှဲမရှောင်သာ လိုက်ပို့ပေးလိုက်ရတာယ်ဆိုတာ ခင်ဗျား ယုံထား … "

"ဟေ့ကောင် … မင်းလား လူစိတ်ရှိတဲ့ကောင်၊ ငါ့သမီး နုနုထွတ်ထွတ်ကို လှည်းစုတ်လှည်းပြတ် တွန်းခဲ့တဲ့ကောင်၊ မင်းကို တစ်သက်လုံး အခဲကြေမယ်ထင်သလား၊ ခုလည်း ငါ့သမီးကို မင်း တမင်လာပတ်သက်တယ်၊ ငါ့သမီးဟာငါ့သမီး ဘာပဲဖြစ်ဖြစ် ငါ့သမီး အသားကို မင်းလာထိစရာ မလိုဘူး"

"အဖေ … လမ်းကို မပြောပါနဲ့ ချစ်ခွန်း တောင်းပန်ပါတယ်"

ချစ်ခွန်း ဒယီးဒယိုင်လေးနဲ့ပဲ အဖေနဲ့လမ်း ကြားမှာပြေးရပ်ရသည်။

"လမ်း … နင်သွားတော့နော်၊ အဖေပြောတာကို နင်စိတ်





မဆိုးပါနဲ့"

လမ်းကိုလည်း ချစ်ခွန်း တောင်းပန်ရသည်။

အဖေ့ကိုလည်း ချစ်ခွန်း ချော့ရ၏။

"တောက် … တစ်နေ့ ခင်ဗျားတွေ့မယ်သိလား ဦးတင်လင်းထွန်း … "

"ဘာပြောတယ် … မင်းလို ကောင်စားလေးကများ ငါ့ကို"

"ဟာ … အဖေ … "

"ခွပ် … ခွပ် … "

ကြည့်စမ်း …

အဖေ လမ်းကို တခွပ်ခွပ်နဲ့ထိုးနေပြီ။

လမ်းက အဖေ့ကိုဘာမှပြန်မလုပ်ပေမယ့် နောက်ဆုံးကျတော့ သွေးစက်လက်နဲ့ လမ်းနှုတ်ခမ်းလေးကွဲကာ မျက်ခုံးစောင်းကလည်း သွေးတွေ စီးကျလာသည်။

"လမ်းရယ် … နင့်ကိုသွားပါတော့လို့ ချစ်ခွန်းပြောနေတယ်လေ"

"ဟွန်း … ရပါတယ်ချစ်ခွန်း … ငါ့ကို ဘာလုပ်သင့်သလဲဆိုတာ နင့်အဖေက ဆုံးဖြတ်ပေးလိုက်တာ ငါကျေနပ်ပါတယ်"

"ဟင် … "

လမ်း ခေါင်းလေးမော့ကာ ချာခနဲ လှည့်ထွက်သွားခဲ့ပြီ။

"တွေ့တယ်နော် ကိုဦး … "

"ဟင် … ဘာကိုလဲ … "

"ချစ်ခွန်း ရှုပ်ထားတာ အဲဒီကောင်လေးလည်း ပါတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောတော့လည်း ပြေဦးညိုမျက်နှာမကောင်း။ ဘာပဲပြောပြော … ပြေဦးညိုရင်ထဲမှာ ချစ်ခွန်းခ ဆိုသည့် နှစ်ခွကျစ်ဆံမြီးရှည်လေးနဲ့ ကောင်မလေးကို အထင်သေးတာ လုံးဝမရှိတာက သေချာနေခဲ့တာပင်။

စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတာက …

ဆံပင်ရှည်ရှည်လေးနဲ့ လမ်းဆိုတဲ့ ခပ်မိုက်မိုက်ကောင်လေး။

မျက်နှာထားလေးမာပေမယ့် ချစ်ခွန်းကိုတော့ ခင်ခင်မင်မင် လေး ကူညီသွားခဲ့ပုံတော့ရသည်။

"အဖေရယ် … အဟင့် … ဟင့် … ဟင့် …"

လမ်း ကျောခိုင်းထွက်သွားတာလေးကိုကြည့်ပြီး မျက်နှာလေးအုပ်ကာ တရှုံ့ရှုံ့လေး ငိုချပစ်လိုက်မိတာ ချစ်ခွန်းရယ်ပါ။ ချစ်ခွန်း လမ်းနောက်ကို ပြေးလိုက်သွားချင်ပေမယ့် ဖေဖေက ချစ်ခွန်းရှေ့မှာ တောင့်တောင့်ကြီး အံကြိတ်ရပ်နေတာမို့ ချစ်ခွန်း လိုက်မသွားရဲခဲ့တာ ဖြစ်သည်။

ပြေဦးညိုက …

"စိတ်လျှော့လိုက်ပါ အန်ကယ်ရာ … အန်ကယ့်သမီး ချစ်ခွန်းကိုလည်း လက်မောင်းလေးမှာ ပွန်းပဲ့သွားတဲ့ဒဏ်ရာလေးတွေကို ဆေးထည့်ပေးလိုက်ပါဦး …"

"ဟင် …"

ချစ်ခွန်းနှင့်ပြေဦးညို အခုမှ မျက်ဝန်းအကြည့်ချင်း ဆုံမိသွားသည်။

"လာ … ကိုဦး … အဲဒါ ကိုဦးနဲ့မဆိုင်ဘူး"

မုန်းမပြေက နှုတ်ခမ်းလေးတွန့်မဲ့လျှက်။ ကြက်တောင်ကွင်း





ဘက်ကို ခေါ်ထုတ်သွားသည်။ ပြောရရင် … ချစ်ခွန်းနဲ့မပတ်သက်စေချင်တာလေ။

"မုန်းရာ … ချစ်ခွန်းပုံစံလေးက သနားဖို့ကောင်းနေလို့ ကိုယ်ဝင်ပါလိုက်မိတာပါ … သူက မုန်းနဲ့ဘယ်လိုတော်တာလဲဟင်၊ ညီမအရင်းတွေတော့ မဟုတ်ဘူးထင်တယ်"

"ဟွန်း … ကိုဦးသိအောင် အရှင်းဆုံးပဲပြောလိုက်တော့မယ်၊ သူက မွေးစားသမီး …"

"အို … ကြည့်စမ်း …"

ပြေဦးညို အသက်ရှူမှားလျှက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ကလင် ... ကလင် ... "

"ကလင် ... ကလင် ... "

"ဟင် ... "

ချစ်ခွန်း အောက်ထပ်မှာ ကြမ်းတိုက်နေရင်း ကြိုးဖုန်းလေးက အသံမြည်လာတာမို့ ကောက်ကိုင်ကာ နားထောင်ကြည့်လိုက်တော့ ...

"ဟဲလို ... "

"ဟုတ်ကဲ့ ပြောပါရှင် ... "

"အခု ... အခု ဒီဖုန်းလေးကိုကိုင်ပြီး စကားပြောနေတာ ချစ်ခွန်းလားဟင် ... ဟို ... ဟို တစ်မျိုးတော့မထင်ပါနဲ့နော် ... ကိုကြီးက ပြေဦးညိုပါ ... "

"ရှင် ... "

ကိုကြီး ပြေဦးညိုတဲ့။

"ဟုတ် ... ကိုကြီး အခုပြောနေတာ ချစ်ခွန်းပါ။ ခဏလေးနော် မုန်းမပြေကို ချစ်ခွန်း ခေါ်ပေးမယ် ... "





"ဟာ ... မဟုတ်ဘူး ... မဟုတ်ဘူး ကိုကြီးပြောချင်တာ မုန်းမပြေကို ပြောချင်တာမဟုတ်ဘူး ... ဖုန်း မချပစ်လိုက်ပါနဲ့နော် ချစ်ခွန်း ... ကိုကြီး ချစ်ခွန်းဆီ ခိုးဆက်တာလဲ မုန်း ... မုန်းမပြေ မသိပါစေနဲ့ ... "

"ရှင် ... "

ချစ်ခွန်းဆီ ကိုကြီးခိုးဆက်တာတဲ့။

ချစ်ခွန်း မျက်တောင်လေးကော့ပြီး ကြောက်စိတ်ကြောင့် ရင်ထဲမှာပါ တုန်သွားသည်။ ဘာဆိုင်လို့ ချစ်ခွန်းဆီ ဆက်တာလဲဟင်။ ချစ်ခွန်းနဲ့ကိုကြီးက ...

"ဟိုလေ ... ဟို ... ကိုကြီးလေ ဘယ်သူမှမသိအောင် ခိုးဆက်လိုက်ရတာမို့ ချစ်ခွန်းကို ကိုကြီးပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော် ... မုန်း ... မုန်းမပြေကို ခင်လို့ကိုကြီးလာလည်ခဲ့တာမှန်ပေမယ့် ကိုကြီးတကယ်ချစ်သွားတာ ချစ်ခွန်းကိုပဲ ချစ်သွားတာ"

"ရှင် ... "

ချစ်ခွန်းဖြစ်နေတာ တရှင်ရှင်လေးနဲ့။

"ချစ်ခွန်းကသာ ခွင့်ပြုပေးမယ်ဆိုရင် မိသားဖသားပီပီ ကိုကြီး မိဘတွေနဲ့လာတောင်းပါရစေ ... အဲဒါ ... အဲဒါ ကိုကြီးရင်ထဲမှာ မခံစားနိုင်လောက်အောင် ချစ်မိသွားလို့ ချစ်ခွန်းကိုပြောလိုက်တာပါ။ တကယ်လို့များ ချစ်ခွန်းအပြင်ကိုထွက်လို့ရမယ်ဆိုရင် စားသောက်ဆိုင်တစ်ခုခုမှာ ချစ်ခွန်းကို ကိုကြီးတွေ့ပါရစေ ... "

"ဟင့်အင်း ... "

"ဂျလောက် ... "

ချစ်ခွန်း ကြောက်ကြောက်နဲ့ခေါင်းကလေးခါငြင်းပြီး ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ အထိတ်တလန့် ပစ်ချလိုက်မိသည်။ ချစ်ခွန်းရင်ထဲမှာ မုန်းမပြေနဲ့ပတ်သက်ဆက်နွှယ်သူမှန်သမျှ တဦးတလေမှ မရှိပါ။ ပြီးတော့ ... ဒီအိမ်ကြီးထဲမှာလည်း ပြဿနာအဖြစ်မခံနိုင်ပါ။

"ချစ်ခွန်းလေး ... "

"ဟင် ... ဒေါ်လုံး ... "

ဒေါ်လုံးက ချစ်ခွန်းနောက်မှာရပ်နေတာ ချစ်ခွန်းမသိခဲ့ပါ။

"စောစောက ဘယ်သူဖုန်းဆက်တာလဲ"

"အို ... အဲဒါ ဒေါ်လုံး မသိချင်နဲ့လေ ... "

ချစ်ခွန်း လိပ်ပြာမလုံသလို ခံစားလိုက်ရတာမို့ မသိချင်ဟန်ဆောင်ပြီးတော့ပဲ ခေါင်းကလေးခါငြင်းလိုက်သည်။ ဒီကိစ္စကို မုန်းမပြေသိလျှင် ပြဿနာတွေ အကြီးအကျယ်တက်လာနိုင်တယ်လေ။ ဘာကြောင့်လဲဆိုတော့ ကိုကြီးပြေဦးညိုဆီက အချစ်ကို မုန်းမပြေက အကြီးအကျယ်မျှော်လင့်ထားခဲ့တာ မဟုတ်လား။

သူတို့သားအမိနဲ့လည်း ချစ်ခွန်း ထိပ်တိုက်မတွေ့ချင်ပါ။

ဒါကြောင့် ... အထိတ်တလန့်လေးနဲ့ပဲငြင်းပြီး ဖုန်းကိုချပစ်ခဲ့တာဖြစ်သည်။

"ဟွန်း ... ချစ်ခွန်းလေးငြင်းပေမယ့် ဘယ်သူဆက်သွားတာလည်းဆိုတာ ဒေါ်လုံးသိတယ်နော်၊ မရှက်ပါနဲ့ ... မောင်ပြေဦးညိုဆက်သွားတာ မဟုတ်လား"

"အို ... ဒေါ်လုံး ... "

ချစ်ခွန်း မျက်လုံးလေး ဝိုင်းစက်လျှက်။

"ဒေါ်လုံး သိတယ် ... "

မျက်တောင်ရှည်လေးတွေပါ ကော့တက်နေရသည်။

ဖိုးလပြည့်စာပေ



"သိတာပေါ့ ချစ်ခွန်းလေးရယ် ... စောစောကတည်းက မောင်ပြေဦးညိုဆက်နေတာ ဒေါ်လုံးကိုင်တော့ ချစ်ခွန်းနဲ့ပြောချင်သတဲ့လေ ... ဘယ်သူမှမသိပါစေနဲ့လို့လည်း ဒေါ်လုံးကို နှုတ်ပိတ်သွားသေးတယ်၊ တကယ်ပါပဲ ... စိတ်ရာတခြား ရှရာတစ်ခြားတော့ ဖြစ်ပြီနဲ့တူတယ် ချစ်ခွန်းလေးရယ် ... ဒီအကြောင်းကိုသာ မုန်းမပြေသိသွားရင် ... "

"ရှူး ... ဒေါ်လုံး ... ဟိုမှာ ... "

"ဟင် ... "

ချစ်ခွန်းက မျက်နှာရိပ်မျက်နှာကဲပြကာ တားလိုက်တာမို့ ဒေါ်လုံးကြည့်လိုက်တော့ အပေါ်ထပ်ကနေ ဆင်းလာနေတာ မုန်းမပြေပါ။ လိမ္မော်ရောင် အထက်အောက်ဆင်တူ ဝမ်းဆက်ဝတ်စုံကလေးနဲ့ လက်မှာကျောင်းစာအုပ်တစ်ချို့ကို ပိုက်ထားသလို အညိုရောင် စလင်းဘတ်အိတ်တစ်လုံးကိုလည်း လွယ်ထားသည်။

ဆင်းလာတာနဲ့ ချစ်ခွန်းဆီကို မျက်လုံးဝေ့ကာ လှမ်းကြည့်၏။

"စောစောက ဖုန်းခေါ်သံကြားတယ်နော် ဘယ်သူဆက်တာလဲ ... "

"ဟိုလေ ... ဟို ဘယ်သူမှမဟုတ်ပါဘူး ဖုန်းမှားသွားတာ"

"ကိုဦးဆက်ရင် မုန်းမပြေထွက်လာနေပြီလို့ပြောလိုက်၊ အပိုတွေမပြောနဲ့ ... ဟဲ့ ငါပြောတာ နင်ကြားတယ်နော် ... "

"ကြား ... ကြားပါတယ် မုန်းမပြေ ... "

"ဟန်းဖုန်းကိုမဆက်ဘဲ အိမ်ဖုန်းကိုဆက်နေမှာစိုးလို့ ပြောနေတာ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းဝင့်ဝင့်လေးကို ထိုးဖြစ်အောင်ထိုးလိုက်ပြီးတော့မှ မုန်းမပြေက ဆံပင်ရှည်တွေယမ်းကာ အပြင်ကိုထွက်သွားသည်။ အဖေနဲ့အမေကလည်း မနက်စောစောကတည်းက ရွှေတိဂုံဘုရားကို သွားတာမို့ အခုမှ စိတ်ပေါ့ပါးသွားကာ ...

"ဒေါ်လုံးရယ် ... ချစ်ခွန်း အရမ်းစိတ်ညစ်တယ်၊ ကိုကြီးပြေဦးညိုကလေ ချစ်ခွန်းကို ... "

"ဟင်း ... ဟင်း ... ဒေါ်လုံးသိတယ်၊ ဒေါ်လုံးသိတယ်၊ ဒေါ်လုံးလေ ချစ်ခွန်းကိုမပြောချင်လို့ အခြေအနေကို စောင့်ကြည့်နေတာ၊ မောင်ပြေဦးညိုက ဒေါ်လုံးဈေးသွားတဲ့လမ်းမှာ ဒေါ်လုံးကို တမင်တကာစောင့်ပြီး ချစ်ခွန်းအကြောင်းတွေ လာမေးတယ်လေ"

"ရှင် ... ဒေါ်လုံး ... "

ချစ်ခွန်း အံ့ဩရပြီ။

"အဲဒါနဲ့ ဒီတစ်အိမ်လုံး တစ်ခြံလုံးရဲ့အကြောင်းတွေကို အမှန်အတိုင်း တစ်ခုမကျန်အောင် ဒေါ်လုံးပြောပြလိုက်တယ်၊ မောင်ပြေဦးညိုက ချစ်ခွန်းကို စတွေ့လိုက်ကတည်းက အရမ်းမြတ်နိုးသွားတယ်တဲ့"

ဒေါ်လုံးက ဝမ်းသာအားရ ပြောပြနေတာဖြစ်ပေမယ့် ချစ်ခွန်းက ရင်မခုန်သွားတာ သေချာနေသည်။

"ချစ်ခွန်း ... ချစ်ခွန်း စိတ်မဝင်စားပါဘူး"

"အို ... ချစ်ခွန်းက စိတ်မဝင်စားပေမယ့် မောင်ပြေဦးညိုက အရမ်းစိတ်ဝင်စားနေတာလေ၊ မုန်းမပြေက မွေးစားသမီး၊ ရည်းစားအရမ်းများတယ်ဆိုလို့ မောင်ပြေဦးညိုက ချစ်ခွန်းဘက်က နာပြီး





စိတ်မကောင်းဖြစ်နေတာ ... ကျွန်တော် လက်ထပ်ပါရစေတဲ့၊ အန်ကယ်ဦးတင်လင်းထွန်းကို ပြောဆိုရင်လည်း ကျွန်တော်ပြောပါ့မယ်တဲ့ ... ဒေါ်လုံးကို တောင်းတောင်းပန်ပန်လေးနဲ့ အောက်ကျနောက်ကျလေးခံပြီးပြောနေတာ ... မောင်ပြေဦးညိုက ချမ်းလည်း အရမ်းချမ်းသာတယ်၊ စိတ်ထားလေးလည်း ဖြူစင်တယ်၊ ဒေါ်လုံးတို့ကတော့ မုန်းမပြေထက်စာရင် ချစ်ခွန်းလေးနဲ့ပဲ ပိုသဘောကျတယ်"

"မေ့ထားလိုက်ပါ ဒေါ်လုံးရယ် ... "

တကယ်တမ်းကျတော့ ချစ်ခွန်းရင်ထဲမှာ စွဲနစ်ခဲ့ရတာ လမ်းဆိုတဲ့ကောင်လေးတစ်ယောက်ကိုပါပဲ။ ခုထိလည်း နှုတ်ခမ်းလေးမှာ သွေးစလေးတွေစိုပြီး အဖေ့ကို နာနာကျင်ကျင်လေးကြည့်ကာ လှည့်ထွက်သွားခဲ့သည့် လမ်းရဲ့မျက်ဝန်းလေးတွေက သတိရတိုင်း ပေါ်လာခဲ့တာပင်။

မေဖူးစာကိုပင် ဖုန်းဆက်ပြီး ပြောမိသေး၏။

"အဲဒါပဲ မေဖူးစာရယ် ... အဖေက ထိုးလိုက်လို့ နှုတ်ခမ်းလေးကွဲပြီး လမ်းပြန်သွားတယ် ... နင်နဲ့လမ်းရော တွေ့ဖြစ်သေးလားဟင် မေဖူးစာ ... "

"တွေ့တာပေါ့ ... "

"ဟင် ... တွေ့တော့ လမ်းက ဘာပြောလဲ"

"နင့်အဖေကို လုံးဝမကျေနပ်ဘူးတဲ့"

"မေဖူးစာရယ် ... လမ်းကိုလေ ငါ့ကိုယ်စား နင်ပဲကျေနပ်အောင် တောင်းပန်ပေးပါနော် ... ငါ ... ငါ လမ်းကို သတိရတိုင်း စိတ်မကောင်းဖြစ်နေလို့ပါ ... ပြောပေးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ခွန်းရယ် ... နှင်ဘာလို့ လမ်းကို ဒီလောက်စွဲလမ်းနေရ တာလဲဟင်၊ လမ်းရင်ထဲမှာ နှင့်အဖေကို မုန်းနေတဲ့အမုန်းတွေပဲ ရှိနေတာ၊ ပြီးတော့လည်း ... လမ်းက စိတ်ဓာတ်မာတယ်၊ လမ်းနဲ့ ပတ်သက်လာရင် နှင့်ဘက်က ပေးဆပ်ရတာပဲ များလိမ့်မယ်၊ သူများလို လမ်းက အောက်ကျနောက်ကျခံပြီး နှင့်ကိုနွယ်နေမှာ မဟုတ်ဘူး"

မေဖူးစာနဲ့ပြောခဲ့တာတွေကို သတိရပြီး ချစ်ခွန်း နှုတ်ခမ်း လေးမဲ့ပြီး ပြုံးမိ၏။ လမ်း ဘယ်လောက်ပဲ အသည်းမာမာ လမ်းရင် ထဲက နှလုံးသားတွေကို ချစ်ခွန်းက နားလည်ပြီးသားပါ။

"ချစ်ခွန်းလေး"

"ရှင် ... ဒေါ်လုံး ... "

"မောင်ပြေဦးညိုက ပြောတယ်သိလား"

"ဟင် ... ဘာပြောတာလဲ"

"နှစ်ခွကျစ်ဆံမြီးလေးနဲ့ ချစ်ခွန်းပုံစံလေးက အရမ်းကျက် သရေရှိတာပဲတဲ့ ... "

"ဒေါ်လုံးရယ်"

ချစ်ခွန်း ပြုံးလိုက်မိတာ နာကျင်စွာလေးနဲ့။

"တီ ... တီ ... "

"ဟော ဆရာတို့စုံတွဲပြန်လာကြပြီနဲ့တူတယ်၊ ခြံရှေ့က ကား ဟွန်းသံကြားတယ် ... ဒေါ်လုံး ခြံတံခါး ပြေးဖွင့်ပေးလိုက်ဦးမယ်"

ဒေါ်လုံး ပြေးထွက်သွားသည်။

ချစ်ခွန်းကတော့ ကြမ်းတိုက်ရင်းပဲ ကျန်ခဲ့သည်။

"ဟင်"





ဒီနေ့မှ ကားပေါ်ကဆင်းလာသည့် အဖေ့မျက်နှာမှာ အပြုံး တွေက ရွှမ်းရွှမ်းဝေလို့ပါလား။ အဖေ ဒေါ်ထက်သူစာရဲ့ ပခုံးလေး ကိုပါ အဖေကဖက်လို့။ တစ်ခုခုတော့ ကြည်နူးလာခဲ့ပုံပင်။

"ဒေါ်လုံးရေ ... ဒေါ်လုံး ... "

"ရှင် ... ဆရာ လာပါပြီ ... "

ခေါ်သံကြားတော့ ဒေါ်လုံး ပြေးလာ၏။

"ကျွန်တော်တို့မိသားစုတော့ ကံကောင်းပြီထင်တယ် ဒေါ်လုံးရာ ... အခုပဲ ပြေဦးညိုမိဘတွေက ဖုန်းဆက်သွားတယ်၊ သမီးမုန်းမပြေကို မိသားဖသားပီပီ ဒီနေ့ညနေပဲ လာတောင်းပါရစေ တဲ့၊ တိုက်ကား အတွင်းပစ္စည်း လိုတာမှန်သမျှ အကုန်လက်ဖွဲ့ပါ့ မယ်တဲ့"

"ရှင် ... မုန်း ... မုန်းမပြေကို ... "

ဒေါ်လုံး မျက်တောင်တွေကော့ကာ မျက်နှာလေးပါပျက် သွားလျှက် ချစ်ခွန်းလည်း ဒီစကားကို အသေအချာကြားလိုက် သည်။ ဘယ်လိုဖြစ်တာလဲ ... အခုပဲ ချစ်ခွန်းကို မြှတ်နိုးလှပါချည် ရဲ့ပြောပြီး တောင်းတော့ မုန်းမပြေကို တောင်းသွားသတဲ့။

"ဟုတ်တယ်လေ ဒေါ်လုံး ... အဲဒါ ခင်ဗျားနဲ့ချစ်ခွန်း နှစ် ယောက်ပေါင်းပြီး ဧည့်ခန်းကိုရော အစားအသောက်တွေပါ ညနေ ခြောက်နာရီအမှီ ပြင်ဆင်ထားပေး ... ဧည့်သည်က ဆယ်ယောက် လောက်တော့ လာလိမ့်မယ်"

"အမလေး ... ကိုထွန်းရယ် ... ဒီကိစ္စအတွက် ထက်အားလုံး ကို စီစဉ်မှာ ... အမှားမခံနိုင်ဘူး၊ မောင်ပြေဦးညိုတို့ဘက်က လူ မှာတွေက တကယ့်ဂရိတ် ... ဒိတ်ဒိတ်ကြဲ အသိုင်းအဝိုင်းတွေလာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆက်တီခုံအစွတ်တွေလဲရမယ် … ခန်းဆီးလိုက်ကာတွေရော ပြတင်းပေါက်လိုက်ကာတွေပါ အကုန်ပြောင်းတပ်ရမယ်၊ နောက်ဖေးက မအေးတင်တို့ ဝါဝါတို့ပါ ခေါ်လိုက် … နှစ်ယောက်တည်း လုပ်လို့မရဘူး”

ဒေါ်ထက်သူဇာ မျက်နှာထားက အရင်ကထက် ငါးဆပိုမာသွားခဲ့ပြီ။ ပြန်ရောက်လာကတည်းက တစ်ချက်မှ မနားတော့ဘဲ ခြံထဲရှိသမျှလူအကုန်ခေါ်ပြီး လက်ညှိုးထိုး ခါးထောက်ရပ်ကြည့်ပြီး ခိုင်းနေတာ။ မနက်စာစားဖို့လည်း ဒေါ်ထက်သူဇာက သတိမရ၊ ချစ်ခွန်းလည်း မနားရ။

ဒါကိုတောင် မခံချင်အောင်ပြောပုံက …

“အဲဒါပြောတာပေါ့။ လူမင်းဘုန်းကြီးရင် နတ်မင်းမနေနိုင်ဘူးဆိုတာ … မောင်ပြေဦးညိုက အိမ်ကသမီးကို မြတ်မြတ်နိုးနိုးနဲ့ကိုလူကြီးတွေကိုပါ ပူဇာပြီးတောင်းတာ၊ အခု … သမီးကို ဖုန်းဆက်တော့လည်း သူနဲ့ပြေဦးညိုက စားသောက်ဆိုင်မှာတဲ့၊ ကဲ … စဉ်းစားကြည့်၊ မောင်ပြေဦးညိုတို့ စိတ်ဓာတ်ပြတ်သားလိုက်ပုံများ၊ နေစရာ တိုက်ရော ကားရော လက်ဝတ်ရတနာတွေပါ ဟိုဘက်က အကုန်လက်ဖွဲ့မှာ၊ ငါကလည်းရှင်းတယ် … စိတ်ဆင်းရဲခံပြီး ဒီအိမ်မှာနေမယ့်အစား ငါ့သမီးခြံထဲမှာပဲ အပြီးပြောင်းနေမယ်၊ ဟွန်း … လက်ဖွဲ့မယ့်တိုက်က ရေကူးကန်တောင်ပါသေးသတဲ့ … နေရာကလည်း နေရာကောင်း ရွှေတောင်ကြားထဲမှာတဲ့ … သိန်းပေါင်းသောင်းချီပြီးတော့ တန်နေတဲ့တိုက်၊ အဲဒါ … ချက်ချင်းခေါင်းညိတ်လိုက်ရတာပဲကြည့် … ”

“ချစ်ခွန်း ဝမ်းသာပါတယ် အမေရယ် … ”





“ဟဲ့ … ဝမ်းမသာရင်လည်း မနာလိုစိတ်ရှိနေလို့ ဝမ်းမသာနိုင်တာပဲဖြစ်မှာလေ၊ ညည်းတို့ မုန်းမပြေလို ကံကောင်းချင်ရင် စိတ်ကောင်းလေးမွေး … သူများချမ်းသာတာကို မနာလို မရှုစိမ့်မဖြစ်ကြနဲ့ … ”

တစ်ချိန်လုံး ဆရာမကြီးလေသံနဲ့ ဒေါ်ထက်သူဇာ တက်ကြွလို့။ အဖေကလည်း ငါ့သမီးမဟုတ်လို့ဆိုတဲ့စိတ်နဲ့ မကျေနပ်တာမျိုးလုံးဝမဖြစ်။ အဖေ့ရင်ထဲမှာရှိနေတာက သူ့သမီးလည်း ကိုယ့်သမီး ကိုယ့်သမီးလည်း သူ့သမီး။ ဒီလိုပဲ သဘောထားခဲ့သည်။ ခုလည်း အဖေ ပြုံးပြုံး ပြုံးပြုံးနဲ့ ဟိုဖုန်းလှမ်းဆက်လိုက်၊ ဒီဖုန်းလှမ်းဆက်လိုက်နဲ့။ မုန်းမပြေအတွက် ဂုဏ်ယူမဆုံးဖြစ်နေတာ။

ချစ်ခွန်းကလည်း ဒါကို ဝမ်းမသာဘဲနေပါ့မလား။

သားမက်ခြိုကို ဒေါ်ထက်သူဇာ အပြီးလိုက်နေမယ်ဆိုကတည်းက ရင်တွေတလှပ်လှပ်ခုန်ပြီးတော့တောင် ဝမ်းသာသည်။ သူတို့သားအမိမရှိတော့ရင် ပျောက်ဆုံးနေတဲ့ နိဗ္ဗာန်ဘုံလေးကို ချစ်ခွန်း ပြန်ရမှာလေ။ မကောင်းဘူးလား … ဒေါ်လုံးနဲ့တောင် ဘယ်သူမှမကြားအောင် ကပ်ပြောလိုက်မိသေးသည်။

“ဘယ်လိုဖြစ်တာလဲဟင် ချစ်ခွန်း … မောင်ပြေဦးညိုစိတ်က အပြောင်းအလဲ မြန်လွန်းလှချည်လား”

ဒေါ်လုံးက မျက်နှာပျက်ပျက်နှင့်မေး၏။

“ချစ်ခွန်းက ဟင့်အင်းလို့ငြင်းပြီး ဖုန်းကို ချက်ချင်းချပစ်လိုက်တာကို ဒေါ်လုံးရဲ့ … ချစ်ခွန်း လက်မခံနိုင်တာကိုလည်း အဲဒီကိုကြီး သိသွားလို့နေမှာပေါ့၊ ကောင်းပါတယ် … ချစ်ခွန်းတို့ခြံထဲကနေ သူတို့သားအမိ မြန်မြန်ပြောင်းသွားတာပဲ ကောင်းတယ်၊ ဟွန်း …



www.burmeseclassic.com

www.burmeseclassic.com



မနာလိုလည်း မဖြစ်ပါဘူး၊ ပျော်ဖို့တောင် ကောင်းသေး ...”

ဒေါ်လုံးက ချစ်ခွန်းမျက်နှာလေးကို မယုံနိုင်အောင် ငေးကြည့်လျက်။ ဒီသမီးလေး စိတ်ထားဖြူတာကို ငယ်ငယ်လေးကတည်းက အတူနေလာလို့ ဒေါ်လုံးသိထားခဲ့တာပါ။ ဒေါ်ထက်သူဇာကတော့ သူစိတ်တိုင်းကျတော့မှ အပေါ်ထပ်တက်ကာ ရေမိုးချိုးအလှပြင်သည်။

ဆရာ ဦးတင်လင်းထွန်းကတော့ ဝင်လိုက်ထွက်လိုက်နှင့် ကိုယ့်ဘက်က ဧည့်သည်တွေကို လိုက်ဖိတ်နေပုံရ၏။ အစီအစဉ်က ဖွန်းစားကြီးဖြစ်သွားတာမို့ ကတိုက်ကရိုက် ပြင်ရဆင်ရတာလည်း မသက်သာ။ ဒေါ်လုံးတို့ကို မနက်စာကို ညနေသုံးနာရီထိုးမှ အပြေးအလွှားစားရ၏။ လူကလည်း ဖတ်ဖတ်မောသွားသည်။

မှန်းမပြေ ပြန်လာတော့ မျက်နှာကမော့လျက်။

ပြင်ထားသမျှ ဧည့်ခန်းကြီးကိုလည်း သူ့အမေနဲ့နှစ်ယောက် အတူလိုက်ကြည့်သည်။

“ကောင်းတယ် ... မေမေ ... မေမေ ပြင်ထားတာ ပိုလ်ဆန်ပြီး အရမ်းမိုက်တယ်”

“မောင်ပြေဦးညို ဘာပြောသေးလဲ”

“အို ... ဘာပြောစရာလိုလဲ၊ အခုလည်း သမီးကို လိုက်ကျွေးတာစုံနေတာပဲ”

“သမီးကို ချစ်တဲ့အကြောင်း ဖွင့်ပြောလိုက်ပြီလား”

“ဟာ ... မေမေကလည်း ကိုဦးက လူကြီးတအားဆန်တဲ့ဥစ္စာကို မှန်းကလည်း မမေးပါဘူး၊ ဦးဦးဖေဖေနဲ့ စကားပြောပြီးရင်ပြီးနေတဲ့ဟာ ... မှန်းက ဘာမေးနေစရာလိုသလဲ”





မှန်းမပြေ နားလည်တာ ချစ်ခွန်းချမ်းသာတာထက် ဆယ်ဆချမ်းသာတဲ့ဘဝကို ရောက်သွားချင်တာ။ ဒါပဲ ... လိုချင်ခဲ့တာဖြစ်၏။ မှန်းမပြေဆိုတာ ချစ်ခွန်းထက်ပဲသာချင်တာ။ ချစ်ခွန်းကိုပဲ နိုင်ချင်တာ။ ဒါ သမိုင်းပေး တာဝန်။

“ချစ်ခွန်းကရော ဘာပြောသေးလဲ မေမေ ...”

“အို ... ဘာပြောလို့ရမှာလဲ ... ပြောရင် ပါးတောင်ပုတ်သွားဦးမယ်၊ ဒါ ... သူ့ခေတ်မဟုတ်ဘူး၊ ကိုယ့်ခေတ် ... ကိုယ့်ရွှေထီးဆောင်းရတော့မယ့်ခေတ် ...”

“ဟွန်း ... ကိုဦး ချမ်းသာတာကတော့ တအားပဲမေမေ”

“သိတယ် ... သိတယ် ...”

အိပ်မက်မက်နေသလို ဝမ်းသာနေကြတာ သားအမိနှစ်ယောက်စလုံး။

သူတို့က ဟိုဝတ်စုံဝတ်ရင် ကောင်းမလား၊ ဒီဝတ်စုံဝတ်ရင် ကောင်းမလား။ အဝတ်အစားတွေ အပုံလိုက် အထပ်လိုက် ရွေးချယ်နေချိန်မှာ ချစ်ခွန်းကတော့ အိမ်နေရင်း အဝတ်အစားလေးနဲ့ပဲ ဒေါ်လုံးနဲ့အလုပ်သမားတွေကို ဝိုင်းကူဖို့ပြင်ဆင်ထားမိသည်။

ညနေရောက်မှ ခေါင်းလျှော်ရေမိုးချိုးလိုက်ရတာမို့ မှန်တင်ခုံလေးရှေ့မှာပဲ နှစ်ခွကျစ်ဆံမြီးလေးကို တစ်ယောက်တည်း ပြန်ကျစ်နေရင် လမ်းကိုတောင် သတိရလိုက်မိသေး၏။ ဟိုနေ့ကလည်း ချစ်ခွန်းကို ပွေ့ချီပြီးတော့မှ လမ်းက ခြံထဲအထိ သွင်းပေးခဲ့တာတဲ့။ လမ်းရယ် ... ချစ်ခွန်း မျက်နှာပူပါတယ်နော်။

ချစ်ခွန်း အဲလိုစက်ဘီးနဲ့တိုက်မိသွားတာလည်း လမ်းကို



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ မြင်လိုက်ရလို့ ဝမ်းသာသွားတဲ့စိတ်နဲ့ မျက်လုံးထဲ ပြာသွားလို့ပါ။

နှစ်ယောက်တည်းတွေ့မှ ထပ်ပြီးတော့ ချစ်ခွန်း တောင်းပန်ပါ့မယ်နော် လမ်း။

သတိရနေတာကိုတော့ လမ်းအမြဲယုံ။

အခန်း ( ၁၅ )

"ကြွပါရှင် ... ကြွပါ ... "

"ဟင်း ... ဟင်း ... "

"ကဲ ... ခရီးရောက်မဆိုက်ဘဲ အားလုံးကိုမိတ်ဆက်ပေးပါရစေခင်ဗျာ ... အရင်ဆုံး ကျွန်တော်ကိုယ်ကျွန်တော် မိတ်ဆက်ရမယ်ဆိုရင် ကျွန်တော်က ပြေဦးညိုရဲ့ဖခင် ဦးကျော်ကျော်မိုးပါ။ ဒီဘက်က ကျွန်တော်ရဲ့ဇနီးသည် ဒေါ်နီလာထွန်းပါ ... "

"တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ ... ကျွန်တော်က သမီးလေးရဲ့ဖေဖေ ဦးတင်လင်းထွန်းပါ ... ဒီဘက်က ကျွန်တော့်ဇနီးသည် ဒေါ်ထက်သူဇာပါ ... "

"ဟင်း ... ဟင်း ... "

အပြန်အလှန် မိတ်ဆက်ကြ အပြုံးတွေ ဖလှယ်ကြနှင့်။

ဧည့်ခန်းကျယ်ကြီးထဲမှာ စကားသံလေးတွေက ညံလို့။

"ကဲ ... ကျွန်တော်တို့ရဲ့ ချွေးမလောင်းလေးနဲ့ မိတ်ဆက်ပေးပါဦးခင်ဗျား ... သားတော်မောင်က အတင်းဇွတ်တရွတ်ပူဆာနေလို့ ကတိုက်ကရိုက်ကြီး စီစဉ်လိုက်ရတာ အားနာနေရလို့



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ် ... ဟင်း ... ဟင်း ... ”

ဦးကျော်ကျော်မိုးကရော ဒေါ်နီလာထွန်းကပါ မျက်လုံးကလေးဝေ့ကာ ဝေ့ကာနဲ့ ချွေးမလောင်းကလေးကို ရှာသည်။

ဒါကို ... ဒေါ်ထက်သူဇာက ပျာပျာသလဲ ...

“အို ... သမီးလေးမုန်းက အလုပြင်နေတာလေ၊ ဟောဟိုမှာ ... ပြောရင်းဆိုရင်း သမီးလေးမုန်း ဆင်းလာပြီ၊ ဒါ ... သားလေးမောင်ပြေဦးညို နှစ်သက်သဘောကျတဲ့ သမီးလေး မုန်းမပြေပါရှင် ဟင်း ဟင်း ... ”

“ဟာ ... မဟုတ်ဘူး အန်တီနဲ့အန်ကယ် ... ကျွန်တော် ... ကျွန်တော်ပြောတာက အန်ကယ်သမီး ချစ်ခွန်းခကိုပြောတာလေ၊ တယ်လီဖုန်းထဲမှာ ပြောတုန်းကလည်း အန်ကယ့်သမီးလို့ပဲ ကျွန်တော် ပြောခဲ့တာလေ ... ”

“ဘယ် ... ဘယ်လို ... မောင်ပြေဦးညို ... ”

ဦးတင်းလင်းထွန်း မျက်နှာပျက်သွားသလို ဒေါ်ထက်သူဇာမျက်နှာကြီးက လငပုတ် ဖမ်းလိုက်သလို ချက်ခြင်းအိုမင်းရင့်ရော်သွားလျှက်။

“ကျွန်တော် ... ကျွန်တော် ... နေ့လည်ကလည်း တစ်ချိန်လုံး မုန်းမပြေနဲ့တွေ့ခဲ့ပါတယ်၊ မပြောရက်လို့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ကျွန်တော်မပြောခဲ့တာပါ ... သူ့ကိုညီမလေးတစ်ယောက်လို ခင်ခဲ့တာမှန်ခဲ့ပေမယ့် အန်ကယ်သမီး ချစ်ခွန်းခကိုတော့ မြတ်မြတ်နိုးနိုးလေးနဲ့ ကျွန်တော် တန်ဖိုးထားပြီးချစ်ခဲ့တာပါ အန်ကယ်”

“ဟား ... ဟား ... အန်ကယ်က မသိပါဘူး မောင်ပြေဦးညိုရာ ... မောင်ရင်နဲ့မုန်းမပြေက စားစားသွားသွားတွဲနေကြတော့





အန်ကယ့်သမီးလို့ပြောလိုက်တာကို မုန်းမပြေကို တောင်းတယ်ပဲ ထင်လိုက်တာ ... ရတယ် ... ရတယ် ... အန်ကယ်တို့မိသားစုကို ဘာမှအားနာစရာမလိုဘူး၊ ချစ်ခွန်းကို ချစ်တယ်ဆိုလည်း အန်ကယ်ရော အန်ကယ့်ဇနီးကပါ ဘာမှကန့်ကွက်စရာမရှိဘူး၊ ကဲ ... ဒေါ်လုံးရေ ... ကျွန်တော့်သမီး ချစ်ခွန်းကို ခေါ်ပါဦးဗျာ၊ ဒီမှာ လူကြီးတွေလာတောင်းတာ ချစ်ခွန်းကို တောင်းတာတဲ့ ... ”

ကြည့်စမ်း ...

အလန်းစတိုင်လ်လေးပြင်ပြီး ဆင်းလာတဲ့မုန်းမပြေ။

တစ်ကိုယ်လုံး သွက်သွက်ခါသွားအောင် အရှက်တရားတစ်ခုက သူမကို ကိုင်လှုပ်သွားခဲ့ပြီ။

“သမီး ... မုန်းမပြေ ... ”

ဒေါ်ထက်သူဇာက ချာခနဲပြန်လှည့်ပြေးဖို့ ခြေလှမ်းပြင်လိုက်တဲ့ မုန်းမပြေကိုကြည့်ပြီး အော်လိုက်သံက ဆောက်တည်ရာမဲ့စွာနဲ့။ ဒီဘက်မှာလည်း ဟန်ဆောင်ပြုံးရ။ ဟိုဘက်က ကိုယ့်သမီးအတွက်လည်း အရှက်ကွဲ မျက်နှာငယ်ရ။ ဒေါ်ထက်သူဇာလို နေရာဘကာ ကိုယ်ပဲအနိုင်ယူချင်လာတဲ့ မိန်းမတစ်ယောက်အတွက် ဒီအချိန်လောက် သိမ်ငယ်ရတာ ဘယ်မှာရှိတော့မှာလဲ။ ကိုယ်ကထပြီးတော့ ကန့်ကွက်ပြန်ရင်လည်း မနာလို မရှုစိမ့်ရာကျမည်။ ဟော ... ဣန္ဒြေမပျက် လက်ခံရမယ်ဆိုတော့လည်း ကိုယ့်သမီးရှုံးရမယ့် ရှုံးချက်က တစ်သက်ဖြေနိုင်စရာတောင် ရှိပါဦးတော့မလား။

ဟိုနေ့ကတည်းက ခြံထဲကိုပဲ မောင်ပြေဦးညို မရိုးမရွလှမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်နေတာ ချစ်ခွန်းဆိုတဲ့ ကျစ်ဆံမြီးနှစ်ခွမကို ကြည့်နေတာ ကိုး။

ဒေါ်လုံးကတော့ နောက်ဖေးခန်းကိုပဲ ဝမ်းသာအားရပြေး လာကာ ပန်းကန်တွေ ပိုင်းကူဆေးပေးနေတဲ့ ချစ်ခွန်းလက်ကလေး ကို အတင်းလာဆွဲသည်။

"ချစ်ခွန်းရေ ... မောင်ပြေဦးညို လာတောင်းတာ မုန်းမပြေ ကို လာတောင်းတာမဟုတ်ဘူးတဲ့၊ ချစ်ခွန်းကိုလာတောင်းတာတဲ့၊ လာ ... လာ ... လူကြီးတွေက ချစ်ခွန်းကိုခေါ်နေပြီ၊ ဒေါ်လုံးဝမ်း သာလိုက်တာ ... ဒေါ်လုံး ဝမ်းသာလိုက်တာ"

"ရှင် ... ဒေါ်လုံး ..."

ချစ်ခွန်း ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရလျက်။

"ဟင့်အင်း ... ချစ်ခွန်း လက်မခံဘူး ..."

"နင် ... နင် ... အခုမှ ဘာလက်မခံဘူးလဲဟင် ချစ်ခွန်း မနက်က နင်နဲ့ဖုန်းပြောနေတာ ကိုဦးနဲ့ပြောနေတာ နင်တစ်ချက် တည်းပွဲသိမ်းရိုက်သွားလို့ ... ကိုဦးစိတ်က နင့်ဘက်လှည့်သွားတာ လျှာနှစ်ခွနဲ့ မြွေဟောက်မ ..."

"ကဲ ... ဖြန်း"

"ဟာ ..."

မုန်းမပြေက အနာကြည်းဆုံးကြည့်ကာ လက်ကိုလေထဲ မြှောက်ပြီး အားကုန်လွှဲရိုက်ချသည်။ ဖြန်းခနဲအသံမြည်ပြီး ချစ်ခွန်း လဲကျသွားတာ ကြမ်းပြင်ပေါ်မှာ ခွေခွေလေးပါ။

"သမီး ... မုန်းမပြေ ... ဒီပြဿနာကို အခုမလုပ်နဲ့ နောက်





မှလုပ်မယ် ... ချစ်ခွန်းကို ဧည့်ခန်းထဲလွှတ်လိုက် ... ဒေါ်လုံး ပြဿနာမဖြစ်စေနဲ့၊ ဒီကိစ္စလူမသိစေနဲ့ ဒီကောင်မကို ဧည့်ခန်းထဲခေါ် သွား ... ကျွန်မ လိုက်ခဲ့မယ် ..."

ဒေါ်ထက်သူဇာ ဆက်တိုက်မှာပြီး မုန်းမပြေကို အခန်းတစ်ခု ထဲ ဆွဲသွားသည်။

ဘာပဲပြောပြော ဒီလိုဖြစ်သွားတာကိုတော့ ချစ်ခွန်းရင်မနာ ဘဲ နေပါတော့မလား။ ကိုကြီးပြေဦးညို ဖုန်းဆက်ခဲ့တာမှန်ပေမယ့် ချစ်ခွန်း လက်မခံနိုင်လို့ ဖုန်းကို ပစ်ချခဲ့တာပါ။ ဒါကို နတ်တွေသိ ကြားတွေက သိနေမှာပဲဖြစ်သည်။ ဒီတော့ လိပ်ပြာသန့်သွားအောင် ချစ်ခွန်း ရင်ဆိုင်ဖို့ပဲ ဆုံးဖြတ်လိုက်၏။

"ချစ်ခွန်းလေး ... မငိုနဲ့နော် မျက်ရည်တွေသုတ်လိုက်"

ချစ်ခွန်း မျက်ရည်ကျတာလည်း တစ်စက် နှစ်စက်လောက် ပါပဲ။

ဧည့်ခန်းကိုသွားပြီးတော့လည်း အားလုံးကို ချစ်ခွန်း ရင်ဆိုင် သည်။

"အို ... သား ... သဘောကျတာ ဒီကောင်မလေးလား၊ ကြည့်ပါဦး ကိုမိုးရယ် ... နှစ်ခွကျစ်ဆံမြီးလေးနဲ့ ချွေးမလောင်းလေး က ကျက်သရေရှိလိုက်တာ၊ အသားလေးကလည်း ဝင်းဝင်းနှစ်နှစ် ကလေးနဲ့ ..."

"ဟင်း ... ဟင်း ..."

ဟန်ဆောင်ပြုံးတာတောင် ဒေါ်ထက်သူဇာ ပြုံးလို့မရ။

ကိုယ့်ပါးနှစ်ဖက်ကိုပဲ တစ်ခုခုက ဆွဲထားသလို။

ကိုယ်နှုတ်ခမ်းမှာပဲ စေးထန်းထန်းအရည်တွေက ကပ်နေသ



www.burmeseclassic.com

www.burmeseclassic.com



လို ဟန်ဆောင်အပြုံးနဲ့ ဟန်မပျက်ဝင်ထိုင်လိုက်ရပေမယ့် ဒေါ်ထက်သူဇာမျက်နှာက အသက်မပါတော့သည့် ရော်ဘာရုပ်ကြီးတစ်ရုပ်လို ဖြစ်နေတာက အရမ်းသိသာနေသည်။

ပြေဦးညို့ရဲ့ မျက်ဝန်းလေးတွေက ချစ်ခွန်းမျက်နှာလေးကို စိုက်ကြည့်ကာ ကြည့်နှုးမဆုံးအောင် ခံစားနေရလျှက်။

"ကဲ ... ပြောပါဦး သမီးလေး ချစ်ခွန်းရယ် ... အန်ကယ်တို့ အန်တီတို့ဘက်က သမီးလေးရဲ့ဆန္ဒကို သိချင်လို့စောင့်နေတာပါ"

"ပြေလိုက်လေ သမီး ... "

အဖေ့အပြုံးတွေက ရွှမ်းရွှမ်းဝေနေသလောက် အမေ ဒေါ်ထက်သူဇာကတော့ ဖြူဖျော့သည့် မျက်ဝန်းကလေးတွေနဲ့သာ အသက်ရှူမှားရင်း ချစ်ခွန်းအဖြေကို စောင့်စားနေသည်။

"ဟင့်အင်း အဖေ ... အိမ်ထောင်ပြုဖို့ လောလောဆယ်ဆယ်မှာ သမီး မစဉ်းစားနိုင်သေးပါဘူး၊ သမီးတောင်ပန်ပါတယ်၊ ညှို့သည်တွေကိုလည်း သမီးအားနာပါတယ်"

"အို ... "

"ဟင် ... "

ချစ်ခွန်းဆီက ငြင်းပယ်လိုက်သံလေးကိုကြားတော့ အထိတ်တလန့်လေးနဲ့ အားငယ်သွားရတာ ပြေဦးညို့ပင်။

"ချစ်ခွန်းရယ် ... ကိုကြီးက စောင့်စားနိုင်ပါတယ်၊ အခုလာတာ နှစ်ဖက်မိဘတွေနဲ့ သဘောတူ စေ့စပ်ထားရုံလေးပဲ ကိုကြီးရည်ရွယ်ခဲ့တာပါ"

"သမီး ချစ်ခွန်း မငြင်းနဲ့ ... မောင်ပြေဦးညို့တို့ဘက်က အနေအထားကို အဖေလက်ခံတယ်၊ ကျောင်းပြီးလို့ စီစဉ်ရမယ့်မင်္ဂလာပွဲ





ာ အဝေးကြီးလိုသေးတယ် ... အဖေ့ဆန္ဒကို သမီးလိုက်လျောပါ၊ အဖေ ဒါပဲပြောမယ် ... "

နောက်ဆုံးကတော့ ချစ်ခွန်း ဘာတတ်နိုင်တော့မှာလဲ။

အဖေ့ကို မျက်နှာမပျက်စေချင်လို့ ခေါင်းညိတ်လိုက်ရတာ န်ပေမယ့် ရှေ့မှာ ချစ်ခွန်းရင်ဆိုင်ရမှာတွေက အများကြီးပါ။ ပြေဦးညို့ကတော့ ပျော်လို့မဆုံး။ ချစ်ခွန်း မျက်နှာလေးကိုပဲ အရိပ်တကြည့်ကြည့်ကာ ပြန်ကာနီးမှာလည်း ဖုန်းဆက်မယ်နော်လို့ ကပ်ပြောသွားခဲ့သေးသည်။

ညှို့သည်တွေ ပြန်သွားတော့မှ ပြဿနာတက်ရတာ။ အဖေနဲ့ဒေါ်ထက်သူဇာတို့ နှစ်ယောက်ပါပဲ။

အပြန်အလှန် အော်ကြဟစ်ကြတာ လူကြားလို့လည်း မကောင်း။

"ဒါ တမင်သက်သက် ကျွန်မသမီး အကြောခံလိုက်ရတာ"

"မင်းကို ငါပြောနေတယ်နော်ထက် ... ဒီလိုဖြစ်လာအောင် ငါ့သမီးဘက်က ဆွဲဆောင်ခဲ့တာဘာမှမပါဘူး၊ ပြေဦးညို့က မင်းသမီး မုန်းမပြေနဲ့ပတ်သက်ပြီး အိမ်ကိုလာလည်ခဲ့တာမှန်တယ်၊ မုန်းပြေနဲ့ခင်ခဲ့တာလည်း ငါမငြင်းဘူး၊ ဒါပေမယ့် ... အခု ဒီလိုဖြစ်သွားတာ ပြေဦးညို့နဲ့ ဟိုဘက်မိဘတွေရဲ့ဆန္ဒအရပဲဖြစ်သွားတာ၊ ငါ့သမီးက ဒီလိုဖြစ်သွားအောင် မရိုးမသားစိတ်နဲ့ ဖန်တီးသွားခဲ့တာမဟုတ်ဘူး၊ အိမ်ကိုလာလည်ရင်း ချစ်ခွန်းကိုတွေ့သွားတယ်၊ တွေ့သွားလို့ သားဖသားပီပီ ကမ်းလှမ်းတယ် ... ဒါပဲ ... "

ဦးတင်လင်းထွန်းက အပြတ်ပဲပြောပြီး လက်ထဲက ဖတ်



www.burmeseclassic.com

www.burmeseclassic.com



လက်စ ဂျာနယ်ကိုပါ ပစ်ချသည်။ ပြီးတော့ ... ဆက်တီခုံပေါ်က လည်း ထရပ်၏။ ဘာတစ်ခုမှ ဆက်မပြောချင်တော့သလို ပြတင်းပေါက်တွေဘက်ကိုလျှောက်သွားရင် ပြတင်းပေါက်ဘောင်ပေါ်မှာ လက်နှစ်ဖက်ကိုထောက်ကာ ဇနီးသည်ကို ကျောခိုင်းသည်။

"ရှင်ပြောတာ ကျွန်မလက်မခံဘူး၊ ဒီကိစ္စဟာ ရိုးရိုးသားသားဖြစ်သွားတဲ့ကိစ္စဆိုတာလည်း ကျွန်မ သဘောမတူဘူး၊ ပယောဂတွေရှိတယ်၊ မြှူဆွယ်ဖျားယောင်းမှုတွေရှိတယ်၊ ချစ်ခွန်းကိုလည်း ကျွန်မမယုံဘူး၊ အခု ... ကျွန်မ သမီးမုန်းမပြေ ဘယ်လောက်ခံစားသွားရပြီလဲဆိုတာ ရှင်သိရဲ့လားဟင် ဦးတင်လင်းထွန်းရဲ့ ... ရှက်လို့ အပြင်တောင် မထွက်ရဲတော့ဘူး"

"ဒါကတော့ ငါလည်းဘာမှမတတ်နိုင်ဘူး၊ ငါ့သမီးကလည်း မင်းရှေ့မှာတင် ငြင်းနေတာ မင်းလည်းမြင်သားပဲ ... မောင်ပြေဦးညီဘက်က လုံးဝနောက်မဆုတ်တာ၊ ငါဘယ်လိုလုပ်ရမလဲ ... သူတို့ စပြောတုန်းကလည်း အိမ်မှာလာပြီး လူကြီးစုံရာနဲ့စေ့စပ်ပွဲအခမ်းအနားလေး လုပ်ပါရစေပဲတောင်းဆိုတာ၊ ငါထင်တာ မင်းသမီး မုန်းမပြေကို တောင်းရမ်းတာလို့ပဲ ထင်ခဲ့တာပေါ့ကွ ... "

"ဟွန်း ... ရတယ်လေ ဦးတင်လင်းထွန်း ... ရှင်ကြည့်လိုက်ပေါ့၊ ကျွန်မသမီး မုန်းမပြေကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး အခဲကြေမှာ မဟုတ်တော့ဘူး"

အဖေနဲ့အမေပြောနေတာ ကြားပေမယ့် ချစ်ခွန်း ဝင်မစွက်ဖက်ပါ။ ညှော့သည်တွေ ပြန်သွားကတည်းက အောက်ထပ်က ချစ်ခွန်းအခန်းထဲမှာပဲ လှဲအိပ်နေမိ၏။ ဒေါ်လုံးက တံခါးလာခေါက်





တော့မှ ချစ်ခွန်းတံခါးထဖွင့်ရင်း အသံကို နားစွင့်ကြည့်တော့ ညှော့ခန်းထဲမှာ ဘာသံမှ မကြားရတော့။

"ချစ်ခွန်းလေး ... မစားမသောက်ဘဲ အိပ်နေမှာစိုးလို့ ဒေါ်လုံး ခေါက်ဆွဲကြော်ပူပူလေး လာပို့ပေးတာ စားလိုက်နော် ... ချစ်ခွန်းလေး ... "

ဘာမှလည်း စားလို့မရဘဲ ရင်ထဲမှာ တင်းခံနေတာက ချစ်ခွန်းအတွက် ခက်နေသည်။ စားကြည့်တော့လည်း မျိုချချင်စိတ်မရှိ၊ ပါးပြင်လေးတစ်ဖက်မှာ တစစ်စစ်နဲ့ ကိုက်နေသလို ရိုက်ချသွားသည့်အရှိန်ကပြင်းတော့ နည်းနည်းလေးတောင် ယောင်ချင်နေ၏။

"ဒေါက် ... ဒေါက် ... "

"ချစ်ခွန်း ... နင် တံခါးဖွင့်စမ်း ... "

"ဟင်"

မုန်းမပြေ တံခါးလာခေါက်နေတာလေ။

နံရံဘောင်ဆီက တိုင်ကပ်နာရီလေးကို လှမ်းကြည့်တော့ ည ဆယ့်တစ်နာရီပင် ကျော်နေခဲ့ပြီ။ ဒီအချိန်လောက်ဆို ဒေါ်လုံးတို့ပါ အိပ်နေလောက်ပြီ။ ချစ်ခွန်း ဘာလုပ်ရမှန်းမသိဘဲ တံခါးနားမှာ ရပ်နေမိတာက အကြာကြီး။

"ဒေါက် ... ဒေါက် ... "

"ချစ်ခွန်း တံခါးဖွင့်နော် ... နင်မအိပ်သေးတာ ငါသိတယ်"

အဖေကြားမှာစိုးလို့သာ ချစ်ခွန်း တံခါးဖွင့်လိုက်ရပေမယ့် မုန်းမပြေကိုတော့ ရင်မဆိုင်ချင်ပါ။

"ဂျောက် ... "

"ဟွန်း ... ငါဘယ်လိုမှ အိပ်မရလို့ နင့်ဆီကို ဆင်းလာတာ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွန်းက အောက်ထပ်မှာ အိပ်တာပေမယ့် သူတို့သားအမိ တွေကတော့ အပေါ်ထပ်မှာ အခန်းကိုယ်စီနဲ့အိပ်ကြတာလေ။ စကားနည်းရန်စဲဖြစ်အောင် ချစ်ခွန်းက အောက်ထပ်မှာဆင်းအိပ်ခဲ့ တာ။ ဒီသားအမိနှစ်ယောက် အိမ်ပေါ်စတက်လာကတည်းကပါ။

"နင် တကယ်ကံကောင်းတယ်နော် ချစ်ခွန်းခ ..."

"ဟင့်အင်း ... နင်အထင်မလွဲနဲ့ ငါ ... ပြေဦးညိုနဲ့လက်ထပ် ဖြစ်မှာမဟုတ်ဘူး ... နင့်ပြေဦးညိုကိုလည်း ငါမချစ်ဘူး"

"ချစ်ခွန်းရယ် ... မချစ်ရင်လည်း နင်အပြတ်ငြင်းလေ"

သရော်ပြုံးလေးပြုံးပြီး ချစ်ခွန်းခုတင်ပေါ် မုန်းမပြေက ပက် လက်လှန်လှဲချသည်။ ခွအုံးကြီးကိုယူပြီးတော့လည်း ကိုယ်ပေါ်တင် ကာ ပွေ့ဖက်ထား၏။

"ဟင်း ... ခုတော့ နင်က ပဲအပြည့်နဲ့ အမှတ်တွေယူပြီး ခေါင်းညိတ်လက်ခံလိုက်တာ ... နင်ရွေ့သွားတဲ့အကွက်တွေကို ငါ မသိလိုက်ဘူးထင်နေလို့လား ... ဟား ... ဟား ... နင့်လောက် တော့ မုန်းမပြေက လည်ပါသေးတယ် ချစ်ခွန်းခရဲ့ ... ဒီမှာ ဒီမှာ"

ခွအုံးကိုဖယ်ပြီးတော့ မုန်းမပြေ ပြန်ထသည်။

ပြီးတော့ ... ချစ်ခွန်းမျက်နှာကိုလည်း ခပ်စူးစူးစိုက်ကြည့် ၏။

"နင် ... ဘယ်လောက်ပဲ ခေါင်းညိတ် ခေါင်းညိတ် ပြေဦးညို က နင့်ကို ဘယ်လောက်ပဲသဘောကျကျ နင်ဘယ်တော့မှ ပြေဦး ညိုကို မရစေရဘူး ... နင်စိတ်ကူးမယဉ်နဲ့ အဲဒါပြောချင်လို့ ငါဆင်း လာတာ"

"ဟင် ..."





ပြောပြီးတာနဲ့ နှုတ်ခမ်းလေးမဲ့ကာ မုန်းမပြေ ပြန်ထွက်သွား ၏။

ကြောင်တောင်တောင်လေးနှင့် မုန်းမပြေကို ငေးကြည့်ရင်း ကျန်ခဲ့ရတာ ချစ်ခွန်းပါ။ ထိုအချိန်မှာပဲ ဒေါ်လုံးကိုကြိတ်ပြီး ပေးထား ခဲ့သည့် ကိုကြီးပြေဦးညိုရဲ့လက်ဆောင် ဟန်းဖုန်းလေးက သီချင်းသံ ငြိမ့်ငြိမ့်လေးနဲ့အတူ ခေါ်သံလေးမြည်လာခဲ့ချေပြီ။

သူ့မျက်နှာတစိမ့်စိမ့်ကြည့်ကာ xxx တသိမ့်သိမ့်ချစ်တွေလှုပ် ခတ်လို့လာ xxx ရင်ထဲမှာတွေးကာ ငေးငိုင်ကာ xxx တသိမ့်သိမ့် အချစ်တွေပေါ်လာ xxx သူ့မျက်လုံးများနဲ့ဆုံရင် လှိုက်ကာမော ရှိုက် ဖြာဖော xxx အားကိုးတိုးတိုးဖက်ကာ မြတ်နိုးချစ်သဒ္ဒါမိုးတွေစွေရွာ

ချစ်ခွန်း ဖုန်းလေးကို မကိုင်ရဲပေမယ့် ဘယ်လိုလုပ်မလဲ။

မကိုင်ရင်လည်း သီချင်းသံလေးက မရပ်မနား ထပ်ကာ ထပ် ကာ မြည်နေတော့မှာ။ ဒီဖုန်းလေးကို ခေါက်ဆွဲကြော်ပို့ရင်း ချစ် ခွန်း ခုတင်ခေါင်းရင်းမှာ ဒေါ်လုံးတင်သွားခဲ့တာဖြစ်သည်။

အသံထပ်မြည်နေမှာစိုးလို့ ချစ်ခွန်း ဖုန်းလေးကိုဖွင့်လိုက် တော့ တစ်ဖက်က စီးမျောလာတဲ့အသံလေးက တုန်လှုပ်နေသလို ပင်။

"ဟဲလို ... ချစ် ... ချစ်ခွန်းလားဟင် ..."

"ဟုတ် ... ချစ်ခွန်းပါ ..."

"ချစ်ခွန်းရယ် ... ကိုကြီးအိပ်မပျော်လို့ ချစ်ခွန်းဆီ ဆက်လိုက် တာနော်"

ထင်တဲ့အတိုင်း ဟိုဘက်ကပြောနေတာ ကိုကြီးပြေဦးညို။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွန်း ဖုန်းဖွင့်ကိုင်လိုက်တာမို့ မြူးတူးရွှင်ပြသွားတဲ့ ကိုကြီးအသံ လေးက သိသာနေသည်။

"ချစ်ခွန်း ..."

"ရှင် ..."

"ချစ်ခွန်း စကားပြန်ပြောလို့ ကိုကြီးဝမ်းသာတယ်"

"ကိုကြီး ဘာပြောချင်လို့လဲ"

"ချစ်ခွန်းကို ဖေဖေနဲ့မေမေကလည်း အရမ်းသဘောကျ တယ်"

"ဟုတ် ... ကျေးဇူးတင်ပါတယ် ... ဒါပေမယ့် ..."

"ဟင် ... ဘာဖြစ်လဲ ချစ်ခွန်း ... ပြောလေ ..."

"မုန်းမပြေကိုပဲ ကိုကြီး လက်ထပ်လိုက်ပါ"

"ဟာ ... ချစ်ခွန်းနော် ... အမိပ္ပါယ်မရှိတာ၊ ကိုကြီးကိုမပြော နဲ့ ... သူ့ကို ညီမလေးတစ်ယောက်လို ရိုးရိုးပဲ ကိုကြီးကခင်ခဲ့တာ အခု ... အချစ်ဆိုတဲ့အရာကို ချစ်ခွန်းနဲ့တွေ့မှ ကိုကြီးသိလိုက်တာ ကိုကြီးရဲ့လုပ်ငန်းခွင်ထဲမှာရော အသိအကျွမ်းမိတ်ဆွေ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေထဲမှာ ခင်မင်တဲ့ မိန်းကလေးတွေ အများကြီးရှိ ခဲ့ပေမယ့် ချစ်ခွန်းကို မထင်မှတ်ဘဲ တွေ့လိုက်တော့မှ ကိုကြီးရင် ခုန်သွားခဲ့တာ၊ အဲဒါ ... ကိုကြီး တကယ်ပြောတာပါ"

"ဒါဆို ကိုကြီးကို ချစ်ခွန်းတစ်ခုမေးမယ်နော် ..."

"မေးလေ ... ချစ်ခွန်း ကိုကြီးဖြေမယ်"

"ချစ်ခွန်းနဲ့မုန်းမပြေအကြောင်း ကိုကြီးသိလား ..."

"ဒေါ်လုံးနဲ့ဈေးမှာတွေ့လို့ ပြောတာတော့ ကြားလိုက်တယ် မုန်းမပြေဆိုတာ နောက်မိန်းမ ဒေါ်ထက်သူဇာက ပါလာတဲ့သမီးတဲ့





ချစ်ခွန်းကိုပဲ မနာလိုစိတ်နဲ့ မုန်းမပြေက အတင်းလိုက်ပြိုင်နေတာတဲ့၊ ဒီအိမ်မှာ အရမ်းသနားဖို့ကောင်းတာ ချစ်ခွန်းလေးတဲ့ ... ပန်းကန် လည်းဆေးရတယ်၊ ကြမ်းလည်းတိုက်ရတယ်တဲ့၊ ဆယ်တန်းတုန်းက ဆိုရင် အဲလိုကွန်းဘတ်စ့်ကားကြီးစီးပြီးတော့တောင် ကျောင်းတက် ခဲ့ရတယ်ဆို ..."

ချစ်ခွန်း ဘယ်လိုပြောရမလဲ။

ဒေါ်လုံးဆီကတစ်ဆင့် ချစ်ခွန်းအကြောင်းတွေကို ကိုကြီး ပြေဦးညို တော်တော်စုံစမ်းထားခဲ့တာပဲ။ ဒီလောက်သိထားရင် ကိုကြီး မဆိုးဘူးပေါ့။

"ဟုတ်ပါတယ် ကိုကြီး ... ဒေါ်လုံး ပြောတာတွေအားလုံး အမှန်တွေချည်းပဲ ... မုန်းမပြေရဲ့ဇမမေနဲ့ ဆုံးသွားတဲ့ ချစ်ခွန်းမေမေ က ကျောင်းနေဘက်ဘဝကတည်းက ပြိုင်ဘက်တွေဖြစ်ခဲ့တာ၊ ဟို တုန်းက ရှုံးခဲ့တာတွေကို အညိုးထားပြီး သမီးနှစ်ယောက်လက် ထက်မှာလည်း အတင်းပြိုင်ခိုင်းခဲ့တာ ဒေါ်ထက်သူဇာလေ"

"အို ... ကြည့်စမ်း ..."

"ချစ်ခွန်း မုန်းမပြေနဲ့ မပြိုင်ချင်လို့ ကိုကြီးကို လက်မထပ်ချင် တာပါ၊ အဲဒီစိတ်နဲ့ ကိုကြီးကို ခေါင်းခါငြင်းဖို့ ချစ်ခွန်းကြိုးစားခဲ့တာ လေ ... ချစ်ခွန်းကို နားလည်ပေးပါ ကိုကြီးရယ် ... ပြီးတော့လည်း ချစ်ခွန်းနှလုံးသားထဲမှာ ရှိ ... ရှိနေတာက ..."

"ဘယ် ... ဘယ်လို ချစ်ခွန်း ..."

ချစ်ခွန်း ဆက်မပြောတော့ဘဲ ဖုန်းပါဝါကိုပါ ပိတ်ချပစ်လိုက် ကိုကြီး မကျေနပ်လို့ပြန်ခေါ်လည်း ခေါ်လို့ရမှာ မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... လမ်းရယ် ..."

"အဟင့် ... ဟင့် ... ဟင့် ..."

ဖုန်းလေးကို ခုတင်ပေါ်လှမ်းပစ်တင်လိုက်ပြီး ခေါင်းအုံးလေးမှာ မျက်နှာအပ်ကာ တဟင့်ဟင့်လေးနဲ့ ချစ်ခွန်း ငိုချလိုက်ပါသည်။

လမ်းရယ် ...

ဘယ်လောက်ပဲဝေးဝေး ချစ်ခွန်းနှလုံးသားထဲမှာ လမ်းကပဲ တစ်ချိန်လုံး စိုးမိုးနေခဲ့လို့ပါ။ တခြားဘယ်သူတွေပဲ ချစ်ခွန်းရဲ့နှလုံးသားတံခါးကိုလာခေါက်ခေါက် လမ်းကလွဲရင် တခြားဘယ်သူ့ကိုမှ ပိတ်ထားတဲ့တံခါးလေးကို ချစ်ခွန်း မဖွင့်ဘူးနော် ... လမ်း။

လမ်း ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ ...

လမ်းကိုပဲ ချစ်ခွန်း ယုံကြည်တယ်။

ယုံပါလမ်းရယ် ... ချစ်ခွန်း ပြောနေတာ တကယ် ... ။

အခန်း ( ၁၆ )

"သမီး ချစ်ခွန်း ... အဖေ့စကားကို နားထောင်စမ်း"

ညဘက် အိမ်အပြန်မှာ အဖေ အရက်တွေမူးလာတာက ထိန်းလို့ပင်မနိုင်။ အဝတ်စားတွေက ကြယ်သီးတွေပြုတ်ကာ ဆံပင်တွေကပါ ဖရိုဖရဲဖြစ်လျှက်။ ဒေါ်ထက်သူဇာက လှမ်းမသိအောင် မူးလာသည့်ယောကျာ်းဖြစ်သူကို ဝင်လည်းမတွဲ၊ ထိန်းကိုင်ပေးခြင်းလည်းမရှိဘဲ ဒီအတိုင်းလွှတ်ထားတော့ ဒယီးဒယိုင်နဲ့ပဲခွေကာ ဆက်တီခုံပေါ် အရုပ်ကြိုးပြတ် အဖေ လဲကျသည်။

ပြီးတော့လည်း ပြောနေတာ စကားတွေ တတွတ်တွတ်။

"အဖေ့ကို အတိုက်ခံလုပ်ဖို့ သမီးလုံးဝမစဉ်းစားနဲ့၊ ဒီနေ့ပဲ ဆောင်ပြေဦးညိုရဲ့မိဘတွေ အဖေ့ကုမ္ပဏီကိုလိုက်လာတယ်၊ သူတို့သားအဖက အခြေအနေကိုပြောပြီး မင်္ဂလာပွဲကိစ္စကို နှစ်ပတ်အတွင်း စီစဉ်တော့မယ်ဆိုတာ အဖေ့ကိုဖွင့်ပြော တိုင်ပင်တယ်၊ သမီးကို စိတ်မချလို့တဲ့ ..."

"ရှင် ... အဖေ ..."

ဟိုနေ့ည ဖုန်းပြောတုန်းက ချစ်ခွန်းစကားမှားသွားတာ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွန်း စကားကြောင့် ကိုကြီးပြေဦးညို စိတ်မချနိုင်အောင်ဖြစ်သွားတာ။ ဒါကို အခုမှ ချစ်ခွန်းတွေးမိသွား၏။

"အဲဒါ ... အခု အဖေ ခေါင်းညိတ်လက်ခံလိုက်ပြီ ..."

"ဘုရားရေ ..."

"မင်္ဂလာပွဲအတွက် တစ်အိမ်လုံးပြင်ဆင်ရတော့မယ်"

မုန်းမပြေကလည်း မျက်တောင်တွေကော့ကြည့်လျှက်။

ဒေါ်ထက်သူဇာက အကြီးအကျယ် မျက်နှာပျက်နေသည်။

မင်္ဂလာပွဲဟာ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားလိမ့်မယ်ဆိုတာ သူမတို့သားအမိနှစ်ယောက်စလုံး လုံးဝထင်မှတ်မထားခဲ့တာပါ။

ခုတော့ ... ဖြုန်းစားကြီး စီစဉ်တော့မယ်တဲ့။

ဒါဟာ ... သူမတို့သားအမိကို မယုံသလိုဖြစ်နေကြလို့လား။ သူမ မပါဘဲ ကုမ္ပဏီမှာတွေ့ဆုံဆွေးနွေးသွားတယ်ဆိုတာ ဘာသဘောလဲ။ ချစ်ခွန်းကရော ဒီကိစ္စကို ဘယ်လိုတုန့်ပြန်မလဲ။ ဒေါ်ထက်သူဇာ နှုတ်ခမ်းမဲ့ကာတွေးရင်း မျက်ဝန်းတွေက ချစ်ခွန်းဘက်ကို ရောက်သည်။

"သမီး ... သမီး ဘွဲ့ရတဲ့အထိ ကျောင်းတက်ပါရစေ အဖေ။ ဟိုနေ့က အဖေစိတ်ချမ်းသာအောင် ခေါင်းညိတ်လိုက်တာမှန်ပေမယ့် ဒီလောက်မြန်မြန်ကြီးတော့ သမီး ခွင့်မပြုနိုင်ဘူး၊ ပြီးတော့ ပြီးတော့ ... ကိုပြေဦးညိုကိုလည်း သမီး မချစ်ဘူး"

ချစ်ခွန်းက ရင်ထဲမှာရှိသည့်အတိုင်းပဲ ပြောမိ၏။

ဒီလိုပြောတော့လည်း မုန်းမပြေက နှုတ်ခမ်းလေးမဲ့ကာ ပြုံးသည်။ ဦးတင်လင်းထွန်းမျက်နှာကတော့ အဆီတွေပြန်လျှက်။





သမီး ချစ်ခွန်းကိုကြည့်ကာ မျက်တောင်မခတ်နိုင်။

"သမီး မချစ်လို့မရဘူး"

"ရှင် ..."

"အဖေ ဒုက္ခရောက်နေပြီ ..."

"အဖေရယ် ဒီခြံနဲ့တိုက်ကို အဖေ့နာမည်နဲ့လွှဲပေးဖို့ ချစ်ခွန်းပြောထားပြီးသားလေ၊ အဖေ ဒုက္ခရောက်နေရင် ဒီခြံနဲ့တိုက်ကို ရောင်းလိုက်ပေါ့။ ကိုပြေဦးညိုကိုတော့ သမီးလက်မထပ်ပါရစေနဲ့၊ သမီး ကျောင်းပဲ ဆက်တက်မယ်နော် အဖေ ..."

"မရတော့ဘူး အဖေကတိပေးခဲ့ပြီ ..."

"ရှင် ... အဖေ ..."

"ဟိုဘက်က အသိုင်းအဝိုင်းတွေ အင်အားတောင့်တယ်၊ အဖေ့ကို ဝိုင်းကူကြမယ့်အစီအစဉ်တွေလည်း အများကြီးဆွဲထားတယ်၊ ငါ့သမီး ငိုလည်း ငိုမနေနဲ့တော့၊ အဖေ ဆုံးဖြတ်ချက်က အတည်ပဲ ... အဖေ ဒါပဲပြောမယ် ... ကဲ ... သွားအိပ်တော့"

ချစ်ခွန်း ဟင့်ခနဲ တစ်ချက်ရှိုက်ပြီး အဖေ့ရှေ့က လှည့်ထွက်လာခဲ့ပေမယ့် မုန်းမပြေက ချစ်ခွန်းနောက်မှာ ထပ်ချပ်ပါလာခဲ့၏။

"ဟုတ်တယ် ချစ်ခွန်း ... ငါလည်း ဒီညပဲ သတင်းကြားလိုက်တယ်၊ ခန်းမကျယ်ကြီးတွေ ငှားလို့ဖရရင်တောင် သူတို့ရဲ့ခြံကျယ်ကြီးထဲမှာပဲ မင်္ဂလာဧည့်ခံပွဲကို အကြီးအကျယ်လုပ်မယ်လို့ ပြောတယ် ... ဟွန်း ... ဘာပဲပြောပြော ဒီပွဲမှာ နင့်ဆုံးဖြတ်ချက်က အရေးကြီးတာပါ၊ ငါကတော့ အေးဆေးသိလား ..."

ခြေနှစ်ချောင်းချိတ်လျှက် စာကြည့်စားပွဲမှာ မုန်းမပြေ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွန်းက ခုတင်ပေါ်မှာပါ။

"အခု ... နင်ဘာဆက်လုပ်မလဲဟင် ချစ်ခွန်း ငါ့ကိုပြောစမ်း"

ချစ်ခွန်း မဖြေနိုင်။

"အေး ... ငါနင့်ကို မနာလိုလို့ ပြောတာတော့ မဟုတ်ဘူး နော်ချစ်ခွန်း ... ကိုဦးတို့အသိုင်းအဝိုင်းက အရမ်းကြီးတယ်၊ ချမ်းသာတာလည်း ငါတို့ထက်အဆတစ်ရာလောက် ပိုချမ်းသာတယ်၊ အဲဒီတော့ ... ငွေကြေးအရှိန်အဝါတွေပြပြီး နင့်အဖေကို အိတ်ထဲကောက်ထည့်ပြီး အရုပ်လေးတစ်ရုပ်ဝယ်သလို အပေါ်စီးကနေ တောင်းသွားတာ၊ ပြီးတော့ ... ကိုဦးက တစ်ရက် နှစ်ရက်ပဲတွေ့ပြီး နင့်ကိုအသည်းအသန်တောင်းတယ်ဆိုတာ တကယ်ချစ်တာရော ဟုတ်ရဲ့လား ... အေးလေ ... ကိုဦးတကယ်ချစ်တာဆိုရင်တော့ နင်ကံကောင်းတာပေါ့ ... ဟွန်း ..."

ရိုးရိုးပြောတာတော့ မဟုတ်။

နှုတ်ခမ်းလေးမဲ့ပြီးတော့ မုန်းမပြေက ပြောလိုက်တာပါ။

"နင် မစိုးရိမ်ပါနဲ့ ..."

"ဟင် ..."

"ငါဘယ်တော့မှ နင်နဲ့ပတ်သက်ပြီး ရောက်လာတဲ့လူတစ်ယောက်ကို လက်မထပ်ဘူး၊ အေး ... ငါဘာဆက်လုပ်ရင် ကောင်းမလဲဆိုတဲ့အဖြေကိုတော့ ငါပဲစဉ်းစားမယ်"

"ဒါဆို နင်ဘာဆက်လုပ်မှာလဲ ..."

"အဲဒါ နင်မမေးနဲ့ ..."

"ချစ်ခွန်းရယ် ... နင် မာနကြီးမနေစမ်းပါနဲ့"

"ငါမာနကြီးလို့ ပြောတာမဟုတ်ဘူးလေ မုန်းမပြေ ... ကံ





ကြမ္မာနဲ့ သံသရာဆိုတာ တစ်ပတ်လည်လာတတ်တာကိုသလို့ ငါပြောနေတာ၊ ငါ့အမေ အပျိုဘဝက နင့်အမေနဲ့ပြိုင်ဘက်တွေဖြစ်ခဲ့လို့ ယောကျ်ားတစ်ယောက်ကို လုခဲ့တာမှန်ပေမယ့် ငါကတော့ ယောကျ်ားတစ်ယောက်ကို မိန်းကလေးနှစ်ယောက် အပြိုင်လုလက်ဆပ်ရတာကိုမုန်းတယ် ... ငါနောက်ဆုတ်ပေးမယ်၊ နင်ပဲ ကိုပြေဦးကို ရအောင်လက်ထပ်ယူပါ၊ ကဲ ... နင်သိချင်တဲ့အဖြေက ဒါပဲဟုတ်လား ... နင်သွားတော့ ငါအိပ်တော့မယ်"

ချစ်ခွန်း စကားလည်းများများ မပြောချင်ပါ။

ခုချိန်မှာ ခေါင်းအုံးလေးပေါ် မျက်နှာလေးအပ်ပြီး ချစ်ခွန်းတစ်ယောက်တည်း ငိုချင်နေတာဖြစ်သည်။

"ကောင်းပြီလေ ... နင်က သွားဆိုရင်တော့ ငါသွားတော့မယ်၊ ဒါပေမယ့် ... နင်ကတိတော့ တည်ရမယ်နော်၊ နင်မလိုချင်တဲ့ယောကျ်ားတစ်ယောက်ကို ငါနဲ့ပြိုင်ပြီး နင်လက်ထပ်ဖို့ကြိုးစားနေမယ့်အစား တစ်နေရာရာကို နင်ထွက်သွားတာ အကောင်းဆုံးဖြစ်မယ်ထင်တယ် ..."

မုန်းမပြေက တံခါးဝအရောက်မှာ တစ်ချက်ပြန်လှည့်ကြည့်ပြီး ပြောဖြစ်အောင် ပြောသွားလိုက်သေး၏။ မုန်းမပြေ ထွက်သွားသော်လည်း ချစ်ခွန်း အိပ်လို့မပျော်ပါ။ ဟုတ်တာပေါ့ ... မုန်းမပြေပြောတာအမှန်ပဲ။ တစ်နေရာရာကို ချစ်ခွန်းထွက်သွားရမယ်ဆိုတာ။

အဲဒါ ... ဘယ်နေရာဖြစ်သင့်သလဲ။

လမ်းရှိနေမယ့်နေရာလေးကို ချစ်ခွန်း ထွက်သွားမယ်ဆိုရင်ရော ...

ချစ်ခွန်း ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းကိုပဲ အကူအညီတောင်းတော့မည်။

မေဖူးစာက ချစ်ခွန်းကို ပြောဖူးသည်။

ညဆိုရင် ရပ်ကွက်ဓမ္မာရုံထိပ်က ခရေပင်ရိပ်မှာ သန်းခေါင် သန်းလွဲအထိ လမ်းတို့သူငယ်ချင်းတွေစုဖွဲ့ပြီး ဂစ်တာတီးကြသတဲ့။ ဒါဆို ... ဒီအချိန်လောက်ထိ လမ်းရှိနေတုန်းပေါ့။ ချစ်ခွန်း ထပ်ပြီး မစဉ်းစားတော့ပါ။ ခြံတံခါးသော့ကို ခြေဖော့နင်းကာ သွားယူပြီး အမှောင်ထုအောက်မှာ ဖြတ်သန်းလျှက် ခြံတံခါးကိုဖွင့်ကာ ချစ်ခွန်း ထွက်ခဲ့သည်။

ဖြတ်မောင်းလာတဲ့ တက္ကစီတစ်စီးကို လက်ပြတားကာ ရပ် ကွက်အဆုံးထိပ်ဖက်က ဓမ္မာရုံရှိရာကို မောင်းခိုင်းလိုက်တော့ မေဖူး စာ သတင်းပေးထားတဲ့အတိုင်း လမ်းက ခရေရိပ်မှာ။

"ဟာ ... ချစ်ခွန်း ..."

ချစ်ခွန်းကိုကြည့်ပြီး လမ်းက ကြောင်နေသည်။

ဂစ်တာကိုပစ်ချပြီးတော့လည်း ချစ်ခွန်းအနားကို ချက်ချင်း ရောက်လာ၏။

"နင် ... နင် ဒီအချိန်ကြီး ..."

လမ်း အံ့အားသင့်နေသလောက် ချစ်ခွန်းကတော့ ကိုယ့်ဆုံး ဖြတ်ချက်နဲ့ကိုယ်မို့ ...

"ဟုတ်တယ်လေ လမ်း ... လမ်းဆီမှာ အကူအညီတစ်ခု တောင်းချင်လို့ ချစ်ခွန်း အိမ်ကမသိအောင် ခိုးထွက်လာတာ"

"ဘာပြောတယ် ..."

"လာပါ ... လမ်းနဲ့ချစ်ခွန်း တစ်နေရာမှာထိုင်ပြီး အေးအေး ဆေးဆေး စကားပြောရအောင်ပါ၊ ဘယ်သူမှ မပါကြေးပေါ့"





ဒါနဲ့ပဲ ... မီးကင်းတဲလေးပေါ်ကို နှစ်ယောက်သား ရောက် သွားသည်။

လမ်းရဲ့သူငယ်ချင်းတွေကတော့ ပြုံးစိစိလေးတွေနဲ့ ခရေရိပ် အောက်မှာပဲ ဂစ်တာတီးရင်း ကျန်ခဲ့ကြ၏။

ညအမှောင်က တိတ်ဆိတ်နေပေမယ့် ...

ညမွှေးပန်းရနံ့လေးက ပတ်ဝန်းကျင်မှာ သင်းပျံ့လျှက်။

အားလုံးကို ချစ်ခွန်း ရှင်းပြလိုက်တော့ ...

"ဟွန်း ... ငါလုံးဝလက်မခံဘူးချစ်ခွန်း ... ဟိုကောင့်ကို သက်မထပ်ချင်တာတစ်ခုနဲ့ ငါ့ကိုဟန်ဆောင်လက်ထပ်ပေးပါဆို တာ လုံးဝမဖြစ်နိုင်လို့ ငါငြင်းပစ်လိုက်တာ၊ နင်ပြန်ပါ ... ငါ နင့်အဖေ ကို မုန်းတယ်၊ ဒီအမုန်းတွေကြားမှာ ငါနင်နဲ့ မပတ်သက်ချင်ဘူး၊ ကျန်တာတွေလည်း နင်သိအောင် ငါဘာမှမပြောချင်ဘူး ... အကောင်းဆုံးက ပြေဦးညိုကို နင်လက်ထပ် ..."

"ဘယ် ... ဘယ်လို လမ်း ..."

အမှောင်ထုအောက်မှာဆိုပေမယ့် လမ်းမျက်ဝန်းကလေး တွေ အရောင်တဖျတ်ဖျတ်လက်နေတာကိုတော့ ကြယ်ရောင် သရောင်အရိပ်နဲ့ ချစ်ခွန်း တွေ့လိုက်၏။

"နင် ... ငါ့ကို ဘာမှပြန်မမေးနဲ့ ..."

လမ်းက ခါးခါးသည်းသည်းငြင်းရင်း မီးကင်းတဲပေါ်ကနေ မြေပြင်ထက်ကို ဖုတ်ခနဲ ခုန်ဆင်းသည်။ ဒီထက်ပိုပြီးတော့လည်း သူ ဘာမှမပြောချင်ပါ။

"ချစ် ... ချစ်ခွန်း အားကိုးတကြီးနဲ့ လမ်းဆီကို မျက်ကန်း တစ္ဆေမကြောက် ပြေးလာခဲ့တာပါလမ်းရယ် ... ချစ်ခွန်းရဲ့ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းကိုပဲ ယုံကြည်ခဲ့တာပါ။ ဒါကိုမှ လမ်း မကူညီရင် ချစ်ခွန်း ဘာဆက်လုပ်ရမလဲဆိုတာ မဆုံးဖြတ်တတ်တော့ဘူး"

လမ်း ငြင်းလိုက်တာကိုလည်း ချစ်ခွန်း အံ့သြသည်။

အဖေ့ကိုမုန်းတာတစ်ခုနဲ့ ချစ်ခွန်းကိုပါ လမ်းက မုန်းနေခဲ့တာပါ။ ဒါကိုလည်း ဒီညမှာ ပြတ်ပြတ်သားသားပဲ ချစ်ခွန်းက သိချင်ပါသည်။

"ဒီမှာ ချစ်ခွန်း ... "

"ဟင် ... လမ်း ... "

"နှင် ... ပြန်ပါ ... "

ဒီစကားကိုပဲ လမ်းက ထပ်ပြောပြန်ပြီ။

"လမ်း ... လမ်း ... ချစ်ခွန်းကို ဘာလို့ အဲလိုစိမ်းစိမ်းကားကား ဆက်ဆံနေရတာလဲဟင် လမ်း ... လမ်းမှာ ကိုယ်ချင်းစာပြီး ခံစားနားလည်တတ်တဲ့ နှလုံးသားလေးတောင် နည်းနည်းလေး မရှိတော့ဘူးလား ... ချစ်ခွန်းနဲ့ပတ်သက်လာရင် လမ်းရဲ့အသည်းနှလုံးတွေ အမြဲမာနေတာကိုပဲ ချစ်ခွန်း တစ်သက်လုံးတွေ့ခဲ့ရတယ်၊ ပြောပါဦး ... လူသားဆန်တဲ့ နှလုံးသားမျိုးတွေ လမ်းရင်ထဲမှာ မရှိတော့ဘူးလားဟင် ... "

"ချစ်ခွန်းနော် ... နှင့်ကို ဘာမှထပ်မပြောနဲ့တော့လို့ ငါပြောနေတယ်နော် ... "

လမ်းက အသံလေးကို တမင်မြှင့်ပြီးအော်လိုက်သလို ချစ်ခွန်းရဲ့ လက်ကလေးတစ်ဖက်ကိုလည်း အတင်းဆုပ်ကိုင်ကာ မြေပြင်ပေါ်ကို ဆွဲချသည်။

"နှင် ... အခုပြန် ... "





"အို ... အဟင့် ... "

ချစ်ခွန်း မျက်ရည်ဝဲရသလို ရင်ထဲမှာလည်း နာကျင်သွားခဲ့ရပြီ။ ချစ်ခွန်း ထင်ခဲ့တာက ဒီလိုသာ အကူအညီတောင်းလိုက်ရင် ဘနားနားလည်စိတ်ကလေးနဲ့ တက်တက်ကြွကြွ လမ်းက ကူညီမယ်ပဲ ထင်ထားခဲ့တာပါ။

ခုတော့ ... ထင်တာတွေ မဖြစ်ခဲ့သလို လမ်းရဲ့စိမ်းကားရက်စက်မှုတွေကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပြီဆိုတော့ မျက်ရည်တွေလည်း တစ်ပေါက်ပေါက်ပြုတ်ကျကာ စိတ်နာနာနဲ့ ချစ်ခွန်းမျက်နှာထားလေးကပါ မာလာခဲ့ရပြီဖြစ်သည်။

"ဖယ်နော် လမ်း ... ရှင် ... ကျွန်မလက်ကို မကိုင်နဲ့"

"ဟင် ... "

ချစ်ခွန်း ဆောင့်ရုန်းပြီး ခပ်ပြတ်ပြတ် တွန်းဖယ်ပစ်လိုက်တော့ လမ်း ရုတ်တရက် ကြောင်သွားပြီး ချစ်ခွန်းမျက်နှာလေးကို အေးစက်စက် လှမ်းကြည့်သည်။

"ဘာဖြစ်တာလဲ"

"ရှင် ... အလကားလူ ... ယောကျ်ားပီသတဲ့စိတ် တစ်စက်မှ မရှိတဲ့လူ ... "

"ဒီမှာ မင်းငါ့ကို ကြိုက်သလိုပြော ... ဟုတ်ပြီလား၊ အရေးကြီးတာ ဒီည မင်းအိမ်ကိုပဲအေးအေးချမ်းချမ်းပြန်ရောက်သွားဖို့ပဲ အရေးကြီးတာ ... မုန်းမပြေတဲ့သားအမိနှစ်ယောက်ရဲ့ နှိပ်စက်အနိုင်ကျင့်မှုတွေအောက်မှာ မင်းမနေနိုင်တာကို ငါလက်ခံနိုင်ပေမယ့် ဦးဦးညိုဆိုတဲ့ လူတစ်ယောက်နဲ့ လက်ထပ်ရမယ့်ကိစ္စကိုတော့ ငါ ဘာနဲ့ကွက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... သဘောတူတယ်ပေါ့"

"အဲဒါ မမေးနဲ့လေ ..."

"ဘာဖြစ်လို့လဲ ..."

"မင်းဟာ ငါ့ရင်ထဲမှာ ဘယ်တော့မှ သာခွင့်မရှိတဲ့ လမင်း"

"ဘာပြောတယ် ..."

သူပြောတာကို ချစ်ခွန်း နားမလည်ပါ။

သူ့ကိုစူးစိုက်ကြည့်လိုက်မိတာလည်း နာကျင်ခြင်းများစွာနဲ့ ဖြစ်နေသည်။

"ရှင် ... အပိုတွေမပြောပါနဲ့လမ်း၊ ရှင်ဟာ ယောကျ်ားမပီသတဲ့လူ သတ္တိမရှိတဲ့လူ၊ မိန်းကလေးတစ်ယောက်ရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးချင်စိတ် လုံးဝမရှိတဲ့လူ၊ ကျွန်မ ရှင့်ကို အထင်ကြီးခဲ့မိတာတွေအားလုံး မှားတယ်၊ ရတယ် ... ကျွန်မ ပြန်မယ် ..."

"နေဦး ... ငါလိုက်ပို့မယ်"

"မပို့နဲ့ ..."

ချစ်ခွန်း စိတ်နာနာနဲ့ ရင်ထဲရှိတာပြောပြီး ချာခနဲလှည့်ထွက်လာခဲ့ပေမယ့် သူက ခြေသံတဖျတ်ဖျတ်ပေးကာ ချစ်ခွန်း နောက်ကိုလိုက်လာခဲ့၏။

မှီသွားတော့ ပခုံးချင်းယှဉ်ပြီး အတူလျှောက်သည်။

အမှောင်ထုအောက်မှာ လူသံ ကားသံတွေအားလုံး တိတ်ဆိတ်နေ၏။ ရှေ့မှာ အိပွဲ အိပွဲနင်းလာသော ဆိုက်ကားတစ်စီးက တော့ ချစ်ခွန်းတို့နှစ်ယောက်ကို မျက်လုံးလေးတစ်ချက် စွေစောင်းကြည့်ကာ သူ့လမ်းအတိုင်းပဲ ဆိုက်ကားကို ဆက်နင်းသွားသည်။





"ဟာ ... ရှင့်ကို မလိုက်နဲ့လို့ ကျွန်မပြောနေတယ်လေ"

လှမ်းလက်စ ခြေလှမ်းတွေကို တုန့်ခနဲ စုံရပ်ချကာ ချစ်ခွန်း ဆတ်ခနဲ လှည့်ပြောတော့ မျက်ရည်တစ်စက်က ပေါက်ခနဲ ပြုတ်ကျသည်။ မကျေနပ်သော ဒေါသက ခြေလှမ်းတိုင်းမှာ တရစ်ခြင်းတိုးလာခဲ့သလို ကိုယ့်ကိုယ်ကိုယ် နောင်တရသည့်အဖြစ်က ကြေကွဲဝမ်းနည်းစိတ်တွေကိုပါ သယ်ဆောင်လာခဲ့သည်။

"ဒီမှာ ... ငါအခုပြောနေတာတွေအားလုံးက မင်းကိုဒုက္ခရောက်မှာစိုးလို့ပြောနေတာ၊ တကယ်ပဲ လက်ထပ် လက်ထပ် ဟန်ဆောင်ပဲ လက်ထပ် လက်ထပ် ... မင်းအဖေကို မုန်းနေတဲ့အမုန်းတွေကို အဆုံးမသတ်နိုင်သရွေ့ လောင်လာမယ့်မီးတွေ ရှေ့မှာရှိနေလို့ မင်းကိုတားနေတာ၊ ခရောင်းလမ်းဆိုတာ ဘာလုပ်လုပ် လုပ်ရဲ့ပြတ်တယ် ... မင်း ငါ့ကို အထင်မသေးနဲ့ ..."

ချစ်ခွန်း အထင်သေးနေတာကိုတော့ သူဘယ်လိုမှ မကျေနပ်နိုင်ပါ။ ဒီအကြောင်းတွေကိုလည်း သူငယ်ချင်းတွေရှေ့မှာ သူအမြဲပြောခဲ့၏။ သူငယ်ချင်းတွေက သူ့ကိုနားမလည်လို့ ရှင်းပြခဲ့ရတာလည်း အကြိမ်ကြိမ်အခါခါ။

"ဟေ့ကောင်တွေ ... ဒီကောင့်အကြောင်းကို မသိဘဲ မင်းတို့လျှောက်ဝေဖန်မနေကြနဲ့၊ ဒီကောင့်ရင်ထဲမှာ အချစ်နဲ့အမုန်းကအားပြိုင်လွန်ဆွဲနေတာ၊ ချစ်ခွန်းခဆိုတဲ့ကောင်မလေးကို သတိရသာရင် ဂစ်တာတစ်လက်နဲ့ သီချင်းတွေတစ်ပုဒ်ပြီးတစ်ပုဒ်ဆိုတယ်၊ ဒေါသဖြစ်ပေါက်ကွဲလာရင် ဂစ်တာကြိုးတွေ ပြတ်တောက်တီးပစ်တယ် ... အဲဒါ ... ခရောင်းလမ်းရဲ့ စိတ်ဓာတ်ပဲ"

"ဒီကောင် ချစ်ခွန်းခကို ချစ်လို့လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ချစ်တာပေါ့ကွ"

သူ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ပြုံးနေမိတာ သူငယ်ချင်းတွေရှေ့မှာ ပါ။ ဒီလို ဝေဖန်ငြင်းခုန်ကြတိုင်းလည်း နာကျင်သောခံစားချက်က တစ်ဖက်၊ မမေ့နိုင်သော ပုံရိပ်လေးက နှလုံးသားရဲ့ အနက်ရှိုင်းဆုံး နေရာလေးကိုရောက်အောင် တိုးဝင်နေတာကတစ်ဖက်နဲ့။

နောက်ဆုံးမှာတော့ ခေါင်းခါငြင်းဆန် ဖယ်ထုတ်ပစ်လိုက်ရ တဲ့နေ့ရက်တွေသာ တစ်ရက်ပြီးတစ်ရက် တိုးသွားခဲ့သည်။ သူ့အခြေ အနေကတော့ ချစ်ခွန်းခဆိုသည့် ကောင်မလေးနှင့် ဝေးမြဲသာဝေး နေဆဲအတိုင်းသာ ရှိနေခဲ့၏။

"ရှင် … ရှင် … ကျွန်မ အကူအညီတောင်းတာကို ဘာလို့ ဒီလောက်တောင် ခါးခါးသီးသီးငြင်းခဲ့ရတာလည်းဟင် လမ်း … အဲလိုငြင်းရင် ရှင် သတ္တိမရှိတာဘဲ …"

"မင်း … မင်း ငါ့ကို စိမ်မခေါ်နဲ့နော် ချစ်ခွန်း …"

အခုမှ သူအသက်ရှူသံတွေ မြန်ဆန်လာသည်။

"မင်း တကယ်ချစ်ရင် ငါ့နောက်ကို အပြီးတစ်ခါတည်း လိုက် ခဲ့လိုက် …"

"ဟင် …"

"ငါက မင်းထက်ဆယ်ဆ ပြတ်တယ် သိလား …"

လမ်း … လက်တစ်ဖက်ကို ဖျတ်ခနဲမြှောက်ပြီး ဖြတ်မောင်း လာတဲ့ တက္ကစီကားတစ်စီးကို လက်ပြတားလိုက်တာ ဆုံးဖြတ်ချက် တွေ အသေချာအနန္တနဲ့ပါ။

"ဟေး … တက္ကစီ …"

"ဘယ်ကိုလဲ …"





"မင်္ဂလာဒုံလေဆိပ်နားက မြန်မာလိုက်ဖ် ဟိုတယ် …"

"ဘုရားရေ …"

ချစ်ခွန်း မျက်တောင်တွေ ပင့်တက်သွားသည်။

သူ ဖျတ်ခနဲ ချစ်ခွန်းလက်ကို လှမ်းဆွဲလိုက်တော့ ခန္ဓာကိုယ် လေး ယိုင်ခနဲ ပါသွားပြီး တစ်ကိုယ်လုံးလည်း အေးစက်သွား၏။

ကြည့်လိုက်တော့ ကားနောက်ခန်းကလေးထဲကိုပင် ချစ် ခွန်း ရောက်သွားခဲ့ချေပြီ။ သူချစ်ခွန်းကို ဖက်ထားလိုက်တာလည်း ပြတ်ပြတ်သားသားလေးရယ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

ဒေါ်သကြောင့် အသားတွေတဆတ်ဆတ်တုန်ကာ မျက်နှ
တစ်ခုလုံး နီရဲနေခဲ့သလောက် တံခါးရှက်ကို ပိတ်ကန်ပစ်လိုက်တာ
လည်း အပိုင်းပိုင်းပြတ်ကာ ကျိုးကြေလွင့်ထွက်သွားတော့မည့်နှ
ဦးတင်လင်းထွန်း ပေါက်ကွဲသည်။ ဧည့်ခန်းထဲမှာရှိသမျှ ပစ္စည်းတွေ
ရိုက်ချ၊ ဆောင့်ကန် ပစ်ခွဲနှင့် ... ဖရိုဖရဲ ဝရန်းသုန်းကားတွေလည်
ဖြစ်သည်။

ဒါကို ဒေါ်ထက်သူဇာကလည်း မထိန်းနိုင်။

ချစ်ခွန်းက ခရောင်းလမ်းဆိုသော ခပ်ဆိုးဆိုးကောင်လေး
နောက်ကို လိုက်ပြေးသွားပြီဟု ရပ်ကွက်ထဲက သတင်းတွေရော
လာကတည်းက ဦးတင်လင်းထွန်း ခြေမကိုင်မိ လက်မကိုင်မိ
ကာ တစ်နေ့လုံး တစ်ညလုံး ပေါက်ကွဲနေခဲ့တာက ဘယ်သူမှ ကြ
ဝင်ဖြောင်းဖျလို့မရ။

ဒီဇာတ်လမ်းကို ဒီလိုပဲ အဆုံးသတ်ခံသင့်သလား။

ဒါကို ဇနီးသည်ထက်သူဇာနဲ့ မုန်းမပြေတို့ကရော အ
ဝမ်းသာဖြစ်နေကြသလား။ ဦးတင်လင်းထွန်း မသိခဲ့ပေမယ့် မိုး





တာက ကိုယ့်သမီး။ ဘယ်သူ့ကို အပြစ်တင်မလဲ။ မောင်ပြေဦးညိုနဲ့
သူ့မိဘတွေကို ဘယ်လိုရှင်းမလဲ။

“ငါ လက်မခံဘူး ... လုံးဝမဖြစ်သင့်တဲ့ကိစ္စတစ်ခုကို ဒီ
အတိုင်း လက်ပိုက်ကြည့်နေဖို့ ငါမဆုံးဖြတ်နိုင်ဘူး ... ငါအခုလိုက်
သွားမယ် ... ဒီကိစ္စကို ငါအခုလိုက်ရှင်းမယ် ...”

ထက်သူဇာကိုပါ ခေါ်ပြီး ဒေါသတကြီး ကားမောင်းထွက်
လာတာ ခရောင်းလမ်းမိဘတွေရှိနေတဲ့အိမ်ကိုပါ။ ချစ်ခွန်းပေါင်းနေ
တာ မေဖူးစာဆိုတော့ သူမကိုပါ ဝင်ခေါ်သည်။

“ဟာ ... အန်တီစပယ်ငုံတို့အိမ်ကို သွားမှာဆိုရင် သမီး
မလိုက်ရဲဘူး အန်ကယ် ... လမ်းကလေးရဲ့အမေ အန်တီစပယ်ငုံက
မာနအရမ်းကြီးတယ် ... သမီး ကြောက်တယ် ...”

“ဘာပြောတယ် မေဖူးစာ ... လမ်းကလေးရဲ့အမေနာမည်
က ဒေါ်စံပယ်ငုံ ဟုတ်လား ... သူ့ယောကျ်ားကရော ဘယ်သူလဲ”

“ဟာ ... အဲဒါ အန်ကယ်မသိဘူးလား။ အုတ်သဲကျောက်လုပ်
တဲ့ ဦးသန်းတိုးအောင်လေ ... ရပ်ကွက်ထဲမှာ သတင်းကြားတာ
အန်ကယ်နဲ့ဦးသန်းတိုးအောင်က ငယ်သူငယ်ချင်းဆို ...”

“ဘာပြောတယ် ...”

ဦးတင်လင်းထွန်း မျက်နှာပျက်ရပြီ။

“ကျွန်မ သိတယ် ကိုထွန်း ... ရှင့်သမီးကို ဒီကောင်လေးလာ
ပတ်သက်ပြီဆိုကတည်းက တစ်နေ့နေ့မှာ ဒီပြဿနာတွေဖြစ်လာ
တော့မယ်ဆိုတာ ... စံပယ်ငုံလေ ... ခရောင်းလမ်းဆိုတဲ့ ဂျစ်ကန့်
ကန့် မိုက်ရိုင်းရိုင်းကောင်လေးကို မွေးခဲ့တာ စံပယ်ငုံလေ ကိုထွန်းရဲ့၊
ရှင် မေ့နေပြီလား ...”



www.burmeseclassic.com

www.burmeseclassic.com



"မင်း … မင်းကပါ စံပယ်ငုံကို သိနေတယ် ဟုတ်လား"

ဦးတင်လင်းထွန်း အသက်မရှုနိုင်တော့ပါ။

မျက်လုံးအစုံကပြူးလျှက် ဒေါ်ထက်သူဇာ မျက်နှာကိုပဲ အထိတ်တလန့် ဟန်လေးနဲ့စိုက်ကြည့်သည်။

"ဩော် ကိုထွန်းရယ် … စံပယ်ငုံကို ကျွန်မ မသိဘဲနေပါ့မလား၊ ရှင့်ရဲ့ အတိတ်ဘဝက ငယ်ချစ်ဟောင်းကြီး စံပယ်ငုံကို ရပ်ကွက်ထဲပြောင်းလာတာသိပေမယ့် တမင်မသိဟန်ဆောင်ပြီး ရှင့်ကိုပါ မပြောဘဲထားခဲ့တာလေ … "

"ဒါဆို … စံပယ်ငုံကမွေးတဲ့သား ခရောင်းလမ်းက ငါ့ကိုမုန်းနေတယ်ဆိုတာ … "

"အဲဒါ … စံပယ်ငုံကို ရှင်ရက်စက်ခဲ့တာလေ၊ ရှင့်အကြောင်းတွေကို ခရောင်းလမ်းက သိနေလို့၊ အခု … ရှင့်သမီးကို ရအောင်ခိုးပြေးပြီး ရှင့်ကို ခရောင်းလမ်းက လက်စားချေ အနိုင်ယူတော့မှာ"

"ငါ … ငါ … စံပယ်ငုံနဲ့ ခုပဲသွားတွေ့မယ် … "

ဦးတင်လင်းထွန်း အရူးမီးဝိုင်းဖြစ်ကာ စံပယ်ငုံ့ဆီကိုလိုက်သွားတော့ စံပယ်ငုံက တံခါးဝမှာ …

"ဘုရားရေ … ချစ်ခွန်းခဆိုတဲ့ကောင်မလေးဟာ ရှင့်ရဲ့သမီးဟုတ်လား … "

"ဟုတ်တယ်လေ စံပယ်ငုံ … မင်းသား ခရောင်းလမ်းခိုးပြေးသွားတာ ငါ့သမီး ချစ်ခွန်း … "

"ရှင် … ရှင်အခုလိုက်လာတာ သဘောမတူလို့ လိုက်လာတာလား"

"ဟာ … သဘောတူတာ မတူတာထက် ငါ့သမီးချစ်ခွန်းမှာ





လက်ထပ်ရမယ့်သူ အဆင်သင့်ရှိနေတာလေ … ငါ တောင်းပန်ပါတယ် စံပယ်ငုံရယ် … ငါ တစ်ချိန်တုန်းက မှားခဲ့တဲ့အမှားတွေအားလုံးကို မင်းခွင့်လွှတ်ပေးပါကွာ … "

ဦးတင်လင်းထွန်းက ခေါင်းငိုက်စိုက်ချပြီး သမီးဇောကပ်ကာ တောင်းပန်နေတော့လည်း ဒေါ်စံပယ်ငုံ နှုတ်ခမ်းလေးမဲ့ကာပြုံးမိ၏။

တကယ်ဆို ဒေါ်စံပယ်ငုံနဲ့ ဦးတင်လင်းထွန်းတို့ဟာ ငယ်ငယ်လေးကတည်းက အိမ်ချင်းကပ်အတူနေလာခဲ့တာပါ။ ဒီလို နေလာခဲ့ကြတယ်ဆိုပေမယ့် သူမတို့က အသင့်အကင့်နေနိုင်စားနိုင်ဖြစ်ခဲ့ပြီး၊ သူကတော့ မိဘတွေမရှိတော့ဘဲ အဖွားနဲ့နှစ်ယောက်တည်းနေလာခဲ့ကြတာလေ … အဲဒီတုန်းက သူမရောသူပါ ခြောက်တန်းကျောင်းသူကျောင်းသားအရွယ်ကလေးတွေ။ ကျောင်းတက်ရင်လည်း အတူတူ ကျောင်းပြန်ရင်လည်း အတူတူ တွဲလာခဲ့ကြတော့ သံယောဇဉ် မတွယ်ဘဲနေပါတော့မလား။

တစ်ခုပဲရှိတာက စံပယ်ငုံက အဲဒီအရွယ်ကလေးထဲက ပိုက်ဆံရှာသည်။ အမေ့ကို ဝိုင်းကူရင်း စက်ကလေးချုပ်၊ စီးကွင့်လေးထိုးနဲ့ ကျောင်းအားချိန်တွေမှာ အပိုဝင်ငွေကလေးရအောင် ရှာခဲ့၏။ အစိက ပြဿနာက ကျောင်းဆက်တက်ဖို့ပင် အခက်အခဲဖြစ်နေသည့် ကိုထွန်းကို စံပယ်ငုံက သူမရှာသမျှပိုက်ဆံလေးကိုစုပြီး ကျောင်းဆက်ထားပေးခဲ့ရတာပင်။

ဆယ်တန်းအောင်လို့ တက္ကသိုလ်ပို့တော့လည်း စံပယ်ငုံကပဲ ချစ်သူကိုထွန်းကို လွယ်အိတ်ဆိုလွယ်အိတ်၊ အဝတ်အစားဆို အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစား ထောက်ပံ့ပေးခဲ့ရတာပါ။ ဒါကိုတောင် မျက်နှာမထောက်ဘဲ ကိုထွန်း လက်ထပ်သွားတာက ပိုင်းချစ်ရင်ဆိုသော ခပ်လန်းလန်း ကောင်မလေးတစ်ယောက်နှင့်။ အဲဒီမှာ ... စံပယ်ငုံ အသည်းနာခဲ့ရတာဖြစ်သည်။ တကယ်ဆို ပိုင်းချစ်ရင်တို့ ထက်သူဇာတို့ဆိုတာ အတန်းကြီးမှ တွေ့ခဲ့ကြတဲ့ သူငယ်ချင်းတွေပါ။

မျက်နှာကြီးရာ ဟင်းဖတ်ပါသင့်သလား။

ဒါကိုပဲ စံပယ်ငုံ အသည်းနာခဲ့ရတာဖြစ်၏။

သားလေးကလည်း ဒီအကြောင်းတွေကိုသိထားတော့ ကိုထွန်းကို စိတ်နာနေခဲ့၏။ မုန်းတီးခြင်းတွေက သားရင်ထဲမှာ အပြည့်။ ခုတော့ ကြည့်စမ်း ... သားဟာ သိသိကြီးနဲ့ အမေကိုပင် မပြောဘဲ ထားခဲ့သည့် ချစ်ခွန်းဆိုသော ကောင်မလေးဟာ ကိုထွန်းရဲ့သမီးတဲ့။ ဒါကြောင့် ... နှုတ်ခမ်းမဲ့မဲ့ကလေးနဲ့ သားလေးက အမြဲပြောခဲ့တာ။

"ဟွန်း ... အရမ်းမုန်းဖို့ကောင်းတဲ့လူကြီး ... တစ်နေ့ကျမှ အဲဒီလူကြီး ဘယ်သူလဲဆိုတာ သားပြောပြမယ်၊ အခု သားနဲ့ခင်လာတာ အဲဒီလူကြီးသမီးနဲ့ခင်လာတာ ... ဒါကိုပဲ အဲဒီလူကြီးက သားကိုပဲ ထိုးမလေး ကြိတ်မလေးနဲ့၊ သားက မခံချင်လို့ပြန်ပြောတော့ သားက ရိုင်းတယ်ဖြစ်ရော၊ ဟွန်း ... တစ်နေ့ကျမှ သားအကြောင်းကို အဲဒီလူကြီး ကောင်းကောင်းသိစေရမယ်၊ ဒီလူကြီးနဲ့သား တစ်နေ့ တွေ့မယ် ..."

ဒီတုန်းကလည်း သားပြောတာ စံပယ်ငုံ သဘောမပေါက်ခဲ့ပါ။ ဒီနေ့ ... ကုမ္ပဏီပိုင်ရှင်ကြီး ကိုထွန်းလိုက်လာမှ စံပယ်ငုံ နား





လည်သွားခဲ့ရတာလေ။

ရည်းစားလည်းမဖြစ်၊ ဘာမဖြစ်တဲ့ ဘာဖြစ်လို့ ပြုန်းစားကြီး ခိုးပြေးသွားခဲ့တာလဲ။

သားကလေးက သူ့အဖေကို အရမ်းစိတ်နာနေလို့ မခံချင်စိတ်နဲ့ ဒီလိုတွေဖြစ်ကုန်တာလားဆိုတာ တွေးမိတော့ ရင်ထဲမှာ ထင့်သွားသည်။

"ဘယ်လိုလဲ စံပယ်ငုံ ... နင် ... နင် ငါ့ကိုခွင့်လွှတ်တယ်မို့လားဟင်"

"ခွင့်မလွှတ်နဲ့ မေမေ ..."

"ဟင် ... သားလေး ခရောင်းလမ်း ..."

ကြည့်စမ်း ... သားလေးက သတ္တိရှိရှိနဲ့ ချစ်ခွန်းလက်ကိုဆွဲပြီး အိမ်ပေါ်ပြန်တက်လာခဲ့ပြီ။ ညက တစ်ညလုံးပျောက်နေခဲ့ပြီးမှ အခုမှ နှစ်ယောက်သား ဘယ်ကပြန်လာကြတာလဲ။

ချစ်ခွန်းလေးက မျက်နှာကိုလက်ဝါးလေးအုပ်ကာ ရှိုက်ငိုရင်း သားလေးနောက်မှာ ခေါင်းကလေးငုံ့ကာ ရပ်လို့။

"မင်း ... မင်း ဘယ်ကပြန်လာတာလဲ၊ ချစ်ခွန်းလေးကိုရော ခင်းတရားဝင် လက်ထပ်ခဲ့ပြီလား ... မေမေ့ကို ပြောစမ်းပါ သားလေးရယ် ..."

"ခုပဲ တရားရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးပြီး ပြန်လာခဲ့တာမေမေ ... အခု ဒီလူကြီးက သူ့သမီးပျောက်လို့ မေမေ့ဆီမှာ လာရှာနေတာလား"

"ဟော့ကောင် ... မင်း ဘာစကားပြောတာလဲ ..."

"ဟာ ... ခင်ဗျားနော်၊ ဟိုတုန်းကလို ကျွန်တော့်ကို အနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကျင့်ဖို့ ခင်ဗျား လုံးဝမကြိုးစားနဲ့နော် ... ခင်ဗျားကို ယောက္ခမ မတော်ချင်ဘဲတော်လိုက်ရတာ၊ အရမ်းမုန်းလို့ဆိုတာ ခင်ဗျား သဘောပေါက် ...”

“သားလေး ... လူကြီးကို မင်းစကားပြောတာ ယဉ်ယဉ် ကျေးကျေးပြောစမ်း”

ဒေါ်စံပယ်ငုံ ဝင်တားပေမယ့် တားလို့မရ၊

“ဒါ ... လူကြီးလား မေမေ ... သားကတော့ ဒီလူကြီးကို တအားမုန်းတယ်၊ ကိုယ့်ဘဝကောင်းစားရင်ပြီးရော ... တခြား ဘယ်သူ့မျက်နှာကိုမှ မထောက်ထားဘဲ အရမ်းရက်စက်တဲ့လူ၊ ဟော ဒီမှာ ... မေမေ နဖူးစပ်လေးက အမာရွတ်ကလေးကို ခင်ဗျားမြင် လား ... သူ့ချစ်သူ ခင်ဗျားကို တက္ကသိုလ်ဆက်တက်နိုင်ပါစေဆိုတဲ့ မျှော်လင့်ချက်နဲ့ လမ်းဘေးမှာ ရေခဲမုန့်လှည်းကလေးတွန်းရောင်း ပြီးတော့ ခင်ဗျားကို တက္ကသိုလ်ပို့ခဲ့တုန်းက ချော်လဲပြီး နဖူးမှာရခဲ့ တဲ့ ဒဏ်ရာလေ ... ဒါကို ခင်ဗျားကမေ့ပြီး ချစ်ခွန်းအမေ ဒေါ်ဝိုင်း ချစ်ရင်နဲ့ လက်ထပ်သွားခဲ့တာလေ ...”

“သား ... အဲဒါတွေ မင်းမေ့လိုက်စမ်း ...”

ချစ်ခွန်း ကြောင်ပြီးကြည့်နေတဲ့ လမ်းရဲ့မျက်နှာကလေးကို ပါ။ ကြည့်ပါဦး ... လမ်းက ပြောနေတာ လမ်းရဲ့မေမေဟာ ဖေဖေ ကို ကျောင်းထားပေးခဲ့တဲ့ ချစ်သူတဲ့။ ဒါကို အဖေက သစ္စာဖောက် ပြီး အမေနဲ့လက်ထပ်သွားတာတဲ့။

အဖေရယ် ... အဖေ ဘာလို့ ဒီလိုသစ္စာမဲ့တဲ့ အလုပ်တွေ လုပ်ခဲ့ရတာလဲဟင်။ အဖေ မျက်နှာများလုချည်လား။ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ပွေလိမ်ရှုတ်အောင်ထားပြီး ပိုက်ဆံ





ချမ်းသာတဲ့ အမေ့ကို နောက်ဆုံးရွေးခဲ့တာလား။

ချစ်ခွန်း ... ငိုမဲ့မဲ့မျက်နှာလေးနဲ့ အဖေ့ကို မရဲတရဲလေး ခိုး ကြည့်သည်။ အဖေက ချစ်ခွန်းကို လှည့်မကြည့်ဘဲ လမ်းရဲ့မျက်နှာ လေးဆီမှာသာ အဖေ့အကြည့်တွေ စူးစိုက်နစ်ဝင်နေခဲ့လျှက်။

“သားကို မမေ့နိုင်းပါနဲ့မေမေ ... ဒီလူကြီးမျက်နှာကိုမြင် တိုင်း အဖေပြောသွားတာတွေကို သတိရပြီး ဒီလူကြီးကိုသားစိတ်နာ တယ် ... အဲဒီအတွက် ချစ်ခွန်းကို သားလက်ထပ်တယ်၊ ချစ်လို့ လက်ထပ်တာ ပြောရင်လည်းရသလို မုန်းလို့လက်ထပ်တာပြောရင် လည်း သားမငြင်းဘူး ...”

“ဘာပြောတယ် ...”

ဒါကိုတော့ ဒေါ်စံပယ်ငုံ လက်မခံနိုင်။

အချစ်နဲ့အမုန်းကို ဒီလို တစ်တန်းတည်း ထားလို့ရမလား။ အချစ်ဆိုတာ နှလုံးသားထဲကလာတာ။ အမုန်းဆိုတာ အတ္တနဲ့မာန က ဆင်းသက်တာ။

“ဟေ့ကောင် လမ်းကလေး ... မင်းအခုမှ အပိုတွေလျှောက် ပြောမနေနဲ့၊ ငါအခုလာတာ ငါ့သမီးကို ပြန်ခေါ်သွားမလို့လာတာ၊ သမီး အဖေ့နောက် ပြန်လိုက်ခဲ့ ...”

“ရှင် ... အဖေ ...”

ချစ်ခွန်းလက်ကို အဖေ ခပ်ကြမ်းကြမ်းလှမ်းဆွဲလိုက်ပေမယ့် ချစ်ခွန်း မသိမသာ ပြန်ရုန်းလိုက်တာ အဖေ့နောက်ကို ချစ်ခွန်း ပြန်မလိုက်ချင်တော့လို့ပါ။

“ဦးတင်လင်းထွန်းနော် ... ဒါ ခင်ဗျားသမီး မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကျွန်တော်နဲ့တရားဝင် လက်မှတ်ထိုးထားတဲ့ ကျွန်တော့်မိန်းမ ဖြစ်နေပြီ၊ ခင်ဗျား ခေါ်ချင်တိုင်းခေါ် ဆွဲချင်တိုင်းဆွဲလို့ မရတော့ဘူး"

"တောက် ... မင်းကွာ ... "

ဒေါ်ထက်သူဇာ ဝင်ပြောသည်။

"ဒီလောက်ဆို ရှင်စိတ်လျှော့ဖို့ကောင်းပြီ ကိုထွန်း ... ဒီပြဿနာရဲ့အဖြေကိုလည်း ရှင်သဘောပေါက်သင့်ပြီ ... ကျွန်မတို့ ပြန်ကြမယ်"

"ဟေ့ကောင် ... မင်း ငါ့သမီးကို ဘယ်လိုပဲ လက်ထပ်ယူယူ ငါ့သမီးကို အနိုင်ကျင့် လက်စားချေပြဖို့တော့ မင်းလုံးဝမစဉ်းစားနဲ့ မင်းကိုသတ်ပြီးမှ ငါထောင်ထဲကိုဝင်မယ်"

"အောင်မလေး ဦးတင်လင်းထွန်းရယ် ... ရှင့်ရင်ထဲမှာရှိနေတဲ့ အတ္တတွေက ခုထိလည်း လောင်နေဆဲပါလား၊ သမီးထိ ခါးကြည့်တော့မလုပ်ပါနဲ့ ... အသက်တွေလည်းရပြီဆိုတော့ နောင်တ တရားတွေနဲ့ ရှင့်ကိုယ်ရှင် ဆင်ခြင်သင့်ပြီ ... ကျွန်မက ရှင့်ကိုခွင့်လွှတ်နိုင်ပေမယ့် ကျွန်မသားကတော့ ရှင့်ထက်ပိုပြီး အသည်းမာတယ် ... အကောင်းဆုံးက ရှင့်သမီးကို ကျွန်မအိမ်မှာ စိတ်ချလက်ချထားခဲ့ပါ"

"လာပါ ကိုထွန်းရယ် ... "

"အဟင့် ... "

ထိုအချိန်မှာပဲ ချစ်ခွန်းရိုက်သံ နင့်နင့်လေးက ဟင့်ခနဲပေါ်လာသည်။ ဦးတင်လင်းထွန်းက နာကြည်းနေတဲ့မျက်ဝန်းတွေနဲ့ သမီးမျက်နှာကို အခုမှ အသေအချာလှည့်ကြည့်သည်။





"သမီး ... ဒီကောင် အညှိုးနဲ့နှိပ်စက်ရင် အဖေ့ဆီကို အချိန်မရွေး ပြန်လာခဲ့ ... "

ဒါပဲပြောပြီး ဦးတင်လင်းထွန်း ချာခနဲ လှည့်ထွက်သွားသည်။

"အန်တီ ... "

"အဟင့် ... "

"သမီးလေးရယ် ... သမီးလေးဖေဖေမှာ အပြစ်တွေရှိခဲ့ပေမယ့် သမီးလေးက အပြစ်မဲ့တဲ့သမီးလေးပါ ... မငိုနဲ့နော်၊ သမီးလေး ဖေဖေကို သားက မခံချင်စိတ်လေးနဲ့ ပြောခဲ့ပေမယ့် သားကစိတ်ထားလေးဖြူစင်ပါတယ် ... သမီးလေးကိုလည်း သားတကယ်ချစ်လို့ လက်ထပ်ခဲ့တာ"

"အဟင့် ... သမီး မယုံတော့ဘူး အန်တီ ... "

"ဘာ ... ဘာပြောတယ် ... "

"အခုလည်း သမီးကို တစ်လမ်းလုံး အော်ငေါက်ပြီးခေါ်လာတာ"

"ဘုရားရေ ... "

ဒေါ်စံပယ်ငုံ ရင်ဘတ်ကလေးကို ဖိမိပြီ။

တစ်လမ်းလုံး အော်ငေါက်ပြီး ခေါ်လာတာတဲ့။

"အဲဒါ ... မင်းက မလိုက်ရဲဘူးဆိုပြီး ကြောက်နေလို့ အတင်းခေါ်လာရတာလေ ... ဟွန်း ... ဘာကြောက်စရာလိုသလဲ၊ ဘယ်သူမှ ငါတို့နှစ်ယောက်ကို ခွဲလို့မရဘူးဆိုတာ မင်းယုံထား"

ပြောပြီးတာနဲ့ လမ်းက အခန်းထဲဝင်သွားသည်။

"အန်တီ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလဲ သမီးလေး ... "

"အဖေ့ကို မုန်းခဲ့တဲ့အမုန်းတွေကြေအောင် သမီး ပြန်ဆပ်ပါ့မယ်အန်တီ ... အန်တီတို့အိမ်မှာ ချစ်ခွန်းကို ခိုင်းချင်တာခိုင်းပါ။ ချစ်ခွန်း လုပ်ပါ့မယ် ... အဟင့် ... "

"အို ... မဟုတ်တာတွေ ... "

ဖြူစင်တဲ့ သမီးလေးက မျက်ရည်စက်လက်လေးနဲ့။

"ချစ်ခွန်း ... ချစ်ခွန်း လမ်းကို တကယ်ချစ်လို့ လမ်းခေါ်တဲ့နောက်ကို လိုက်လာခဲ့တာပါ အန်တီရယ် ... အမေ့ကို မုန်းခဲ့တဲ့အကြောင်းရင်း အမှန်တွေကိုလည်း အခုမှ ချစ်ခွန်းသိခဲ့ရတာပါ ... ဖြစ်နိုင်ရင် အဖေနဲ့အန်တီ့အကြောင်းတွေကို အန်တီ ကိုယ်တိုင် ချစ်ခွန်း နားလည်အောင် ရှင်းပြပေးပါနော် အန်တီ ... "

ချစ်ခွန်းက ဒီလိုမေးတော့ ဒေါ်စံပယ်ငုံ ပင့်သက်ရှိုက်သည်။

"သမီးလေးရယ် ... ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ အန်တီပြန်မပြောချင်တော့လို့ မေ့ထားခဲ့တာပါ။ အင်းလေ ... ခုတော့ သမီးလေးက အန်တီတို့မိသားစုလေးနဲ့ ပတ်သက်ခဲ့ပြီဆိုတော့ အတိတ်က ပုံရိပ်ဟောင်းတွေအကြောင်းကို သမီးလေးသိအောင် အန်တီပြောပြရတော့မှာပေါ့ ... ဒီလိုလေ သမီးလေး ... သမီးဖေဖေ ဦးတင်လင်းထွန်းနဲ့အန်တီက သူငယ်တန်း စတက်ကတည်းက အိမ်ချင်းကပ်နေလာခဲ့တဲ့ ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်တွေလေ"

ပြန်ပြောရတာလည်း ရင်နာနာနဲ့ပဲ ဒေါ်စံပယ်ငုံ ပြန်ပြောရတာပါ။ ငယ်ငယ်တုန်းက ဘယ်လိုအတူနေခဲ့တာတွေ၊ ကျောင်းကို ဘယ်လိုအတူတက်ခဲ့တာတွေ ဆယ်တန်းအောင်တဲ့အထိ ဘယ်လို ရန်းကန်ခဲ့ရတာတွေ။ တက္ကသိုလ်ရောက်သွားတော့မှ မိန်းမတွေ





ည်းစားတွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ပွေရှုပ်ပြီး နောက်ဆုံး ဝိုင်းချစ်ရင်နဲ့ လက်ထပ်သွားခဲ့တာတွေအထိ ဒေါ်စံပယ်ငုံ ရှင်းတော့ ချစ်ခွန်းမှာ နားထောင်ရင်း မျက်တောင်လေးတောင် မခတ်င်း။

"အို ... ဆယ်တန်းအောင်တော့ တက္ကသိုလ်တက်နိုင်အောင် ခဲမုန့်လှည်းကလေးတွန်းပြီး အဖေရောင်းခဲ့ရတယ် ဟုတ်လား၊ ကို အန်တီကပါ ... ရေခဲမုန့်လှည်းကလေးကို လိုက်တွန်းပေးခဲ့ရ ယ်ဆိုတော့ လမ်း ... လမ်းက ချစ်ခွန်းကို အဲဒီအညှိုးနဲ့ လက်စား ခဲ့တာပေါ့ ... အဟင့် ... ချစ်ခွန်းကို လမ်းဘယ်လောက်မုန်းနေ ယ်ဆိုတာ ချစ်ခွန်းသိပါပြီ အန်တီရယ် ... အဖေ့ကိုမုန်းတာနဲ့ ခွန်းကို ... "

"အဟင့် ... ဟင့် ... ဟင့် ... "

ရှိုက်သံလေးအောက်မှာပဲ ချစ်ခွန်း စကားသံလေးက ရပ် ခဲ့ပါပြီ။

ဒေါ်စံပယ်ငုံကတော့ ရင်ထဲမှာ နင့်သည်းလာခဲ့ရလျက်။

www.burmeseclassic.com

အခန်း ( ၁၈ )

"အဟင့် ... ဟင့် ..."

"ချစ်ခွန်းကို မရိုက်ပါနဲ့နော် ... လမ်း ..."

"ကြံရည်ကြိတ်စက်လေးကို လှည့်ဆိုရင်လည်း ချစ်ခွန်းလှ
ပါ့မယ် ... ရေခဲမုန့် လှည်းကလေးကိုတွန်းဆိုရင်လည်း ချစ်ခွ
တွန်းပါ့မယ်"

"ချစ်ခွန်းကို မရိုက်ပါနဲ့"

"ချစ်ခွန်း ကြောက်တယ် ..."

"ချစ်ခွန်း ကြောက်တယ် ..."

"အဟင့် ... ဟင့် ... ဟင့် ..."

တွေ့လား ...

အိပ်ရာထဲမှာ အိပ်မက်တွေမက်ပြီး ကယောင်ကတမ်းေ
နဲ့ ချစ်ခွန်း အော်နေတာ။ စားပွဲပေါ်က နာရီလေးကို ကြည့်လို
တော့ မနက်သုံးနာရီထိုးနေပြီ။ ညကလည်း တော်တော်နဲ့မအိ
တစ်ယောက်ထဲ အိပ်ရာဝင်ကာ တဟင့်ဟင့်လေးနဲ့ငိုရင်း ချစ်





အိပ်ပျော်သွားခဲ့တာဖြစ်သည်။

သူကတော့ ချစ်ခွန်း အိပ်ပျော်သွားတော့မှ အိပ်ရာဝင်ခဲ့တာ ဖြစ်ပြီး ... ခုထိလည်း ချစ်ခွန်းကို လက်ဖျားလေးနဲ့တောင် မတို့ထိခဲ့ရသေးပါ။ သူ ချစ်ခွန်းအသံကြောင့် ဖျတ်ခနဲ ထထိုင်ကာ မျက်နှာနုနုလေးကို ငေးစိုက်ကြည့်နေမိ၏။

ပြီးတော့လည်း ဟွန့်ခနဲ နှုတ်ခမ်းလေးမဲ့ကာ ပြုံးလိုက်မိသေးသည်။ ဘာတဲ့ ... ညက ချစ်ခွန်းပြောခဲ့တာ ...

"ရှင် ... ရှင် ... ကျွန်မကို တကယ်မချစ်ဘဲ အဖေ့ကို အရွဲ့တိုက်ချင်လို့ တမင်လက်ထပ်ယူခဲ့တာ၊ ဒီလိုမှန်းသာ အစကတည်းကသိရင် ရှင့်ဆီကိုလည်း မလာဘူး၊ ရှင်ခေါ်တဲ့နောက်ကိုလည်း လိုက်ဘူး ... အခု ... ရှင် ကျွန်မအသားကို လုံးဝမထိနဲ့၊ ထိတာနဲ့ ကျွန်မအော်မှာ ... အဲဒါ အပြတ်ပြောတာ ..."

ပြောပြီးတာနဲ့ အိပ်ခန်းထဲဝင်သွားတာ တဟင့်ဟင့်ရှိုက်ငိုရင်း အိပ်ပျော်သွားတာမို့ ... ဟော ... အခု ကယောင်ကတမ်း အိပ်မက်တွေမက်ပြီး ယောင်အော်နေတာ ရေခဲမုန့်လှည်းကလေးကို တွန်းပေးမယ်ဆိုလား။

"ချစ်ခွန်း ... မင်း ဘာဖြစ်နေတာလဲ၊ အိပ်မက်မက်နေတာလား"

သူ ပခုံးလေးကို လှုပ်နိုးမေးတော့မှ ချစ်ခွန်း နိုးလာပြီး မျက်လုံးလေးကို ပွတ်သပ်ကြည့်ကာ ထထိုင်သည်။

"ဟင် ... ရှင်ဘာလုပ်နေတာလဲ"

"ဟာ ... ဘာလုပ်ရမလဲ၊ မင်း အိပ်မက်တွေမက်ပြီး ယောင်အော်နေလို့ တမင်နိုးလိုက်တာ၊ ဘာလဲ ... ဘာတွေမက်နေလို့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ယောက်အော်နေတာလဲ”

“ဟွန်း ... ရှင်က အိပ်မက်ထဲမှာ ကျွန်မကို နှိပ်စက်နေလို့”

“ဖြစ်မှဖြစ်ရလေ ... ”

“ဖယ်ပါ ... ကျွန်မ သွားတော့မယ်”

“ဟင် ... ဒီအချိန်ကြီး ဘယ်သွားမလို့လဲ”

“မျက်နှာသစ်မယ် ... ဘုရားရှိခိုးပြီး ဆုတောင်းမယ်”

“ဟွန်း ... ”

ခုတင်ပေါ်ကဆင်းပြီး နောက်ဖေးခန်းထဲ တန်းဝင်သွား သည်။ သူက လိုက်မသွားဘဲ ခုတင်ပေါ်မှာ ကျောဆန့် ကျန်ခဲ့ ဖယ့် မိတ်လိုက်တဲ့ မျက်ဝန်းထဲမှာ ပေါ်လာတာက ချစ်ခွန်းရဲ့ပုံ ကလေး။

တကယ်တမ်းကျ သူအနိုင်လိုချင်တာ ဦးတင်လင်းထွန်း ပါပဲ။ သူက ချမ်းသာခြင်းကို မက်မောပြီး အဖေ့ကို ရက်ရက် စက် စွန့်ခွာထားခဲ့သလောက် ဆင်းရဲတွင်းထဲ ခုန်ဆင်းသွားခဲ့သ သူ့သမီးအတွက် သူဘယ်လောက် ယမ်းပုံမီးကျ ဒေါပွနေလိုက်မ ဒီလက်စင်ကို ပေးချင်တာတစ်ခုနဲ့ ချစ်ခွန်းကို လက်ထပ်ခဲ့ မဟုတ်ပေမယ့် ချစ်ခွန်း နားလည်သွားတာက ဒီအတိုင်းပဲဖြစ် သည်။

သူကလည်း မဖြေရှင်းဘဲ ရေငုံနှုတ်ပိတ်နေခဲ့၏။

ဦးတင်လင်းထွန်းနှင့် ဒေါ်ထက်သူဇာ ပြန်သွားပြီးနော ပိုင်း မိန်းမခိုးလာသည့်သူ့ကို သူငယ်ချင်းတွေက တစ်ယောက် တစ်ယောက်ရောက်လာကာ သတင်းမေးနေကြလို့ လက်ဖက် တိုက်ရ အအေးတိုက်ရနဲ့ ချစ်ခွန်းက ထွက်မလာ။





“ဟော့ကောင် ... ဘယ်လိုဖြစ်တာလဲ၊ ချစ်ခွန်း ရှက်နေပြီ ထင်တယ်”

“ဘာဖြစ်လို့လဲ ... ”

“ဟ ... ငါတို့သတင်းလာမေးတာ ချစ်ခွန်းကိုမြင်ချင်လို့လာ မေးတာလေကွာ ... ရပ်ကွက်ထဲမှာလည်း ပြောကုန်ကြပြီ၊ ချစ်ခွန်း က နှစ်ခွကျစ်ဆံမြီးလေးနဲ့ အရမ်းချစ်ဖို့ကောင်းတယ်ဆိုလား”

“ရှူး ... တိုးတိုး ဟော့ကောင် ... ”

“အောင်မယ် ... မိန်းမရတာကဖြင့် တစ်ရက်ပဲရှိသေးတယ်၊ အခု မိန်းမကြောက်နေပြီလား၊ ဟွန်း ... ပြီးတော့လည်း ငါတို့ကြား ထားတာတစ်ခုရှိသေးတယ်၊ ချစ်ခွန်းကို ယောကျ်ားပေးစားကာနီး ဆဲဆဲမှာ မင်းက ခိုးပြေးသွားတာဆို ... ”

အကြောင်းမသိတဲ့သူငယ်ချင်းတွေ မေးတာကိုလည်း ခေါင်း ညိတ် ခေါင်းမခါဘဲ သူ ပြန်မဖြေဘဲ နေခဲ့၏။ ညနေမိုးချုပ်ကာနီး တော့မှ မုန်းမပြေရောက်လာကာ အဝတ်အစားတွေ လာပေးသည်။

“အေးလေ ... နင်က နင်လျှောက်ရမယ့်လမ်းကို ပြတ်ပြတ် သားသားရွေးသွားတာဆိုတော့ ငါတို့ဘက်က ပြောစရာမရှိတော့ပါ ဘူး ... ငါဟိုတုန်းက နင်နဲ့ပြိုင်ချင်ခဲ့မိတာတွေအားလုံးအတွက်လည်း ငါတောင်းပန်တယ်၊ မေမေကလည်း နင့်ကိုကြည့်ပြီး သနားလွန်းလို့ ပြောလို့မဆုံးဘူး ... နင့်အဖေကိုလည်း တရားနဲ့ဖြေဖို့ အမေက ချော့ပါတယ် ... ဒါပေမယ့် မရဘူး ... နင်တို့နှစ်ယောက်ကို မကွဲ ကွဲအောင် ပြန့်ခွဲမယ်တဲ့ ... ”

သူ ... ဦးတင်လင်းထွန်းကို မုန်းခဲ့တာလည်း အဲဒါ ... ခုထိ နောင်တမရဘဲ အတ္တကို ရွေးချင်နေတဲ့လူကြီး။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွန်းကတော့ အေးဆေးပါ။

အဖေ့အကြွေးတွေကုန်အောင် ဆပ်ဖို့တစ်ခုတည်းပဲ ရည်ရွယ်ကာ လမ်းနဲ့အတူနေဖို့ပဲ ဆုံးဖြတ်ထားခဲ့၏။ လမ်းရင်ထဲက အမုန်းတွေပြေအောင် သူမ ဘာလုပ်ပေးရမလဲ။ အဖေ့ကိုမုန်းမုန်းနဲ့ ချစ်ခွန်းကို ရိုက်မလား။ အညာအတာကင်းမဲ့စွာ နှိပ်စက်ချင်သေးလား။ အန်တီ ဒေါ်စံပယ်ငုံကတော့ ရာသက်ပန်ရိပ်သာဝင်ဖို့ ဆုံးဖြတ်လိုက်ပြီတဲ့။

တရားနဲ့ပဲ လောကကြီးကို အဆုံးသတ်ထားခဲ့တော့မယ်တဲ့။

လမ်းကတော့ စတွေ့ကတည်းက ချစ်ခွန်းကိုမုန်းနေခဲ့တာ။ ခပ်မာမာပြောပြီး ခပ်ပြတ်ပြတ်လုပ်သွားတာတွေ။ အဖေက သူ့အမေကို ရေခဲမုန့်လှည်းတွန်းခိုင်းတာကို လက်စားချေတဲ့သဘောမျိုးနဲ့ ချစ်ခွန်းကို လှည်းတွန်းခိုင်းခဲ့တာ ချစ်ခွန်းမေ့နိုင်ပါတော့မလား။

ခုလည်း … ခပ်မာမာပဲ ချစ်ခွန်းကို ဆွဲခေါ်လာခဲ့သည်။

သူ့ရင်ထဲမှာ အချစ်တွေရှိနေမှာပဲထင်ပြီး ချစ်ခွန်းမှာတော့ ယုံလိုက်ရတာ။ ခုတော့ … ချစ်ခွန်းကပဲ သူ့ကိုတစ်ဖတ်သတ်ချစ်ခဲ့မိသလိုဖြစ်သွားခဲ့ရပြီပေါ့။ ဒီအကြောင်းတွေ မေဖူးစာ ရောက်လာတော့ အခန်းထဲမှာ နှစ်ယောက်တည်းပြောခဲ့မိသေး၏။ မေဖူးစာကတော့ ချစ်ခွန်း စွတ်ဖွဲတာကို လက်မခံဘဲ …

"ဟာ ချစ်ခွန်း … လမ်းကို နင်အဲလိုထင်ရင် မှားသွားလိမ့်မယ်နော် … လမ်း နင့်ကိုတကယ်ချစ်တာ ငါသိတယ်၊ နင့်အဖေကို မုန်းတာသပ်သပ်၊ နင့်ကိုချစ်တာသပ်သပ်၊ အမိက စိတ်ဓာတ်ကလေးမာနေလို့ တစ်မျိုးဖြစ်နေတာ … နင်မယုံရင်ကြည့်၊ နင့်





အဖေကို ဘယ်လောက်ပဲမုန်းမုန်း နင့်ကိုချစ်တာ သက်သေပြလာသိမ့်မယ်"

ဒီလိုပဲ မေဖူးစာက ပြောခဲ့သည်။

ချစ်ခွန်း စိတ်ထဲကတော့ …

"ဟွန်း … ဘယ်လိုသက်သေပြမှာလဲ မေဖူးစာ … အခုတောင် ဟိုတယ်မှာရော သူ့အိပ်ခန်းထဲမှာပါ ငါ့ကိုလက်ဖျားလေးနဲ့တောင် မတို့ဘဲ ကိုကြီးပြေဦးညိုဆီ ပြန်သွားဖို့ပဲပြောနေတာ၊ သူသာ ငါ့ကိုတကယ်ချစ်ရင် … "

"အဟင့် … "

ချစ်ခွန်း သနပ်ခါးလိမ်းရင်း တစ်ချက်ရှိုက်တော့ သူက ချစ်ခွန်းနောက်မှာလာရပ်ကာ …

"ဒီမျက်ရည်က ခုထိကျနေတုန်းလားဟင် ချစ်ခွန်း … မင်းငါနဲ့လိုက်ပြေးလာပြီးမှ မျက်ရည်က ဘာလို့ဒီလောက်လွယ်နေတာလဲ … မပေါင်းချင်ရင် မင်းအချိန်မရွေးပြန်သွားလို့ရတယ်၊ ချုပ်ချယ်တာတွေ ကန့်သတ်တာတွေ ငါ့ဆီမှာဘာမှမရှိဘူး၊ အေး … တစ်ခုတော့ရှိတယ်၊ ငါတို့က ဆင်းရဲတယ်၊ မင်းကို တယုတယနဲ့ချော့မော့နှစ်သိမ့်ပြီး မျက်ရည်သုတ်ပေးမယ့်သူမရှိဘူး … ကိုယ်မျက်ရည်ကျရင်ကိုယ်ကျတဲ့မျက်ရည် ကိုယ်ပဲပြန်သုတ်ရမှာ … "

"ရှင် … ရှင် … တော်တော်ရက်စက်တယ် သိလား … သမ်း … "

သနပ်ခါးလိမ်းရင်း ချစ်ခွန်းပြန်ပြောလိုက်မိတာ ငိုသံပါပါကလေးနဲ့။

"ဟာ … အဲလိုပြောတာ ရက်စက်လို့ပြောတာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ ချစ်ခွန်း … မင်းသိတဲ့အတိုင်း ဆင်းရဲလို့ ဘဝကိုရုန်းနေရတဲ့ အချိန်မှာ ငါက ဆယ်တန်းတောင် မအောင်ခဲ့တဲ့ကောင် … နေရ တော့လည်း ကိုယ်ပိုင်အိမ်မဟုတ်တဲ့ သူများအိမ်၊ သူများခြံမှာ၊ ငှား နေရတာ … အခုဆို ငါနဲ့ညားလို့ မင်းမိဖုရားဖြစ်မှာမဟုတ်ဘူး၊ ဆိုင် ဘေးက ကြိုရည်ကြိတ်စက်ကလေးကို လှည့်ရင်လှည့် မလှည့်ရင် လမ်းပေါ်မှာ ရေခဲမုန့်လှည်းကလေး ငါနဲ့လိုက်တွန်းရမှာ … ”

“ဟာ … ရှင့်ကို အဲဒါတွေ မလုပ်နိုင်ပါဘူးလို့ ဘယ်သူက ပြောနေလို့လဲ … အားလုံးကို ရင်ဆိုင်မယ်ဆိုတာ ကျွန်မပြောပြီး သား၊ အဖေ့အတွက် ရှိသမျှအကြွေးတွေအားလုံး ကြေအောင် ကျွန်မ ဆပ်သွားမှာ … ရှင် ဘာမှပူမနေနဲ့”

ရင်ထဲမှာရှိတဲ့အတိုင်းပဲ သူ့ကိုချစ်ခွန်းပြောမိသည်။ ဒီလိုပြော ရတာလည်း ရင်နာနာနဲ့ ချစ်ခွန်းပြောရတာပါ။ ချစ်ခွန်း နားထဲမှာ အမြဲပြန်ကြားနေမိတဲ့ စကားတစ်ခွန်းက …

“ခရောင်းလမ်းဆိုတဲ့ ကျွန်တော်က အရှင်းဆုံးတစ်ခုပဲ ခင် ဗျားကိုပြောမယ် … ခင်ဗျားကိုမုန်းလို့ ခင်ဗျားသမီးကို လှည်းတွန်း ခိုင်းတယ် … အဲဒါ ဘာဖြစ်လဲ … ”

အဲဒီလို နာနာကြည်းကြည်းလေးနဲ့ သူချစ်ခွန်းကို ရက်စက်ခဲ့ တာလေ။ ချစ်ခွန်းမှာတော့ သူနဲ့လိုက်ရတာ ပျော်တယ်ဆိုပြီး တွန်း လိုက်ရတာ။ ခုလည်း … ချစ်ခွန်းကို ခိုးပြေးသွားတာ သူကအကြံ နဲ့။ အဖေ့ကို နိုင်ချင်တာတဲ့ … လမ်းပေါ်မှာ ရေခဲမုန့်လှည်းကလေး တွန်းရောင်းရတဲ့ကောင်က ကုမ္ပဏီပိုင်ရှင်သမီးနဲ့ လက်ထပ်ချင်လို့ ခိုးပြေးတာတဲ့။

ဟိုတယ်မှာရောက်တဲ့ညက သူဒီအတိုင်းပဲ ချစ်ခွန်းကိုပြော





ခဲ့တာ။

ချစ်ခွန်းမှာတော့ သူတကယ်ချစ်တယ်ထင်ပြီး ယုံလိုက်ရ တာ။ ခုတော့ ကြည့်ပါဦး … သူ့အိမ်ကလေးကို လိုက်လာခဲ့ပြီးကော့ မှ သိလိုက်ရတာတွေက အဖေ့ကို မုန်းနေတဲ့ သူ့ရဲ့အမုန်းတွေ။ ဒါကြောင့်မို့လည်း ဒီအကြွေးတွေ ကြေအောင်ဆပ်သွားမယ်လို့ ချစ် ခွန်းပြောလိုက်တာပါ။ သူ တကယ်မချစ်တာလည်း သိခဲ့ပြီဆိုတော့ ချစ်ခွန်း ရင်နာရပြီပေါ့။

“မင်း … မင်း ငါ့ကို မရွံ့နဲ့နော် ချစ်ခွန်း … ”

“အို … ကျွန်မ ဘယ်မှာရွံ့လို့လဲ … ရှင့်ဆန္ဒက ရှင့်အမေခံ စားခဲ့ရသလို ကျွန်မကိုလည်း ရှင့်အမေနဲ့ ထပ်တူထပ်မျှ ခံစားစေချင် တာမို့လား … ရတယ် … ရှင်စေတဲ့နေရာ ကျွန်မသွားမယ်၊ ရှင်ထား တဲ့နေရာမှာ ကျွန်မနေမယ်၊ ကျွန်မက အသက်မဲ့နေတဲ့ ရှင့်လက်ထဲ က အရုပ်လေးတစ်ရုပ်ပါ … ”

“တော်ပြီ ချစ်ခွန်း … မင်းဘာမှမပြောနဲ့တော့”

ချစ်ခွန်း မျက်လုံးလေးထောင့်ကပ်ကာ ကြည့်လိုက်တော့ ခန်းဆီးလိုက်ကာလေးကိုဖယ်ကာ သူအပြင်ထွက်သွားတာ တွေ့ လိုက်ရ၏။ ခဏနေတော့ နောက်ဖေးက ရေအိမ်တံခါးဖွင့်သံ ကြား သည်။

“အို … သမီးလေး နိုးနေပြီလား”

“ဟာ … နိုးပြီ အန်တီ … ”

“ဘယ့်နှယ့် အစောကြီးနိုးနေရတာလဲ”

ဒေါ်စံပယ်ငုံ အကဲခတ်သလိုကြည့်ပြီး အိမ်ရှေ့ပြတင်းတံခါး တွေကို လိုက်ဖွင့်သည်။ အခုမှ နံနက်ခင်း လေနုအေးလေးလေးက



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲဝင်လာ၏။

"ကယောင်ကတမ်း အိပ်မက်တွေမက်ပြီး လန့်နိုးသွားလို့ပါ အန်တီ ... အခု ... ချစ်ခွန်း ဘာဝိုင်းလုပ်ပေးရမလဲ၊ ခိုင်းပါနော် အန်တီ ... ချစ်ခွန်းကို အားမနာပါနဲ့ ..."

"အို ... ရတယ် ... ရတယ် သမီးလေးနေသာသလိုနေ၊ လုပ်စရာရှိတာ အန်တီပဲလုပ်လိုက်မယ် ..."

ချစ်ခွန်း ဒီလိုမေးဖော်ရတာကိုပဲ ဒေါ်စံပယ်ငုံ ဝမ်းသာနေရပါပြီ။ ညကတော့ ... လင်မယားနှစ်ယောက် အခန်းထဲမှာ အချီအချ စကားပြောနေသံတော့ ကြားသည်။ ဘာတွေပြောပြီး ဘာတွေ ဆွေးနွေးနေတာလည်းတော့ မသိ။

သားကို တကယ်ချစ်ရှာလို့ လိုက်လာခဲ့တဲ့ သမီးလေး။

သူ့အဖေကို ဒေါ်စံပယ်ငုံ နာကြည်းခဲ့တာမှန်ပေမယ့် ဒီသမီးလေးကို ချစ်နေမိတာက အတိတ်က ရေစက်ဟောင်းတွေပါလာခဲ့လို့လား။ သားကတော့ ကြည့်လိုက်တိုင်း မျက်နှာထားမာမာကလေးနှင့်။ သို့သော် ... ညက သူ့မိန်းမ အိပ်ရာဝင်ဖို့အတွက် အခန်းကိုလှဲကျင်းသန့်ရှင်းရေးတွေလုပ်၊ ခေါင်းအုံးစွပ်တွေလဲ၊ ခြင်ထောင်တွေထောင်နှင့် သူ့မိန်းမကိုမခိုင်းဘဲ သူပဲအကုန်လုပ်သွားတာ။

ပြီးတော့ ... ရပ်ကွက်ရုံးမှာ ဧည့်စာရင်းတိုင်ဖို့ ပြေးတော့လည်းသူ။ ပြန်လာတော့ သူ့မိန်းမစားဖို့ဆိုပြီး ခေါက်ဆွဲကြော်တစ်ထုပ်တောင် ဝယ်လာလိုက်သေး။ ဒါကို ... ချစ်ခွန်းက မစားတော့ဒေါ့ပြီး မီးဖိုချောင်ထဲမှာ ဟိုပန်းကန်ပစ်ပေါက် ဒီပန်းကန်ပစ်ပေါက်နဲ့။ နောက်တော့ အပြင်ကိုထွက်သွားတာ ညဆယ့်တစ်နာရီကျော်မှ အိမ်ကိုပြန်ရောက်သည်။





ခုတော့ ... နိုးလာကြတော့လည်း အစောကြီး။

"ဟာ ... မဟုတ်တာ အန်တီရယ် ... ချစ်ခွန်း ဝိုင်းလုပ်မှာပေါ့"

ဒါနဲ့ပဲ ဘုရားသောက်တော်ရေလဲ မျက်နှာသစ်ရေကပ်နဲ့ ချစ်ခွန်းက ဒေါ်စံပယ်ငုံကို ဝိုင်းကူပေးနေတာ။ ဘုရားရှိခိုး ပုတီးစိပ်ပြီးတော့ ကော်ဖီဖျော်ဖို့ ရေနွေးတစ်အိုးကလည်း အဆင်သင့်။ ထမင်းတစ်အိုးလည်း စောစောစီးစီးကျက်ပြီ။

"အဲဒါတွေအားလုံး မင်းသဘောနဲ့မင်းလုပ်နေတာနော် ချစ်ခွန်း ... မင်းကို ဘယ်သူမှ မခိုင်းဘူး၊ မင်းမလုပ်ဘဲ ထိုင်နေလည်း အမေက မင်းကိုချစ်နေမှာ ..."

"ရှင် ... မနက်ဆို ဘာစားတတ်လဲဟင်၊ ကျွန်မကိုပြောထား ကျွန်မ အားလုံးလုပ်တတ်တယ်၊ ကော်ဖီ ထမင်းကြော် ... ရှင်စားတတ်တာ တစ်ခုခုပေါ့ ..."

"မလိုဘူး ရတယ် ... ငါ့အတွက် မစဉ်းစားနဲ့ ..."

မိုးလင်းတော့မယ်ဆိုတော့ အိမ်ဆိုင်ကလေးဖွင့်ဖို့ ပြင်ရတော့မှာပေါ့။ အအေးဆိုင်အတွက်လည်း ရေခဲကမှာရဦးမည်။ ကြံတွေကတော့ ဆိုင်ဘေးမှာ ဒီအတိုင်း။ အထပ်လိုက်ထောင်ထားဆဲ။ ဒါလည်း ... ခုတ်ဖြတ်ကာ အခွံချွတ်ရဦးမည်။ အသားပေါ်အောင် ခြစ်ရဦးမည်။ လမ်းက စဉ်းစားရင်း ... အိမ်ရှေ့တံခါးတွေကို သွားဖွင့်သည်။

ချစ်ခွန်းက မျက်တောင်မခတ်ဘဲ လမ်းလုပ်သမှုကို ငေးကြည့်လျက် ... ဒေါ်စံပယ်ငုံ မသိမသာ အကဲခတ်နေတာ သားနဲ့သမီးရဲ့ ဆက်ဆံရေးကိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ယူထားတဲ့မိန်းကို တယုတယ ဆက်ဆံနေဖို့လည်း သားက သတိထားမိပုံမရ။ အခုလည်း … ချစ်ခွန်းက ဘာစားမလဲ မေးနေတာကို ခပ်ပြတ်ပြတ်ပဲပြောပြီး ဆိုင်တံခါးတွေရော အိမ်တံခါးတွေကိုပါဖွင့်ကာ လမ်းမမှာ တံမြည်စည်းတစ်ချောင်းနဲ့ အမှိုက်တွေသွားလှဲနေသည်။

လှဲပြီးတော့မှ ချွေးတလုံးလုံးနဲ့ အိမ်ထဲပြန်ဝင်လာကာ …

“ချစ်ခွန်းရော … မေမေ … ”

“နောက်ဖေးမှာလေ … မလုပ်ပါနဲ့ပြောတာလည်း မရဘူး၊ အမေ့ အဝတ်အစားတွေရော မင်းအဝတ်အစားတွေပါ ထိုင်လျှော်နေတယ်”

“ကျွတ် … ကွိုင်ပဲ အမေရာ … ”

လမ်း ဒေါပွရတာ မျက်နှာလေးပါ ရဲသည်။

နောက်ဖေးခန်းအထိ တန်းဝင်လာပြီးကြည့်တော့ ချစ်ခွန်းက ရေချိုးခန်း အုတ်ကန်ဘေးမှာ …

“မင်း … မင်းကို ဒါတွေဘယ်သူခိုင်းတာလဲ … ”

“အို … ခိုင်းမှလုပ်ရမှာလား၊ ဒီအိမ်မှာ ကျွန်မက အလိုက်သိချင်တာ၊ အဝတ်အစားတွေ လျှော်ပြီးရင် မီးပူတိုက်မယ်၊ တစ်အိမ်လုံးမှာ ရှိသမျှအလုပ်တွေကို အခိုင်းအစေတစ်ယောက်လို ကျွန်မလုပ်မယ် … အန်တီဈေးကပြန်လာရင်လည်း ကျွန်မပဲ ဟင်းချက်မယ်လို့ ပြောပြီးသား … အားလုံးပြီးရင် ကျွန်မ အိမ်ရှေ့ထွက်ပြီး ဈေးရောင်းမယ် … ရှင် မပူနဲ့ … ”

“ရတယ် … အိုကေ … ”

လမ်း ဒေါပွပြီး ရတယ် အိုကေပစ်လိုက်၏။





“ဟာ … နေဦးနော် လမ်း … ရှင် ထွက်မသွားနဲ့”

ချစ်ခွန်း အော်သံကြောင့် ပြန်လှည့်ထွက်သွားတော့မလို ပြင်လိုက်ပြီးမှ ခြေလှမ်းက သူ့အလိုလိုပြန်ရပ်သွားသည်။

“ဘာလဲ … မင်း ဘာအရစ်ရှည်ဦးမလို့လဲ”

“အဲဒါမှ မကျေနပ်သေးရင် ရေခဲမုန့်လှည်းလည်း လိုက်တွန်းပေးဦးမယ်”

“ဘာပြောတယ်”

“အကြွေးဆိုတာ ဆပ်တတ်မှကြေတာ၊ ရှင် ကျွန်မကို လက်ဆပ်ထားတဲ့ဇနီးမယား တစ်ယောက်လိုလည်း သတ်မှတ်နေစရာ မလိုဘူး … ကျွန်မ နားလည်ထားတာက နှလုံးသားမရှိသူတစ်ယောက်ရဲ့မျက်လုံးထဲမှာ ဘယ်တော့မှ အလင်းမပြန်တတ်တဲ့ မှန်တစ်ချပ်ရှိနေတယ် ဆိုတာပဲ … ”

“အောင်မလေးကွာ ကြည့်စမ်း … မင်းကများ ငါ့ကို … ဟား … ဟား … ”

လမ်း ရယ်ပစ်လိုက်တာ ခါးကလေးကော့ပြီး မျက်နှာလေး မော့လို့ပါ။

“ဘာလဲဟင် ချစ်ခွန်း … မင်းပြောလိုက်တာ နှလုံးသားမရှိသူတစ်ယောက်ရဲ့ မျက်လုံးထဲမှာ ဘယ်တော့မှ အလင်းမပြန်တတ်တဲ့ မှန်တစ်ချပ်ရှိနေတယ် ဟုတ်လား … မင်း … မင်း ငါ့နှလုံးသားတွေကို မစော်ကားနဲ့ … ငါ့ရင်ထဲမှာ ဘာတွေဖြစ်နေတယ်၊ ဘာတွေခံစားနေရတယ်ဆိုတာ မင်းအတိအကျမသိဘဲနဲ့ ငါ့ကို အမိပ္ပာယ်မဲ့စွပ်စွဲချက်တွေတင်ဖို့ မင်းမစဉ်းစားနဲ့ … အခုက အရေးကြီးတဲ့အချက်က မင်းအဖေကိုယ်တိုင် နောင်တမရနိုင်သေးဘဲ အတ္တကြီးနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ငါမကျေမနပ်ဖြစ်နေတာ ... ”

“အဲဒါ ... ကျွန်မ ဘာလုပ်ပေးရမလဲလို့ ရှင့်ကိုမေးနေတယ်လေ ... လမ်း ... ”

“သားနဲ့သမီး တော်ကြစမ်း ... ”

ဒေါ်စံပယ်ငုံ ဝင်မပါလို့ မရတော့ပါ။

“စောစောစီးစီး သူများတွေကြားလို့လည်း မကောင်းဘူး မေမေပြောမယ် ... ကိုလက်ထပ်ထားတဲ့ မိန်းကလေးတစ်ယောက်ကို တန်ဖိုးထားလေးစားရမှာ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့ရဲ့တာဝန်ပဲ ... အခု မေမေကြည့်တာ နှစ်ယောက်စလုံးက ခံစားချက်ကို ရှေ့တန်းတင်ပြီး ဖြေရှင်းနေကြတာ ... လက်ရှိပကတိတရားပေါ်မှာ အခြေခံပြီး ဖြေရှင်းဖို့ နှစ်ယောက်စလုံး ဘယ်သူမှ မကြိုးစားကြဘူး ... ခံစားချက်ကို ရှေ့တန်းတင်ပြီး ဖြေရှင်းကြရင် ဘယ်တော့မှ အဖြေမှန်တစ်ခုကိုရမှာမဟုတ်ဘူး ... အဲဒါတော့ နှစ်ယောက်စလုံး နားလည်ထားကြ ... မေမေ တစ်ခုပဲ မင်းကိုမေးမယ်၊ မင်း ချစ်ခွန်းကို မချစ်ဘူးလား ... ”

“ချစ်တာပေါ့ မေမေရ ... ”

“ဟင့်အင်း အန်တီ ... သူချစ်တာ ချစ်ခွန်း မယုံဘူး”

“တွေ့လားမေမေ ... သူပြောနေတာ မေမေ ကြားတယ်နော်”

“ရှင် ... မညာနဲ့၊ ရှင် ဘာကြောင့် ကျွန်မကိုလာခိုးပြေးသလဲ ဆိုတဲ့အဖြေကို မုန်းမပြေက ကျွန်မကို ပြောသွားပြီလေ ... ”

“ဘယ် ... ဘယ်လို ... ”

“ရှင် ... ကျွန်မကိုခိုးပြေးတာ ကျွန်မရမယ့်အမွေတွေကိုမက်





လို့ ခိုးပြေးတာတဲ့ ... ခိုးပြေးပြီးရင်လည်း ကျွန်မကို နှိပ်စက်တော့မှာတဲ့ ... ”

“တောက် ... ကြည့်စမ်းကွာ ... ဟား ... ”

“ကျွန်မ ... ကျွန်မက ရှင့်ကိုတကယ်ချစ်လို့ ရှင်ခေါ်တဲ့နောက်ကို လိုက်ခဲ့တာပါ လမ်းရယ် ... အခု မုန်းမပြေပြောလို့ သိလိုက်ရတော့မှ ကျွန်မ တကယ်ဝမ်းနည်းတယ် ... သိလား ... အဟင့် ... ”

“ဟောဗျာ ... ”

ချစ်ခွန်း ငိုချလိုက်တာကိုကြည့်ပြီး လမ်း မျက်လုံးတွေပြူးလျှက်။

“ဟုတ်လား သား ... ချစ်ခွန်းလေး သားကိုစွတ်စွဲနေတာ အမှန်တွေလား ... သား မညာနဲ့၊ မေမေ့ကို သစ္စာရှိရှိနဲ့ အမှန်အတိုင်း ဝန်ခံစမ်း ... ယောကျ်ားတစ်ယောက်ဟာ ယောကျ်ားပီသတဲ့ အလုပ်တွေလုပ်တာပဲ မေမေ ကြိုက်တယ် ... အားနွဲ့တဲ့မိန်းကလေး အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ဒုက္ခပေးချင်လို့ ခိုးပြေးလာတာဆိုရင် သားကို မေမေ ဘယ်တော့မှ ခွင့်မလွှတ်ဘူး”

“မဟုတ်ဘူးမေမေ ... သား ချစ်ခွန်းကိုခိုးပြေးလာတာ အဲဒီ ရည်ရွယ်ချက်တွေနဲ့ မဟုတ်ဘူး၊ မုန်းမပြေလာပြောတာက ချစ်ခွန်းကို အရမ်းရှုတ်အရမ်းပွေတဲ့ လူတစ်ယောက်နဲ့ သူ့အဖေက ရက်ပိုင်းအတွင်းမှာ ပေးစားတော့မယ်ပြောလို့ ကျွန်တော် ခိုးပြေးတာ ... ဒါတော့ ကျွန်တော် အမှန်အတိုင်း ဝန်ခံတယ် ... ”

“အဟင့် ... ဟင့် ... ဟင့် ... ”

ချစ်ခွန်းကတော့ သနားစဖွယ်လေး ရှိုက်ငိုနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာလုပ်ရမလဲ မေမေရာ ... ကျွန်တော် ရှင်းပြလည်း ချစ်ခွန်းက လက်ခံမှာမဟုတ်တော့ဘူး ... ချစ်ခွန်းစိတ်ကို ကျွန်တော်သိတယ် ... သူ့ရင်ထဲမှာ ခံစားနေရတာကို ကျွန်တော် နားလည်တယ် ... ကျွန်တော် ... ကျွန်တော် ... "

"သား ... လမ်းကလေး ... "

လမ်း ဘာလုပ်ရမှန်းမသိတော့လို့ ချာခနဲ လှည့်ထွက်လာခဲ့ရပေမယ့် ချစ်ခွန်းရဲ့ ရှိုက်သံနင့်နင့်လေးက လမ်းနောက်ကို အပြေးလိုက်လာနေဆဲ။

မုန်းမပြေရာ ...

ချစ်ခွန်းကို အနိုင်ရချင်တာနဲ့ နင်အကွက်ရွှေ့သွားတာကို ငါတကယ်မသိခဲ့တာပါ။ နင် စေတနာသန့်သန့်နဲ့ ပြောခဲ့တယ်လို့ပဲ ငါက ထင်ထားခဲ့တာလေ။ ခုတော့ ... ကြည့်ပါဦး ... ချစ်ခွန်းကို ဒုက္ခရောက်အောင် အကွက်ရွှေ့သွားတာတဲ့။

ခုတော့ ... ငါလည်း တရားခံဖြစ်၊ ချစ်ခွန်းလည်း သောကရောက် ...

ဒါဆို ဒီဇာတ်လမ်းကို ငါဘယ်လို အဆုံးသတ်ပေးလိုက်ရမလဲဟင်။ ချစ်ခွန်းနဲ့ မုန်းမပြေ ပြိုင်လာတဲ့ပြိုင်ပွဲမှာ ဘယ်သူ့ဘက်ကို ငါလက်ခုပ်တီး အားပေးရမလဲ။ ငါတကယ်ချစ်ခဲ့တယ်ဆိုတာ ချစ်ခွန်းသိဖို့အတွက် ငါဘယ်လို သက်သေပြပေးရမလဲ။

အခုတော့ ... ငါလေ ... ။

အခန်း ( ၁၉ )

"လမ်းရယ် ... အဟင့် ... ဟင့် ... "

နားထဲမှာ ရှိုက်သံတိုးတိုးလေးကို ကြားနေရပေမယ့် ထိုရှိုက်သံလေး ဘယ်က လွင့်လာသလဲဆိုတာတော့ သူမသိပါ။ သူသိနေတာက အိပ်မက်ထဲမှာ။ သူ့တစ်ကိုယ်လုံး လေထဲမှာ မျောလွင့်နေလျက်။ ထိုမျောလွင့်ရာနောက်ကို ရှိုက်သံလေးက တိုးဖော့လွင့်ပါကာ တောက်လျှောက်လိုက်လာခဲ့တာဖြစ်သည်။

မျက်လုံးကိုဖွင့်ဖို့ ကြိုးစားကြည့်တော့လည်း မရ။

မြင်နေရသမျှ နေရာတိုင်းမှာ အရိပ်တွေက လည်နေသည်။

"အဟင့် ... ဟင့် ... ဟင့် ... "

"ဟင် ... "

ခေါင်းထောင်ကာ ကြိုးစား ထလိုက်တော့မှ ချစ်ခွန်းက သူ့အိပ်ရာခုတင်ဘေးမှာ တဟင့်ဟင့်လေးနှင့် ရှိုက်ငိုနေခဲ့တာဖြစ်သည်။

"ချစ်ခွန်း ... မင်း ... "

သူ တအံ့တသြနှင့် မျက်တောင်တွေကော့ကြည့်ကာ မေးမိ



www.burmeseclassic.com

www.burmeseclassic.com



တော့ ... သူ့အသံတွေ တုန်နေတာလည်း သတိထားမိသွား၏ ချစ်ခွန်းက သူ့ကိုမော့မကြည့်ဘဲ မျက်ရည်တွေသုတ်ကာ သူနှင့်ဆန့် ကျင်ဘက်ကိုပဲ မျက်နှာလှည့်သည်။

"မင်း ... မင်း ... ငိုနေတာလားဟင် ချစ်ခွန်း ... "

"ဟုတ်တယ် ... ကျွန်မ မအိပ်ဘဲငိုနေတာ တစ်ညလုံးပဲ"

"မင်းကွာ ... ဟား ... "

"ရှင် ... ရှင် နိုင်ပါတယ် ... ရှင်ထောင်ထားတဲ့ အမုန်းထောင် ချောက်လေးထဲမှာ ကျွန်မ ပိတ်မိနေတာကိုတွေးမိတိုင်း ဝမ်းနည်း လို့ငိုတာ၊ ညကလည်း ... ရှင်ဘယ်အချိန်ပြန်လာမှန်းတောင် မသ လိုက်ဘဲ ကျွန်မ မှေးခနဲ အိပ်ပျော်သွားခဲ့တာ၊ ဒါ ... ကျွန်မ လူတ ယောက်ကို ယုံကြည်စွာ လက်ထပ်ခဲ့ရတဲ့ဘဝလား၊ ဒီလိုဘဝမျိုးတွေ ဒီလိုညမျိုးတွေ နောက်ထပ် ဘယ်လောက်အထိ ကျွန်မဖြတ်သန် ရဦးမလဲ ... "

ချစ်ခွန်းက ရှိုက်ရင်း မေးရင်း မျက်နှာလေးနည်းနည်းမော့ လာတော့ အခန်းအပြင်ဘက် မီးချောင်းအရောင်ကြောင့် ဝင်းနေ သော ပါးပြင်လေးပေါ်က စိုကပ်ကပ် မျက်ရည်စတွေကို သူတွေ့ခဲ့ ရသွားသည်။

မျက်လုံးတွေကိုပွတ်ကာ အသေအချာကြည့်မိတော့ ချစ်ခွန်း က အဖြူရောင် ညဇတ်ဂါဝန်ရှည်လေးနှင့်ဝင်းဝါသော လက်မောင်း သားအိအိကလေးတွေက မထိရက်စရာ ပြေဆင်းကာ မျက်ရည် သုတ်နေသည့် လက်ချောင်းရှည်ရှည်သွယ်သွယ်လေးတွေက ဝင်း မွတ်နုစင်ကာ မျက်နှာလေးက ခုတင်စောင်းမှာ တခြမ်းမှီထား





သည်။

"မင်း ... မင်း ... ငါ့ကို ပြဿနာမရှာနဲ့နော် ချစ်ခွန်း ... ညက အပြင်ကိုထွက်သွားတယ်ဆိုတာ မခံစားနိုင်တော့လို့ ထွက် သွားတာ ... ပြန်လာတော့ ... မင်းအိပ်ပျော်နေတာ နိုးသွားမှာစိုး လို့ အသံမပေးဘဲ ငါဝင်အိပ်ခဲ့တာ၊ ဒါကို ဘဝတွေ ခံစားချက်တွေနဲ့ ငါ့ကို လာကိုင်ပေါက်မနေနဲ့ ... "

သူ အသံကိုထိန်းကာ ကြိတ်အော်ပြောရင်း တန်းပေါ်က ချက်နှာသုတ်ပုဝါတစ်ထည်ကိုယူပြီး ပခုံးပေါ်တင်သည်။ အခန်းထဲ မှာ ပန်းစည်းတွေ ပွရှုတ်နေတာမျိုး မရှိပေမယ့် ချစ်ခွန်းရောက်လာမှ အမေပြင်ဆင်ပေးထားသည့် မှန်တင်ခုံစားပွဲလေးပေါ်မှာတော့ နှုတ် ခမ်းနီတောင့်လေးတွေက ဖရိုဖရဲလဲကျလျှက်။ ချစ်ခွန်း ကိုင်နေကျ လက်ကိုင်ပုဝါဖြူလေးက ဒီအတိုင်း လုံးထွေးပစ်ပေါက်ထားဟန်နှင့် စားပွဲပေါ်မှာ ငြိမ်သက်နေသည်။

"ရှင် ... ရှင် ... ဘာဆက်လုပ်မှာလဲ၊ အဖေ့ကိုမုန်းနေတဲ့ အမုန်းတွေကို ဘယ်အချိန်ကျမှ ရှင်ရပ်ပစ်မှာလဲ ... "

နောက်ဆုံးမှာတော့ ဒီအကြောင်းအရာနဲ့ ဒီခေါင်းစဉ် အောက်ကိုပဲ ချစ်ခွန်းက ပြန်ရောက်သွားသည်။ သူစိတ်ပျက်ရတာ လည်း အဲဒါပါ။ ညကလည်း သူငယ်ချင်းတွေနှင့် ဒီအကြောင်းဆွေး နွေးဖြစ်တော့ သူငယ်ချင်းတွေကလည်း သူ့ကိုပဲ ဝိုင်းအပြစ်တင်ခဲ့၏။

"ဟုတ်တယ် လမ်း ... ငါတို့အားလုံးက ချစ်ခွန်း ခံစားချက် ကိုပဲ ကိုယ်ချင်းစာနေခဲ့တာ ... မင်းပဲစဉ်းစားကြည့်လေ ... ချစ်ခွန်း ဘယ်လောက်သနားဖို့ကောင်းလဲ ... မင်းက ချစ်တာရယ်၊ အနိုင်လို ချင်တာရယ် နှစ်ခုပေါင်းပြီး ချစ်ခွန်းကိုခိုးပြေးလာခဲ့တာမှန်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ထဲက အမုန်းတွေကို ချစ်ခွန်းက သိသွားခဲ့ပြီဆိုတော့ မင်းချစ်တာကို သူဘယ်လိုယုံတော့မလဲ"

"ဟွန်း ... မယုံလည်း နေလေ ... "

ယုံအောင် မချွဲတတ်တာ လမ်းရဲ့အကျင့်။

သူငယ်ချင်းတွေကိုလည်း ပြန်ပြောမိခဲ့သေး၏။

"သူ့အဖေကိုတော့ ငါဘယ်တော့မှ အောက်ကျခံမှာမဟုတ်ဘူးငြိမ်းချမ်းရာ ... ဒီလူကြီးအကြောင်း တွေးမိတိုင်းလည်း ငါ့ရင်ထဲမှာနာတယ် ... အခုလည်း ... သူ့သမီးကို ပြန်ခေါ်ဖို့ ကြိတ်ကြံနေတာ၊ မေဖူးစာဆီကိုလည်း ဒီလူကြီးသွားတယ်လို့ ငါကြားတယ် ... ချစ်ခွန်းကတော့ ငါကြေနပ်တဲ့အထိ ပေးဆပ်သွားမယ်တဲ့၊ ပခုံးဖက်တော့လည်း အဖက်မခံဘဲ ငါ့လက်ကိုပုတ်ချပစ်တယ်၊ ကဲ ... ငါဘာလုပ်ရမလဲ ... မင်းတို့ပဲ စဉ်းစားကြည့် ... "

"အဲဒါ ... မင်းကိုမယုံတော့တာလေ ... ဟော့ကောင် ... "

"ဟုတ်တယ် လမ်းရာ ... မင်းတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းက တကယ်တွေးကြည့်လေ တကယ်ရင်ခုန်ဖို့ကောင်းလေပဲ၊ မင်းကလည်း အချစ်နဲ့အမုန်းကို အားပြိုင်မခံချင်လို့ ကိုးတန်းကျောင်းသားအရွယ်လေးကတည်းက ချစ်ခွန်းကို ချစ်ခဲ့တာတောင် ခပ်ဝေးဝေးမှာ ရှောင်နေခဲ့တာ ... ဟော ... မထင်မှတ်ဘဲ ခိုးပြေးဖြစ်သွားတော့မှ နာကြည်းစရာ ဇာတ်လမ်းဟောင်းတွေ ချစ်ခွန်းသိသွားလို့ မင်းကို အထင်လွဲသွားတာလေ"

"အေး ... သူက အထင်လွဲလေ ငါကပိုရွဲ့ချင်လေပဲ"

ညကပြောခဲ့တာတွေ ပြန်သတိရပြီး သူ့နှုတ်ခမ်းလေးကပါမဲ့ချင်သွားရ၏။





"ရှင် ... ရှင် ... ကျွန်မမေးတာကို မဖြေဘဲ လှည့်ထွက်သွားဖို့တော့ မကြိုးစားနဲ့နော် လမ်း ... ရှင် အဖေ့ကို ဘယ်အချိန်ထိ မုန်းနေမှာလည်းဆိုတာ သိချင်တယ်"

ချစ်ခွန်းက ဆတ်ခနဲ မတ်တတ်ထရပ်ပြီး သူ့လက်မောင်းကို နောက်က အတင်းဆွဲထားကာ မေးသည်။ သူ ပြန်လှည့်ကာ ချစ်ခွန်းမျက်ဝန်းတွေကို စိုက်ကြည့်ပစ်လိုက်၏။

"မင်း ... ဘာဖြစ်နေတာလဲ ချစ်ခွန်း ... "

အနေအထားက မျက်နှာချင်းဆိုင် မတ်တတ်ရပ်အနေအထားလေးမှာ တစ်ယောက်မျက်ဝန်းတွေကို တစ်ယောက်က စိုက်ကြည့်နေခဲ့မိကာ ဖြစ်သည်။ ဒီလိုကျတော့လည်း သူဘယ်လိုမှ စိတ်မထိန်းနိုင်။

ခါးလည်ကနေ အတင်းဆွဲပွေ့ပြီး နှုတ်ခမ်းလေးကို နမ်းပစ်လိုက်ချင်တာ အသည်းယားနေသည်။ ခုထိလည်း အဲဒါမျိုးတွေ သူမလုပ်ရက်ခဲ့လို့ မလုပ်ခဲ့တာပါ။ တစ်အိမ်လုံးကလည်း တိတ်ဆိတ်နေသည်။ တိုင်ကပ်နာရီဆီမှ တဒက်ဒက်နှင့် စက္ကန့်တန် ရွေ့နေတဲ့ အသံကလွဲရင် တခြား အသံတွေလည်း ဘာမှမရှိ။

"ရှင့်ကို ကျွန်မ ချစ်ခဲ့သလောက် ရှင်က ကျွန်မကို ... "

"မင်း ... မင်း ငါချစ်ခဲ့တာကို အထင်မလွဲပါနဲ့လို့ မင်းကို ငါ အကြိမ်ကြိမ်အခါခါ ရှင်းပြခဲ့တယ်နော် ... ချစ်ခွန်း ... ဒါကိုမှ မင်း မယုံကြည်ဘူးဆိုရင် မင်းကြိုက်တဲ့ပုံစံ ကြိုက်တဲ့နည်းနဲ့ဖြေရှင်းသွားလို့ရတယ် ... မုန်းမပြေ ထောင်ချောက်ဆင်တာ ငါနဲ့ဘယ်လိုမှ မပတ်သက်ဘူး၊ အေး တစ်ခုပဲရှိတယ်၊ ငါ မင်းအဖေကို မုန်းခဲ့သလို



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ပြေဦးညို ဘယ်အတိုင်းအတာထိ ပတ်သက်ခဲ့သလဲ ... "

"ဟင် ... ပြေဦးညို ... ဟုတ်လား ... "

ဒီမေးခွန်းမျိုး အမေးခံလိုက်ရတာကိုတော့ ချစ်ခွန်း ရင်နာလို့မဆုံး။

"နေပါဦး ... ရှင် ... ဘာဖြစ်လို့ အခုမှ ဒီမေးခွန်းကို မေးတာလဲ၊ ရှင့်ခေါင်းထဲကို ကိုကြီးပြေဦးညိုက ဘယ်ကဘယ်လိုရောက်လာတာလဲ"

"ဟာ ... မင်းကိုယ်တိုင် လက်ထပ်ပါ့မယ်ဆိုပြီး ခေါင်းညိတ်ကတိပေးပြီး စေ့စပ်ပွဲတောင် လုပ်ခဲ့တာလေ၊ အခု ... အဲဒီလူ ရပ်ကွက်ထဲကို လိုက်လာတယ် ... မင်းဒီမှာနေရတဲ့သတင်းတွေ လိုက်စုံစမ်းနေတယ် ... "

"ဟင် ... "

ချစ်ခွန်း အံ့ဩသွားတာ မျက်တောင်လေးကိုပင် မခတ်နိုင်။

"ရှင် ... မဆိုင်တာတွေ မစွတ်စွဲနဲ့နော်"

"ငါ မယုံဘူး ... "

ချစ်ခွန်းလက်ကို ခပ်ပြတ်ပြတ်ပဲ ပုတ်ချပစ်ကာ သူလှည့်ထွက်လာခဲ့တာ နောက်ဖေးက ရေချိုးခန်းထဲကိုပါ။ ချစ်ခွန်း မခံစားနိုင်အောင်ဖြစ်ရတော့ သူ့နောက်ကို လိုက်ခဲ့သည်။ အန်တီ စံပယ် ငုံနိုးသွားမှာကြောက်လို့ အသံတိုးတိုးလေးနဲ့ မျက်လုံးလေးပြူးကာ ကြိတ်မေးရ၏။

နှစ်ယောက်စလုံး စကားလည်း ကျယ်ကျယ်မပြောရဲ။

"လမ်းနော် ... ရှင်ဘာသဘောနဲ့ ဒီလိုစွတ်စွဲလည်းဆိုတာ





ကျွန်မ သိချင်တယ်"

"စေ့စပ်တာကို လက်ခံခဲ့ပြီးမှ ငါ့နောက်ကို မင်းလိုက်ခဲ့တယ်ဆိုတာ မုန်းမပြေပြောမှ ငါသိလိုက်ရတယ်၊ ငါနဲ့ပြန်မဆုံခင်ရက်တွေထဲမှာ မင်းနဲ့ပြေဦးညို ဘယ်လောက်ထိပတ်သက်ခဲ့တယ်ဆိုတာ မင်း အသိဆုံးဖြစ်မှာပဲ ... "

"ဒါကို ရှင်မယုံခဲ့တာပေါ့ ... "

"ဟုတ်တယ် ... "

ချစ်ခွန်း ရင်နာသွားတာ ဖြေလို့တောင် မရတော့ပါ။

မုန်းမပြေကလည်း သူမအပေါ်မှာ အညိုးအတေးကြီးလွန်းသည်။ လမ်းနဲ့လိုက်ပြေးသွားတာတောင် မနာလိုစိတ်နဲ့ ပြဿနာဖြစ်အောင် ဖွသွားခဲ့သေး၏။ ဒီလို ဖွခဲ့လို့ လမ်းက အတိအကျ စွတ်စွဲနေခဲ့တာပေါ့။

ချစ်ခွန်းမှာတော့ ကျစ်ဆံမြီးရှည်လေး တယမ်းယမ်းနဲ့ လိုက်ဖြေရှင်းနေရတာ လမ်းကို တကယ်ချစ်ခဲ့လို့။

"ဒီမှာ ... ရှင် မယုံလည်း ကျွန်မ ဘာမှမတတ်နိုင်ဘူးသိလား လမ်း ... တစ်ခုပဲ ကျွန်မပြောနိုင်တာရှိတယ်၊ ကိုကြီး ပြေဦးညိုဆိုတာ ဂုဏ်သိက္ခာရှိတဲ့ လူတစ်ယောက်ဆိုတာ၊ ကျွန်မကိုမြင်ပြီး ချစ်မိတ်နိုးသွားလို့ လက်ထပ်ခွင့်တောင်းခဲ့တယ်၊ ဒါပဲ ... "

"အဲဒါ ... မင်းဘာလို့ ခေါင်းညိတ်ခဲ့တာလဲ"

"ဟာ ... ဒါကတော့ ... "

"တော်ပြီ ... မင်းဆက်မပြောနဲ့တော့၊ မင်း ဒီလောက်ပြောရင် ငါသဘောပေါက်တယ်၊ တကယ်တမ်းကျတော့ ... ငါတို့နှစ်ယောက်စလုံးက မဖြစ်နိုင်တဲ့ဇာတ်လမ်း တစ်ပုဒ်ကို သွေးရူးသွေး

www.burmeseclassic.com



တမ်းကခဲ့ကြတာ၊ မင်းအဖေနဲ့ပတ်သက်ပြီး မင်းအဖေကို ငါမုန်းခဲ့သလို မင်းကိုပါ ငါမုန်းခဲ့ရမှာ၊ ခုတော့ ... ငါမင်းကို ချစ်ခဲ့မိတယ်၊ ယောက်ျားတစ်ယောက်ကို လက်ထပ်ယူဖို့အထိ ခေါင်းညိတ်အဖြေပေးထားတဲ့ မိန်းမတစ်ယောက်ကိုမှ ငါကလည်း မရရအောင် ခိုးပြေးမိခဲ့တယ် ... တောက် ... ငါကိုက အသုံးမကျခဲ့တာ ... ဟား ... "

မဆီမဆိုင် ရေချိုးခန်းထဲက အဝတ်လျှော်ရေဇလုံကို ဖေါင်းခနဲ အသံမြည်သွားအောင် ပိတ်ကန်ပစ်နေတဲ့လမ်း။

"ဟဲ့ ... ရေချိုးခန်းထဲမှာ ဘာဖြစ်တာလဲ ... "

ဒေါ်စံပယ်ငုံ လန့်နိုးလာတာ ပြူးပြူးပျာပျာ ဟန်ကလေးနဲ့ပါ။ ကပျာကယာ ထလာပြီး ကြည့်လိုက်တော့ ... လမ်းက ရေချိုးခန်းထဲမှာ၊ ချစ်ခွန်းက ရေချိုးခန်းအဝမှာ နှစ်ယောက်သား စောစောစီးစီး ထပြီး ရန်ဖြစ်နေကြပြန်ပြီလား။

ဒေါ်စံပယ်ငုံ စိတ်ညစ်နေရတာလည်း အဲဒါ။

"မဟုတ်ဘူး မေမေ ... ရေဇလုံကြီးကို ခလုတ်ကိုက်မိသွားလို့ ... "

ချစ်ခွန်း ဘာမှမပြောခင် သူက အရင်ဦးအောင် ဖြေရှင်းသည်။

"အခုမှ ... မနက်သုံးနာရီပဲ ရှိသေးတဲ့ဟာကို ဘာလို့အစောကြီးနိုးနေကြတာလဲ"

ဒေါ်စံပယ်ငုံ မသင်္ကာတော့။ ချစ်ခွန်း မျက်နှာလေးကို လှမ်းကြည့်မိသည်။ ညကလည်း သားတော်မောင် ခရောင်းလမ်းက တော်တော်နဲ့ပြန်မလာ။ ချစ်ခွန်းကလည်း ဒေါ်စံပယ်ငုံနှင့်စကား





ပြောနေရပေမယ့် မျက်ဝန်းလေးက လမ်းမဘက် အမှောင်ရိပ်ဆီကိုပဲ မျက်ဝန်းလေး တကြည့်ကြည့်နှင့်။

သားကို တကယ်ချစ်ရှာတဲ့ ချစ်ခွန်းလေး။

သူ့ခမြာ ချမ်းသာတဲ့လူတစ်ယောက်က လက်ထပ်ဖို့ ကမ်းလှမ်းခဲ့တာတောင် သားနောက်ကိုပဲ တကယ်ချစ်လို့လိုက်လာခဲ့ရှာတာ။

ဒါကို သားတော်မောင်က သူငယ်ချင်းတွေနဲ့ပဲ ဂစ်တာသွားတီးနေတာ မလွန်လွန်းဘူးလား။

သားပြန်လာရင် ပြောမယ်လို့ စိတ်ထဲမှာ ကြိမ်းထားရင်းမေးခနဲ အိပ်ပျော်သွားကာ အခု ... သုံးနာရီထိုးမှ လန့်နိုးသွားခဲ့ရ၏။

နိုးလို့ကြည့်လိုက်တော့လည်း သားရော သမီးပါ မျက်နှာတွေကမကောင်း။ ရန်ဖြစ်နေကြတယ်ထင်ပဲ့။ ဒါနဲ့ပဲ ... မသိချင်ဟန်ဆောင်ပြီး ရေအိမ်ဘက်ကိုပဲ ဒေါ်စံပယ်ငုံ ဆက်ထွက်လာခဲ့သည်။ ဘာပဲပြောပြော ... သားကိုတော့ ပြောဖြစ်အောင်ပြောရမည်။ မိဘကြီးငုတ်တုတ်နဲ့ ကလေးမလေးကို စိတ်ဆင်းရဲအောင် လုပ်နေတာကိုတော့ ဒေါ်စံပယ်ငုံ ဘယ်လိုမှ လက်ပိုက်ကြည့်မနေနိုင်။

ခိုးပြေးလာတဲ့ ဒီသုံးလေးရက်မှာ ကလေးမလေးကို ကြင်ကြင်နာနာ ဆက်ဆံတာ ဘယ်မှာတွေ့ရလို့လဲ။ ကလေးမလေးမှာတော့ ဒေါ်စံပယ်ငုံ အလုပ်တွေကို ဝိုင်းကူရင်း ကျစ်ဆံမြီးရှည်လေးတယမ်းယမ်းနဲ့ ဖွင့်ထားတဲ့အအေးဆိုင်လေးမှာ ကြံရည်ကြိတ်စက်ကလေးကိုလည်း ပြေးလှည့်ရ၊ ကုန်စုံဆိုင်လေးကိုလည်း ပြေးရောင်း



www.burmeseclassic.com

www.burmeseclassic.com



ရန့် ဟိုအကောင်က မိန်းမကို ဝိုင်းကူတာ ဘာရှိလို့လဲ။

ဒေါ်စံပယ်ငုံ ရည်စူးထားတာက ဒီတစ်ရက် နှစ်ရက်လေးမှာပဲ ဘုန်းကြီးငါးပါးလောက်ပင့်ပြီး မင်္ဂလာဦး ဆွမ်းကျွေးလေးလုပ်ပေးချင်တာပါ။ ချစ်ခွန်းလေးက မိဘလက်ထက်မှာ ချမ်းချမ်းသာသာ နေလာခဲ့တဲ့ကလေး။

ကိုယ့်သားနဲ့ယှူလိုက်မှ မျက်နှာငယ်နေရတာ ဖြစ်သင့်သလား။

မအေကို မုန်းခဲ့တာမှန်ပေမယ့် ချစ်ခွန်းလေးကိုတော့ ဒေါ်စံပယ်ငုံ မမုန်းနိုင်ပါ။ ချစ်ခွန်းလေးကလည်း သူ့အဖေနဲ့ပတ်သက်ခဲ့တဲ့အကြွေးကို ကြေအောင်ဆပ်မယ်ဆိုပြီး ဒုက္ခတွေခံနေတာ။

ခုလည်း ... မအေမကြားအောင် လင်မယားနှစ်ယောက် ပြဿနာတက်နေကြသလားမသိ။ ရေအိမ်ထဲက ပြန်ထွက်တော့ ချစ်ခွန်းက ရေချိုးခန်းအဝမှာ မရှိတော့ပါ။ သားကတော့ ရေချိုးခန်းထဲမှာ တဗွမ်းဗွမ်းနဲ့ ရေတွေလောင်းချိုးလို့။

ဒီနေ့ ... စနေနေ့မို့ ရုပ်ကွက်ဆွမ်းလောင်းအသင်းဘက်ကိုလည်း သားလေးသွားမလို့လား။ ပြန်အိပ်လို့လည်းမရတော့တာမို့ ရေနွေးတစ်အိုးတည်ပြီး အာရုံဆွမ်းလောင်းဖို့ ထမင်းတစ်အိုးပါ ဒေါ်စံပယ်ငုံ ချက်လိုက်သည်။

အခန်း ( ၂၀ )

"ဟွန်း ..."

လမ်းရဲ့ နှုတ်ခမ်းစွန်းထောင့်လေး တစ်ဖက်မှာ မဲ့ကျသွားတာက တိတိကျကျလေးပါ။

ပြောရရင် နက်ပြာရောင် လင့်ခရုဇာကားသစ်ကြီး လမ်းတို့ဆိုင်ရဲ့ ခပ်လှမ်းလှမ်းနေရာလေးမှာ တိတ်တဆိတ် ထိုးရပ်သွားတာကို မြင်လိုက်ရကတည်းက နာကျင်စိတ် မခံချင်စိတ်ကလေးဖြင့် နှုတ်ခမ်းလေးကို သူ့အလိုလိုမဲ့ခဲ့မိတာ ဖြစ်သည်။

ဘယ်သူတွေဖြစ်ရမှာလဲ။

ဦးတင်လင်းထွန်းနဲ့ သူ့နောက်တော်ပါ မိသားစုဝင်တွေပဲ ပေါ့။

ရပ်ကွက်ထဲမှာ ကားကိုပတ်မောင်းလို့မောင်း။ ဟိုနေရာက စောင့်ကြည့် ဒီနေရာက စောင့်ကြည့်နဲ့။ မနေ့ညကလည်း နှစ်ခေါက်။ ဟော ... ဒီနေ့လည်း မနက်ကိုးနာရီပဲ ရှိသေးသည်။

ကားကြီးက ခပ်တည်တည်လာထိုးရပ်ထားပြန်ပြီ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွန်းက ဒါကိုမသိပါ။

မနက်ကတည်းက ဆိုင်အလုပ်တွေရော အိမ်အလုပ်တွေပါ ပိုင်းလုပ်နေတာ။ ကျစ်ဆံမြီးရှည်လေးတယမ်းယမ်းနဲ့ ကားကြီးခပ်လှမ်းလှမ်းမှာ ထိုးရပ်ထားတာလည်း ချစ်ခွန်း စိတ်မဝင်စား။ ဆိုင်အပြင်ကိုထွက်လာလိုက်။ ဆိုင်ထဲကိုပြန်ဝင်သွားလိုက်နှင့်။ သူ့အနားကိုလည်းမလာ။ သူနဲ့လည်း စကားမပြော။

ဒီနေ့ ချစ်ခွန်း ဝတ်ထားတာလေးက လက်ဖောင်းလည်ဟိုက်အပွလေးကို ခါးစည်းကြိုးလေးပတ်ကာ ဝတ်ထားတာမို့ ကိုယ်လုံးတင်းတင်းလေးက ပေါ်လွင်နေကာ အဝေးကလှမ်းကြည့်ရင်တောင် ထင်းနေအောင် မြင်နေရသည့် အနေအထားမျိုး။

သူကလည်း ဒီနေ့မှ ရေခဲမုန့်လှည်းကလေး ပြန်ထွက်ဖို့ပြင်နေတာ။

ဘာပဲပြောပြော ထိုကားထဲက စောင့်ကြည့်နေသည့် မျက်ဝန်းတွေကို ဂရုမစိုက်တော့ဘဲ လမ်းက ကိုယ်လုပ်စရာရှိတာတွေပဲ ဆက်လုပ်နေလိုက်၏။

"လမ်း ... "

"ဟင် ... "

အသံကြားလို့ လှည့်ကြည့်လိုက်တော့ သူ့နောက်မှာရပ်နေတာ ချစ်ခွန်း။

ကျစ်ဆံမြီးရှည်လေးနှစ်ဖက်ကို ရှေ့ချကာ တစ်ခုခုကို မကျေမနပ်ဖြစ်သောပုံစံကလေးဖြင့် နှုတ်ခမ်းလေးကပါ စူတင်းတင်းလေး ဖြစ်နေသည်။

"ဘာလဲ ... ပြော ... "





ကားထဲက လူတွေ သူတို့နှစ်ယောက်ကိုမြင်နေရမှာ အသေအချာမို့ ချစ်ခွန်းကို ခပ်တင်းတင်းပဲပြန်ကြည့်ရင်း ဘာလုပ်ရင်ကောင်းမလဲဆိုတာ သူအကြံထုတ်လိုက်၏။ သူ့သမီး အနှိပ်စက်ခံနေရတာကိုမြင်မှ ဦးတင်လင်းထွန်းဆိုတဲ့လူကြီး အူနုကို ကျွဲခတ်သွားမှာလေ။ ဒါကြောင့်မို့ ... ချစ်ခွန်းကိုလည်း ခပ်ဆတ်ဆတ်လေးပဲ ကြည့်ကာ မျက်နှာထားမာမာလေးနှင့် ပြန်မေးမိသည်။

"ရှင် ... သွားရင် ... ကျွန်မပါလိုက်မယ်၊ ကျွန်မအဖေ ဒီလိုရေခဲမုန့်လှည်းကလေး တွန်းရောင်းခဲ့တဲ့ဘဝတုန်းက ရှင့်အမေလိုက်တွန်းပေးခဲ့ရသလိုမျိုး ကျွန်မ လိုက်တွန်းပေးမယ်ဆိုရင် ရှင်ကျေနပ်လား ... "

"အဲဒါ ... မင်းသဘောပဲ ... "

ဟွန်း ... တွေ့ကြပြီပေါ့။

"နေဦး ... မင်းလိုက်မယ်ဆိုရင် ဟိုသရက်ပင်မှာမှီပြီး ထောင်ထားတဲ့ကြိမ်စည်းကို ဒီဘက်နံရံနားကို ရွှေ့ထားလိုက် ... မင်း ဒီအတိုင်း မ,ရွှေ့လို့မရရင် ပခုံးပေါ်တင်ထမ်း ... "

"ရှင် ... "

"ငါလုပ်ဆိုရင်လုပ် ... ပြန်မော့မကြည့်နဲ့ ... "

"ဟွန်း ... ရှင် ကျေနပ်ဖို့ပဲ အရေးကြီးတာပါ"

သူ့ နှုတ်ခမ်းလေးမဲ့ကာ ဒီဘက်ကိုပြန်လှည့်သည်။

ချစ်သူကို ရက်စက်ရာကျပေမယ့် မတတ်နိုင်။ ဦးတင်လင်းထွန်းဆိုတဲ့ လူကြီးတစ်ယောက်ကို သူသိစေချင်တာက ဝဋ်ဆိုတာ သံသရာမဆိုင်းဘဲ လည်တတ်တာကို သိစေချင်တာ။ ပြုသူအသစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူအပေါင်းဆိုတဲ့ စကားလုံးလေးနဲ့ ဖြေဖို့ဆိုတာ သူဘယ်တုန်းကမှ မစဉ်းစားခဲ့တဲ့အရာ။

"တောက် ..."

ဦးတင်လင်းထွန်းရဲ့ တောက်ခေါက်သံက ကားထဲမှာ ညံသွားသည်။

"တော်တော်မိုက်ရိုင်းတဲ့ကောင်"

ကိုယ့်သမီးကို ခိုင်းနေတာကြည့်ပြီး ဦးတင်လင်းထွန်း ဘာလုပ်ရမှန်းမသိအောင် မျက်နှာတစ်ခုလုံး ရဲတွတ်သည်။ သူလုပ်လိုက်တဲ့ လက်သီးဆုပ်ထဲမှာ ခရောင်းလမ်းဆိုတဲ့ အရိုင်းအစိုင်းကောင်ဟာ တစစီဖြစ်လျှက်။

"ကဲ ... အဲဒါကြောင့် မုန်းပြောတာလေ၊ ခရောင်းလမ်းနှိပ်စက်သမျှကို ချစ်ခွန်းခံနေပြီဆိုတာ ... ဒီကောင်က ချစ်ခွန်းကို တကယ်ချစ်ခဲ့တာမဟုတ်ဘူး၊ ဦးဦးဖေဖေကို လက်စားချေချင်လို့ ချစ်ခွန်းကို မရရအောင် ခိုးပြေးသွားတာ၊ ချစ်ခွန်းက တကယ်ချစ်ခဲ့တာလေ၊ ခရောင်းလမ်းကို တကယ်ချစ်လို့ နှိပ်စက်တာခံပြီးပေါင်းနေတာပေါ့ ... ကဲ ... အခု ဦးဦးဖေဖေရော ကိုဦးရော ယုံပြီမို့လား ညကလည်း မိန်းမကို ဂရုမစိုက် ပစ်ထားပြီး လမ်းဘေးမှာဂစ်တာတီးနေတာ"

"ဒီကောင် ... ဒီကောင် ..."

ဦးတင်လင်းထွန်း အသားတွေတဆတ်ဆတ်တုန်ရင်း မျက်နှာက ရဲသထက်ရဲလာ၏။ ပြေဦးညိုကလည်း မုန်းမပြေ ပြောနေတာတွေကို မယုံလို့ လိုက်ကြည့်ခဲ့တာပါ။ ခုတော့ ... ကြံရည်ဆိုး





ကလေးမှာသုံးမယ့် ကြံချောင်းအစည်းလိုက်ကို မနိုင်တနိုင်လေးနဲ့ ဒယီးဒယိုင်လေး ထမ်းနေရတဲ့ ချစ်ခွန်း။

ချစ်ရသူလေး ကံဆိုးလိုက်တာ။

သူ ပထမဆုံးဖြတ်ခဲ့တာက ချစ်ခွန်းပြန်လာရင် ခွင့်လွှတ်နားလည်မှုတွေနဲ့ လက်ထပ်ပွဲကို ပြန်စီစဉ်ချင်ခဲ့တာပါ။ ဒီလိုသာ ချစ်ခွန်းက အနှိပ်စက်ခံပေါင်းသွားပြီဆိုရင်တော့ လက်ထပ်ပွဲအစီအစဉ်ကို လုံးဝ ဖျက်သိမ်းလိုက်ဖို့ပဲ ရှိတော့တာပေါ့။

ဘယ်တတ်နိုင်မလဲလေ။

ကံကြမ္မာက ဒီအတိုင်း စီရင်ချက်ချခဲ့ပြီပဲ။

ပြေဦးညိုက စိတ်ကိုလျှော့မိသလို သက်ပြင်းအမောကိုလည်း ချမိသည်။

"ဟွန်း ... ငါ့သမီးကို ဒီကောင်လက်ထဲမှာ မထားဘူး၊ မရရအောင် ပြန်ခေါ်ရမယ် ... တော်တော်ရက်စက်တဲ့ကောင်၊ ငါ့သမီးကို အညှိုးနဲ့နှိပ်စက်နေတဲ့ကောင် ..."

"ဟော ... ဟော ... ဟိုမှာ ... ဟိုမှာ ရေခဲမုန့်လှည်းကို ဘွန်းခိုင်းနေပြီ၊ သူတို့ ... သူတို့ ဈေးရောင်းထွက်ကြတော့မယ်ထင်တယ် ... ဦးဦးဖေဖေ ..."

"ဟင် ..."

ဒီကောင် နှိပ်စက်ပြန်ပြီ။

ဦးတင်လင်းထွန်း မြင်ကွင်းကိုကြည့်ကာ အသက်ရှုလိုက်ဖို့ကိုတောင် မေ့သွားသည်။ ကားထဲမှာ မခံချင်စိတ်တွေ ဒေါသတွေဖြစ်နေကြသလို လမ်းပေါ်က ချစ်ခွန်းတို့နှစ်ယောက်ကတော့ ...

"ဒီနေ့ ... ရှင်ဘယ်သွားသွား ကျွန်မလိုက်ဖို့ ဆုံးဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သား”

“ကောင်းပါတယ် ... အရာရာဟာ မင်းသဘောအတိုင်းပဲ ဟိုတုန်းက ငါ့မေမေဟာ မင်းအဖေကို ဘယ်လောက်ချစ်သလဲဆိုရင် ပိုက်ဆံလေးစုမိရင် လက်ထပ်မယ်ဆိုတဲ့ စိတ်ကူးကလေးနဲ့ ညဘက်မှာ စက်ချုပ်စီးကွင့်ထိုး၊ နေ့ဘက်မှာ ရေခဲမုန့်လှည်းကလေးကို နှစ်ယောက်အတူ တွန်းရောင်းနဲ့ စိတ်ကူးလေးယဉ်ပြီး ပျော်ခဲ့ကြဟာလေ ... အဟွန်း ... အခု မင်း ငါ့ဆီကိုပြန်ရောက်လာတာ အဲဒီဝင်္ဂတွေလည်းချင်လို့ ပြန်ရောက်လာတာပဲ နေမှာပေါ့”

ပြောရင်း ... နောက်ကို မသိမသာ မျက်လုံးလေး ဝေ့ကြည့်တော့ သူတို့ လှည်းနောက်ကို ဟိုနက်ပြာရောင်ကားကြီး လိုက်လာတာ တွေ့လိုက်ရ၏။ သူ့နှုတ်ခမ်းလေးက ပိုမဲ့သလို ပန်းပေါ်က ဆံပင်ရှည်တွေ ယမ်းသွားအောင်လည်း လမ်းက မျက်နှာလေးကို ပိုမော့ပစ်သည်။

“ရတယ် လမ်း ... ကျွန်မ ရှင့်ကို စကားအကုန်ပြောပြီးသားပါ ... ရှင် မကျေနပ်လို့ နှိပ်စက်သမျှ ကျွန်မ ခံမယ် ...”

ဒီလိုပြောတော့လည်း မျက်လုံးလေးဝေ့ကာ ချစ်ခွန်းမျက်နှာလေးကို လမ်း ကြည့်မိသည်။ ရင်ထဲမှာ ချစ်နေရတာကိုသိပေမယ့် ဒီအချစ်တွေကိုတော့ ချစ်ခွန်းသိအောင် လမ်းက ထုတ်မပြချင်၊ ဦးတင်လင်းထွန်းဆိုတဲ့လူကြီး နောင်တ တရားတွေနဲ့ မေမေ့ကို ဒူးထောက် မတောင်းပန်သရွေ့ ဒီပွဲမပြီးနိုင်တာလည်း လမ်းက သိနေသည်။

ခုလည်း ... နေပူထဲမှာ။

“နောင် ... နောင် ...”





“ရေခဲမုန့် ချိုချိုမွှေးမွှေးလေးနော် ...”

“ရေခဲမုန့် ချိုချိုမွှေးမွှေးလေး ...”

ချစ်ခွန်း နဖူးလေးမှာ ချွေးစက်ကလေးများပင် စိုလို့လာခဲ့ရပါပြီ။

ကလေးတချို့ ပြေးလာပြီး လာဝယ်တော့လည်း ချစ်ခွန်းကပဲ မုန့်ကြွပ်ခွက်ကလေးထဲ ခပ်ထည့်ပေးကာ ရောင်းသည်။ တချို့ကလည်း ရေခဲမုန့်ရောင်းနေသည့် ချစ်ခွန်းပုံစံလေးကို တအံ့တသြလေး ငေးကြည့်လို့။

“ဟင် ...”

ဖြစ်ချင်တော့ စောစောက နောက်ကလိုက်လာသည့် နက်ပြာရောင် ကားသစ်ကြီးက ဘယ်ကဘယ်လို ကွေ့ချပျောက်သွားမှန်းမသိဘဲ ပြန်ပေါ်လာတာက မျက်နှာချင်းဆိုင် တည့်တည့်နေရာလေးမှာပဲ ဖြစ်သည်။

ဝေါခနဲ ဂူးခနဲ အနားထိ အသံပေးမောင်းလာခဲ့ပြီး ဒေါသတကြီး ကားဘရိတ်ကို တအားဆောင့်အုပ်ပြီးတော့ ရပ်ချလိုက်တော့မှ ချစ်ခွန်းမျက်တောင်လေး ပင့်ကြည့်ကာ တစ်ကိုယ်လုံး အေးစက်သွားသည်။

“ဘုရားရေ ...”

“အဟွန်း ...”

ဂရုမစိုက်သလို လမ်းက နှုတ်ခမ်းလေးကို မဲ့ပစ်သည်။

ကားတံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး ရှေ့ဆုံးက ဆင်းလာတာ ဦးတင်လင်းထွန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် … မင်းဘာလုပ်တာလဲ … "

ဒေါသတကြီး လမ်းဆီကို ပြေးဝင်လာပြီး ရေခဲမုန့်လှည်းကလေးကို ဦးတင်လင်းထွန်းက ဆောင့်တွန်းပိတ်ကန်သည်။ ပြီးတော့မှ … သူ့သမီး ချစ်ခွန်းလက်ကိုလှမ်းဆွဲ၏။ ချစ်ခွန်း ဟင့်ခနဲ တစ်ချက်ရှိုက်ပြီး ဦးတင်လင်းထွန်း လက်ထဲမှာ လှစ်ခနဲပါသွားသည်။

"ခင်ဗျား … ခင်ဗျား … "

လမ်းမျက်နှာကလေး ချက်ချင်း ရဲတွတ်သွား၏။

"ဟော့ကောင် … မင်းဘာမှ ငါ့ကိုလာမပြောနဲ့၊ မင်း … ငါ့သမီးကို အညှိုးနဲ့နှိပ်စက်နေတာ ငါမခံစားနိုင်တော့လို့ မင်းနောက်ကိုလိုက်လာတာ မင်းတော်တော်မိုက်ရိုင်းတဲ့ကောင် … မင်းတော်တော် အညှိုးအတေးကြီးတဲ့ကောင် … "

"ကိုထွန်း … ရှင်မပြောနဲ့ … "

ဒေါ်ထက်သူဇာက လမ်းနဲ့ယောက်ျားဖြစ်သူကြားမှာ ဝင်ရပ်ရင်း လမ်းဘက်ကို မျက်နှာလှည့်သည်။ လှမ်းကြည့်လိုက်တာလည်း မျက်ဝန်းတွေ တဖျတ်ဖျတ် တောက်လို့ပါ။

"ဟွန်း … မင်းကလည်း မင်းပဲလေ … ခရောင်းလမ်း ချစ်ခွန်းကို မင်းတကယ်ချစ်တာလည်း မဟုတ်ဘဲနဲ့ ခိုးပြေးလက်ထပ်ပြီးမှ ဒီလိုအောက်တန်းကျကျခိုင်းနေတာ မင်းဘက်က အရမ်းလွန်သွားပြီလို့ အန်တီထင်တယ် … "

"ဘာပြောတယ် အန်တီ … လမ်းပေါ်မှာ လက်တွန်းလှည်းကလေးနဲ့ ဒီလိုရေခဲမုန့် လိုက်ရောင်းတာ အောက်တန်းကျတယ်





ဟုတ်လား … ဟား … ဟား … အဲဒါဆို အန်တီယူထားတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးကြီး ဦးတင်လင်းထွန်းကို အန်တီ စော်ကားလိုက်တာပဲ … သူလည်း ငယ်ငယ်တုန်းက လမ်းပေါ်မှာ ဒီလိုလက်တွန်းလှည်းကလေးနဲ့ ရေခဲမုန့်တွန်းရောင်းခဲ့တာလေ အန်တီ … အန်တီပြန်မေးကြည့်လိုက်ပါဦး … "

"ဟော့ကောင် … မင်း … "

"ဟား … ဟား … "

လမ်း အားပါးတရ ရယ်ချလိုက်တာ။ ခါးကလေးကကော့ပြီး မျက်နှာလေးကမော့လို့ပါ။ ဒါကို … ဦးတင်လင်းထွန်းက ကြည့်ပြီး မျက်လုံးပြူးနေသည်။ အသားတွေ တဆတ်ဆတ်တုန်လာတာလည်း ဘယ်လိုမှ ထိန်းလို့မရ။

"မင်းစကားပြောတာ ကြည့်ပြောနော် ဟော့ကောင် … ဟိုတုန်းက အခြေအနေကို ဆွဲထည့်ပြောပြီး ငါ့ကိုသိက္ခာချဖို့ မင်းမကြိုးစားနဲ့၊ လက်ရှိဘဝမှာ ငါဘာကောင်လဲဆိုတာပဲ မင်းသိထားဖို့ အရေးကြီးတယ် … "

"ဟွန်း … ဒီမှာ လက်ရှိဘဝမှာ ခင်ဗျားဟာ ခင်ဗျား မိုးပျံနေအောင်ပဲချမ်းသာ ချမ်းသာ ခရောင်းလမ်းဆိုတဲ့ကောင်က ခင်ဗျားကို ဂရုစိုက်မယ်လို့များထင်နေသလား၊ ကျွန်တော့်အမေလေ … ကျွန်တော့်အမေကို နှလုံးသားတွေ တစစီဖြစ်သွားအောင် ခင်ဗျား နှိပ်စက်ခဲ့တာလေ … ခင်ဗျား သူဌေးကြီးဖြစ်လာတာတောင် ကျွန်တော့်အမေကို ခင်ဗျား တစ်ချက်လေးပြန်လှည့်ကြည့်ခဲ့လို့လား"

"ဟော့ကောင် … ထက်ရှေ့မှာ မဆိုင်တာတွေ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



မပြောနဲ့ ... ”

“ဟား ... ဟား ... ခင်ဗျား တော်တော်တရားကျဖို့ကောင်းတဲ့လူကြီးပဲဗျာ၊ ခင်ဗျားကိုယ်ခင်ဗျား အထက်တန်းစား တက္ကသိုလ်ကျောင်းသားကြီးအိုက်တင်ဖမ်းပြီး အန်တီဒေါ်ထက်သူဇာတို့၊ အန်တီဒေါ်ဝိုင်းချစ်ရင်တို့နဲ့ ဇာတ်လမ်းတွေမွှေရှုတ်နေတဲ့အချိန်မှာ ခင်ဗျားကို ဆယ်တန်းစာမေးပွဲအောင်အောင် ကျူရှင်ထားပေးခဲ့ရတဲ့ အမေ့မှာတော့ တစ်ညလုံးစက်တွေချုပ်ရ၊ စီးကွင့်တွေထိုးရနဲ့ နောက်ကွယ်ကနေ ချစ်သူတစ်ယောက်ရဲ့တာဝန်တွေ ကြေခဲ့ရလွန်းလို့ ဆယ်တန်းစာမေးပွဲမှာ အမေကျကျန်ခဲ့တာ ... ဒါကိုတောင် ဝိုက်ဆံမက်ပြီး ဒေါ်ဝိုင်းချစ်ရင်ကို ခင်ဗျားရက်ရက်စက်စက် လက်ထပ်သွားခဲ့တာ၊ ဒီလိုလူတစ်ယောက်ကို ကျွန်တော်တို့သားအမိနှစ်ယောက်က မေ့သွားလိမ့်မယ်လို့ ခင်ဗျားထင်နေလို့လား ... အခုအဲဒီအကြွေးကို ခင်ဗျားသမီးက ပြန်ဆပ်နေတာ ... ကျွန်တော့်အမေလိုပဲ ရေခဲမုန့်လှည်းကို ခင်ဗျားသမီးတွန်းရမယ် ... စက်ချုပ်စီးကွင့်ထိုးပြီး ကျွန်တော့်အိမ်မှာရှိသမျှအလုပ်တွေအားလုံး ခင်ဗျားသမီးလုပ်ရမယ် ... ”

“အဟင့် ... ဟင့် ... ”

ချစ်ခွန်း ဝမ်းနည်းလွန်းလို့ ရှိုက်ငိုလိုက်မိတာပါ။

“သမီး မငိုနဲ့ ... အဖေ့ကားပေါ် အခုတက်လိုက် ... ”

“ကိုထွန်း ... ”

ဒေါ်ထက်သူဇာ ယောက်ျားကက်ပြန်လှည့်သည်။ ပြောဦးညိုကတော့ မုန်းမပြေနိုင် ပခုံးချင်းယှဉ်ကာ အတူရပ်ရင်း လက်ပိုက်နားထောင်နေသည်။ သူ့မှာတော့ ချစ်ခွန်းအတွက်ပဲ စိတ်မကောင်း





ဖြစ်နေမိတာပါ။

“သား ... လမ်းကလေး ... ”

“ဟင် ... မေမေ ... ”

သတင်းကြားလို့ ဒေါ်စံပယ်ငုံ ဆိုက်ကားတစ်စီးနဲ့ အပြေးအလွှားလိုက်လာခဲ့တာပါ။ လမ်းမှာ ချစ်ခွန်းအဖေနဲ့တွေ့ပြီး ပြဿနာဖြစ်နေကြတယ်ဆိုလို့ မေဖူးစာက အိမ်ကိုအပြေးအလွှားရောက်လာပြီး သတင်းပေးသွားတာလေ။

ဒေါ်စံပယ်ငုံ လိုက်မလာဘဲ နေလို့ရပါတော့မလား။

ခုတော့ ကြည့်ပါဦး ... လမ်းပေါ်မှာ ...

ဦးတင်လင်းထွန်းက ဒေါသနဲ့လက်သီးလက်မောင်းတန်းနေသလို သားကလည်း မကျေချမ်းနိုင်တဲ့မျက်နှာထားလေးနဲ့ အသားလေးတွေကပါ တဆတ်ဆတ်တုန်လို့ပါ။

ဒေါ်စံပယ်ငုံ ဆိုက်ကားပေါ်က ဆင်းတော့ ...

“မေမေ ဘာလို့လိုက်လာတာလဲ ... ”

“သား ... မင်းမပြောနဲ့ မေမေရှင်းမယ် ... ”

ဒေါ်စံပယ်ငုံ ပြတ်ပြတ်သားသားပဲ ဦးတင်လင်းထွန်းရှေ့မှာ ခေါင်းမော့ဝင်ရပ်သည်။ ဒီပြဿနာ စဖြစ်လာကတည်းက တစ်နေ့မှာ ရှင်းရတော့မယ်ဆိုတာ ဒေါ်စံပယ်ငုံ သိပြီးသား။ အခုက ပြဿနာက သူ့သမီးကို သားက ခိုးပြေးလာခဲ့လို့ ဦးတင်လင်းထွန်းက အဆင့်အတန်းတွေခွဲပြီး မတူမတန် ဖြစ်နေရတဲ့ ပြဿနာပါ။

ခုတော့ ... ဒီပြဿနာကို ဒေါ်စံပယ်ငုံ ပြတ်ပြတ်သားသားပဲ ရှင်းရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ကိုထွန်း ... "

ဒေါ်စံပယ်ငုံက ဦးတင်လင်းထွန်းကို ဟိုတုန်းကတည်းက ကိုထွန်းလို့ပဲ ခေါ်ခဲ့တာဖြစ်သည်။ ဒေါ်စံပယ်ငုံကိုတော့ ဦးတင်လင်းထွန်းက မျက်မှောင်ကလေးကုတ်ပြီး မဝံ့မရဲဟန်ကလေးဖြင့်လှမ်းကြည့်ကာ မျက်နှာကို ချက်ချင်းပြန်လွှဲသွားသည်။

"ရှင် ... အခုဖြစ်နေတာ ရှင့်သမီးကို ကျွန်မသားနဲ့သဘောမတူနိုင် ဖြစ်နေတာလား၊ ချမ်းသာတဲ့ကုမ္ပဏီပိုင်ရှင် သူဌေးသားနဲ့ ပေးစားလိုက်ရမှ ရှင့်ဘဝကြီးက အသေဖြောင့်သွားမှာလားဟင် ကိုထွန်း ... ရှင် ... ကျွန်မကို ပြောလေ ... "

ဦးတင်လင်းထွန်း မဖြေနိုင်သလို မကြည်မလင်မျက်နှာထားနဲ့လည်း နှုတ်ခမ်းကို တင်းတင်းမှေ့သည်။

"ဒီမှာ စံပယ်ငုံ ... မဆိုင်တာတွေ မင်းလျှောက်မပြောနဲ့ ငါ အခုလိုဖြစ်နေတာ ငါ့သမီးကို ဒီကောင်နှိပ်စက်နေတာကို မခံမရပ်နိုင်ဖြစ်နေတာ၊ အခုလည်း မင်းကြည့်စမ်း ... လမ်းပေါ်မှာ ဒီရေခဲမုန့်လှည်းစုတ်လှည်းပြတ်ကို လိုက်တွန်းခိုင်းနေတာ ... "

"ဟာ ... ကိုထွန်း ... ရှင်မေ့နေပြီလား၊ ဒီလှည်းက ရှင်ထားခဲ့တဲ့လှည်းလေ၊ ဆေးရောင်ကလေးပြောင်းသွားလို့ အသစ်လိုဖြစ်နေပေမယ့် သူဌေးသမီးကို ရှင်ကော့နေအောင် လက်ထပ်ယူသွားတုန်းက ရှင်ထားခဲ့တဲ့ လှည်းဟောင်းကလေးဆိုတာ ရှင်နည်းနည်းလေးတောင် သတိမရတော့ဘူးလား ... ဟား ... ဟား ... ရှင် ရှင် ဘဝမေ့လိုက်တာ ကိုထွန်းရယ် ... "

"မင်း ... မင်းက ဒီလှည်းလေးကို ခုထိ သိမ်းထားတယ်





ဟုတ်လား ... "

"ဟား ... ဟား ... "

ဒေါ်စံပယ်ငုံ ရယ်ချနေတာ မျက်နှာဝင်းဝင်းလေးကို တင်းတင်းလေးမှေ့လို့ပါ။ ဦးတင်လင်းထွန်း အပါအဝင်ဘယ်သူ့ကိုမှ ထီမထင်သလို ခပ်လျောင်လျောင် ခပ်ပေ့ါပေ့ါလေးရယ်ချနေတဲ့ အသံမျိုး။

အားရအောင်ရယ်လိုက်ပြီးတော့မှ ကိုယ်ကလေးကို တစ်ပတ်လှည့်ကာ ဒေါ်ထက်သူဇာကိုပါ မျက်နှာချင်းဆိုင်သည်။

"ကျွန်မပြောနေတာ ရှင်လည်းကြားပါတယ်နော် ဒေါ်ထက်သူဇာ ... ပွင့်ပွင့်လင်းလင်းဆွေးနွေးမှ ရတော့မယ့်နေ့မို့ ကျွန်မပွင့်ပွင့်လင်းလင်းပဲပြောနေတာ၊ ရှင်တို့အားလုံးဟာ စည်းစိမ်ချမ်းသာနဲ့ ဂုဏ်ပကာသနတွေကို တအားမက်လို့ ကျွန်မ အရမ်းအံ့ဩနေခဲ့တာ၊ ကျွန်မသားလေးကို လှည်းကလေးတွန်းပြီး ရေခဲမုန့်လိုက်ရောင်းရတယ်ဆိုတဲ့ အဆင့်အတန်းခွဲတဲ့ လေသံကြီးနဲ့လိုက်ပြီး မတူမတန်သလို အားလုံးက ဆက်ဆံနေကြတာ၊ ဟား ... ဟား ... ဟိုမှာ ရှင်တို့ကြည့်လိုက်ကြ၊ အခု ... ကျွန်မတို့ နောက်ကိုကားနဲ့လိုက်လာတာ ဘယ်သူလဲဆိုတာ ရှင်တို့ကြည့်လိုက်ကြ၊ အဲဒါ ... ချစ်ခွန်းရဲ့အမွေထိန်း ဗဟိုတရားရုံးရှေ့နေကြီး ဦးမင်းတည်ကြည်ပဲ"

"ဟာ ... အန်ကယ် ... "

ဦးမင်းတည်ကြည်ကိုမြင်တော့ ပြေဦးညိုပင် အံ့ဩမျှင်သက်မိကာ မျက်နှာကပါ ပျက်သွားရလျှက်။ ဦးမင်းတည်ကြည်ကတော့ လမ်းပေါ်က လူအုပ်ရှိရာကို တည်တည်ငြိမ်ငြိမ်ပဲ လျှောက်လာနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်းဟာ ဒီဇာတ်တရားရုံးရှေ့နေကြီးနဲ့သိတယ် ဟုတ်လား စံပယ်ငုံ ... ဒီရှေ့နေကြီးဟာ မင်းနဲ့ဘယ်လိုပတ်သက် နေခဲ့တာလဲ ... မင်း ... မင်း ... "

"အဲဒါ ... ကျွန်တော် ရှင်းပြမယ်လေ ဦးတင်လင်းထွန်း၊ ကျွန်တော် အခုရှင်းပြမယ့်စကားတွေကို ပါဝင်ပတ်သက်သူတွေ အားလုံး တည်တည်ငြိမ်ငြိမ်ကလေးနဲ့ စိတ်လျှော့ပြီး နားထောင်ပေး ပါလို့၊ အားလုံးကို ကျွန်တော် မေတ္တာရပ်ခံပါတယ်၊ ပြောရမယ်ဆိုရင် ကျွန်တော်ဟာ ကွယ်လွန်သူ ဒေါ်ဝိုင်းချစ်ရင်ရဲ့ဆန္ဒနဲ့ ဒီပြဿနာတွေ အားလုံးကို နှစ်ပေါင်းနှစ်ဆယ်ကျော် ကိုင်တွယ်ဖြေရှင်းလာခဲ့ရတာ ပါ။ ကဲ ... အားလုံးပဲ ကျွန်တော်ပြောမယ့်စကားကို နားထောင်ပေး ကြပါ ခင်ဗျာ ... "

ဦးမင်းတည်ကြည်က အားလုံးကို မေတ္တာရပ်ခံပြီးတော့မှ အသံဩဇာပါပါနဲ့ အားလုံးနားလည်အောင် တဆင့်ချင်း ရှင်းပြသည်။

ဒီလိုရှင်းပြတော့ ဘယ်သူမှ မျက်တောင်မခတ်နိုင်တော့ သလို ရင်ခုန်သံတွေကပါ မြန်လာခဲ့ကြပြီ။

"ဒီဇာတ်လမ်းကိုစခဲ့တာ ဒေါ်ဝိုင်းချစ်ရင် အိမ်ထောင်မပြုခင် အပျိုအရွယ်ဘဝကတည်းက စခဲ့တာပါ၊ တကယ်တမ်းကျတော့ တစ် ဦးတည်းသော သမီးဖြစ်တဲ့ ဒေါ်ဝိုင်းချစ်ရင်ဟာ အမွေတွေသိန်း ပေါင်းသောင်းချီပြီးတော့ ရထားခဲ့သလို ဒီအမွေတွေကိုလည်း အပျို ဘဝကတည်းက ပေးသင့်ပေးထိုက်တဲ့သူကို လွှဲပေးထားခဲ့တာ၊ ဒီလို လွှဲပေးခဲ့တဲ့ငွေတွေကိုလည်း မောင်ပြေဦးညိုတို့ ဖခင်ပိုင်တဲ့ ကုမ္ပဏီ မှာ ရှယ်ယာငွေတွေထည့်ပြီး စီးပွားရေးတွေ ထူထောင်ပေးခဲ့လို့ အခု ဆိုရင် ရှယ်ယာအများဆုံးပိုင်တဲ့ ကုမ္ပဏီဥက္ကဋ္ဌရာထူးနေရာကိုတောင်





ဒေါ်ဝိုင်းချစ်ရင်လွှဲပေးခဲ့သူက ရခဲ့တာ ... ကျွန်တော်က အဓိကသက် သေပါပဲ၊ ကဲ ... မောင်ပြေဦးညို အန်ကယ်ပြောတာ ဟုတ်တယ် နော် ... "

"ဟုတ် ... ဟုတ်ပါတယ် အန်ကယ် ... "

"ကျွန်တော် ဒီလိုပြောတော့ အားလုံးကထင်ကြမှာပေါ့၊ ဒီ ငွေတွေဟာ ဒေါ်ဝိုင်းချစ်ရင်ရဲ့ တစ်ဦးတည်းသောသမီးလေး ချစ်ခွန်းခ ပိုင်တဲ့ ငွေတွေပဲဖြစ်မှာပဲလို့ ... အဲဒါမဟုတ်ပါဘူး ... ဒေါ်ဝိုင်းချစ် ရင် ချစ်ခွန်းကို လွှဲပေးခဲ့တာ သူမသေခင်ကတည်းက ဦးတင်လင်း ထွန်းနဲ့ ကွာရှင်းစာချုပ်မှာ အပြီးအပြတ်လက်မှတ်ရေးထိုးပြီး ကုမ္ပဏီ နဲ့ ကုမ္ပဏီမှာ လည်ပတ်နေတဲ့ငွေကြေးတွေကိုသာ ဦးတင်လင်း ထွန်းရဲ့ ခံစားရပိုင်ခွင့်အဖြစ် နှစ်ဦးသဘောတူ ခွဲခြမ်းစိတ်ဖြာပေးအပ် သွားခဲ့တာပါ ... အဲဒီအချိန်ကတည်းက သမီးလေးချစ်ခွန်းရဲ့အမွေ ခွဲဝေစုဟာ လက်ရှိနေတဲ့ခြံနဲ့တိုက်အပြင် ပြင်ဦးလွင် အနီးစခန်းက ကော်ဖီခြံ၊ ချောင်းသာကမ်းခြေက ဟိုတယ်၊ ဖားကန့်က ကျောက် မိမ်းတူးဖော်ရေးကုမ္ပဏီနဲ့ မန္တလေး ရှစ်ဆယ့်နှစ်လမ်းပေါ်က ကြယ် သုံးပွင့်ဟိုတယ်နဲ့ ဘဏ်အပ်ငွေသား သိန်းတစ်သောင်း ရှစ်ထောင့် ကိုးရာ ကိုးဆယ့်ရှစ်သိန်းတိတိကို ချစ်ခွန်းက အမွေဆက်ခံသွားရမှာ ပါ၊ ဒါကလည်း ချစ်ခွန်းအိမ်ထောင်ကျမှ ရမယ့်အမွေပါ၊ ဟော ... အခုတော့ တိုက်တိုက်ဆိုင်ဆိုင် ချစ်ခွန်း အိမ်ထောင်ကျခဲ့တာလည်း ဟောဒီက ကျွန်တော့်အမူသည်မိတ်ဆွေကြီး ဒေါ်စံပယ်ငုံရဲ့သားနဲ့ အိမ်ထောင်ကျခဲ့တာဆိုတော့ ကံကြမ္မာကပဲ ဆန်းကြယ်တယ်ပြော ရမလား၊ ကုသိုလ်ကံတရားကပဲ မျက်နှာလိုက်သလားဆိုတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုမှ ဝေခွဲလို့မရတော့လောက်အောင် ကျွန်တော် ခံစားလိုက်ရပါတယ် ... အဲဒါကတော့ ..."

ဦးမင်းတည်ကြည်က အားလုံးရဲ့မျက်နှာတွေကို တစ်ချက်လှမ်းကြည့်ကာ ပြုံးလိုက်ပြီးတော့မှ ...

"တခြားတော့ မဟုတ်ပါဘူး"

ဦးမင်းတည်ကြည်အကြည့်က နောက်ဆုံးမှာတော့ ခေါင်းငုံ့နားထောင်နေသည့် ဒေါ်စံပယ်ငုံမျက်နှာဆီမှာ ရပ်တန့်ငြိမ်သက်သွားသည်။

"ဒီနေ့ ဒီနေရာမှာ ကျွန်တော်အဓိက ပြောချင်တာက ကျွန်တော်တို့အားလုံးရှေ့မှာ တည်တည်ငြိမ်ငြိမ်ကလေးနဲ့ ခေါင်းငုံ့ပြီး ရပ်နားထောင်နေတဲ့ ဒေါ်စံပယ်ငုံနဲ့ ပတ်သက်နေတဲ့အကြောင်းအရာတွေပါပဲ"

"အဟွန်း ... ကျွန်မကို တစ်ခုလောက်တော့ ဆွေးနွေးခွင့်ပြုပါ ... ရှေ့နေကြီး ... ကျွန်မ မရှင်းတာလေးတစ်ခုကို ဆွေးနွေးမေးမြန်းချင်လို့ပါ ..."

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ရှေ့တက်လာတာ ဒေါ်ထက်သူဇာပါ။

"ဟုတ် ... မေးပါ ဒေါ်ထက်သူဇာ ... အားလုံးမကြေလည်တာတွေရှိရင် ကြိုက်တဲ့ရှုထောင့်ကနေ လွတ်လပ်စွာ မေးမြန်းနိုင်ပါတယ်"

"ကျွန်မ မရှင်းတာက ကိုထွန်းရတဲ့လင်ခန်း မယားခန်းပြတ်စဲကြောင်းအမွေခွဲစာချုပ်အရ ချစ်ခွန်းရတဲ့ ဟိုတယ်တွေ၊ ကော်ဖီခြံတွေ ကုမ္ပဏီတွေကို လင်ယောကျ်ားဖြစ်တဲ့ကိုထွန်းက ဘာလို့မရ





ခဲ့တာလဲ ... မယားပိုင်ပစ္စည်းကို လင်က တစ်ဝက်တိတိ ခွဲခွင့်မရှိဘူးလား။ မတရားလုပ်ရင်တော့ ဥပဒေအရ ကျွန်မတို့က ဆက်ပြီးတော့ ရင်ဆိုင်မှာနော်၊ အဲဒါ ... ရှေ့နေကြီးကို အပွင့်လင်းဆုံး ပြတ်ပြတ်သားသား ကျွန်မတင်ပြတာ ..."

ဒေါ်ထက်သူဇာ ဒီလိုပြောတော့ ဦးတင်လင်းထွန်းက မျက်လုံးတွေကျယ်ကာ အားတက်သွားသလို မှုန်းမပြောကလည်း မျက်နှာထားက နှစ်ဆတင်းသွားသည်။ ဗဟိုတရားရုံးရှေ့နေကြီး ဦးမင်းတည်ကြည်ကတော့ ခပ်ပြုံးပြုံးလေးပဲပေါ့။

"ဟုတ်ကဲ့ ဒေါ်ထက်သူဇာက ပွင့်ပွင့်လင်းလင်းနဲ့ပြတ်ပြတ်သားသား မေးလာပြီဆိုတော့ ဥပဒေအရပဲ ကျွန်တော်က ပွင့်ပွင့်လင်းလင်းနဲ့ပြတ်ပြတ်သားသားပဲ ပြန်ဖြေရတော့မှာပေါ့ ... အဲဒီအမွေဆိုင်ပစ္စည်းတွေက ဦးတင်လင်းထွန်းနဲ့ဒေါ်ဝိုင်းချစ်ရင်တို့ရဲ့ လက်ထပ်ပွား မဟုတ်ပါဘူး ... လက်ထပ်ပွားမဟုတ်တဲ့ပစ္စည်းတစ်ခုကို ဦးတင်လင်းထွန်းဘက်က တရားစွဲတောင်းဆိုပိုင်ခွင့်မရှိပါဘူး၊ ရှင်းအောင်ထပ်ပြောရဦးမယ်ဆိုရင် ဦးတင်လင်းထွန်းနဲ့ဒေါ်ဝိုင်းချစ်ရင် အိမ်ထောင်ကျခဲ့တဲ့သက်တမ်းတစ်လျှောက်လုံးမှာ ဘယ်လိုစည်းစိမ်ချမ်းသာမျိုးကိုမှ တိုးပွားလာအောင် ဦးတင်လင်းထွန်းက မစွမ်းဆောင်နိုင်ခဲ့ပါဘူး၊ အခု ... ကုမ္ပဏီနဲ့လည်ပတ်နေတဲ့ ကုမ္ပဏီပိုင်ငွေတွေ ဦးတင်လင်းထွန်းရခဲ့တယ်ဆိုတာ ဒေါ်ဝိုင်းချစ်ရင်ရဲ့ ဆန္ဒသဘောထားနဲ့အညီ ရသင့်ရထိုက်တာကို ဦးတင်လင်းထွန်းက ရခဲ့တာပါ ..."

"ဒါ ... ဒါဆို ကျွန်မတို့သားအမိက ဒီအတိုင်း ... အဟင့်"

ဦးတင်လင်းထွန်းကုမ္ပဏီကလည်း အရှုံးတွေပြပြီး ခေါ်လိ



www.burmeseclassic.com

www.burmeseclassic.com



ခံရတော့မယ်ဆိုတာသိနေတဲ့ ဒေါ်ထက်သူဇာစိတ်တွေ ကယောက် ကယက်ဖြစ်လာကာ ငိုမဲ့မဲ့လေးတောင် ဖြစ်သွားခဲ့ရပြီ။ ဦးမင်းတည် ကြည်ကတော့ပြုံးရင်း ခေါင်းကလေးကိုပဲ ဖြည်းဖြည်းခါယမ်းကာ။

"စိတ်မကောင်းပါဘူး ဒေါ်ထက်သူဇာ ... ရှေးဟောင်းဂရိ လူမျိုးတွေထဲမှာ စကားပုံတစ်ခုရှိပါတယ်၊ အဲဒါဟာ ဘာလဲဆိုတော့ ဘယ်လောက်အစွမ်းအစရှိတဲ့ သူရဲကောင်းကြီးပဲဖြစ်ပါစေတဲ့ မြို့တွေ ရွာတွေ နိုင်ငံတွေကို ဘယ်လိုပဲသိမ်းသိမ်း နောက်ဆုံးတစ်နေ့မှာ ကံကြမ္မာရဲ့အဆုံးအဖြတ်ကိုပဲ ဒူးထောက်နာခံလိုက်ရတာတဲ့၊ မှတ် သားဖို့ကောင်းသလို၊ သံဝေဂတရားနဲ့ ဆင်ခြင်ယူနိုင်ဖို့လည်း ကောင်းပါတယ်၊ အဲဒါကြောင့်မို့ ... ဒေါ်ထက်သူဇာ တရားနဲ့ပဲဖြေပါ"

"အဟင့် ... ဒုက္ခပါပဲ ရှေ့နေကြီးပြောတာနဲ့ သားအမိနှစ် ယောက်စလုံး ရာသက်ပန်တရားစခန်း ဝင်ရတော့မလိုတောင်ဖြစ် နေပြီ"

"ဟင့်အင်း ... ဟင့်အင်း ... ဝင်ရင် မေမေပဲဝင်၊ သမီး မဝင်ဘူး"

"မုန်းမပြေ ... ညည်းဘာမှမသိဘဲနဲ့ ဝင်ပြောမနေနဲ့၊ ဒါတွေ အားလုံးဖြစ်တာ ညည်းမကောင်းလို့ဖြစ်ကုန်တာ၊ ညည်း ... ညည်း က နောက်ဆုံးပေါ်ကားကြီးကို ဗိမ်နဲ့စီးချင်တယ်ဆိုလို့ ... "

"ဟာ ... မေမေနော် ... "

ကဲ ... အဲဒါပဲကြည့်တော့။

ဘယ်လောက်တရားကျဖို့ကောင်းတဲ့ သားအမိနှစ်ယောက် လည်းဆိုတာ။ အရှက်လည်းမရှိ၊ သိက္ခာလည်းမရှိ၊ ငွေမက်လို့အဖြေ ခက်နေတာလေ။ ပြီးတော့လည်း သူတစ်ပါးမနာလို ကိုယ်အကျိုး





မရှိဆိုတာ ဒီသားအမိတွေ မသိကြတော့ဘူးလား။

"ကဲပါ ... ကဲပါ ... ကျွန်တော်အခု အမိကပြောချင်တဲ့ နောက်ဆုံးအပိုင်းလေးကိုပဲ ဆက်ပြီးတော့ နားထောင်ပေးကြပါ၊ စောစောက ကျွန်တော်ပြောနေတဲ့ ဒေါ်စံပယ်ငုံနဲ့ပတ်သက်နေတဲ့ အပိုင်းလေ ... ဟုတ်ပြီနော် ... ခဏလေး ... ခဏလေး ... "

လှုပ်လှုပ်ရှားရှားဖြစ်သွားတဲ့ သားအမိနှစ်ယောက်ကို လက် ကာတားရင်း ဦးမင်းတည်ကြည်က မေတ္တာရပ်ခံသည်။

"အဲဒါက ဒီဇာတ်လမ်းမှာ သိပ်ကိုအရေးကြီးတဲ့အပိုင်းဖြစ်နေ လို့ပါ၊ ဒီလိုပါ ... စောစောက ကျွန်တော်ရှင်းပြထားတဲ့စကားထဲမှာ ပါသွားခဲ့သလို ဒေါ်ပိုင်းချစ်ရင်ရဲ့ဆန္ဒအရ ကုမ္ပဏီမှာ ရှယ်ယာတွေ ထည့်ဝင်ခဲ့တယ်ဆိုတာ၊ အဲဒါ ... တခြားသူတော့မဟုတ်ပါဘူး၊ ဦးတင်လင်းထွန်းနဲ့ဒေါ်ပိုင်းချစ်ရင် နှစ်ဦးသဘောတူလက်ထပ်ကာ နီးမှာ ဦးတင်လင်းထွန်းကို စက်ကလေးချုပ် စီးကွင့်လေးထိုး၊ ရေခဲ မုန့်လည်းကလေးတွန်းရောင်းနဲ့ အနစ်နာခံ အပင်ပန်းခံ အဆင်းရဲခံ ခဲ့တဲ့ ဒေါ်စံပယ်ငုံအကြောင်းတွေကို သိသွားခဲ့လို့ ဒေါ်စံပယ်ငုံရဲ့ဘဝ နောင်ရေးအတွက် ဒေါ်ပိုင်းချစ်ရင်ကိုယ်တိုင် ထည့်ပေးသွားတဲ့ အစု ရှယ်ယာငွေတွေဖြစ်နေတာပါပဲ ... "

"ဘာ ... ဘာပြောတယ် ရှေ့နေကြီး ... "

"ဒေါ်စံပယ်ငုံအတွက် ပိုင်း ... ပိုင်းချစ်ရင်က ... "

ဒေါ်ထက်သူဇာ ပါးစပ်အဟောင်းသားပွင့်လျှက်။

ဒီအကြောင်းတွေကို မသိခဲ့တဲ့ ဦးတင်လင်းထွန်းကိုယ်တိုင် ပင် အံ့သြစိတ်ရှုပ်ထွေးပြီး အသက်ရှုရပ်သွားခဲ့သလို ဖြစ်နေခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဒေါ်ထက်သူဇာ ... သူများချစ်သူကို လုယူသလိုဖြစ်ခဲ့လို့ ဒေါ်ဝိုင်းချစ်ရင်ကိုယ်တိုင် ကျွန်တော်နဲ့တိုင်ပင်ပြီး ထည့်ပေးသွားတဲ့ အစုရှယ်ယာငွေစုစုပေါင်းက လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်လောက်ကတည်းက သိန်းငါးထောင် ..."

"ဘုရားရေ ... သိန်းငါးထောင် ..."

ဒေါ်ထက်သူဇာ လဲခွေကျသွားတော့မတတ်။

မုန်းမပြေ ... အသားတွေပါ တဆတ်ဆတ်တုန်လာသည်။

ဒေါ်သလား မခံချင်စိတ်လားမသိသည့် ခံစားချက်တွေက နှလုံးသားထဲမှာ မီးလောင်တိုက်သွင်းချပစ်လိုက်သလို။

"အဲဒါ ... ဒေါ်ဝိုင်းချစ်ရင်ရဲ့ မိန်းကလေးချင်း ကိုယ်ချင်းစာတတ်တဲ့ အသည်းနှလုံးထဲက ခံစားချက်ကို သက်သေပြသွားခဲ့တာပါ။ အဟွန်း ... ဒီဇာတ်လမ်းမှာ ပိုပြီးတော့ အံ့ဩဖို့ကောင်းတာက ဒေါ်စံပယ်ငုံကပါ ချစ်သူကို အဆုံးရှုံးခံလိုက်ရလို့ရခဲ့တဲ့ လျော်ကြေးငွေကို ဒီနေ့အထိ တပြားတချပ်မှ လက်ခံယူခဲ့တာမရှိခဲ့ပါဘူး၊ မာနနဲ့ ရပ်တည်ခဲ့တယ်၊ မာနနဲ့ယောကျ်ားတစ်ယောက်ကို လက်ထပ်ယူခဲ့တယ်၊ ဟော ... ခရောင်းလမ်းဆိုတဲ့ သားလေးတစ်ယောက်ကို မွေးခဲ့ပြန်တော့လည်း မာနနဲ့ပဲ ချစ်သူဟောင်းက စွန့်ခွာထားခဲ့တဲ့ ရေခဲမုန့်လှည်းဟောင်းကလေးကိုတွန်းပြီး သားကလေးကို ကျောင်းထား၊ ဘဝကိုရုန်းကန် အိမ်ဆိုင်ကလေးဖွင့်၊ အအေးဆိုင်ကလေးဖွင့်နဲ့ ရှင်းရှင်းဖြတ်ပြတ်ရပ်တည်လာခဲ့တာ ရှယ်ယာအမြတ်တွေခွဲပေးတော့လည်း လက်မခံ၊ ကိုယ်တိုင်ကျတော့လည်း အဆင်းရဲခံ၊ အပင်ပန်းခံ၊ ဟော ... ဒေါ်စံပယ်ငုံက မာနကြောင့် လက်ခံမယူခဲ့ပေမယ့်





စာချုပ်ပါ ကတိကဝတ်များအရ ဒေါ်စံပယ်ငုံရဲ့သားဖြစ်သူ မောင်ခရောင်းလမ်းနဲ့သူ့အိမ်ထောင်ရှင် မိန်းကလေးကို ဒေါ်ဝိုင်းချစ်ရင်ရဲ့ ဆန္ဒအရ စာချုပ်ပါ ကတိကဝတ်အတိုင်း ကုမ္ပဏီရဲ့ ရှယ်ယာတွေ အားလုံးကို လွှဲပေးရတော့မှာပါ ..."

"ဘယ်လောက် ... ဘယ်လောက်တောင် လွှဲပေးရမှာလဲ ရှေ့နေကြီး ..."

"သိန်းပေါင်း ခြောက်သောင်းကျော် ..."

"ဘုရားရေ ..."

ဒေါ်ထက်သူဇာ ရင်ဘတ်ကိုဖိလိုက်ပြီ။

ဦးတင်လင်းထွန်း စိတ်တွေကယောင်ချောက်ချားဖြစ်လျှက်။

လမ်းကတော့ ရှေ့နေကြီးပြောနေသည့် စကားတွေကို ဆက်ပြီးတော့ နားမထောင်ချင်တော့တာမို့ ...

"ကဲ ... ချစ်ခွန်း ရှေ့နေကြီးပြောတာကို နင်သဘောပေါက်တယ်နော်၊ ငါ ... ဒီနေ့အထိ နင့်အသားကိုမထိခဲ့တာ ချစ်ခဲ့ရတဲ့ ငါ့မာနကို အောက်ကျမခံနိုင်လို့ နင့်အသားကို မထိခဲ့တာ၊ အခု ... နင် ကိုပြေဦးညိုကို လက်ထပ်မယ်လို့ ခေါင်းညိတ်ကတိပေးခဲ့တယ် မို့လား၊ ရပါတယ် ... နင် ငါ့ကိုမေ့လိုက်၊ နင့်အမေ ဒေါ်ဝိုင်းချစ်ရင်ရဲ့ဖြူစင်မွန်မြတ်တဲ့ စိတ်ဓာတ်ကို ငါလေးစားပေမယ့် ဒီငွေတိုင်ငါ မလိုချင်ပါဘူး၊ နင်တို့နှစ်ယောက်လက်ထပ်တဲ့နေ့ကျရင် အမွေထိန်းရှေ့နေကြီး ဦးမင်းတည်ကြည်ရှေ့မှာ ငါကိုယ်တိုင် နင်တို့နှစ်ယောက်ကို လက်ဖွဲ့အဖြစ် ပေးခဲ့ကြောင်း လက်မှတ်ထိုးသွားမယ်၊ ငါက လမ်းပေါ်မှာ ရေခဲမုန့်လှည်းကလေးတွန်းပြီး ရောင်းရတဲ့ကောင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ငါသွားတော့မယ် ..."

"ဟာ ... လမ်း ..."

ပထမတော့ လမ်းပြောသွားတာ နားထောင်ပြီး ချစ်ခွန်း ကြောင်နေသေးသည်။ ကြည့်လိုက်တော့ ... ဒေါ်စံပယ်ငုံရော လမ်းပါ ရေခဲမုန့်လှည်းကလေးကိုတွန်းပြီး ခပ်လှမ်းလှမ်းကိုပင် ရောက်သွားခဲ့ကြပြီ။

တကယ်မာနကြီးတဲ့ သားအမိနှစ်ယောက်။

ကြည့်ပါဦး ... ပြောသွားလိုက်တာ။

ကမ္ဘာကြီးမှာ ရှယ်ယာတွေအများဆုံး ပိုင်ဆိုင်နေတာတောင် အဲဒါတွေအားလုံးကို လက်ဖွဲ့ပေးလိုက်မယ်တဲ့။

ရမလား ... လမ်း ဒီလိုအနိုင်နဲ့ပိုင်းသွားလို့ ဖြစ်မလား။

"လမ်း ..."

အော်လည်း အော်သည်။

ကျစ်ဆံမြီးရှည်လေးနှစ်ဖက် ဘယ်ညာယမ်းခါနေအောင်လည်း ချစ်ခွန်း ပြေးလိုက်သည်။

"လမ်း ... နေဦးနော် ..."

ချစ်ခွန်းက အော်ပေမယ့် လမ်းက လှည့်မကြည့်ပါ။

"အဲဒီလှည်းကို ကျွန်မပဲတွန်းမယ် ..."

ချစ်ခွန်း လှည်းကို ခပ်တည်တည်ပဲ ဝင်တွန်းသည်။

"ဟာ ... မင်းဘယ်လိုဖြစ်နေတာလဲ ချစ်ခွန်း ..."

"ရှင် မပြောနဲ့ ... ဒီလှည်းဟာ ကျွန်မအဖေ ငယ်ငယ်တုန်းက ပိုင်ခဲ့တဲ့လှည်း။ ကိုယ့်အဖေပိုင်တဲ့လှည်းကို ကျွန်မတွန်းမယ် ဘာဖြစ်လဲ ..."





ချစ်ခွန်း ရယ်ချင်ပေမယ့် မရယ်ဘဲ သူ့ကို ဂျစ်တစ်တစ်လေးနဲ့ အချက်ကျကျပဲ ပြန်စွာပေးလိုက်သည်။

"ကဲ ... တွန်းလည်းတွန်းမယ်၊ ဟောဒီလိုလည်း မောင်းလေးထုပြီး အော်ပစ်လိုက်ဦးမယ် ..."

"နောင် ... နောင် ... နောင် ..."

"အမလေးကွာ ..."

ချစ်ခွန်း ထုပစ်လိုက်တာ ...

သုံးလေးငါးချက်ကြီးများတောင် ဆက်တိုက်ကြီး။

အော်လိုက်တာလည်း မျက်နှာလေးကိုမော့လို့။

"ရေခဲမုန့် ချိုချိုမွှေးမွှေး ရမယ်နော်"

"ရေခဲမုန့် ချိုချိုမွှေးမွှေးလေး ..."

"အဟင်း ... ဟင်း ..."

နှုတ်ခမ်းလေးကိုမဲ့ပြီးတော့လည်း ချစ်ခွန်း ပြုံးသည်။

"မင်း ... မင်း ငါ့နောက်ကို လိုက်လာပြီး ပြဿနာရှာဖို့တော့ မစဉ်းစားနဲ့နော် ... မင်းအဖေတွေရော မင်းရဲ့ပတ်သက်ဆက်နွယ်နေသမျှလူတွေအားလုံးရှေ့မှာ ငါအတိအကျကြေငြာပြီးတော့မှ ထွက်လာတာ ... မင်း ငါ့ကို မချစ်ဘူးမို့လား ... မင်းကြိုက်တဲ့ကောင်ကို အချိန်မရွေး လက်ထပ်လိုက်၊ ငါ့ဘက်က လုံးဝကြေအေးသယ် ..."

"ရှင် ... ရှင် ... မရှုပ်နဲ့နော် ..."

"အို ... ငါဘယ်မှာ ရှုပ်လို့လဲ ..."

"ကျွန်မ တကယ်ချစ်ခဲ့တာ ရေခဲမုန့်လှည်းကလေးကို တွန်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရောင်းနေတဲ့ ဆံပင်ရှည်ရှည် အသားဖြူဖြူလေးနဲ့ကောင်လေးကိုပဲ ချစ်ခဲ့တာ၊ ဘုရားလည်းသိတယ် ... နတ်တွေ သိကြားတွေလည်း အကုန်သိတယ်"

"အေး ... သူတို့သိပေမယ့် ငါမသိဘူးဆိုရင် မင်းဘယ်လိုလုပ်မလဲ"

"အို ... သိအောင် အိမ်ရောက်မှ ကျွန်မသက်သေပြမှာပေါ့"

"ဘာပြောတယ် ... "

ခုထိလည်း လမ်းမျက်နှာထားလေးက မာနေဆဲ။

"ကျွန်မပြောလိုက်တာ ရှင်းရှင်းလေးပဲလေ လမ်း ... "

နှစ်ယောက်က စကားများနေကြတော့ အန်တီဒေါ်စံပယ်က ရှေ့ရောက်အောင် တစ်ယောက်တည်းဆက်လျှောက်သွားခဲ့ပြီ။

"ဒီမှာ ... မင်းဘယ်လိုပဲ သက်သေပြပြ ငါက ယုံမယ်များထင်နေသလား၊ မင်းတို့ အခုခေတ် မိန်းကလေးတွေကိုကြည့်လိုက်ရင် ကိုရီးယားမင်းသားအထာနဲ့လာတဲ့ ကောင်ကိုမှ ချောတယ် မိုက်တယ်ထင်နေကြတာ၊ ငါတို့လို လမ်းပေါ်က ကောင်တွေကျတော့ မယုံရတာနဲ့ အရွဲ့တိုက်ရတာနဲ့ ညအိပ်တော့လည်း ခုတင်အောက်မှာ ဆင်းအိပ်လို့အိပ်နဲ့၊ ဟွန်း ... ဒီကကောင်ကလည်း အဲဒီမျိုးကို အရှုံးပေး အညံ့ခံသွားမယ်ထင်နေသလား၊ ပိုက်ဆံတွေ အကုန်ပေး လက်ဖွဲ့တာတောင် မကျေနပ်သေးဘူးဆိုရင် အသည်းနှလုံးကိုဆွဲထုတ်ပြီးတော့တောင် လက်ဖွဲ့ပစ်လိုက်ဦးမယ်"

"ဘာ ... ဘာပြောတယ်"

"ဟမ် ... "





ပြောရင်းနဲ့ မှားသွားတာ လမ်းလေ။

တကယ်တမ်းကျတော့ လမ်းကိုယ်တိုင်လည်း ဟန်မဆောင်နိုင်။

"ရှင် ... ရှင်က ကျွန်မကို အသည်းနှလုံးကိုတောင် ဆွဲထုတ်ပြီး လက်ဖွဲ့ဦးမယ် ဟုတ်လား ... ဟင်း ဟင်း ... ဒါဆိုရှင်က ကျွန်မကို တကယ်ချစ်ခဲ့တာပေါ့၊ အင်းလေ ... ပြောတော့လည်း ယုံလိုက်ရတော့မှာပေါ့၊ အခု ... ရှင့်နောက်ကို ကျွန်မ ပြေးလိုက်လာတော့ ဟိုသားအမိနှစ်ယောက် ငိုပြီးတော့ကျန်ခဲ့တယ်"

"ငါစိတ်မဝင်စားဘူး ... မနာလိုစိတ်များတဲ့လူတွေရဲ့ ဇာတ်သိမ်းခန်းက အဲဒါပဲ ... "

"ကဲ ... ဒါဆို ကျွန်မပါ လိုက်မလာဘူးဆိုရင်ရော ... "

"အို ... ရတယ် ... ရတယ် ... ဟိုပုဂ္ဂိုလ်နောက်ကို အခုတောင် လှည့်ပြန်လိုက်သွားလို့ရတယ် ... ငါက ရှင်းရှင်းလေး၊ ဒီမှာကိုယ်လုံးတင်းတင်းကြွကြွလေးနဲ့ မင်းဘယ်လောက်ပဲ လှလှ၊ ကိုယ့်ကို မချစ်လို့ ထွက်သွားတဲ့ကောင်မလေးတစ်ယောက်ကြောင့် မျက်ရည်ကျနေမယ်ထင်သလား ... So Sorry ပဲ"

"ကျွန်မ ရှင့်ကိုမယုံခဲ့တာ ဒီနေ့အထိ ကျွန်မကို ရှင်ချစ်တယ်လို့ တစ်ခါမှ မပြောခဲ့သေးတာ"

"ဟာ ... အဲဒါ ငါ့ပါးစပ်က မပြောတတ်ဘူး ... "

"အခုလည်း ကိုမြေဦးညိုနဲ့ယှဉ်လိုက်ဆိုပြီး ရှင်လှည့်ထွက်သွားတယ်၊ အားလုံးပါးစပ်အဟောင်းသားလေး ကျန်ခဲ့တာ ရှင်မသိလိုက်လို့ ... ဘာပဲပြောပြော ရှင်တို့သားအမိနှစ်ယောက်စလုံးရဲ့ နှလုံးသားထဲက မာနတွေကို အညံ့ခံ ဒူးထောက်ချင်လို့ ရှင့်နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပြေးလိုက်ခဲ့တာပါ၊ ဒီနေ့ကစပြီး ရှင် ကျွန်မကို ကြိုက်သလို လုပ်ပါ"

"အောင်မယ် ..."

"ရှင့်ခြေရင်းမှာ နာတော်ခံ ပန်တော်ဆက်ဘဝလေးနဲ့"

"မင်းက ..."

လှည်းကလေးကို ဆက်မတွန်းတော့ဘဲ လမ်းခြေစုံရပ်ကာ ချစ်ခွန်းမျက်နှာလေးကို လှည့်ကြည့်လိုက်မိရပြီ။

ချစ်ခွန်းကလည်း သူ့ကိုမော့ကြည့်လို့။

"ကဲ ... ငါကို ဒီလောက်တောင်မယုံတာ ... ကဲကွာ ..."

"ဟာ ... လမ်း ..."

ရုတ်တရက် လမ်းမကြီးပေါ်မှာ လမ်းက တအားသိမ်းကျုံးလို့ ပွေ့ဖက်လိုက်တာမို့ ခြေဖနောင့်လေး နစ်ဖက်ကြွတက်သွားတာပဲ ချစ်ခွန်း သိလိုက်သည်။

"ဟေး ..."

"မိုက်တယ် ... မိုက်တယ်ကွ ..."

"နေတိုးနဲ့သက်မွန်မြင့်ကွ ..."

"ဟား ... ဟား ..."

ကြည့်စမ်း ...

ရေခဲမုန့်ဝယ်စားဖို့ ပြေးလာတဲ့ကလေးတစ်သိုက်။

"ရှက်လိုက်တာလမ်းရယ် ... ချစ် ... ချစ်ခွန်း အရမ်းရှက်တယ်"

ရှက်တယ်ပြောလိုက်ပေမယ့် ... ပြန်မခွာနိုင်တာက လမ်းကို အရမ်းချစ်ခဲ့ရလို့ပါ။

ဖိုးလပြည့်စာပေ



ဘယ်သူတွေ ဘယ်လောက်ပဲကြည့်ကြည့် ... ချစ်ရင် ... သတ္တိရှိတယ်လေ ... လမ်း ... ။

လမ်းပေါ်မှာ နမ်းတာ ပိုချိုတယ်။

စာချစ်ပရိသတ်အပေါင်းကို
လေးစားချစ်ခင် ကျေးဇူးတင်လျက်
လွှန်းတမှီ

www.burmeseclassic.com